www.burmeseclassic.com



ရင်မြွတ်နိုး ၏

ကလောင်ခွဲ

လုံးချင်းဝတ္ထုသစ်

# သင်မြွတ်နိုး

ကြွယ်တွေကြွေတိုင်းလွမ်းခွင့်ပြုပါ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၇၀၈၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၂၄၀၈၀၇
ထုတ်ဝေခြင်း
၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်
ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း (နေလရောင်အော့(ဖ်)ဆက်)
၉၆/၁၊ ၁၁-လမ်း၊ လမ်းမတော်။
မျက်နှာဖုံးဒီဇိုင်း
သိန်းရွှေကြည်

၈၉၅ :
သင်မြတ်နိုး
ကြယ်တွေကြွေတိုင်းလွမ်းခွင့်ပြုပါ/သင်မြတ်နိုး ။ - ရန်[ကုန်]
ချိုတေးသံစာပေ၊ ၂၀၀၇။
၂၆၃ - စ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြယ်တွေကြွေတိုင်းလွမ်းခွင့်ပြုပါ

# ကြယ်တွေကြွေတိုင်း လွမ်းခွင့်ပြုပါ

## သင်မြတ်နိုး

သပိုးရှင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# အခန်း (၁)

"နင် မကြောက်နဲ့ ဖူးဖူးစင်"

"ဟင်..."

"ဟိုမှာတွေ့လား နီလွင်မီးရောင်စုံတွေ လင်းထိန်နေအောင် ထွန်းထားတဲ့ အလှဆုံး မြက်ခင်းပြင်ကြီး"

"ဒါ... ဒါ"

"အဲဒါ မှုဟာမိုးကောင်ကင် ကုမ္ပဏီပိုင်ရှင် ဒေါ်သစ္စာမြိုင်ရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသား စွဲညီညာရဲ့ နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့ညစာစားပွဲကျင်းပမဲ့ မြက်ခင်းပြင်လေ၊ နင် သွားရမှာ၊ အဲဒီကို သွားရမှာ နင် မကြောက်နဲ့ နင့်မျက်နှာလေးကို မော့ထား၊ နင့်လက်ထဲက အသည်းပုံရင်ထိုးလေးကို တင်းတင်းလေးကိုင်ထား၊ နင် ခြေလှမ်းမမှားစေနဲ့ နင် ဘယ်သူ့ကိုမှလည်း ဂရုမစိုက်နဲ့ အရေးကြီးတာ

www.burmeseclassic.com



စွဲညီညာ ဒီပွဲမှာ အဖြူရောင် အနောက်တိုင်းဝတ်စုံလေးဝတ်ပြီး အခြွေအရံတွေအများကြီးနဲ့ တခမ်းတနားပွဲထွက်တော့မယ် စွဲညီညာရဲ့ ရင်ဘတ်မှာ နင့်လက်ထဲက အသည်းပုံရင်ထိုးလေးကိုချိတ်ပြီးတော့ နှလုံးသားမဲ့တဲ့ ဒေါ်သစ္စာမြိုင်ကို အကောင်းဆုံး လက်စားချေနိုင်ရမယ်”

သစ္စာမြိုင်ဆိုတဲ နာမည်လေးကိုကြားလိုက်တော့ ဖူးဖူးစင် ရင်ထဲမှာ နင့်သွားသည်။

“မုန်းတယ်”

“သစ္စာမြိုင်ဆိုတဲ့ မိန်းမကို ငါ အရမ်းမုန်းတယ်”

“အဟင့်… ဟင့်”

“ဟာ… နင် မငိုနဲ့လေ ဖူးဖူးစင်၊ သုတ်… သုတ်စမ်း၊ နင့် မျက်ရည်တွေကို သုတ်ပစ်လိုက်စမ်း၊ ဒါ မျက်ရည်ကျရမယ့်အချိန် မဟုတ်ဘူး နားလည်လား၊ လူမှန်းသိတတ်စ ကလေးဘဝအရွယ် ကတည်းက နင် အရမ်းစိတ်နာခဲ့ရတဲ့ သစ္စာယိုင်ဆိုတဲ့ မိန်းမတစ်ယောက် ကို အနက်ရောင်ဖဲကြိုး နှင်းဆီရောင်လေးတစ်ပွင့်နဲ့ နင် လက်စားပြန် ချေရတော့အချိန်၊ ဒီပွဲမှာ နင့်အတွက် အကောင်းဆုံး အခွင့်အရေးတစ်ရပ်၊ သွား… သွား၊ သူ့အချစ်ဆုံးသား စွဲညီညာရဲ့ ရင်ဘတ်မှာ ဒီအသည်းပုံ ရင်ထိုးလေးချိတ်ထားတာကို ဒေါ်သစ္စာမြိုင် တွေ့သွားခဲ့ရင် အသည်း တဆတ်ဆတ်ခါအောင်နာပြီး အရူးမီးဝိုင်းဖြစ်သွားမှာ သေချာတယ်”





“ငါ… ငါ သိပါတယ် မီးအိမ်လေးရယ် အဟင့်… ဟင့်၊ နင် စိတ်မပူနဲ့နော်၊ စွဲညီညာ ရင်ဘတ်မှာ ဒီအသည်းပုံရင်ထိုးလေးကို မရ ရအောင် ထိုးစိုက်ပြီးတော့မှ နင့်ဆီကို ရောက်အောင် ပြန်လာခဲ့မယ် နော်”

ကြေကွဲနေတဲ့ မျက်နှာလေးကိုမော့ပြီးပြောလိုက်တော့ ဖူးဖူးစင် မျက်ဝန်းလေးတွေက မျက်ရည်ရိပ်ကလေးတွေနဲ့ အရောင်ကလေးတွေ ဖျက်ခနဲ လက်သွားသည်။ ခြေလှမ်းကလေးကို တစ်ချက်တုန့်လိုက်ပြီး ဆံပင်ရှည်ရှည်နက်နက်ကြီးတွေကို လေထဲမှာ ဝဲခနဲဖြစ်သွားအောင် ခေါင်းတစ်ချက် ဆတ်ခါလိုက်ရင်း နှုတ်ခမ်းလေးတွေကို တင်းတင်းလေး ဖြစ်သွားရတဲ့အထိ စေ့ထားပစ်လိုက်၏။

ပြီးတော့မှ ရှေ့မှာမြင်နေရတဲ့ မြက်ခင်းပြင်ကြီးကို လှမ်းကြည့် လိုက်သည်။

မြက်ခင်းပြင်ကြီးက နီယွန်မီးရောင်စုံတွေနဲ့ တလက်လက်ဖြာနေ တဲ့ မြက်ခင်းပြင်ကြီးပါ။ မြက်ခင်းပြင်ကြီးရဲ့ ဝင်ပေါက်ထိပ်မှာ ပန်းမုဒ်ဦး ကြီးတစ်ခုကို အလှဆုံးဖြစ်အောင် ဆင်ထားသည်။

“နင် ဝင်သွားရမှာ၊ အဲဒီ ပန်းမုဒ်ဦးကြီးအောက်ကနေ ဝင်သွား ရမှာနော်၊ ဟိုမှာတွေ့လား ဟတ်ပီဘတ်ဒေး စွဲညီညာဆိုတဲ့ စာလုံး တွေကို ရေလှိုင်းလိုပြေးနေတဲ့ နီယွန်မီးတွေနဲ့ပုံဖော်ပြီး ပန်းမုဒ်ဦးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တခမ်းတနား ချိတ်ဆွဲထားတာ”

ခြေလှမ်းသွက်တဲ့ အချစ်ဆုံးသူငယ်ချင်း မီးအိမ်လေးက ဟိုတယ်ဝင်းကြီးရဲ့ ဝင်ပေါက်တံခါးဝကို အရင်ဆုံးရောက်သွားပေမယ့် ဖူးဖူးစင်ကတော့ ထုံးစံအတိုင်း ပခုံးအိအိလေးပေါ်မှာ အမျှင်လိုက်လေးတန်းပြီး ဖြာဆင်းနေတဲ့ ဆံပင်တွေကို လက်မောင်းနုနုလေးနဲ့ သပ်တင်ပြီး ရှင်းရ၊ ဝင်းနှစ်နေတဲ့ မျက်နှာကလေးပေါ်ကို တစ်ခြမ်း ဖြိုးဖြိုးဖြိုးကျလာတတ်တဲ့ ဆံပင်ရှည်ရှည်လေးတွေကို နားရွက်ဖျားလေးနောက်ကိုရောက်အောင် ပြန်ပြန်ပို့ရနဲ့၊ ပြီးတော့လည်း မြန်မာဆန်ဆန်လေး ချုပ်ဝတ်ထားတဲ့ ပန်းဆီရောင် ရင်ဖုံးလက်ရှည် အင်္ကျီကလေးနဲ့၊ အောက်အနားစကလေးကို ဝင်းနှစ်တဲ့အသားကလေးတွေပေါ်မသွားအောင် တွန့်ခေါက်နေတဲ့ နေရာကလေးကို ချပ်ချပ်ကပ်ကပ်ကလေးဖြစ်အောင် ဆွဲဆန့်ရနဲ့ တစ်ချိန်လုံး တစ်ယောက်တည်း အလုပ်တွေရှုပ်ပြီး နောက်မှာ အမြဲ ကျန်ကျန်နေတတ်တာ ဖူးဖူးစင်ရဲ့ ထုံးစံလေးတစ်ခုပါပဲ။

“မွေးနေ့ ညစာစားပွဲကိုလာတဲ့ ကားတွေက အရမ်းများလိုက်တာနော် မီးအိမ်လေး၊ ကြည့်ပါဦး ကားရပ်စရာတောင် နေရာမရှိတော့လို့ အပြင်လမ်းမှာတောင် တွက်ရပ်နေကြရပြီ”

“ဒီလိုဖြစ်အောင် ဒေါ်သစ္စာမြိုင်ကိုယ်တိုင် အကြီးအကျယ် ပြင်ဆင်ထားခဲ့တာလေ ဖူးဖူးစင်ရဲ့၊ မြက်ခင်းပြင်ကြီးထဲကိုရောက်သွားရင်





နင် ဒီထက်တောင် မျက်လုံးပြူးသွားဦးမယ်၊ နိုင်ငံခြားကနေ တကူးတကမှာထားတဲ့ ရောင်စုံပန်းခြင်းကြီးတွေကို မြက်ခင်းပြင်ကြီးတစ်ခုလုံးကို ဖုံးသွားအောင် အပြည့်ချထားတာ”

“ဒေါ်သစ္စာမြိုင်ရော မတွေ့ပါလား။ မွေးနေ့ပွဲကို မလာဘူးထင်တယ်”

သူမ ခြေလှမ်းတွေကို တစ်လှမ်းချင်း ဖြည်းညှင်းစွာ လျှောက်လာရင်း ဧည့်ပရိသတ်တွေကြားမှာ ဧည့်ခံနေသော ဒေါ်သစ္စာမြိုင်ကို မတွေ့ရပေ။ ဘာဖြစ်လဲ ဒီသတင်းက ဒေါ်သစ္စာမြိုင်ဆီ ကြိမ်းသေရောက်မှာပဲလေ။ သူမခြေလှမ်းကို ရှေ့ပဲဆက်ခဲ့သည်။

“ဟွန်း...”

BURMESE CLASSIC

မျက်နှာမဲ့သွားရတာ ဖူးဖူးစင်ပါ။

“အဲဒါကို နင်က သူ အကြီးကျယ်ဆုံး အခမ်းနားဆုံး ပြင်ဆင်ထားတဲ့ ညစာစားပွဲကျင်းပနေတဲ့ မြက်ခင်းပြင်ကြီးထဲကို ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ မျက်နှာထားတင်းတင်းလေးနဲ့ ဝင်သွားမယ်ဆိုတော့ဟား... ဟား၊ ဒီပွဲက အရမ်းကြည့်လို့ကောင်းတဲ့ ပွဲတစ်ပွဲဖြစ်လာတော့မယ် ဖူးဖူးစင်ရေ၊ အရေးကြီးတာ အရှုံးတွေနဲ့ တို့ဆီကို နင် ပြန်ရောက်မလာစေနဲ့၊ ဒီပွဲမှာ ဒေါ်သစ္စာမြိုင်ကို နင် နိုင်ရမယ်၊ ဒေါ်သစ္စာမြိုင် အတုန်လှုပ်ဆုံး ဖြစ်သွားစေရမယ်၊ ဒေါ်သစ္စာမြိုင်ကို နင် အနိုင်ယူရ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်လေ ဟား… ဟား”

ခေါင်းပေါ်က ဆံပင်လေးတွေ လွင့်ဖွာသွားအောင် ရယ်မောနေတဲ့ မီးအိမ်လေး။

“နင်… နင် ဒီအမှောင်ရိပ်ကလေးနားကပဲ စောင့်နေနော် မီးအိမ်လေး။ နင် မလိုက်နဲ့ စွဲညီညာရှေ့ကိုရောက်အောင် ငါတစ်ယောက်တည်း ဝင်သွားမယ်၊ လူကုံထံ ဧည့်ပရိသတ်တွေရဲ့ရှေ့မှာ စွဲညီညာကို အမှတ်တရလက်ဆောင်ပေးရမယ်”

ပြောရင်းနဲ့ ဟက်ပီဘတ်ဒေး စွဲညီညာဆိုတဲ့ နီယွန်မီးတွေနဲ့ စာလုံးတွေဖော်ထားတဲ့ စာတန်းကြီးတွေကို ရိုဝေအေးစက်နေတဲ့ မျက်ဝန်းကလေးတွေနဲ့ ဖူးဖူးစင်က နောက်တစ်ကြိမ် ထပ်မော့ပြီး ကြည့်လိုက်သည်။ ပြီးတော့ သူမ နှုတ်ခမ်းသားလေးက ပြုံးသွားသည်။

ထိုအပြုံးလေးက ရင်နင့်နင့်လေးနဲ့ ပြုံးလိုက်တဲ့ အပြုံးလေးပါပဲ။

အသည်းရောင်ရင်ထိုးလေးကို တွင်းတင်းလေးဆုတ်လိုက်ပြီး ဧည့်ပရိသတ်တွေကြားမှ မွေးနေ့ရှင် သူဌေးလေး စွဲညီညာရှိနေတဲ့နေရာကို တဖြည်းဖြည်း လျှောက်လာခဲ့သည်။ သူမ မျက်ဝန်းတွေက တင်းမာခက်ထန်နေ၏။ ဒေါ်သစ္စာမြိုင်နှင့်ပတ်သက်သော ဖေဖေ့ရဲ့ဒိုင်ယာရီ စာအုပ်လေးပြီးတော့ အသည်းရောင်ရင်ထိုးလေးတစ်ခုနဲ့ ဖူးဖူးစင် ဘယ်လိုမှ မေ့ဖျောက်ပစ်လို့မရဘဲ ဖြစ်နေသည်။





“မုန်းတယ် ဒေါ်သစ္စာမြိုင်”

ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်”

“ကမ္ဘာပေါ်မှာ ကိုယ်ယူထားတာထက် ပိုပြီး ပြန်ဆပ်ရတဲ့ အကြွေးဆိုတာ တစ်ခုပဲရှိတယ်၊ အဲဒီအကြွေးဟာ သံသရာအကြွေးပါ၊ အဲဒီအကြွေးကို မျက်ရည်တစ်စက် နှလုံးသားတစ်ခုနဲ့ ရှင် ပြန်ဆပ်ရမယ် ဒေါ်သစ္စာမြိုင်”

“ရှင် ပြန်ဆပ်ရမယ်”

“ရှင် ပြန်ဆပ်ရမယ်”

နာကျည်းပေါက်ကွဲနေတဲ့ မျက်ဝန်းလေးတွေနဲ့ ပန်းမုဒ်ဦးကြီးအောက်ကို ရောက်လာခဲ့တဲ့ ဖူးဖူးစင်၊ ဘာကိုမှ မစဉ်းစားတော့ဘဲ မြက်ခင်းပြင်ကြီးရဲ့ အလယ်လျှောက်လမ်းဆီကို ခပ်တည်တည်လေးနဲ့ တစ်လှမ်းချင်းလှမ်းရင်း ဝင်လာခဲ့တော့တာပါ။

“အို…”

“အို…”

လှလိုက်တဲ့ ကောင်မလေး”

“ကြည့်စမ်း… မြန်မာဆန်ဆန် ဝတ်စုံလေးနဲ့”

“အယ်… သူ့လက်ထဲမှာကိုင်ထားတဲ့ နှင်းဆီလေးက စိမ်းနက်ရောင် နှင်းဆီလေး”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟင် အဲဒါ ဘယ်သူလဲ"

ဖူးဖူးစင် ဝင်လာတာကိုကြည့်ပြီး စားပွဲဝိုင်းတွေဆီက တစ်ယောက်တစ်ပေါက် ဝေဖန်လိုက်တဲ့ အသံလေးတွေကို ကြားလိုက်ရပေမယ့် ဖူးဖူးစင်က လှည့်မကြည့်တော့ပါ။

"ဒေါ်သစ္စာမြိုင်ရယ် လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်တုန်းက အခုလိုပဲ ညှော်ခံပွဲကြီးတစ်ခုမှာ ဒီအသည်းပုံရင်ထိုးလေးကို ဖေဖေ့ရင်ဘတ်မှာ ရှင်ကိုယ်တိုင် ချိတ်သွားခဲ့တာလေ၊ အဲဒီနေ့က ရှင် ဝတ်ထားတဲ့ ဝတ်စုံလေးက ပန်းဆီရောင် ရင်ဖုံးလက်ရှည် အင်္ကျီကလေးနဲ့ ပန်းဆီရောင် ချိတ်ထဘီကလေးနဲ့လေ၊ ဒါကိုသတိရလို့ ရှင် အနိုင်ယူသွားခဲ့တဲ့ပုံစံလေးနဲ့ တစ်ထပ်တည်းတူနေအောင် ကျွန်မ ဝတ်လာခဲ့တာပါ၊ ဒီပုံစံလေးနဲ့ပဲ ရှင်းသား စွဲညီညာရဲ့အသည်းကို ကျွန်မ ပြန်ခွဲမယ်"

"ကျွန်မလိုချင်ရာ ရှင့်သား စွဲညီညာရဲ့ အသည်းနှလုံးကို လိုချင်တာ"

"စွဲညီညာ ဘယ်မှာလဲ"

"စွဲညီညာဆိုတာ ဘယ်သူလဲ"

ခုချိန်ထိ ဖူးဖူးစင် မတွေ့ဘူးခဲ့တဲ့လူ။

အဖြူရောင် အနောက်တိုင်းဝတ်စုံလေးကို တခမ်းတနား ဝတ်





ထားမယ့် စွဲညီညာဆိုတဲ့ လူတစ်ယောက်ကိုလိုက်ရှာရင်း ဖူးဖူးစင် တစ်ကိုယ်လုံး အေးစက်လာသည်။ စွဲညီညာကိုရှာဖို့ထက် သူမ စိန်ခေါ်မှုတစ်ရပ်အဖြစ် သစ္စာမြိုင်ရှိရာဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

မြက်ခင်းပြင်ကြီးရဲ့ထိပ်ဆုံးမှာ ဆောက်ထားတဲ့ စကားပြေစင်မြင့်ပေါ်ကို ဖူးဖူးစင် တက်လိုက်တော့မည်။ သည်စင်မြင့်ကြီးပေါ်က တစ်ဆင့်ပဲ စွဲညီညာဆိုတဲ့ မွေးနေ့ရှင်ကြီးကို သစ္စာမြိုင်နဲ့ ဖိတ်ခေါ်ပစ်လိုက်တော့မည်၊ ဒီအထဲအထိ ရောက်လာမှတော့ ပြတ်ပြတ်သားသားပဲ စိန်ခေါ်လိုက်ရတော့မှာပေါ့။ ဘယ်သူ့ကိုမှ ဖူးဖူးစင် ဂရုမစိုက်နိုင်တော့ပါ။

အရေးကြီးတာ စွဲညီညာ။

သူမလက်ထဲကော အသည်းပုံရင်ထိုးလေးအား စွဲညီညာရဲ့ ရင်ဘတ်မှာ ချိတ်ဆွဲခွင့်ရဖို့ပါပဲ။

"ဟင်..."

ဒါကို မမျှော်လင့်ဘဲ မြင်လိုက်ရတာ။ အဖြူရောင် အနောက်တိုင်းဝတ်စုံလေးကို သေသပ်ကျနစွာဝတ်ထားတဲ့ စွဲညီညာပါ။ တည်တင်းနေတဲ့ မျက်ဝန်းလေးတွေထဲမှာ အရောင်ကလေးတွေ လင်းခနဲဖျာသွားအောင် ရင်ခုန်သွားစေခဲ့တဲ့ ကောင်မလေး။ အံ့ဩဖို့ကောင်းလိုက်တာ။ ကြည့်စမ်း မြန်မာဆန်ဆန် ဝတ်စုံကလေးနဲ့ နက်မှောင်ရှည်များတဲ့ ဆံပင်တွေက ကိုယ်လုံး ဖူးဖူးတင်တင်းလေးရဲ့နောက်မှာ ဝိုင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



တလက်လက်ဖြာနေတော့တာ။

"အဲဒါ... အဲဒါ ဘယ်သူလဲ ညီညာ"

"ဟယ်... ကြည့်စမ်း၊ သူ... သူ့လက်ထဲမှာကိုင်ထားတာ အသည်းပုံရင်ထိုးလေးတစ်ခု၊ စင်ပေါ်ကို တက်သွားပြီ"

စွဲညီညာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

စင်မြင့်ပေါ်သို့ လှမ်းတက်သွားတဲ့ ကောင်မလေးအနေအထားက ဘာကိုမှ ဂရုမစိုက်ဘဲ ရှေ့ဆက်လျှောက်သွားရင်း စင်မြင့်အလယ်မှာ ရပ်သွားသည်။

"ဘာလုပ်တာလဲ ညီညာ"

"သူ... သူ ဘာဖြစ်လို့ စင်ပေါ်ကို တက်သွားရတာလဲ"

"ဟာ..."

စွဲညီညာတို့သူငယ်ချင်းတွေ အံ့ဩနေဆဲမှာပဲ စင်မြင့်ပေါ်က မိုက်ခ်ရှိဖုန်းလေးဆီကတစ်ဆင့် တည်တင်းပြတ်သားနေတဲ့ အသံလေးတစ်သံက ပေါ်ထွက်လို့ လာခဲ့ရပါပြီ။

"အားလုံးကို လေးစားပါတယ်၊ ကျွန်မက အမည်မဖော်လိုတဲ့ ပန်းချစ်သူတစ်ယောက်ပါ"

"ဟင်..."

"ဟယ်..."





မွေးနေ့ညစာ စားပွဲကျင်းပနေတဲ့ မြက်ခင်းပြင်ကြီးတစ်ခုလုံး ရုတ်တရက် ငြိမ်ကျသွားအောင် ဖူးဖူးစင်က ဆွဲဆောင်ပစ်လိုက်သည်။

"ဒီပွဲရဲ့ မွေးနေ့ရှင်ကို အမှတ်တရလက်ဆောင်လေး ကိုယ်တိုင်ပေးချင်လို့ ဒီစင်မြင့်ပေါ်ကနေပဲ မွေးနေ့ရှင်ကို ကျွန်မ ဖိတ်ခေါ်ပါတယ်"

"အို... ကြည့်စမ်း"

"စွဲညီညာ မွေးနေ့ အမှတ်တရလက်ဆောင်လေး ပေးချင်လို့တဲ့"

"တော်တော် သတ္တိရှိတဲ့ကောင်မလေး"

"စင်ပေါ်ကို ခပ်မိုက်မိုက်လေး တက်လာပြီးတော့မှ ခေါ်တာနော်"

တစ်ယောက်တစ်ပေါက် ဝေဖန်လိုက်တဲ့ အသံလေးတွေက စွဲညီညာနားကနေ ဆူညံနေအောင် ပေါ်ထွက်လာသည်။

ရင်ခုန်သွားရတာ စွဲညီညာပါ။

ဒါဟာ လုံးဝ မမျှော်လင့်မထားတဲ့ ကိစ္စ။

သူ့သူငယ်ချင်းတွေ၊ အသိုင်းအဝိုင်းတွေ၊ မာမီ ဖိတ်ထားတဲ့ ကုမ္ပဏီစီးပွားရေးလောကထဲက ဧည့်သည်တွေ၊ တစ်ဝိုင်းပြီးတစ်ဝိုင်းကို နှုတ်ဆက်ဧည့်ခံနေတဲ့အချိန်မှာ ဒီအဖြစ်အပျက်လေးက ဖြစ်လာရတာလေ။ ပြီးတော့ မြန်မာဆန်ဆန် ချိတ်ထဘီ ပန်းဆီရောင်လေးနဲ့ ရင်ဖုံးလက်ရှည်အင်္ကျီကလေးကိုဝတ်ပြီး စင်မြင့်ပေါ်ကနေ ဖိတ်ခေါ်နေခဲ့တဲ့ တည်တင်းတဲ့ မျက်နှာထားပိုင်ရှင်မလေးဟာ စွဲညီညာ မသိခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်မလေးပါ။

"အဟင်း... ဟင်း... ကောင်မလေးက တော်တော်မိုက်တယ်ကွာ၊ စွဲညီညာ ရှယ်ပဲ လုံးဝ လက်ဖျားခါတယ်"

"သူ့ကို မင်း သိလား ကျော်ကျော်"

ဟာ... ငါက ဘယ်လိုလုပ်သိမှာလဲ၊ မမြင်ဘူးလို့တောင် ငါတို့အားလုံး အံ့ဩပြီး ကြည့်နေတာလေ"

"ငါလည်း မသိဘူး"

"ဘာ..."

သူငယ်ချင်းတွေအားလုံး မျက်လုံးတွေ ပြူးကျန်ကြသည်။

"ဒါ... ဒါဆို ဒီကောင်မလေးကို မိုးပေါ်က နတ်သိကြားတွေက မင်းအတွက် လူယောင်ဖန်ဆင်းပြီး လွှတ်ပေးလိုက်တာ ဖြစ်ရမယ်၊ ဟား... ဟား၊ သွား... သွား စင်ပေါ်မှာ မွေးနေ့လက်ဆောင်ပေးဖို့မင်းကို စောင့်နေပြီ"

"မွေးနေ့ရှင်ကို ကျွန်မ ဖိတ်ခေါ်ပါတယ်"

"ဟေး ..."

"ဟေး..."

လက်ခုပ်သံတွေပါ ဆူညံစွာ ထွက်ပေါ်လာသည်။

"ဖြောင်း... ဖြောင်း"





"ဟက်ပီဘတ်ဒေး စွဲညီညာ"

"ဟက်ပီဘတ်ဒေး စွဲညီညာ"

"ဟေ့ကောင် စွဲညီညာ တို့ကို ဘာကြောင်ကြည့်နေတာလဲ၊ သွားတော့လေ ဧည့်သည်တွေအားလုံးကတော့ မင်းတို့နှစ်ယောက်အတွက် လက်ခုပ်တွေတီးပြီး အားပေးနေကြပြီ"

"ဟင်..."

တကယ်လည်း လက်ခုပ်သံတွေ ညံနေသည်။

အကြည့်တွေအားလုံး စွဲညီညာဆီကိုရောက်လိုက် စင်မြင့်ပေါ်က သိဝ်လှတဲ့ ကောင်မလေးဆီကို ရောက်လိုက်နဲ့ ဒီပွဲကို ရင်ခုန်စွာ စောင့်ကြည့်နေကြသည်။

စွဲညီညာ နေလို့မရတော့ပါ။

"ဟေး..."

"ဟေး..."

ရင်တခုန်ခုန်နဲ့ပဲ စင်ပေါ်ကို တက်လာခဲ့ရတဲ့ စွဲညီညာ။

အနားကိုရောက်သွားတော့မှ ကောင်မလေးလက်ထဲမှာ ကိုင်ထားတဲ့ ဘူးအနီရောင်လေးတစ်ခုကိုင်ထားသည်။ စွဲညီညာ သူ့ကို မွေးနေ့လက်ဆောင်ပေးသည့် ကောင်မလေးက သူ့ရဲ့ရင်ဘတ်ပေါ်မှာ အသည်းပုံရင်ထိုးလေးတစ်ခု လာရောက်ချိတ်တွယ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း... မင်း"

"ကျွန်မနာမည်က ဖူးဖူးစင်ပါ၊ မွေးနေ့မှာ ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးကြတဲ့ သူတွေထဲမှာ ဖူးဖူးစင် မပါဘူးနော်၊ မွေးနေ့မှတိုင် နောက် အနှစ်တစ်ရာအထိ စိတ်သောကတွေနဲ့ ဝမ်းနည်းကြေကွဲစွာ အခက်အခဲ ဒုက္ခအပေါင်းနဲ့ ရင်ဆိုင်တွေ့ကြုံနေပါစေ"

"မင်း... မင်း"

သူ့ရင်ဘတ်မှာ အသည်းပုံရင်ထိုးလေး ချိတ်ဆွဲပေးသော သူမသည် တည်ငြိမ်အေးဆေးသော ခြေလှမ်းတွေနှင့် တစ်လှမ်းချင်း ပြန်ဆင်းသွား၏။ အသိကင်းမဲ့စွာ မှင်သက်မိပြီး ကျန်ရစ်ခဲ့သူက စွဲညီညာပင်။ မွေးပုံ့ထုံသင်းနေသော ရေမွှေးရနံ့က သူ့ခေါင်းကို မူးဝေ နောက်ကျိသွားရသည်။ ဒီလိုမျိုးရင်ထိုး မာမီ အမုန်းဆုံး အမျိုးအစားပဲ။ ဖူးဖူးစင်ဆိုတဲ့ မိန်းကလေးက ဘယ်လိုအဓိပ္ပာယ်နဲ့ သူ့ကို မွေးနေ့ လက်ဆောင်အဖြစ် လူပုံအလယ်မှာ ပေးသွားရတာလဲ၊ ပြီးတော့ ကြောက်စရာကောင်းလွန်းတဲ့ ဆုတောင်းတစ်ခု ဆက်ပြီးပင် မတွေးရဲ။ စင်မြင့်အောက်မှာရှိနေကြတဲ့ သူ့မိတ်ဆွေအပေါင်းအသင်းတွေကတော့ လက်ခုပ်တွေတီးပြီး အားပေးနေကြသည်။

"ကံကောင်းတယ်ကွာ စွဲညီညာ၊ မွေးနေ့လက်ဆောင်လာပေးတဲ့ ကောင်မလေးက အရမ်းလှတာပဲ၊ ဝင်းမှည့်အိစက် နုထွတ်နေတယ်"





စင်မြင့်ပေါ်သို့ တက်လာတဲ့ သူငယ်ချင်းက လက်ခုပ်တီးရင်း ဝှတ်ယူစွာ ပြောနေသည်။

"ညီညာ ဘာဖြစ်နေတာလဲ၊ နတ်မိမယ်လေးရဲ့ ညို့ယူဖမ်းစားခြင်းကို ခံလိုက်ရလို့ သတိတွေတောင် လစ်နေပြီလား ဟေ့ကောင်"

"ဟင်..."

"ဒါ ကံကောင်းခြင်းလက်ဆောင်ပဲ ညီညာ၊ ကောင်မလေးက အမှတ်တရ လုပ်သွားလားကွ၊ အရမ်း အနုပညာဆန်တယ်၊ အရမ်းလည်း လှတယ်၊ မြင်ရသူတွေတောင် ငေးမောသွားရတယ်လေ"

ဖူးဖူးစင် မင်း ဘာလုပ်သွားတာလဲ၊ မင်းလုပ်ရပ်က ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင်တော့ မဖြစ်နိုင်ပါဘူး။ မင်းပေးသွားတဲ့ ဆုတောင်းကို စွဲကျော်ကျော်တို့ မကြားလိုက်ဘူး မဟုတ်လား၊ မင်း တော်တော်ရက်စက်တဲ့ မိန်းမတစ်ယောက်ပဲဖြစ်မယ်။

ကြောက်စရာကောင်းတယ်၊ ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင် မဟုတ်ဘူးကွ။ မွေးနေ့ပွဲကို လာရောက်ကြတဲ့ မိတ်ဆွေအပေါင်းအသင်းတွေရှေ့မှာ ဟန်ဆောင်အပြုံးတွေနှင့် လိုက်လံညှော်ခံနေပေမယ့် သူ့ရင်တွေ မီးတောက်နေသည်။ တော်သေးတယ် မာမီ နည်းနည်း ခေါင်းမူးလို့ဆိုပြီး ဧည့်သည်တွေကိုတောင်းပန်ကာ တိုက်ထဲဝင်ကာ အနားယူနေ၏။ ဖူးဖူးစင် မင်း ဘာအဓိပ္ပာယ်နဲ့လုပ်တာလဲ၊

www.burmeseclassic.com



ဒါ မာမီနှင့် ပတ်သက်နေတာပဲဖြစ်နိုင်သည်ဟု တွေးမိသည်။ မာမီက နှင်းဆီပန်းဆိုရင် အရမ်းမုန်းနေ၏။ အတိတ် ဘာကြောင့်လည်းဆိုတာ မေး၍လည်းမရပေ။ စွဲညီညာရဲ့စိတ်တွေ မွန်းကြပ်နေသည်။ ဖူးဖူးစင် ဆုတောင်းခဲ့သလို သူ့စိတ်တွေ တုန်လှုပ်ချောက်ချားကာ စိတ်သောက တွေ ရောက်နေရသည်။

"ညီညာ"

"ဟင်..."

"တို့ ပြန်တော့မယ်"

"အင်း..."

"ဘာဖြစ်နေတာလဲကွ၊ ဖူးစာရှင် ကောင်မလေးက အမှတ်တ... တွေလုပ်သွားပြီး ရုတ်တရက် ပျောက်ကွယ်သွားလို့ ရူးကြောင်မူးကြောင် ဖြစ်သွားပြီးလား ညီညာ"

"ဩော်... ဟွန်း... ဟွန်း... အဟွန်း"

သူ ရယ်မောပစ်လိုက်သည်။ မွေးနေ့ပွဲလာ ဧည့်ပရိသတ်တွေ ပြန်သွားကြပြီဖြစ်၏။ မွေးနေ့ဧည့်ခံပွဲလည်း ပြီးဆုံးသွား၏။ သူ့ရင်ဘတ် မှာ ထိုးစိုက်ထားတဲ့ အသည်းပုံရင်ထိုးလေးကို ဖြုတ်ပစ်ရမည်ဖြစ်သည်။ မာမီတွေ့လို့ မဖြစ်ဘူး။ မာမီက ရင်ထိုးဆိုရင် တူးတူးခါးခါး ရွံရှာမုန်းတီး သည်။ သတိလစ်မတတ် ဖြစ်သွားတတ်၍ သူ့ရင်ဘတ်မှာ ထိုးစိုက်





ထားတဲ့ အသည်းပုံရင်ထိုးလေးအား ဒေါသတကြီးနှင့် သူ့လက်တွေက ဖြုတ်ယူလိုက်သည်။ အမှိုက်တောင်းထဲသို့ ဒေါသတကြီး ပစ်ထည့်မည် ပြုပြီးမှ စိတ်ထဲမှာ နှမြောသလိုဖြစ်သွားသဖြင့် သူ့အဝတ်ဗီဒိုထဲ ပြန် ထည့်ပစ်လိုက်သည်။

"မင်း ဘယ်လိုကောင်မလေးလဲ ဖူးဖူးစင်၊ ဘာရည်ရွယ်ချက်နဲ့ မင်း ဒီလို လာလုပ်ရတာလဲ၊ အဲဒီအတွက် မင်း တာဝန်ယူရမယ်၊ စွဲညီညာလိုကောင်က မင်းထင်ထားသလောက် မပျော့ညံ့ဘူးနော်"

ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကိုတော့ စွဲညီညာ ဘယ်လိုမှ မေ့ပြစ်လို့မရနိုင်ဘဲ ဖြစ်နေသည်။ သူမဝတ်ထားတဲ့ မြန်မာဆန်ဆန် ဝတ်စုံလေးက သူမခန္ဓာကိုယ် အချိုးအစားနှင့်လိုက်ဖက်စွာ လှပလွန်း နေသည်။ ဝင်းမှည့်အိစက်နေတဲ့ အသားအရည်နှင့် ညှို့မျက်ဝန်းတောက် တောက်လေးက တစ်ဖက်က ဆန့်ကျင်ဘက် ယောက်ျားတစ်ယောက် ကို ညှို့ယူဖမ်းစားနိုင်စွမ်းရှိသည်။

"ဒီကိစ္စက မာမီနဲ့ ပတ်သက်နေနိုင်တယ်လို့ထင်တယ်၊ မင်းက ကိုယ့်ကို လက်စားချေချင်တာလား"

သူ့စိတ်ထဲမှာ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးရဲ့လုပ်ရပ်ကြောင့် အကြီးအကျယ် မကျေမနပ်ဖြစ်သွားရသည်။ ဆုတောင်းပေးသွားတာ တလည်း သူ့အပေါ် ဘယ်အတိုင်းအတာအထိ မုန်းတီးနာကျည်းနေ

www.burmeseclassic.com

www.burmeseclassic.com



လည်းဆိုတာ သိသာလွန်း၏။ မင်းက စတင်ပြီး ကိုယ့်ကို စိမ်ခေါ်လိုက်တာပဲ ဖူးဖူးစင်၊ မာမီ့အပေါ် အတိတ်က ရန်ညိုးတွေရှိနေမယ်ဆိုရင်တောင် ကိုယ်နဲ့ ဘာဆိုင်လို့လည်းကွာ၊ ကိုယ် လူမှန်းသိတတ်လာထဲက ဘယ်သူ့အပေါ်မှ နိုင့်ထက်စီးနင်း မတရားလုပ်တာမျိုး မရှိခဲ့ဘူး။ ကိုယ့်နှလုံးသားတွေက ဖြူစင်နေခဲ့တယ်။ မင်းက ဘာကြောင့် ကိုယ့်နှလုံးသားတွေ နောက်ကိုရှုပ်ထွေးသွားအောင် တမင်တကာ လာပြီး ဖန်တီးခဲ့ရတာလဲ၊ အကြောင်းမယ့် သူ့ရဲ့ပျော်ရွှင်ဖွယ် မွေးနေ့မှာ စိန်ခေါ်ခဲ့သော မိန်းမချောလေး ဖူးဖူးစင်အား ကိုယ့်ကို တစ်ခုခု ပေးဆပ်ဖို့ မင်း စဉ်းစားထားပါ။ သူ စိတ်ထဲကနေ ကြိမ်းဝါးနေမိသည်။

□





## အခန်း (၂)

"နင် သတ္တိတွေ အပြည့်ရှိသားပဲ ဖူးဖူးစင်၊ ကောင်းတယ်၊ ဒေါ်သစ္စာမြိုင်ရဲ့သားကို နင် သတ္တိရှိရှိ စိန်ခေါ်ရဲတာ ဂုဏ်ပြုပါတယ်"

"ဖျောင်း... ဖျောင်း"

မီးအိမ်လေးက လက်ခုပ်တီးပြီး ဂုဏ်ပြုချီးမြှောက်နေသည်။ ဖူးဖူးစင်ကတော့ နှုတ်ခမ်းသားလေးအစုံကို တင်းကြပ်စွာ ထိကပ်ထားရင်း သူမ လုပ်ရပ်အတွက် နည်းနည်းတော့ ကျေနပ်နေမိသည်။ ဇွဲညီညာရဲ့စိတ်တွေ အခုလောက်ဆိုလျှင် ဘယ်လောက်များ ဒေါသတွေပေါက်ကွဲပြီး ခံပြင်းဒေါသတွေ ဆူဝေနေမလဲ။ ကောင်းတယ်၊ ရှင့်မှာ အပြစ်မရှိပေမယ့် ရှင့်မာမီ ဒေါ်သစ္စာမြိုင်ရဲ့ ဖြားယောင်းသွေးဆောင် မြူဆွယ်မှုကြောင့် ကျွန်မဖေဖေ ချမ်းသာကြွယ်ဝတဲ့ သူဌေးဘဝကနေ အရက်သမားကြီးဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေရတာလေ။ အပြစ်မဲ့တဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲပေါင်းများစွာ ရင်ဆိုင်ခဲ့ရပြီး နိမ့်ကျတဲ့ဘဝမှာ နေထိုင်လာခဲ့ရတာယ်လေ။ ဖူးဖူးစင်ရဲ့သူငယ်ချင်း မီးအိမ်လေးက ဖေဖေ့ရဲ့အဖြစ်အပျက်တွေသိတော့ အရမ်းဒေါသဖြစ်ပြီး ဒေါ်သစ္စာမြိုင်အား သူမနှင့်အပြိုင်မုန်းတီးကာ နှစ်ယောက်သားတိုင်ပင်ပြီး ကြံစည်ကြခြင်းဖြစ်သည်။

"နင့်စိတ်တွေကို မာကျောအောင် ကြံ့ကြံ့ခံထားနော်၊ မပျော့နဲ့၊ ဒေါ်သစ္စာမြိုင်က သူ့သားကို အရမ်းအထွတ်အမြတ်ထားတာတဲ့၊ ဘယ်လို မိန်းကလေးမျိုးကိုမှ ချွေးမအဖြစ် လက်မခံနိုင်လောက်အောင် ကြီးကျယ်ခမ်းနားခဲ့တာတဲ့"

"အဟွန်း... ခုမှ အရမ်းကြီးကျယ်ခမ်းနားနေတာပါ မီးအိမ်လေးရာ၊ အရင်က ဖူးဖူးစင်တို့လိုပဲ အရမ်းဆင်းရဲခဲ့တာပါ၊ ဘဝမေ့နေတာလေ၊ ဖေဖေ့ကို မြူဆွယ်ဖျားယောင်းပြီး ချူသွားတာပဲ"

ဖူးဖူးစင် အသံလေးက နာကျည်းခါးသီးမှုတွေရောထွေးကာ မာထန်သွားရသည်။ ဒီလိုကိစ္စတွေဖြစ်ခဲ့တာ ဖေဖေက ပြောပြတာမဟုတ်ဘဲ အမှတ်မထင် ဖေဖေ့ဒိုင်ယာရီကို ဖတ်မိသွား၍ဖြစ်သည်။ အမူးသမားကြီး ဖေဖေ့သည် အရက်ကျေးကျွန်ဖြစ်ကာ မိသားစုကို ဂရုမစိုက်နိုင်ခဲ့။ မေမေကပဲ ဘဝကို ခက်ခဲစွာ ရင်ဆိုင်ဖြတ်သန်းရင်း နောက်ဆုံး အရှုံးတွေနှင့်ပဲ လူ့လောကကြီးထဲကနေ စွန့်ခွာသွားခဲ့ရရှာသည်။

"သမီး မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးက ကိုယ့်ဘဝလေးကို





ကိုယ်ကျင့်တရားကောင်းမွန်အောင် ထိန်းသိမ်းတတ်ရတာယ်လေ"

မေမေက ဖူးဖူးစင်အား လိမ္မာယဉ်ကျေးအောင် မိန်းကလေးပီသအောင် ပညာတတ် မိန်းကလေးတစ်ယောက်ဖြစ်လာစေရန် သွန်သင်ဆုံးမခဲ့သည်။ မေမေပဲ ရုန်းကန်ရှာဖွေခဲ့ပြီး ဖူးဖူးစင်ကိုတော့ ပညာရေးကိုအာရုံစိုက်စေခဲ့၏။ သူမကလည်း ကြိုးစားခဲ့သည်။

"ဟဲ့..."

"ဟင်..."

"ရှင် ဘာတွေ စဉ်းစားနေတာလဲ၊ ဟို ဒေါ်သစ္စာမြိုင်ရဲ့သားညီညာကိုများ စိတ်တွေတိမ်းညွှတ်ရစ်မူးပြီး ငါ လုပ်ခဲ့ပြောခဲ့တာတွေမေ့သွားပြီလို့ တွေးဝေငေးငိုင်နေတာလား"

"တော်စမ်းပါဟာ... ဝေးသေးတယ်၊ ဒီလူ့အတွက် ဖူးဖူးစင်ဘယ်တော့မှ နောင်တမရဘူး၊ မေမေ့အကြောင်း တွေးနေမိတာပါ၊ ဘဝကို ကြမ်းတမ်းခက်ခဲပြီး ရုန်းကန်ရင်း လူ့လောကကြီးထဲကနေအရှုံးတွေနဲ့ ထွက်ခွာသွားခဲ့ရတယ်၊ ဒါကြောင့်လည်း ဒေါ်သစ္စာမြိုင်နဲ့ဒီလူ့ကို ကောင်းကောင်းလက်စားချေပစ်မယ် မီးအိမ်လေး"

"အေး... ကောင်းတယ်၊ ရှင် မကျရှုံးစေနဲ့၊ ရှင့်ရဲ့ရည်ရွယ်ချက်က ဒီလူ ရှင့်ရှေ့မှာ ဒူးထောက်ခစားစေဖို့ပဲ မဟုတ်လား၊ ဒေါ်သစ္စာမြိုင်ရဲ့ကြီးကျယ်ခမ်းနားနေတဲ့ မာန်မာနတွေကို ရိုက်ချိုးပြစ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်လေးကလည်း ဖူးဖူးစင်အတွက် မခံချင်စိတ်တွေဖြစ်ကာ ဒေါသတွေ ကူညီပြီး ပေါက်ကွဲနေသည်။ မီးအိမ်လေးနဲ့ဖူးဖူးစင်က အိမ်နီးချင်း ဘဝတူ သူငယ်ချင်းတွေဖြစ်၏။ သူဌေးမကြီး ဒေါ်သစ္စာမြိုင်ကို ကူညီရှာဖွေပေးခဲ့သည်။ စွဲညီညာ လူ့လောကကြီးက ကျဉ်းကျဉ်းလေးပါနော်။ ကျွန်မဖေဖေရဲ့ စည်းစိမ်ဥစ္စာတွေကို မြူဆွယ်ဖြားယောင်းပြီး ရှင့်မာမီ ဒေါ်သစ္စာမြိုင်က ချမ်းသာကြွယ်ဝနေတာပါ။ မစင်ကြယ်တဲ့ ပစ္စည်းတွေလေ။ ယောကျ်ားတွေရဲ့အသည်းကိုခွဲပြီး အတ္တကြီးစွာနဲ့ အဲဒီယောကျ်ားတွေရဲ့ စည်းစိမ်ဥစ္စာတွေကိုရယူခဲ့တဲ့ မိန်းမကြီး ရက်စရာကောင်းလိုက်တာ။ ဖေဖေ့ဒိုင်ယာရီတွင် ဒေါ်သစ္စာမြိုင်ရဲ့ မြူဆွယ်ဖြားယောင်းမှုတွေကို နာကျည်းစွာ ရေးသားထားခဲ့သည်။ ကြီးကျယ်ခမ်းနားတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးလေး ကိုကျော်ဇောဖြူရဲ့မွေးနေ့မှာ အသည်းပုံ ရင်ထိုးလေးအား ဒေါ်သစ္စာမြိုင်ကိုယ်တိုင် စင်မြင့်ပေါ်တက်လာ၍ သူဌေးလေး ရင်ဘတ်မှာ အမှတ်တရ မွေးနေ့လက်ဆောင်အဖြစ် ထိုးစိုက်ခဲ့သည်။

"မင်းက ငါ့ကို စိတ်ဝင်စားသွားအောင် တမင်တကာ ထူးထူးခြားခြား လုပ်ပစ်လိုက်တာပဲ မဟုတ်လား။ သစ္စာမြိုင် မင်းက အရမ်းကို ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးတစ်ယောက်ပဲ၊ မင်းရည်ရွယ်ချက်တွေနဲ့ ကြံစည်လုပ်ဆောင်ခဲ့တာပဲ"

ဖေဖေ့ဒိုင်ယာရီကို အမှတ်မထင်တွေ့ပြီး ဖတ်လိုက်ရသည်။





ဖေဖေ့ကိုဖြားယောင်းကာ စည်းစိမ်တွေအပိုင်စီးပြီး ပထုတ်လိုက်ပြီး သူဌေးတစ်ယောက်နှင့် ရက်ရက်စက်စက် လက်ထပ်သွားခဲ့သည်။

"လုံးဝပဲ မီးအိမ်လေး၊ စင် ဘယ်တော့မှ အရှုံးမပေးဘူး၊ အနိုင်ရစေရမယ်၊ စောင့်ကြည့်နေ ဖူးဖူးစင် ဘယ်တော့မှ အခံမကြေနိုင်ဘူး၊ အဓိက စင့် မေမေပဲ"

ဖေဖေ့ကြောင့် မေမေ့ဘဝရော ဖူးဖူးစင်ဘဝရော ဆင်းရဲဒုက္ခတွေခံစားခဲ့ရသည်။ စင် ဖွံမလျှော့ပါဘူး ဘဝတစ်ခုကို တိုးတက်အောင်မြင်ဖို့ ရည်မှန်းချက်ကြီးကြီးနှင့် ကြိုးစားနေမိ၏။ ဒေါ်သစ္စာမြိုင်လို ကိုယ်ကျင့်တရားပျက်ပြားပြီး အချောင် ကြီးပွားချမ်းသာတာမျိုး ဘယ်တော့မှ မဖြစ်စေရဘူး။ ကိုယ်ပိုင်လုပ်ငန်းတွေ သူမ အစွမ်းအစနဲ့အောင်မြင်အောင် ကြိုးစားပြမည်။ ဖူးစင် ဘယ်တော့မှ အားမလျှော့ဘူး။ ဒေါ်သစ္စာမြိုင်ထက် သာစေရမယ်။ ဖူးဖူးစင်ရဲ့မျက်ဝန်းတွေ တင်းမာနေသည်။

"ရှင် အောင်မြင်မှာနော် စင်၊ ဘာဖြစ်လို့လဲ သိလား။ ရှင်က အရမ်းချောတယ်၊ အိစက်နေတာပဲ၊ မိန်းကလေးချင်းတောင် ငေးမောကြည့်ရှုရတာလေ"

"တော်ပါ"

"စွဲညီညာက ဘာပြုလို့လဲ၊ ဖူးဖူးစင်ရဲ့အလှမှာ မှိန်းညွတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုရိသယောကျ်ား ရှိနိုင်ပါ့မလား ဟင်"

စင့် ဖေဖေက အသားအရည် ဖြူနုပြီး ချောသည်။ အရပ်ကလည်း မြင့်မြင့်၊ မေမေကလည်း ချောတာပါပဲ၊ ဘဝက ကြမ်းတမ်းနေလို့ပါ။ စင် ဘာသာစကား နှစ်မျိုးတတ်ကျွမ်းသည်။ စီးပွားရေးတက္ကသိုလ်မှ ဘီအကွမ်ဆဲ့လည်းရထား၏။ သူမ လုပ်ရပ်တွေက အောက်တန်းကျ ခွင်လာနေပေမယ့် လုပ်ပြစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်နေရ၏။ ရွှဲညီညာတစ်ယောက် ယခုလောက်ဆိုလျှင် အိပ်မပျော် စားမဝင်ဖြစ်ပြီး စိတ်သောကတွေ ခံစားနေရမှာ သေချာသည်။

"စင် သမီး စင်"

"ဖေဖေ"

ဖေဖေ့ကို တွေ့လိုက်ရသဖြင့် စင် သေပစ်ချင်လောက်အောင် ဖြစ်သွားရသည်။ အရက်တွေမူးပြီး ဒယိမ်းဒယိုင်နှင့် အိမ်လေးပေါ်တက်လာ၏။ တကယ်ကို အရက်သမားကြီးပဲ။ မျက်နှာက ဖောသွတ်သွတ်။ ဒေါ်သစ္စာမြိုင် စွန့်ပစ်သွားထဲက စိတ်ညစ်ပြီး အရက်တွေသောက်နေခဲ့တာတဲ့။ စီးပွားရေးလည်း မလုပ်ခဲ့၊ ဇနီးနှင့်သမီးအား ဥပက္ခာပြုထားသည်။

"ဖေဖေ ထမင်းစားမယ်၊ ပြင်ဆင်ပေးစမ်း"

"ဟုတ်ကဲ့ ဖေဖေ"





"နေဦး၊ ဖေဖေ စံချိန်မပြည့်သေးဘူးလေ၊ ပိုက်ဆံပေးဦး စင်"

"တော်ပါတော့ ဖေဖေရာ၊ အရမ်း မူးနေပြီလေ"

သမီးကို ငဲ့ညှာပါဦး ဖေဖေရယ်ဟု ပြောချင်ပေမယ့် ပြောမထွက်။ မေမေကိုယ်တိုင်က ဖေဖေ့အား အိမ်ဦးနတ်ဆိုပြီး တရိုတသေ ပြောဆိုဆက်ဆံခဲ့သည်။ ဘာမဆို ဖေဖေ့စကားက အတည်ပဲ။ ဖေဖေဆိုတာ သမီးမိန်းကလေးအတွက် လိုအပ်တယ်တဲ့။ အမေ့ကို ရှာဖွေမကျွေးချင်နေပါစေ၊ သူရှိနေမှ ဘဝက လုံခြုံမှုရှိမှာတဲ့လေ။ ဖေဖေက ပိုက်ဆံကို အတင်းတောင်းနေသည်။ စင် ပေးလိုက်ရ၏။ ကိုယ့်သမီး မိန်းကလေးဘဝကို ဘယ်လိုရင်ဆိုင်ဖြတ်သန်းနေမလဲ၊ တင့်တယ်မှုရော ရှိပါ့မလားဆိုတာ ဖေဖေ မတွေးခဲ့။ အစဉ်အမြဲ မူးယစ်နေတတ်တဲ့ အရက်သမားကြီးရဲ့သမီးမို့ လူတွေက မလေးမစား ပြုမူဆက်ဆံကြပေမယ့် ဖူးဖူးစင်ဘာ မာနကို အနည်းငယ်မျှပင် အထိပါးမခံခဲ့။ ဘဝကို ထူမတ်နိုင်အောင်င် ကြိုးစားနေခဲ့သည်။

"ဖေဖေ"

"ဟင်..."

"အပြင်မသွားပါနဲ့တော့နော်၊ ထမင်းပဲ စားလိုက်ပါ၊ သမီး [illegible]ပေးမယ်"

"မစားသေးဘူး ဖေဖေမှ ရေချိန်မကိုက်သေးတာပဲ၊ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မဖြစ်ဘူး"

ဖေဖေသည် တားရှဲမရှုဘဲ ဒယိမ်းဒယိုင်နှင့် ပြန်ထွက်သွားသည်။ မီးအိမ်လေးက တားလိုက်ပါဟုပြော၏။ စင့်ဘဝအတွက်ရော ဖေဖေ့အတွက်ရော ပိုက်ဆံရှာတဲ့အလုပ် ရှာရမည်ဖြစ်သည်။

"စင်"

"ဟင်..."

"ရှင် ဒီနေ့ လက်ထောက်မန်နေဂျာ ရာထူးအတွက် လူတွေ စစ်ဆေးရမယ် မဟုတ်လား၊ ပြင်တော့လေ"

"ဖေဖေ ပြန်ရောက်လာမှ ဖြစ်မယ်၊ ထမင်းကျွေးသွားရမယ် မီးအိမ်လေးရယ်၊ အရက်သောက်တဲ့သူက အစားနိုင်နိုင်စားမှဖြစ်မယ်"

"ဖူးဖူးစင်ရယ်"

ဖေဖေ ဘယ်လောက်ပဲ အတ္တကြီးပြီး မိသားစုအပေါ် ဥပက္ခာ ပြုထားပါစေ ဖူးဖူးစင်ဘဝမှာ အလိုအပ်ဆုံးက ဖေဖေရှိနေဖို့ပါပဲလေ။ စင့်ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးပါ ဖေဖေရယ်။ သူမ အမုန်း ဆုံး အနာကျည်းဆုံးက ဒေါ်သစ္စာမြိုင်ပဲ၊ အရှက်အကြောက်ကင်းမဲ့စွာ ကိုယ်ကျင့်တရားပျက်ပြားသော မိန်းမပဲဟု ဖေဖေက နာကျည်းစွာ ရေးမှတ်ထားခဲ့သည်။ ဖူးဖူးစင် အလုပ်အတွက် ကုမ္ပဏီတစ်ခုမှ အင်တာဗျူးဖြေဖို့ ရှိနေပြီးသားပဲ။ ဘွဲ့မရခင်က စင် ဂိုက်လုပ်ကာ





ငွေရှာ၍ ပညာသင်ခဲ့ရသည်။ မေမေဆုံးတော့ စင် စီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ဖြစ်သည်။

"ဟဲ့... စင် ရှင့်အဖေ ပြန်လာပြီ၊ ကြည့်ပါဦးဟယ် ဖြစ်ပျက်နေလိုက်တာ ရှင်လည်း နည်းနည်းပါးပါး ပြောဦးလေ"

"မရဘူး မီးအိမ်လေး၊ ဖေဖေက သူ လုပ်ချင်တာ လုပ်ရမှလေ၊ တော်ကြာ စင်က ရှာဖွေကျွေးမွေးရလို့ ပြောဆိုနေတာလို့ ထင်သွားဦးမယ်လေ"

ဖေဖေ အရက်တွေ ထပ်သောက်ပြီး အမူးလွန်နေသည်။ ဖူးဖူးစင်က ချော့မော့ပြီး ထမင်းကျွေးရသည်။ ဖေဖေ အရက်သောက်ပေမယ့် အစာစားလို့ တော်ပါသေးတယ်။ စင်ကတော့ ဖေဖေ အသက်ရှင်လျက် ရှိနေပေးဖို့ပဲ ဆုတောင်းနေရတာ။ ဖေဖေ့ကို မျက်ခြေမပြတ် ဂရုစိုက်နေခဲ့သည်။ ဖေဖေ ထမင်းစားပြီး ပြန်အိပ်ပျော်သွားမှ သက်ပြင်းချနိုင်၏။ မီးအိမ်လေးရှိလို့ စင် အားရှိခဲ့ရသည်။

"ပြင်တော့လေ ဟန်ကိုယ့်ဖို့တဲ့နော်၊ စင် ရှင်က လက်ထောက်မန်နေဂျာရာထူးလျှောက်မှာ မဟုတ်လား၊ အလန်းလေး ပြင်သွားနော်"

"အင်း..."

"ရှင့်ကို ရွှေးမှာပါ၊ ဘာလိုအပ်လို့လဲ၊ ရုပ်ရည်ကလည်း ကြည့်ပျော်လောက်အောင် ချောတယ်၊ ပညာကလည်း ထိပ်ပဲ၊ ရှုံ့စိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ကြို့နိုင်တာကို မီးအိမ်လေး ကြိုက်တယ်၊ စံထားလောက်တယ်နော်"

"တော်ပါပြီဟာ၊ ရှင်ပဲ ချီးကျူးနေနော် မီးအိမ်လေး ရှင့်ရဲ့အားပေးမှုတွေကလည်း စင့်အတွက် အားပဲလေ"

ဖူးဖူးစင်ရော မီးအိမ်လေးပါ စိတ်ညစ် စိတ်ရှုပ်စရာတွေကို မေ့ပျောက် ဖယ်ရှားပစ်တတ်ကြသည်။ ဘဝအတွက် အားမာန်တွေအပြည့်ပဲ။ မီးအိမ်လေးက ရိုးရိုးဘွဲ့ပဲရပြီး စူပါမားကတ်တစ်ခုမှာ စာရေးမလေးဖြစ်သည်။ စင်ကတော့ အလုပ်ကို အမြင့်ဆုံးကနေ စတင် လုပ်ချင်တယ်။ သူမထံတွင် အရည်အချင်းတွေ ပြည့်ဝနေစေရန်ပဲ ပညာရပ်တွေကို အခမဲ့သင်တန်းတွေမှာ ကြိုးကြိုးစားစား သင်ယူထားခဲ့ခြင်းဖြစ်သည်။ ဖူးဖူးစင် ပြင်ဆင်သွားတော့ မီးအိမ်လေးက အရမ်းလှတာပဲဟာ ငေးမောကြည့်ရင်း ပြောခဲ့၏။ နင့်အရပ်က မြင့်မြင့်လေးပဲ စတိုင်လ်အရမ်းကျတယ်၊ ရှင့်ကို ဘယ်သူက အရက်သမားသမီး၊ အောက်ဆုံးအဆင့်က မိန်းကလေးတစ်ယောက်လို့ ထင်မှာလဲဟဲ့။ အလုပ်လျှောက်တဲ့အခါ သူဌေးတွေ အထင်ကြီးဖို့ စတိုင်လ်တော့ လိုအပ်တယ်ဟု အကြံပေးထားသည်။ ဖေဖေ့ကိုကြည့်တော့ တရှူးရှူးနှင့် အိပ်နေ၏။ တချို့က အောင်မြင်သော လုပ်ငန်းရှင် သူဌေးလေးဖြစ်ခဲ့တယ်ဆိုတာ ယုံတမ်းပုံပြင်အလားပင် ထင်မှတ်ရအောင် ဖေဖေ့ပုံစံက စုတ်ပြတ်ပေရေနေသလို မျက်နှာကလည်း ဖောသွတ်နေသည်။ မီးအိမ်လေး လက်တို့လိုက်မှ





သူမ အသိဝင်လာပြီး အောက်ကို ဆင်းလာခဲ့၏။ မီးအိမ်လေးက အငှားကားငှားပြီး အင်တာဗျူးဖြေဆိုရမယ့် ကုမ္ပဏီဆီ ထွက်လာခဲ့ကြသည်။

▢



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

မိုးကောင်းကင် ထွက်ကုန်သွင်းကုန်လုပ်ငန်း ကုမ္ပဏီကြီးရဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေရှိနေတဲ့ ရုံးခန်းကြီးရဲ့ရှေ့မှာ ဖူးဖူးစင်နှင့် မီးအိမ်လေးတို့ ထိုင်နေကြသည်။ ဒီတစ်ယောက်ပြီးလျှင် သူမအလှည့်ဖြစ်၍ ဖူးဖူးစင် ယုံကြည်ချက်ပြည့်ဝနေသော မျက်နှာလေးချိုကာ စောင့်နေမိ၏။ သူမက ရွေးချယ်ခံရမှာပါ။ သူမကိုယ်သူမ အမြဲတမ်း ယုံကြည်သည်။ ဖူးဖူးစင်ရဲ့စိတ်က တရားမျှတသော ကြိုးစားလုပ်ဆောင်မှုတွေအတွက် ဘာကိုမှ တွေဝေတွန့်ဆုတ်တတ်ခြင်း မရှိတတ်ပေ။ သူမ အစစအရာရာ ကြိုတင်ပြင်ဆင်ထားပြီး ထိုရာထူးထက်မကသော အတတ်ပညာတွေ အရည်အချင်းတွေ အပြည့်အဝရှိသည်ပဲ ယူဆထားသည်။

"မဖူးဖူးစင်"

"ရှိပါတယ်"





"ဝင်ပါ"

"ဟုတ်ကဲ့"

သူမ အလှည့်ရောက်ပြီးဖြစ်၍ ခန္ဓာကိုယ်လေးကို သူ မတ်ပြီး လိုက်သည်။ မီးအိမ်လေးက ကြိုးစားထားပါဟု အားပေးစကားပြော Ok ဟု တုံ့ပြန်ပြောပြီး သူမ ခြေလှမ်းတွေ စတင် လှမ်းခဲ့သည်။ ခန်းတံခါးကိုဖွင့်ပြီး ဝင်လိုက်သည်နှင့် အေးစိမ့်ချိုမြသော လေအေး စက် အငွေ့အသက်ကို ခံစားရ၏။ အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ ကုမ္ပဏီရုံးခန်းကြီးပါလား။ စင်က ကုမ္ပဏီရဲ့ ငွေကြေးစာရင်းအင်းဆိုင်ရာ က်ထောက်မန်နေဂျာရာထူးအတွက် လူတွေ့စစ်ဆေးခြင်းခံရန်ဖြစ် ည်။ သူမ စိတ်တွေကိုတင်းပစ်လိုက်ကာ ခြေလှမ်းကို မှန်မှန်လေး သွားခဲ့၏။ အင်တာဗျူးမေးသည့် လူကြီးသုံးယောက်၏ရှေ့ ကုလားထိုင်မှာ ဝင်ထိုင်သည်။

"မင်းကိုး"

"ဟင်..."

မင်းကိုဆိုသည့် အသံကြောင့် သူမ ခေါင်းကလေး ထော်ခနဲ သွားကာ ထိုလူကိုကြည့်မိသည်။ စွဲညီညာပဲ။ ကိုစွဲညီညာဟု တသော မခေါ်ချင်ဘဲ မီးအိမ်လေးရော သူမပါ စွဲညီညာလို့ တင် ခေါ်နေကြတဲ့ စင့်ထက် အသက်ငါးနှစ်လောက်သာ ကြီးမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး အသက်သုံးဆယ်ကျော်အရွယ်ဖြစ်ပြီး သူက သူမ အလုပ်လာ လျှောက်တဲ့ ကုမ္ပဏီရဲ့သူဌေးပဲ၊ အကဲဖြတ်လူကြီးသုံးယောက်ထဲမှာ သူက အလယ်မှာ မိန့်မိန့်ကြီးထိုင်နေသည်။

"ညီညာနဲ့ သိလို့လား"

"အင်း... အသိပါ"

"ဩော်..."

စွဲညီညာနှင့် ရွယ်တူလောက်ရှိမည်ထင်ရသော မိန်းမချောလေး က မေးသည်။ သူ့အသံက အေးစက်နေ၏။ စင် ထပြီး ထွက်သွားရ ကောင်းမလားဟု စဉ်းစားနေစဉ် သူကပဲ စတင် မေးခွန်းမေးသည်

"ဖူးဖူးစင် မင်းက ဒီအလုပ်ကို ဘာဖြစ်လို့ လာပြီး လျှောက် တာလဲ"

"ဒီမေးခွန်းက အရမ်းကိုရိုးစင်းပြီး အဖြေကလည်း တစ်ခုတည် ထွက်မှာပါ၊ သူဌေး အလုပ်လုပ်ချင့်လို့လေ၊ ကျွန်မ ကြိုးစားလုပ် မယ်၊ ကုမ္ပဏီရဲ့ တိုးတက်ရာတိုးတက်ကြောင်းပဲ အထူး ကြိုးစား တာ ထမ်းဆောင်ပါ့မယ်၊ ဒီကုမ္ပဏီကြီးက အရမ်း ကြီးကျယ်ခမ်းနားအောင် နေလို့ ကျွန်မ အရမ်းပဲ တာဝန်ထမ်းဆောင်ချင်လို့ပါလို့ ဖြေမှာ

"ဟော့... မင်း ရှဲ့ပြီး ဖြေနေတာလား၊ ဒါ မင်းက အလုပ်လာ လျှောက်တာနော်၊ လေသံက မာနေတယ်"





အဖွဲ့ဝင် အမျိုးသမီးက မျက်နှာထားတင်းတင်းနှင့် စူးစိုက်ကြည့် ကာ ပြောသည်။ သူမကတော့ စွဲညီညာဆိုတဲ့ လူကိုပဲ ကြည့်မိနေ၏။ အံ့သြစွာ တိုက်ဆိုင်မှုပဲ ကျွန်မ တကယ် မသိတာပါ။ ရှင်က ပိုင်ရှင် သူဌေးဆိုတာသာသိရင် လုံးဝပဲ။ သူမအတွက် အလုပ်မရလင်း နေပါ စေတော့၊ မုန်းလိုက်တာ။ ရှင့်ကို လုံးဝ မလေးစားဘူးနော်၊ စွဲညီညာ သူမ မျက်ဝန်းလေးက တင်းနေသည်။

"မင်း ဖြေတဲ့အဖြေက မင်း အခု အလုပ်လာလျှောက်တဲ့ ရည်ရွယ်ချက်နဲ့ ဆန့်ကျင်ဘက်ပဲ မဟုတ်လား ဖူးဖူးစင်"

"ဟာ..."

"ညီညာ"

"ထားလိုက်ပါ မှူး၊ သူနဲ့ကိုယ်က မိတ်ဆွေရင်းချာတွေပါကွာ၊ အတော်ပဲ မင်းကို ထပ်တွေ့ချင်နေတာလေ"

ဖူးဖူးစင် ဘာဆက်လုပ်ရင် ကောင်းမလဲ၊ မီးအိမ်လေးကလည်း အနားမှာ တိုင်ပင်စရာမရှိဘူးလေ။ ကြိုကြိုဖန်ဖန် ဒီလူနဲ့မှ လာတိုးနေ တယ်။ သူမက ဒီလူရဲ့ မွေးနေ့ညစ်ခံပွဲမှာ အမှတ်တရ လာလျှောက် သာလုပ်ခဲ့တာ။ ဒေါ်သစ္စာမြိုင်ရဲ့ လုပ်နည်းလုပ်ဟန်ကို အတုယူတာလေ၊ ဖေဖေ့ရဲ့ စိတ်ဝင်စားမှု ရရှိအောင် ဘယ်လိုမိန်းကလေးမှ မလုပ်ရဲတဲ့ အလုပ်ကို အရှက်ကင်းမဲ့စွာ ရဲရဲတင်းတင်း လုပ်ပြပြီး ဖေဖေ့ရဲ့ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားမှုတွေရှိအောင် ဒေါ်သစ္စာမြိုင်က လုပ်ခဲ့သည်။ စင်က ရှင့်မာမီ ဒေါ်သစ္စာမြိုင်လို အောက်တန်းကျတဲ့ အပြုအမူတွေကို အရမ်းမုန်းတယ်၊ ရှင့်ရဲ့စိတ်တွေ အနှောင့်အယှက်ဖြစ်အောင်ပဲ လုပ်ရာလေ။ သူမ မျက်ဝန်းလေးကလည်း အေးစက်စွာ သူ့ကို ရင်ဆိုင်ကြည့်သည်။

"မင်းရဲ့အရည်းအချင်းတွေက တကယ့်ကို အလုပ်တာဝန် ခန့်အပ်ချင်စရာပဲ၊ တော်လိုက်တာ ဒီရာထူးနဲ့တောင် မတန်ဘူးနဲ့ထင် တယ်"

"ကျွန်မရဲ့ အလုပ်လျှောက်လွှာကို ရုတ်သိမ်းပါတယ်"

"မရဘူး"

"ဘာရှင့်"

"ကိုယ်က မင်းအရည်အချင်းကို သဘောကျလို့ ရွေးချယ်လိုက် တယ်လေ"

"ဟင်..."

ကျွန်မက ရှင်နဲ့ အနီးကပ်နေချင်လို့ အလုပ်လာလျှောက်တယ် လို့ ထင်ရင်တော့ မှားသွားမယ်နော်၊ ကျွန်မ လုပ်ရတဲ့ ရည်ရွယ်ချက်က ရှင့်စိတ်တွေ အမြဲတမ်း ကသိကအောက်ဖြစ်နေဖို့ပဲ ရည်ရွယ်တာ။ သူမ ထဖို့ပြင်လိုက်သည်။

"မင်းကို အလုပ်ခန့်တယ် ဖူးမူးစင်၊ မနက်ဖြန် အလုပ်စဆင်း





နိုင်ပြီ၊ ကိုယ်က အလုပ်နဲ့လူမှုရေးကို ခွဲခြားထားပါတယ်၊ ကိုယ့်ကုမ္ပဏီ မှာ မင်းလို အရည်အချင်းရှိတဲ့ ဝန်ထမ်းလိုအပ်တယ်၊ မင်း ဝင်မလာခင် ထဲက မင်းအရည်အချင်းနဲ့ အလုပ်ခန့်အပ်သင့်တယ်လို့ တိုင်ပင်ထားကြ တာပဲ"

သူမ ထလိုက်သည်။ သူ့အသံက ဩဇာပြည့်ဝစွာ တည်ငြိမ် အေးစက်နေ၏။ အလုပ်ခန့်လိုက်ပြီတဲ့၊ ရှင်က ကျွန်မကို တုံ့ပြန်စိန်ခေါ် လိုက်တာပဲ မဟုတ်လား။ သူမ ထွက်လာခဲ့သည်။ အပြင်ရောက်တော့ မီးအိမ်လေးက အရမ်းမြန်တာပဲ၊ နှင်းနဲ့ ပြဿနာတွေတက်လာပြီလား၊ အစဉ်မပြောဘူးလားဟု တတွတ်တွတ်မေးရင်း သူမနောက်မှ လိုက်လာ သည်။

"ဟဲ့... နှင် ဘာဖြစ်လာတာလဲ၊ အခြေအနေ မကောင်းဘူးလား။ နှင်က စိတ်ကို ထိန်းချုပ်နိုင်တဲ့သူပါ"

"မီးအိမ်လေး"

"ပြော"

"သူ"

"ဘယ်သူလဲ"

"စွဲညီညာ"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com



"စွဲညီညာလေ"

"ဟယ်..."

"အလုပ်ခန့်လိုက်ပြီတဲ့၊ အစောကြီးကတည်းက ငါ့ကို အလုပ်ခန့်ဖို့ တိုင်ပင်ထားကြတာတဲ့၊ ချက်ချင်းပဲ အလုပ်ခန့်လိုက်တယ်"

"ဟင်..."

စင့် စိတ်တွေ လေပြည်ထဲမှာ လွင့်မျောနေသလို လှုကလည်း မြောက်တက်ချင်နေသည်။ သူ ထင်နေတာက သူမ တမင်တကာ သူ ရှိနေတဲ့ ကုမ္ပဏီကို လာလျှောက်တယ်လို့ ထင်နေမလားပဲ။ ဒါကို တိုက်ဆိုင်မှုပဲ၊ သူ့ စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် ဒေါ်သစ္စာမြိုင်ကိုလည်း စိတ်တွေ မရိုးမရွနှင့် သောကတွေဖိစီးသွားအောင် လုပ်ဆောင်နိုင်ခြင်းသာဖြစ်သည်။

"စင်"

"ဟင်..."

"ရပ်ပါဦး"

ခြေလှမ်းတွေကို ဦးတည်မဲ့ လျှောက်လှမ်းနေသော စင့်အား မီးအိမ်လေးက နောက်မှ လက်ကိုကိုင်ကာ ရပ်စေသည်။

"ရှင် ဘာလုပ်မလဲ"

"မသိဘူး"





"ဒီအလုပ်က ရှင့်ရဲ့ မျှော်လင့်ချက်လေ ဖူးဖူးစင်၊ ရှင် အရှုံး လုပ်ချင်တာပဲ"

"အင်း..."

"လက်ခံလိုက်"

"ဘာ..."

"နင့်ကို ဖိုလ္လုက တမင် စိန်ခေါ်လိုက်တာလေ၊ သူက ရှင့်ကို ချစ်ခင်နှစ်သက်နေမှာတော့ မဟုတ်ဘူး။ မုန်းတီးနေမှာပဲ၊ ခန့်တာ စိန်ခေါ် တစ်ခုပဲလေ၊ ဘာဖြစ်လဲ အလုပ်ဝင်လိုက်၊ ပြီးတော့ ဒေါ်သစ္စာမြိုင်ကို သက်တံ့ပြန်နိုင်တာပဲလေ"

"ဟင်..."

"စွဲညီညာက အရှိန် မာနကြီးတယ်တဲ့၊ တော်ရုံလူကို အဖက်လုပ်ပြီး စကားပြောတာမဟုတ်ဘူးတဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီး ဖြစ်နေတာလေ"

ဟုတ်တယ်၊ ဒေါ်သစ္စာမြိုင်ကို လက်စားချေဖို့ အကွက်ကောင်းပဲ၊ ညီညာလို လူတစ်ယောက်က ဖူးဖူးစင်ကို ချစ်ခင်နှစ်သက်လို့ အလုပ်ခန့်တာတော့ မဖြစ်နိုင်ပေ။ ဖူးဖူးစင်ဆိုတဲ့ မိန်းမတစ်ယောက်နဲ့ မာနတွေနဲ့ဘဝကို ရိုက်ချိုးဖျက်စီးဖြစ်ဖို့ပဲ မဟုတ်လား။ သူမစိတ်တွေ ရှိုင်း အဲဆိုးထန်နေသလို လှုပ်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အတွက် အကွက်ပဲ စင်၊ ဦးလေးဖြူအတွက် ကောင်းကောင်း
ပုံစံပြန်ပေးလိုက်"

"ဗွဲညီညာကလည်း စင့်ကို ပုံစံပြန်ပေးမလို့လားမှ မသိတာပဲ
မီးအိမ်လေး"

"ရှင်က စိတ်နိုင်ပါတယ် စင်ရာ၊ မီးအိမ်လေးကတော့ စိန်ခေါ်ပစ်
လိုက်ချင်တယ်၊ ဒေါ်သစ္စာမြိုင်ရဲ့သားကို လွှမ်းမိုးချုပ်ကိုင်နိုင်တာ ဒေါ်
သစ္စာမြိုင်ကို အနိုင်ရတာနဲ့ အတူတူပဲလေ"

မီးအိမ်လေးပေးတဲ့ အကြံဉာဏ်တွေကို ဖူးဖူးစင် လက်ခံလိုက်
ဆောင်သင့်ကြောင်း တွေးမိနေသည်။ သူကလည်း ဖူးဖူးစင်ကို အမုန်း
တွေနဲ့ လက်တုံ့ပြန်ဖို့ ကြိုးစားမှာပဲဖြစ်၏။ ဒေါ်သစ္စာမြိုင်ရဲ့သားက
ဒေါ်သစ္စာမြိုင်ရဲ့စိတ်ဓာတ်အတိုင်းပဲ အောက်တန်းကျနေမှာပဲ။ မိန်းကလေး
နဲ့အပြိုင် အနိုင်ယူပြမလို့လေ။ သူမရဲ့ နှုတ်ခမ်းသားလေးတွေက
တင်းကြပ်စွာ ထိကပ်နေသည်။

"အင်းလေ မနက်ဖြန် အလုပ်ကို ဝင်လိုက်မယ်၊ သူက ငါ့ကို
ယုတ်မာကောက်ကျစ်တဲ့ အကြံအစည်နဲ့ အလုပ်လာလျှောက်တာလို့
ထင်နေတယ်၊ ရှင့်ကို မွေးနေ့ဆုတောင်းပေးတဲ့အတိုင်း ရှင့်ဘဝတစ်
လျှောက်လုံး စိတ်သောကတွေ ရောက်စေရမယ်၊ ရှင့်ဘဝလည်း ကျွန်
အဖေလို ဖြစ်စေရမယ် ဗွဲညီညာ",





ဒေါ်သစ္စာမြိုင်ရဲ့ မြူဆွယ်ဖြားယောင်းပြီး ဖေဖေ့ဘဝကို ဖျက်စီး
ခဲ့တာကို ဖူးဖူးစင် အတွေးထဲသို့ ရုန်းနှင့်စွာ တိုးဝင်နေသည်။ ဆင်းရဲ
နွမ်းပါးတဲ့ မိန်းမတစ်ယောက်က ချမ်းသာကြွယ်ဝမှုတွေကို မာယာတွေနှင့်
ဖေဖေ့ဆီက လုယူသွားခဲ့သည်။

• "အလုပ်ဝင်မယ်၊ စိန်ခေါ်မယ်၊ ဗွဲညီညာကို ဖူးစင် လက်ခုပ်
ထဲက ရေဖြစ်စေရမယ်လေ"

ဒေါ်သစ္စာမြိုင်ကိုတော့ တစ်နည်းနည်းနဲ့ စင် အနိုင်ယူချင်နေမိ
သည်။ အလုပ်ဝင်ဖို့ပဲ ဆုံးဖြတ်လိုက်၏။ အိမ်ပြန်ရောက်တော့ ဖေဖေ
အိပ်ယာက နိုးနေသည်။

"သစ္စာမြိုင် မိန်းမယုတ်မ၊ ငါ့ဘဝကြီးတစ်ခုလုံးကို မင်းအလှတွေ
နဲ့ဖြားယောင်းမြူဆွယ်ပြီး ဖျက်စီးပစ်ခဲ့တယ်၊ မိန်းမလည်မ"

"ဝုန်း..."

"ဒိုင်း..."

"ချလွှမ်း... လွှမ်း"

ဒေါ်သတကြီး အော်ဟစ်ပြီး ဖေဖေ လက်ထဲမှာကိုင်ထားတဲ့
အရက်ခွက်ကို နံရံဆီသို့ ပစ်ပေါက်လိုက်သည်။ ထိခတ်ကွဲရှသံတွေနှင့်
ဖန်ခွက်အကွဲ အပိုင်းအစတွေ ပြန့်ကျဲသွားတော့၏။ ဖူးဖူးစင်ကိုတွေ့လိုက်
တော့ ဖေဖေ စိတ်သက်သာသွားသည်။ သူမ ကွယ်ရာတွင် ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲနေတတ်တာ တစ်ကြိမ်နှစ်ကြိမ် မကတော့။ ကြေကွဲနေတဲ့ မျက်ဝန်းတွေနှင့် စင့်ကို မော့ကြည့်၏။ စင်က ဖန်ခွက် အကွဲအရှတွေကို သိမ်းဖို့ပဲပြင်လိုက်သည်။

"သမီး စင် ဖေဖေ့ကို ခွင့်လွှတ်ပါကွာ၊ ဖေဖေ အရမ်းမိုက်မဲခဲ့တဲ့လူပါ၊ မိသားစုအပေါ် တာဝန်မကျေခဲ့ဘူး၊ ဖေဖေ ဆက်ပြီး မိုက်မဲနေတယ်၊ ဒီဘဝမှာတော့ ဖေဖေ ဘယ်တော့မှ လိမ္မာလာမှာလည်း မဟုတ်ဘူး၊ အသိတရားလည်း ရှိနိုင်မှာမဟုတ်ဘူး"

"ဖေဖေ"

"ဟင်"

"ဒေါ်သစ္စာမြိုင်ဆိုတာ ဘယ်သူလဲ"

"မသိဘူး ဖေဖေ ပြောမိလို့လား၊ ဒီနာမည်ကို ပြောမိသွားလား။ ကြောက်စရာကောင်းတယ်၊ သမီးနဲ့ မဆိုင်ပါဘူး"

"သမီးကတော့ ဖေဖေ့ကို အရက်ဖြတ်စေချင်တယ်၊ ကြာရင် မကောင်းဘူးလေ၊ ဖေဖေက အရမ်းသောက်နေတော့ ဖေဖေ့ခန္ဓာကိုယ်ထဲက ကလီဇာတွေ ပျက်စီးနိုင်တယ်လေ"

ဦးကျော်ဇောဖြူရဲ့ မျက်ဝန်းတွေကို အားယူဖွင့်ကြည့်ရင်း သမီးလေးစကားကြောင့် ရင်ထဲမှာနာကျင်သွားရသည်။ မိမိဘဝကို ပေလေရက်နေလာခဲ့တာ သမီးလေး စင်ဇော်ဆွေ အပျိုကြီးဖားဖားဖြစ်နေသည်။





သိမ္မာပြီး သူမကိုယ်သူမ တန်ဖိုးရှိစွာ ထိန်းသိမ်းနေထိုင်တတ်၍သာ သမီးလေးဘဝ မပျက်စီးတာပါ။ မိမိ အရက်ကို မူးအောင်သောက်ခဲ့တယ်၊ အတိတ်က ခံစားချက်တွေကို မေ့ပစ်ဖို့ပါပဲ။ အသိတရားတွေနှင့် အရက်ကိုဖြတ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပေမယ့် သစ္စာမြိုင်ဆိုတဲ့ မိန်းမအကြောင်း စဉ်းစားမိသောအခါ အရက်ကို နေ့ညမရွေးတော့ဘဲ မူးအောင်သောက်ပစ်နေမိသည်။

"စင်က ဖေဖေ့အတွက် ပြောတာပါနော်၊ စင့် အတွက် နေ့တွေးပြီး လုံခြုံစိတ်ချစွာ နေထိုင်နိုင်ဖို့အတွက် ဖေဖေ အသက်ရှင် ကျန်းမာနေဖို့ပဲလေ"

"သမီး"

"ရှင် ဖေဖေ"

"ဖေဖေ အရက်ဖြတ်မယ်၊ ဟုတ်တယ် သမီးလေးအတွက် ဖေဖေ မစဉ်းစားဘဲ အတ္တကြီးခဲ့တယ်၊ ဖေဖေ ရောဂါတွေရပြီး သေဆုံးသွားရင် သမီးတစ်ယောက်တည်း ကျန်ခဲ့မယ်လေ"

"ဟုတ်ပါတယ် ဖေဖေရယ်၊ စင်လည်း အဲဒါကို စိတ်ပူနေတာတယ်လေ၊ စင့် အတွက် ဖေဖေကတော့ မားမားမတ်မတ် ရှိနေစေချင်တယ်"

"အဟင်း... ဟင်း... ဟီး... ဟီး... ဟီး"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ချုံးပွဲချပြီး ငိုချပစ်လိုက်သဖြင့် ဖူးဖူးစင် စိတ်ညစ်သွားရသည်။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး တစ်ခါတလေ ဖေဖေ ချုံးပွဲချပြီး ငိုတတ်တာ စင် မကြာခဏ ကြုံတွေ့ရတတ်သည်။

"ဟီး… ဟီး… အီး… အီး"

"ဘာဖြစ်လို့ ငိုရတာလဲ ဖေဖေရယ်၊ အခု စင် အလုပ်ရပြီး ငွေစာရင်းဘက်မှာ လက်ထောက်မန်နေဂျာလေ"

သမီးကို သနားတယ်၊ မိမိစိတ်တွေကို ထိန်းချုပ်နိုင်စွမ်းမရှိခဲ့တာတော့ အမှန်ပဲ။ ဘဝကိုတွေးမိတိုင်း နောင်တတွေရပြီး ငိုပစ်ချင်လာသည်။ ဝမ်းနည်းကြေကွဲမှုတွေက ထိန်းချုပ်မရ။ မိမိ အမှားတွေပဲ၊ ဖေဖေ အတ္တကြီးတာ မဟုတ်ပါဘူး ဘဝရဲ့နာကျည်းခံပြင်းမှုတွေကြောင့် အသိမဲ့နေချင်တာပါ။ အရက်မူးနေတာက ဖေဖေ့ စိတ်ခံစားမှုတွေ သက်သာသလိုပဲ။ အသိမဲ့နေခြင်တာပါ၊ သမီးလေး အလုပ်ရပြီးတဲ့ စိတ်ထဲမှာ အပူသက်သာသွားရသည်။

"ဖေဖေ အရက်ဖြတ်မယ်၊ သမီးလေးအတွက် နောက်ဆုံး ပေးဆပ်မှုပဲ၊ ဖေဖေ ရှိမှာပါ"

မိမိဘဝတစ်လျှောက်လုံးမှာ ဇနီးနှင့်သမီးအတွက် တစ်ချက်လေးမှ ငဲ့ညှာထောက်ထားခြင်း မရှိခဲ့ပေ။ တစ်ခါတစ်ရံ အသိဝင်လာရပေမယ့် မိမိစိတ်ကို မထိန်းချုပ်နိုင်ဘဲ ထင်ရာစိုင်းကာ အရက်ပဲ မူးယစ်သောက်





စားနေသည်။ သစ္စာမြိုင်ဆိုတဲ့ မိန်းမကို မေ့ပစ်လို့မရဘူး၊ ချောမောလှပတဲ့ ရုပ်ရည်ရူပကာကို ခုတုန်းလုပ်ပြီး ချမ်းသာကြွယ်ဝချင်တဲ့ မိန်းမပဲ၊ မာယာများသည်။

"သစ္စာက ရှင့်ထက်သာတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ သက်ထပ်မှာလေ၊ အချစ်ဆိုတာ ဘာလုပ်ရမှာလဲလို့၊ ရှင်ထက်သာတဲ့ သူမတွေ့ရင်တော့ ရှင့်ကိုပဲ လက်ထပ်မလို့ပါလေ၊ အခုတော့ ရှင့်ထက် အဆများစွာသာတဲ့လူကို တွေ့နေပြီ၊ ဆောရီးပဲနော်"

"မင်း… မင်း တော်တော် အကြံပက်စက်တဲ့ မိန်းမပဲ၊ ငါ့ဆီက ရသလောက် ချူယူပြီး ငါ့ထက်သာတဲ့လူကို လက်ထပ်မယ် ဟုတ်လား၊ မင်းကို ငါ သတ်မယ်"

မိမိက ဒေါသတကြီး ကြိမ်းဝါးနေပေမယ့် သစ္စာမြိုင်က ပျောက်ချင်းမလှ ပျောက်သွားသည်။ ချမ်းသာလွန်းတဲ့ သူဌေးသားတစ်ယောက်နဲ့ လက်ထပ်သွားသည်ဆိုတဲ့ သတင်းပဲ ကြားရ၏။ မိမိဘဝပျက်ရသည် သစ္စာမြိုင်ကို စွဲလန်းစွာ ချစ်မိနေပြီး ဘယ်လိုမှ မေ့ပစ်လို့မရနိုင်ခဲ့။ မိမွားရေးလည်း မလုပ်တော့။ မိဘတွေက သင့်တော်တဲ့ မိန်းမတစ်ယောက်နှင့် အတင်းအကြပ် လက်ထပ်လိုက်ရသည်။ မိဘတွေ ကွယ်လွန်သွားတော့ မိမိဘဝက ပို၍ပင် ပျက်စီးသွား၏။ အရက်ကိုမူးအောင်သောက်၊ မိန်းမလုပ်စာ ထိုင်စားနေသည်။ တဖြည်းဖြည်း အရက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးကျွန်ဖြစ်လာရ၏။ ဖနီးသေဆုံးသွားလည်း နောင်တမရခဲ့။ သမီးလေးက မိမိ ဆိုးပေတေသမျှ ခံနေရသည်။

"ဖေဖေ့ရဲ့ မိုက်မဲမှုတွေကြောင့် သမီးလေး ဆင်းရဲသိမ်ငယ်ခဲ့ရတာပါ။ လိမ္မာတဲ့ သမီးလေးဖြစ်နေလို့ပေါ့၊ ဖေဖေ မှားသွားတယ် အချိန်မီ ပြုပြင်ဖို့ ဖေဖေ ကြိုးစားမယ်"

ဖေဖေ့စကားကြောင့် ဖူးဖူးစင် ကျေနပ်ဝမ်းမြောက်သွားရသည် အချိန်မှ မီပါတော့မလား ဖေဖေရယ်၊ ဖေဖေ့မျက်နှာက ဖောယောင်နေ၏။ အလုပ်ကတော့ ဝင်ရမယ်၊ ဖေဖေ့ရောဂါ တစ်ခုခုဖြစ်ရင် ဆေးကုရမယ်လေ။ ဖူးဖူးစင် အလုပ်ရပေမယ့် ပျော်ရွှင်ရမည့်အစား စိတ်တွေလေးလံနေသည်။

❒





## အခန်း (၄)

"မာမီ"

"ဟင်... ပြောလေ သား"

"မာမီ့ကို ညီညာ မေးစရာတစ်ခုလောက် ရှိလို့ပါ"

"မေးလေ သား"

မာမီ့အား မေးရမည့် မေးခွန်းအတွက် သူ နည်းနည်းတော့ စွန့်ဆုတ်နေမိသည်။ သူ့ အသိချင်ဆုံးမေးခွန်းက မာမီ မဖြေချင်သော အဖြေလည်း ဖြစ်နိုင်၏။ မာမီက ကျက်သရေရှိစွာ ချောမောသူဖြစ်၊ ဒက်ဒီရဲ့ အလွန်အကျူး ချစ်မြတ်နိုးခြင်းကိုခံခဲ့ရသူလည်း ဖြစ်သည်။ ဒက်ဒီ ကွယ်လွန်သွားပေမယ့် မာမီ့မှာ စည်းစိမ်ဥစ္စာတွေက အပြည့်အဝ ကျန်ခဲ့ကာ စီးပွားရေးလုပ်ငန်းကိုလည်း စွဲညီညာက အောင်မြင်စွာ ဦးစီးလုပ်ဆောင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ညီညာ"

"ဗျာ..."

"မေးလေ ထူးဆန်းလိုက်တာကွယ်၊ သား ဘာတွေများ သိချင်နေရတာလဲ၊ မေးရမှာ အခက်တွေ့နေလို့လား"

"အင်း..."

"အမယ်လေး... သားရယ်၊ ဒီအမေနဲ့ ဒီသား နှစ်ယောက်ပဲရှိတာကိုများ မေးပါ၊ ဘာသိချင်တာလဲ မာမီ ဖြေပါ့မယ်"

"သား မေးခွန်းအတွက် မာမီ မဖြေချင်လည်း နေလို့ရပါတယ်နော်၊ စိတ်တော့ မဆိုးပါနဲ့"

"ဘာများလဲ သား"

"မာမီ အသည်းပုံရင်ထိုးကို ဘာဖြစ်လို့ မုန်းတီးရတာလဲဟင်"

"ဘာ..."

သား စွဲ စကားအတွက် ဒေါ်သန္တာမြိုင် မိုးကောင်းကင် ကြီး လဲပြိုပြိုကျလာသလို ကြောက်ရွံ့တုန်လှုပ်စွာ ဖြူရော်ရောင် သွေးပျက်မတတ် မျက်ဝန်းတွေနှင့် ဆတ်ခနဲ မော့ကြည့်မိသည်။ ဒေါ်သန္တာမြိုင် တမင်တကာ မေ့ပစ်နိုင်အောင် ကြိုးစားနေရတဲ့ အတိတ်ကအဖြစ်တွေကိုမှ သား စွဲက လာရောက် နှိုးဆွတူးဖော်သလို ဖြစ်နေ၏။ ဒေါ်သန္တာမြိုင်ရဲ့မျက်ဝန်းတွေ ချောက်ချောက်ချားချားဖြစ်နေကာ သားကို ကြည့်မိတဲ့





အကြည့်တွေကို ရုတ်ခြည်း ဖယ်ရှားပစ်သည်။

"မာမီက အသည်းပုံရင်ထိုးလေးကိုမြင်ရင် အရမ်းပဲ ချောက်ချောက်ချားချားဖြစ်တာ မဟုတ်လား၊ အခုတောင် နာမည်ကြားရရုံနဲ့ မာမီ့စိတ်တွေ အရမ်းချောက်ချားနေတယ်၊ အမြဲတမ်း ရဲစိုနေတဲ့ မာမီ့နှုတ်ခမ်းတွေ ဖြူရော်နေပြီ"

"မင်း ဘာကိစ္စနဲ့ မာမီ မကြိုက်ဆုံး မေးခွန်းကို လာမေးနေရတာလဲ၊ ဘာအဓိပ္ပာယ်လဲ၊ ဒါ မင်း သိစရာမလိုတဲ့ကိစ္စပဲ၊ ဘာကြောင့် သိချင်ရတာလဲ သား"

ထိုအကြောင်းအား မာမီ့ကို ပြောမပြချင်ပေ။ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးက မာမီနဲ့တော့ တနည်းနည်း ပတ်သက်ဆက်စပ်နေနိုင်သည်။ မနက်က ဖူးဖူးစင်ဆိုတဲ့ ကောင်မလေး အလုပ်လာလျှောက်၏။ ညာအရည်အချင်းက ထူးချွန်နေသဖြင့် ကောင်မလေးကို မတွေ့ခင်ထဲက သူတို့ ရွေးချယ်ထားခဲ့ကြ၏။ ကောင်မလေးဝင်လာတော့ သူ့ကို ပြစ်ပြစ်နှစ်နှစ် ပြောဆိုသွားခဲ့တဲ့ ကောင်မလေးပဲ။

အသည်းပုံရင်ထိုးလေးက သူ့ဗီဒိုထဲတွင် ရှိနေဆဲပင်။ မာမီ့ကို ပြောပြလိုက်လျှင် သတိလစ် မေ့မျောသွားလေမလားပဲ။ မာမီ့ကို သူ ချစ်သည်။ သူ့အပေါ် မိခင်၏တာဝန်ကျေလွန်းသော မာမီပါ။ အသည်းပုံရင်ထိုးလေးအကြောင်း စကားစမိသည်နှင့် မာမီ့မျက်နှာဖြူပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သွေးဆုတ်ဖြူရော်သွား၏။ သူ ဆက်ပြီး မမေးချစ်တော့ပေ။ မာမီ့ကို စိတ်သောကရောက်အောင် မလုပ်ချင်၍ သူ ရယ်ရယ်မောမောဖြင့် စကားကို အဆုံးသတ်လိုက်သည်။

"အဟဲ... မာမီ မဖြေနဲ့တော့နော်၊ ဘာမှ မဟုတ်ပါဘူး။ အသည်းပုံရင်ထိုးလေးကို မာမီ ဘာကြောင့် မုန်းရတာလဲလို့ သိချင်နေတာပါ။ တော်ပါပြီ သား မိုက်မဲတာပဲ၊ မာမီ အနားယူတော့နော်"

"အင်း..."

"သား သွားပြီ"

သူ့အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။ အိပ်ယာပေါ် လှဲချပြီး မျက်လုံးကို မှိတ်ပစ်လိုက်၏။ ဖူးဖူးစင် မင်း ဘာကြောင့် ငါ့ကို ဒီလို လာလုပ်ခဲ့ရတာလဲ၊ ဖူးဖူးစင် အင်တာဗျူးလာဖြေတဲ့ မျက်နှာထားလေးက အပြစ်ကင်းမဲ့စွာ ဖြူစင်ဝင်းပနေသည်။ အပြစ်မှန်တွေကလည်း မာမီ အသည်းပုံရင်ထိုးလေးကို မုန်းတီးသည်ထက် ကြောက်ရွံ့တုန်လှုပ်နေသည်ဟု သူ ထင်သည်။ အကြောင်းအရာတွေက ဖူးဖူးစင်နဲ့ ဆက်စပ်နေတာပဲလေ။ လှပချောမောလှန်းသော အလုပ်ပိုင်ရှင်မလေး ဖူးဖူးစင်ရဲ့ တောက်တောက်ပပ မျက်ဝန်းတွေကို သူ့ကို ကြည့်မိတဲ့ တစ်ခဏအတွင်း မှာထပ် ဖူးရှုနေသည်။ သူ အလုပ်ခန့်ခဲ့၏။ စိန်ခေါ်မှုတစ်ရပ်ပြီးတော့ သူ့ရဲ့ လက်ထောက်အဖြစ် တမင်တကာ အခန်းသီးသန့် ထားခဲ့၏။ ဖူးဖူးစင်





ဘာပြောမလဲ၊ သူမ နောက်ကြောင်းရာဇဝင်တွေကို စုံစမ်းကြည့်တော့ ဆင် အရက်သမားကြီးနှင့် ဆင်းရဲနွမ်းပါးသည့် ကောင်မလေးလို့ဆို သော်လည်း ဖူးဖူးစင်ပုံစံက သပ်ရပ်သန့်စင်ကာ မာန်မာနတွေလည်း ပြည့်နေသည်။

"ဖူးဖူးစင်အဖေက အရက်သမားကြီးပဲ၊ ဆင်းရဲတယ်၊ ပညာကို ...ားတယ်၊ အခမဲ့ ပညာရေးဒါန သင်တန်းတွေကနေ ဘာသာစကား ... တတ်ကျွမ်းခဲ့တာပဲ၊ အရမ်း မာနကြီးတယ်"

ဖူးဖူးစင် မင်းလို မိန်းကလေးမျိုးနဲ့ ကိုယ် မဆုံချင်ဘူး၊ မာမီက ... သဘောတူတဲ့ ရွေးမတစ်ယောက်ကိုပဲ လက်ထပ်ခွင့်ရှိတယ်ဆိုလို့ ...ယ် မိန်းကလေးတွေနဲ့ ကင်းအောင်နေခဲ့တယ်။ ကိုယ့်ကို တစ်ခုတည်း ...ာ မာမီ့ တောင်းဆိုမှုက မာမီ့မှာ ရွေးချယ်ပြီးသား သတို့သမီးရှိနေ ...ား လက်ခံပေးပါတဲ့၊ သူ လက်ခံခဲ့တယ်။ မာမီ့ကိုချစ်၍ မာမီ့ ...ကို သူ ဖြည့်စွမ်းပေးဖို့ပဲ ဖြစ်သည်။

"ဒီမွေးနေ့မှာ နောက် အနှစ်တစ်ရာတိုင် စိတ်သောကတွေ ...ကင်းအခဲတွေနဲ့ပဲ ကြုံတွေ့ရင်ဆိုင် ဖြတ်သန်းရပါစေလို့ ကျွန်မ ...ာင်းပေးပါတယ်"

သူ အိပ်ယာကနေ ဆတ်ခနဲ ထထိုင်မိသည်။ ဓာရွေးတွေမ... ...ာရကာ ရင်ထဲမှာ ပူပြင်းလောင်မြိုက်လာရ၏။ မင်း ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတာလဲ ဖူးဖူးစင်၊ သူ့ဘဝက ပြည့်စုံအေးချမ်းပြီး လိုတရဖြစ်
သည်။ စိတ်ညစ်တာတွေ၊ ဆင်းရဲဒုက္ခဆိုတာ သူနှင့် လုံးဝပတ်သက်
ဆက်စပ်မှု မရှိတဲ့အကြောင်းအရာတွေပဲ ဖြစ်ခဲ့၏။ သူက သားလိမ္မာ
မကောင်းမှုကိုရှောင်ပြီး ဘဝရဲ့အောင်မြင်မှုအတွက် ကြိုးစားတည်ဆောက်
နေတတ်သူလည်း ဖြစ်သည်။

"ကောင်မလေးက ချော်လိုက်တာ၊ ညီညာ အရမ်းမိတယ်ကွာ
မင်း ကံကောင်းတာပဲ၊ R ဖြစ်လိုက်တာ"

ကောင်မလေးက သူ့ကို ပြောသွားတဲ့ စကားတွေကို ဘယ်သူ
မသိကြ၊ သူငယ်ချင်းတွေဆို ကောင်မလေးရဲ့ အလှမှာ အရူးအ
တိမ်းညွတ် ယစ်မူးနေပြီတဲ့၊ တကယ်လို့များ ပြန်ဆုံမိကြရင် ညီညာ
မကြိုက်ရင် သူ ကြိုးစားမယ်တဲ့။ အရမ်းစွဲလန်း နှစ်သက်နေပြီတဲ့
ပြန်ဆုံကြပြန်ပြီ ဖူးဖူးစင်၊ စိန်ခေါ်မှုပဲ မင်းက စခဲ့တာပဲ၊ ကိုယ့်ဘက်က
ဘယ်တော့မှ ခြေလှမ်းမကျွံတတ်ဘူး ဒါ ကိုယ့်စည်းပဲ၊ စီးပွားရှာရင်လည်
တစ်ဖက်ကို ဘယ်တော့မှ မကောက်ကျစ်ဘူး၊ ရန်မစဘူး။ ကိုယ့်ဘ
ကို ဖြူစင်ရိုးသားစွာ ဖြတ်သန်းချင်တာလေ၊ မင်းကြောင့် ငါ စိတ်သော
ကတွေ ရောက်နေရပြီ။ ဘယ်လိုမှ မေ့ပျောက်လို့မရတော့ဘူး။ မ
ကျိန်စာက ငါ့ကို စူးဝင်နေပြီလား မသိဘူး။ သူ့စိတ်တွေ မအေးချမ်းတော့
ဘူး။ ပူလောင်နေသည်။ သူ့မျက်တောင်များဆီက အိပ်စက်ခြင်းတေ





ပျောက်ဆုံးသွားသလို ကြောင်နေ၏။ ဖူးဖူးစင်အား ခွင့်မလွှတ်နိုင်အောင် ဒေါသတွေ ထွက်နေမိသည်။ သူ အလုပ်တွေထဲ အာရုံစိုက်ဖို့အတွက် အလုပ်စားပွဲတွင် ထထိုင်လိုက်၏။ သူ့လက်ထောက်မှူးဆီက ဖုန်းလာသည်။

"ဟဲလို..."

"ညီညာ"

"ပြော"

"ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကို မှူး စိတ်ထဲမှာ ဘဝင်မကျသလိုပဲ၊ အခု စဉ်းစားနေတာလေ၊ ညီညာနဲ့ ဘယ်လိုပြဿနာတွေ ရှိနေလဲ"

"ကိုယ့် မွေးနေ့မှာ အမှတ်တရလက်ဆောင် လာပေးတဲ့ ကောင်မလေးလေ"

"ဟင်..."

"ကိုယ့် မိတ်ဆွေတစ်ယောက်နဲ့လည်း သိတယ်"

"ဟင်... ဒါဆို ညီညာ့ကို အမှတ်တရတွေလာလုပ်ပြီး အမှတ်တရဖြစ်အောင် သူ့ကို စိတ်ဝင်စားအောင် လာလုပ်တာလည်း ဖြစ်နိုင်တာပဲ"

"မှူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုယ့်ကိုစွ စိတ်မဝင်စားပါနဲ့၊ သူ့အကြောင်းနဲ့သူပဲလေ၊ မှူး လိုပဲ ဖူးဖူးစင်က ပညာတတ်တယ်လေ၊ ကိုယ်တို့ အစောကြီးထဲက ရွေးချယ်ခဲ့တာလေ"

"တစ်မျိုးပဲ ဖူးဖူးစင်က ညီညာ့ကို မုန်းနေသလိုပဲ"

"မဖြစ်နိုင်တာပဲ၊ ကိုယ့်မွေးနေ့မှာ ရင်ထိုးလေးတောင် လာပေး ခဲ့တာပဲ"

"ညီညာ"

"အိပ်တော့"

"အင်းပါ"

မှူးနဲ့သူက အိမ်နီးချင်း ကျောင်းနေဖက်တွေဖြစ်သည်။ လူကြီး ချင်းတွေလည်း ရင်းနှီးကြ၏။ မှူးက ပညာရေးဘက်တွင် ထူးချွန်ကာ စီးပွားရေးလုပ်ငန်းတွင်လည်း အားကိုးရသူဖြစ်၏။ မာမီက မှူးကိုချစ်ပေ မယ့် ချွေးမတစ်ယောက်အဖြစ် မရွေးချယ်ခဲ့။ ကြားလူတွေက သူနှင့် မှူးကို စေ့စပ်တယ်ပင် လက်မခံပေ။ မာမီ ရွေးချယ်ထားတဲ့ ချွေးမ က တစ်နေ့ကျမှ သားဆီရောက်လာမှာတဲ့၊ မှူးကို သူငယ်ချင်းတစ် ယောက်အဖြစ်လောက်ပဲ သဘောထားပါတဲ့၊ မှူးဘက်မှ သူ့အပေါ် စိတ်ဝင်စားမှုတွေပြုပြီး သူမ ဆန္ဒကို ပြသပေမယ့် ညီညာကိုယ်တိုင်က





လည်း မှူးအား သူငယ်ချင်းတစ်ယောက်အဖြစ်ထက်ပိုတဲ့ စိတ်ဝင်စား မှုမရှိပေ။ သူ ဖုန်းပိတ်လိုက်သည်။

"ဖူးဖူးစင် မင်းနဲ့ကိုယ် စိန်ခေါ်မှုပဲ ကိုယ့်ကို အဓိပ္ပာယ်မဲ့ တစ်သက်လုံး စိတ်သောကတွေရောက်ပြီး ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်တွေ့စေချင်တာ ဘာသဘောလဲ၊ မင်း ဖြေရှင်းရမယ်၊ တာဝန် ယူရမယ်"

သူ ညဉ့်နက်မှ အိပ်ပျော်သွားခဲ့သည်။ အိမ်မက်ထဲမှာ စင်ရဲ့ နှုတ်ခမ်း ရဲရဲစိုစိုလေးကို သူ နမ်းခဲ့၏။ အမြင်ကတ်စရာကောင်းလိုက် တာကွာ၊ အိပ်မက်ကို စိတ်ပျက်တယ်၊ စင်ဟာ သူ့ကို လာပြီး စိတ်ဝင် စားအောင် တမင်သက်သက် လုပ်ဆောင်တာတော့ မဖြစ်နိုင်ပါဘူး။ အကြောင်းရှိရမယ်၊ မာမီရဲ့ အတိတ်ကအကြောင်းအရာတွေနဲ့ ပတ်သက်မှု ရှိနေနိုင်သည်။

"သား ညီညာရေ"

"ဗျာ... မာမီ"

"သား ဆင်းမလာသေးလို့၊ အိပ်လိုက်တာ သားရယ်၊ ဒီအချိန် အထိ ဘယ်တုန်းက အိပ်ဖူးလို့လဲ"

"အလုပ်ကိစ္စတွေ ရှိနေလို့ပါ မာမီ"

"အင်း... မာမီ စောင့်နေမယ်လေ၊ သား ဆင်းခဲ့ မာမီ အခန်းနှို



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲ ချက်ထားတယ်"

"ဟုတ်လား မာမီ၊ သား ဆင်းလာခဲ့မယ်၊ ခဏလေးနော်"

မာမီ လာနှိုးမှ သူ နိုးလာပြီး ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ရေပန်းအောက်ဝင်လိုက်ပေမယ့် ညီညာ ရင်တွေပူလောင်နေရ၏။ ဖူးဖူးစင်ရဲ့ ကျိန်စာများလား၊ သူ ဒေါသဖြစ်လာတာ အော်ဟစ်ပစ်မိသည်။

"အား မင်း ငါ့စိတ်နှလုံးတွေကို ပူပြင်းလောင်မြိုက်အောင် ဘာဖြစ်လို့ လာလုပ်ရတာလဲ ဖူးဖူးစင်၊ တော်တော်ရက်စက်တာပဲကွာ"

ရေကျသံတွေနှင့် သူ့အသံတွေ ရောထွေးသွားသည်။ ဒေါသတွေ ပေါက်ကွဲနေရ၏။ ရေပန်းအောက်မှာ မွန်းကြပ်တဲ့အထိ ရပ်နေမိသည်။

"ဖူးဖူးစင် မင်း ဘာဖြစ်လို့ ရက်စက်ရတာလဲ၊ မင်း ကျိန်စာတွေ မိနေပြီကွ"

သူ ရေပန်းအောက်ကနေထွက်ပြီး သဘက်နှင့် ခေါင်းကို တအား သုတ်ပစ်လိုက်မိသည်။ အဝတ်အစားလဲလိုက်၏။ ရုံးကိုသွားရမယ်၊ သူ့စိတ်တွေ မာကျောမှုဖြစ်မည်။ ဖူးဖူးစင်နဲ့ ယှဉ်ပြိုင်ရမယ်၊ အဓိပ္ပာယ်မဲ့စွာ သူ့ကို စိန်ခေါ်သော မိန်းကလေးတစ်ယောက်ကို အနိုင်ယူရမည်။ သူ အပြင်ထွက်လာခဲ့သည်။ စားသောက်ခန်းထဲမှာ မာမီက စောင့်နေ၏။ မာမီရော အိပ်မပျော်ဘူးထင်သည်။ မျက်ဝန်းတွေ ချောင်နေသည်။





"သား ညီညာ"

"မာမီ"

"သား ဘာဖြစ်လို့လဲ၊ မျက်နှာလေးက ညှိုးနေတယ်၊ မာမီက သားကို ဘယ်တော့မှ အပူအပင်သောကတွေမရှိအောင် ဖြည့်စွမ်းပေးခဲ့တာပဲ မဟုတ်လားကွယ်"

"သား ဘာမှ မဖြစ်ပါဘူး မာမီရယ်၊ အခုတလော အလုပ်တွေက ပိနေတယ်"

"အေးကွယ်"

မာမီရော စိတ်သောကတွေ ဖိစီးနေသလိုပဲ၊ ယခုအသက်အရွယ် အထိ ခန့်ညားချောမော ဖြူနုနေခဲ့ဖြစ်နေသည့် မာမီ့မျက်ဝန်းတွေလည်း ညှိုးမှိုင်းနေတာပါပဲလေ၊ အသည်းပုံရင်ထိုးလေးကြောင့် မာမီ စိတ်ထိခိုက် ကြေကွဲစရာတွေ ရှိနေတာတော့ သေချာနေသည်။ ညီညာ မမေး ဝံ့တော့၊ မာမီ အသက်အရွယ်ရနေပါပြီ။ မာမီ့လက်ရာ အုန်းနို့ခေါက်ဆွဲ က အရမ်း စား၍ကောင်းသည်။

"သား ညီညာ"

"ဗျာ... မာမီ"

"မာမီ့သားက လိမ္မာတယ်၊ မာမီ့စကားကို ဒီအသက်အရွယ် အထိ နားထောင်ခဲ့တယ်၊ သားကြောင့် မာမီ့ဂုဏ်သိက္ခာတွေ တက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ သားညီ အတွက် မာမီက ဒီတစ်နှစ်အတွင်းမှာပဲ သတို့သမီး ရှာပေးမှာပါ၊ နောက်ဆို သားညီ နှစ်သက်ရာ မိန်းကလေးကိုပဲ ရွေးချယ်ခွင့်ပေးတော့မယ်"

"မာမီ"

"ဟင်..."

"မာမီ ရွေးချယ်ထားတဲ့ သတို့သမီးက"

"ရှာတုန်းပဲလေ မတွေ့သေးလို့၊ ဒါပေမဲ့ မာမီ့ဘက်က လွန်ပြီ ထင်တယ်၊ တစ်နှစ်တည်းပါပဲ၊ ဒါက ကျော်လွန်ရင်တော့ သားညီ ဆန္ဒပဲ"

"မာမီ ရွေးချယ်တဲ့ ဇနီးလောင်းကိုပဲ ရွေးချယ်ပါ၊ သား စောင့် နိုင်ပါတယ်"

"မှူးကို သား ချစ်လား"

"ဟာ... မာမီကလည်း မှူးနဲ့သားက သူငယ်ချင်းတွေပါ"

"ပြီးရောကွယ် ဒီတစ်နှစ်ပဲ မာမီ့ကို အခွင့်အရေးပေးပါ"

မာမီ့အား သိုင်းဖက်ကာ အနမ်းလေးပေးပြီး သူ ထွက်လာခဲ့ သည်။

□





## အခန်း (၅)

"ဖူးဖူးစင် နေရမယ့်အခန်းက ဒီအခန်းပဲလေ၊ သူဌေးက သူ့ လက်ထောက်အဖြစ် သီးသန့်ပေးထားတာပါ"

"သူ့လက်ထောက်"

"ဟုတ်ပါတယ် ဖူးဖူးစင်၊ သူဌေး အစီအစဉ်ပါ၊ လက်ထောက် အတွေတွေမန်နေဂျာ မှူးသခင် ကန့်ကွက်နေတာတောင် သူဌေးက ဆုံးဖြတ်စီစဉ်တာလေ"

"ရှင်..."

"ဖူးဖူးစင်နဲ့ သူဌေးတို့က သိကြတယ်ဆို"

"အင်း..."

"ဘာညာတွေလား"

"ဘာရှင့် ဘာတွေလာပြောနေတာလဲ၊ ကျွန်မနဲ့သိတာပဲရှိတာ



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ပေါက်ကရတွေ မတွေးနဲ့၊ ကျွန်မမှာ ချစ်သူရှိတယ်၊ သူသာ ကြားသွားရင်တော့ ကျွန်မ ဒီအလုပ်ကနေ ထွက်ရမှာ၊ ဘာတွေလဲ ဟွန်း...”

“စိတ်မရှိပါနဲ့ ဖူးဖူးစင်ရယ် မသိလို့ပါ၊ သူဌေးက အရမ်းမာန ကြီးပြီး မိန်းကလေးတွေကို လုံးဝ စိတ်မဝင်စားတာ သူဌေးအမေက သူ ရွေးချယ်တဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်ရမယ်၊ တခြားမိန်းကလေး တွေကို စိတ်မဝင်စားရဘူးလို့ အမိန့်ထုတ်ထားတယ်လေ”

“ဟွန်း...”

ဝန်ထမ်းတွေကို ကြီးကြပ်အုပ်ချုပ်ရတဲ့ အထက်တန်း ကြီးကြပ် ရေးမှူး ဒေါ်သော်တာလို စပ်စုတတ်တဲ့ မိန်းမကြီးအား ခပ်ပြတ်ပြတ် ပြောပစ်လိုက်သည်။ စင့်ကို သူဌေးအပေါ် မြူဆွယ်ဖြားယောင်းမယ့် မိန်းကလေးအဖြစ် အထင်သေးတာ မခံနိုင်ဘူး။ ဖူးဖူးစင်က မာနထွေ ခေါင်ခိုက်နေတာ။ သူများဆီမှာ ဝန်ထမ်းလုပ်ဖို့ တစ်သက်လုံး စိတ်ကူ ထားတာမဟုတ်။ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်အောင် ကြိုးစားမှာ သူမ်ကို ဆင်းရဲနွမ်းပါးသူအဖြစ် အထင်သေးအမြင်သေးမှာ အကြော ဆုံးပင်။ သူမ မျက်နှာလေးတင်းနေတော့ ကြီးကြပ်ရေးမှူး ဒေါ်သော်တာ ငြိမ်ကုတ်သွားကာ ထွက်သွားတော့သည်။

“ရှင်က ဘာသဘောနဲ့ ဒီလို စီစဉ်ပေးရတာလဲ စွဲညီညာ





ကျွန်မကို ရှင်လည်း အခဲမကြေဘူး မဟုတ်လား၊ ကောင်းသောစီစဉ် ပေးခြင်းမဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်”

အခန်းလေးက သန့်ရှင်းသပ်ရပ်ပြီး ခမ်းနားနေကာ လေအေး စက်ကြောင့် စိတ်ကို လန်းသွားအောင် အေးစိမ့်နေသည်။ သူ့ကုမ္ပဏီ ကြီးက တော်တော်လေး အောင်မြင်ကြီးကျယ်၏။ ဒေါ်သစ္စာမြိုင်က သူ ရွေးချယ်ပေးမယ့် မိန်းကလေးကိုပဲ လက်ထပ်ရမှာတဲ့လား။ ရှင် ကြီးက ခမ်းနားနေလိုက်တာ၊ ဘဝကို မွေ့ပစ်လိုက်တာလား။ ဒေါ်သစ္စာမြိုင် အလုပ်ကလည်း ဖူးဖူးစင် မလုပ်လို့မှ မဖြစ်တာပဲ။ ဘဝရပ်တည်ရေး အတွက်ပဲလေ၊ သူမအတွက် အသုံးအဆောင်တွေက ခမ်းနားလွန်းနေ သည်။ ဖူးဖူးစင်ကို ဒီလို အသုံးအဆောင်တွေနဲ့ မြူဆွယ်ဖြားယောင်း သို့ရမယ်ထင်လား။ သူမ ဘာလုပ်ရမှန်းမသိသေးဘဲ ထိုင်နေမိသည်။

“ကျွီ...”

တံခါးပွင့်လာသည်။ သူမ ‘မတ်တတ်ရပ်ပြီး အရှိအသေပေး လိုက်သော စွဲညီညာ ဖြစ်နေသည်။ သာမန်ကြည့်လျှင် အထင်ကြီးပြီး စိတ်ဝင်စားစရာကောင်းလောက်အောင် ကြီးကျယ်ခမ်းနားနေသော စီးပွား ရေးလုပ်ငန်းရှင် စွဲညီညာကို ဖူးဖူးစင် အထင်သေးတဲ့ မျက်လုံးတွေနှင့် ကြည့်မိ၏။ သူက သူမအနားသို့ လျှောက်လာသည်။

“ဖူးဖူးစင်”



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

"ဘယ်လိုလဲ ဒီနေရာကို ကြိုက်လား"

"မကြိုက်ဘူး ရှင် ဘာသဘောနဲ့ မဆီမဆိုင် ကျွန်မလျှောက်ထားတဲ့ ရာထူးတာဝန်မဟုတ်တဲ့နေရာ ပေးထားရတာလဲ"

"မင်းနဲ့ စာရှင်းရှင်းစရာတွေ ရှိလို့လေ"

"ဘာရှင့်"

ဖူးဖူးစင်သည် စွဲမက်စရာကောင်းလောက်အောင် မျက်ဝန်းနက်နက်ဝိုင်းဝိုင်းလေးများဖြင့် မာထန်စွာ ကြည့်နေတာကပင် စိတ်ဝင်စားဖို့ကောင်းလှန်းနေသည်။ နှာတံစင်းစင်းလေး။ နှုတ်ခမ်းဆူအမ်းအမ်းလေး။ မျက်တောင်ကော့ကော့လေးတွေက ဆန့်ကျင်ဘက် ယောကျ်ားသားတစ်ယောက်ကို ညို့ယူဖမ်းစားနိုင်သည်ဟု ထင်ပါ၏။

ဒွဲညီညာ ဘယ်လိုပဲ စဉ်းစားစဉ်းစား အဖြေမထွက်တာက သူ့ကို အစိမ်းသက်သက် မုန်းတီးရန်လိုနေခြင်းပင်။ ဖူးဖူးစင်ကို သူ တွေ့ဖူးတာ သူ့မွေးနေ့ညက ပထမဆုံး ဖြစ်သည်။

"မင်း ကိုယ့်ကို ဘာအကြောင်းတွေနဲ့ ရန်သူတစ်ယောက်လို သတ်မှတ်ရတာလဲ စင်၊ မင်းကို ကိုယ် တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူး။ မပတ်သက် မဆက်ဆံဘူးဘူး။ ကိုယ်က ငယ်ငယ်လေးထဲက ဘယ်ကိုလူအပေါ်မှ မတရား မလုပ်ခဲ့ဖူးဘူး။ တရားနည်းလမ်းမကျတဲ့ ကိစ္စတွေ





ကို အမုန်းဆုံးပဲ"

သူ ပြောတာ ဟုတ်တော့ဟုတ်တာပဲဟု သူမ တွေးမိသည်။ ဒေါ်သစ္စာမြိုင်ရဲ့သားဆိုပြီး သူ့ကို အပြစ်ဒဏ်ခတ်တာရော တရားမျှတခဲ့လား။ ဖူးဖူးစင် စိတ်ကိုတင်းထား၊ မပျော့ညံ့နဲ့၊ ဒေါ်သစ္စာမြိုင်သားလည်း ရန်သူပဲလေ။ သူမ နှုတ်ခမ်းသားလေးက ကွေးညွတ်ကာ တွန့်မဲ့သွားသည်။

"ပြောလေ မင်း ကိုယ့်ကိုမုန်းရတဲ့အကြောင်းရင်း ကိုယ် သိမှဖြစ်မယ်ထင်တယ်၊ အခြေအနေမှန်ကိုသိရရင် မင်းလုပ်ရပ်တွေကို ကိုယ်ထောက်ခံတယ်"

"မပြောပြနိုင်ဘူးဆိုရင်ရော"

သူမ အတိတ်အကြောင်းတွေကို ပြောမပြချင်ပေ။ သူမက သူ့မှာ စိတ်အနှောင့်အယှက်ဖြစ်စေဖို့ပဲ ရည်ရွယ်မိတာပါ။ သူနှင့် ပတ်သက်ဖို့မဟုတ်။

သူ့ကိုလည်း လက်စားချေဖို့ ဆန္ဒမရှိပေ။ ဖူးဖူးစင် တခြား ကောင်မလေးတွေလို မဟုတ်ပါဘူး။ အလုပ်ဝင်တာတွေ မလွှဲသာမရှောင်သာသို့ဖြစ်၍ ဘာညာဘာညာတွေ ပြောမနေချင်၍ပဲ ဖြစ်သည်။

"ပြောလေ ဖူးဖူးစင်၊ အပြစ်မဲ့တဲ့ ကိုယ်က မင်း အမုန်းနဲ့လာတဲ့ သူ့ကို ဘာဖြစ်လို့ ခံယူရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြောမပြနိုင်ဘူးလို့ ပြောပြီးပြီပဲ၊ အလုပ်လည်း ရှုံ
သဘောပဲနော်၊ ထုတ်ပစ်မယ်ဆိုရင်လည်း ကျွန်မ ထွက်မယ်"

"မင်းက ကိုယ့်ထက် အသက်ငါးနှစ်လောက် ငယ်မယ်ထင်တယ်
ဖူးဖူးစင်၊ ရိုရိုသေသေ ဆက်ဆံပါ၊ ယဉ်ကျေးမှုဆိုတာ ရှိသင့်တယ်
မင်းလည်း မိကောင်းဖခင် သားသမီးပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မက စွဲညီညာဆိုတဲ့ လူတစ်ယောက်
ကိုတော့ မရိုသေချင်ဘူး၊ ရှင့်ကို စွဲညီညာကနေ ကိုစွဲညီညာလို့ ထ
တသေခေါ်ရမှာ အရွံမုန်းဆုံးပဲ"

"အကြောင်းပြချက်က"

"မရှိဘူး"

"အရှုံးပဲ"

သူမ စားပွဲပေါ်မှာတင်ထားသော အိတ်ကို ပြန်ယူလိုက်သည်
သူ့ဆီမှာ အလုပ်ဆက်မလုပ်ချင်တော့။ သူမ အထက်လူကြီး ကုမ္ပဏီ
ပိုင်ရှင်သူဌေးက သူဖြစ်နေတာလည်း သဘောမကျနိုင်ပေ။ ရှင့်မာမီ
ဒေါ်သစ္စာမြိုင်က မိန်းမယုတ်မကြီး။ ကျွန်မအဖေကို ဖြားယောင်းသွေး
ဆောင်ပြီး ငွေကြေးတွေ တနင့်တပိုး ရယူသွားခဲ့တာဟုလည်း ပြော
မှာ အောက်တန်းကျတဲ့စကားတွေဟု ထင်သည်။ သူ့ရင်ဘတ်မှာ
ဖဲပြားကြိုး အနက်ရောင်လေး ချည်နှောင်ထားတဲ့ အသည်းပုံရင်ထိုးလေး





ထိုးထိုက်ခဲ့တာတောင် မီးအိမ်လေးက အတင်းအကြပ် တိုက်တွန်းခဲ့၍ဖြစ်
၏ သူမ ဒေါ်သစ္စာမြိုင်ကိုပဲ ရွံရှာမုန်းတီးနေခဲ့သည်။ ရှင့်ကိုလည်း
မုန်းတယ်၊ အကြောင်းပြချက်က ဒေါ်သစ္စာမြိုင်ရဲ့သား ဖြစ်နေလို့လေ။
သူမ ခြေလှမ်းစလှမ်းမိသည်။

"နေဦး ဖူးဖူးစင်၊ မင်း ဒီလိုထွက်သွားလို့ ဘယ်ရမလဲ၊ ကိုယ့်
ဖိုင်တွေ ဘယ်လောက်ထိ ပွပင်သောကရောက်ခဲ့ရလဲ၊ မင်း သဘောကျ
သွားတယ် မဟုတ်လား"

"ဟုတ်တယ်"

"မင်းနဲ့ ကိုယ့်မာမီ အဆက်အစပ်ရှိနေတာလား။ အသည်းရောင်
ရင်ထိုးကို မုန်းတယ်၊ နာမဝ်တောင် ကြားလို့မရဘူး၊ အကြောင်းပြချက်
ကိုတော့ မသိဘူး"

ရှင့်မာမီက အကြောင်းပြချက်ကို ဘယ် ထုတ်ဖော်ဝန်ခံရဲပါ့မလဲ၊
အခု သူ သူဌေးမကြီး ဒေါ်သစ္စာမြိုင်လေ။ အရင်က ပိုင်းလုံးမကြီးလေ၊
ဆင်းရဲနွမ်းပါးတဲ့ မိန်းမပဲ။ သူမ နှစ်ခမ်းသားလေးတွေက တင်းနေသည်။

အလုပ်ကအလုပ်၊ လူမှုရေးက လူမှုရေးပဲဆိုပေမယ့် ဒေါ်သစ္စာမြိုင်
ရဲ့သား လက်အောက်မှာတော့ မလုပ်လိုပေ။ သူမ အလုပ်ထွက်တော့
မည်။ ကျွန်မက ရှင့်မာမီလို အကျင့်စရိုက်တွေ မရှိဘူးနော်။ သူ့နှာ
ကိုယ်က ကျွန်မ ထွက်သွားမည့် လမ်းကြောင်းရှေ့မှာ ပိတ်ကာရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



...း က ကိုယ့်ကို အမှတ်တရတွေလုပ်မယ်၊ ပြီးတော့ ရင်းနှီး ... ကိုယ့်ကုမ္ပဏီမှာ အလုပ်လာလျှောက်မယ်၊ ပြီးတော့ ကိုယ့် ... အရယူမယ်၊ အဲဒီအကြောင်းအချက်ရော ဖြစ်နိုင်လား"

"ဘာရှင့်"

"အဟက်..."

"ကျွန်မကို မစော်ကားပါနဲ့၊ ရှင့်ကို လုံးဝ စိတ်မဝင်စားဘူး ဖွဲ့ညီညာ၊ အဲဒီလို အောက်တန်းကျတဲ့ မိန်းမတွေထဲမှာ ဖူးဖူးစင် မပါဘူး"

သူမ လှည့်ထွက်ဖို့ပြင်နေသဖြင့် သူ့လက်တွေဟာ သူမလက် ကို ဆတ်ခနဲ ဆွဲကိုင်တားဆီးလိုက်သည်။

"မင်း ဒီလို ထွက်သွားလို့မရဘူး ဖူးဖူးစင်၊ ကိုယ်လိုလူတစ်ယောက် ရဲ့ပါးကို လက်လွတ်စပါယ်ရိုက်တဲ့ မိန်းမဖြစ်သွားလို့ မင်း ပြန်ပြီး ပေး ဆပ်ရမယ်"

ဖူးဖူးစင် မျက်ဝန်းတွေကို သူ စူးစိုက်စွာ ကြည့်မိသည်။ သူ့ မျက်ဝန်းတွေထဲမှာ ဒေါသတွေနှင့် ဝင်းဝင်းတောက်နေ၏။ အဓိပ္ပာယ် မဲ့စွာ စော်ကားလိုက်တာက မင်းပဲ ဖူးဖူးစင်၊ မင်း အကြွေးတွေက အရမ်းကို များသွားပြီ။ သူ့အကြည့်တွေက သူမ မျက်ဝန်းတွေထဲ ထိုး ဖောက်မတတ်ပင်။ ဖူးဖူးစင်က သူမလက်တွေကို ဆတ်ခနဲ ရုန်းဖယ်





သည်။

"မရဘူး ဘာအကြောင်းပြချက်မှမရှိဘဲ မင်းက ကိုယ့်ကို စတင် နှိပ်စက်ခဲ့တာပဲ၊ ကိုယ့်ကို ဘယ်လိုလူမျိုးကမှ ရိုက်ဖို့နေနေသာသာ ထက်ဖျားနဲ့တောင် မတို့ဖူးဘူး။ မင်း ပေးဆပ်ခဲ့ရမယ်"

"လွှတ်နော်၊ ကျွန်မ အော်ပစ်လိုက်မယ်၊ ရှင် ထပ်ပြီး အရှက်တကွဲ နဲ့အချုပ်ထဲရောက်သွားချင်လား"

မင်း အရှက်မရှိရင် အော်လေ၊ ကိုယ့်ကို ဘယ်သူက ဒီလို ချုပ်မယ်ထင်မှာလဲ၊ ကိုယ်က နာမည်ပျက်မရှိခဲ့ဘူး။ တည်ကြည်ပြီး ကုမ္ပဏီမှာ ကိုယ်ကျင့်တရားအကောင်းဆုံး သူဌေး၊ လူပျိုနုနုထွတ်ထွတ် လေးပဲ"

"ရှင်"

"မင်း အော်ရင် မင်းက မြူဆွယ်ဖြားယောင်းပြီး သူဌေးပျိုလေး ကို အကွက်ဖန်တာလို့ပဲ ထင်မှာ"

"ရှင်... ရှင်"

သူ ဘာမပြော ညာမပြောနှင့် ဖူးဖူးစင် ခန္ဓာကိုယ်လေးကို ရုတ်တရက် သူ့လက်တွေနှင့်ပွေ့ဖက်ကာ သူ့ရင်ခွင်နှင့် ထိကပ်ထား လိုက်ပြီး စင့်ရဲ့ ပါးကလေးကို နမ်းလိုက်မိသည်။ ပြီးတော့ သူ တစ် ကိုယ်လုံး ထူပူသွားကာ ဖူးဖူးစင် ကို လွှတ်ပေးပြီး အပြင်ကို ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

"ရှင်... ရှင် လူယုတ်မာ"

ဖူးဖူးစင် အသံကျယ်ကျယ်လည်း မအော်ရဲဘဲ တိုးတိုးတိတ်တိတ်နှင့် ဒေါသတကြီး ရေရွတ်မိသည်။ သူ ထွက်သွား၏။ သူမ မျက်နှာလေး ထူပူကျနိုရစ်ခဲ့ပြီး ရှက်လိုက်တာ၊ ဘယ်လိုလုပ်ပြီး အော်ဟစ်ရဲမလဲ။ စင် ငိုပစ်ချင်လာရ၏။ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ သေပစ်ချင်တာပဲ။ ဒီကိစ္စ မီးအိမ်လေးကိုတောင် ပြောမပြရဲဘူး တော်ပြီ ဖူးဖူးစင် အလုပ်ထွက်တော့မယ်။ သူမရဲ့တန်ဖိုးကို အထွတ်အထိပ် အမြင့်ဆုံးမှာ တင်ထားခဲ့တဲ့ ဖူးဖူးစင် သူမ အမုန်းတီးဆုံး ယောကျ်ားတစ်ယောက်ရဲ့အနမ်းကို ခံလိုက်ရသည်။ ရှက်တယ်၊ ဘယ်လိုလုပ်ရမလဲ။ အခန်းလေးထဲမှ အပြင်ထွက်ဖို့ပင် မျက်နှာတွေထူပူပြီး မထွက်ရဲတော့ပေ။ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ရီနေသည်။

"ကျွီ..."

"ဟင်..."

တံခါးပွင့်လာသဖြင့် သူမ အထိတ်တလန့် မော့ကြည့်မိတော့ ကြီးကြပ်ရေးမှူး ဒေါ်သော်တာ ဖြစ်နေသည်။

"ဖူးဖူးစင်"

"ရှင်"





"သူဌေးနဲ့ ဘာဖြစ်တာလဲ ရန်ဖြစ်တာလားဟင်၊ သူဌေးထွက်လာတော့လည်း မျက်နှာမကောင်းဘူး။ ဖူးဖူးစင်ရော ဘာဖြစ်နေတာလဲ၊ နှုတ်ခမ်းတွေလည်း တုန်ရီနေတယ်"

သူမ ဘာမှ ပြောမနေတော့ဘဲ အခန်းလေးထဲမှ ထွက်လာခဲ့သည်။ အလုပ်ထွက်တော့မယ်၊ ရှင့်လိုလူတစ်ယောက်ရဲ့လက်အောက်မှာ လခ ဘယ်လောက်ပဲရရ မလုပ်ဘူး။ ကျွန်မ ရှင့်မာယာလို မဟုတ်ဘူးနော်၊ အသက်ပဲ အသေခံမယ်။ ကိုယ်ကျင့်တရားကိုတော့ လုံးဝ အပျက်အပြားမခံဘူး။ သူမစိတ်တွေ ပေါက်ကွဲတုန်လှုပ်ကာ အငှားကားလေးနှင့် ပြန်လာခဲ့သည်။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဖေဖေ"

"ဟင်..."

"ဘာဖြစ်လို့လဲဟင် ဖေဖေ နေမကောင်းဘူးလား"

"ဘာမှမဖြစ်ပါဘူး သမီး၊ ဖေဖေ အရက်ဖြတ်ထားတာပါ။ နည်းနည်းတော့ ကတုံကရိဖြစ်တယ်"

"ဖေဖေရယ်"

ဖူးဖူးစင် အိမ်လေးထဲဝင်လာတော့ ဖေဖေ အိပ်ယာပေါ်မှာ လဲနေသည်။ စင် စိတ်ပူသွားရ၏။ ဘာပဲဖြစ်ဖြစ် စင့်ရှေ့မှာ ဖေဖေ ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် အသက်ရှင်လျက် ရှိနေပေးစေချင်သည်။ ဖေဖေ့ကိုကြည့်ရတာ တော်တော်လေး အားအင်တွေကင်းမဲ့နေ၏။ အရက်ဖြတ်တာတဲ့။ မဖြစ်ဘူး ဖေဖေ့အတွက် လိုအပ်တာတွေ အများကြီးပဲ





အားပြည့်အောင် ကျွေးမွေးဖို့ရယ်၊ ဆေးကုဖို့ရယ် ငွေလိုနေသည်။ အလုပ်ကလည်း ပြုတ်လာ၏။ စင် အားမလျှော့ပါဘူး။ ကျောင်းသားတွေကို ဂိုက်လုပ်တဲ့ ဝင်ငွေတော့ရှိသည်။

"စင်"

"ရှင် ဖေဖေ"

"အလုပ်က အဆင်ပြေရဲ့လား။ ဖေဖေ့သမီးလေးက အရမ်းတော်တယ်၊ ကြိုးစားတယ်၊ အလုပ်ရှင် သူဌေးက သဘောကျမှာပါ"

ဖေဖေရယ် စင် အလုပ်ကနေ ထွက်လာပြီလေ။ ဖေဖေ့ကို ဒုက္ခပေးသွားတဲ့ ဒေါ်သစ္စာမြိုင်ရဲ့သားနဲ့မှ ပတ်သက်နေရတယ်။ စင်တို့က သွားပြီး ရန်စခဲ့မိတာပါ။ ဖေဖေ့ကို ထိုအကြောင်းအရာတွေကို ပြောမပြချင်ပေ။ စင့်ကိုလည်း ယခုအချိန်အထိ ဖေဖေရော မေမေပါ ပြောမပြခဲ့ကြ။ ဖူးဖူးစင်ကိုယ်တိုင် မထင်မှတ်ဘဲ ဖေဖေ့ဒိုင်ယာရီကိုတွေ့ပြီး ဖတ်ခဲ့ရသည်။ မီးအိမ်လေးနဲ့တိုင်ပင်ကာ ဒေါ်သစ္စာမြိုင်အား ရှာခဲ့ကြသည်။ စွဲညီညာကို ဒုက္ခပေးခဲ့ကြ၏။ စင်တို့လုပ်ရပ်အတွက် နောင်တရပေမယ့် ကံကြမ္မာက စွဲညီညာပိုင်တဲ့ အအောင်မြင်ဆုံး ကုမ္ပဏီကြီးမှ အလုပ်လျှောက်ခဲ့သည်။ ဖူးဖူးစင် ဆက်ပြီး မတွေးချင်ပေ။ ဒေါ်သည်းဖြစ်ရ၏။ စင့်ကို ယုတ်မာတာပဲ။ သူမစိတ်တွေ တုန်လှုပ်ချောက်ချားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာမှ မဖြစ်ပါဘူး။ စိတ်မပူနဲ့နော်"

"ဖေဖေ"

"ဟင်..."

"အရက်ဖြတ်ရင် ဖေဖေ ခံနိုင်ရည်ရှိပါ့မလားဟင်၊ နည်းနည်းလေးတော့ သောက်လိုက်ပါလား"

ဦးကျော်ဇောဖြူရဲ့ အကြည့်တွေက သမီးလေး စင့်ဆီ ရောက်သွားသည်။ လိမ္မာပြီး ချော‌မောလှပတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပေမယ့် ဘဝက နိမ့်ကျလွန်းသည်။ ဖေဖေ့ကြောင့်ပါ သစ္စာမြိုင် မင်းကြောင့် ငါ့ဘဝကြီးတစ်ခု ပျက်စီးဆုံးရှုံးသွားခဲ့ရတယ်။ သစ္စာမြိုင် ချမ်းသာကြွယ်ဝတဲ့ သူဌေးမကြီးတစ်ယောက် ဖြစ်နေကြောင်း ဦးကျော်ဇောဖြူ သိခဲ့ရသည်။ မိမိရင်ထဲမှာ ပို၍ နာကျည်းနေရ၏။ မင်း ဘယ်မှာလဲ၊ ကြည့်စမ်း ငါ့သမီးလေး ဘယ်လောက် ဒုက္ခဆင်းရဲတွေခံနေရလဲ၊ ဖေဖေ့ကြောင့်ပါ။ သစ္စာမြိုင်ရဲ့မာယာထောင်ချောက်ထဲ တိုးဝင်မိကာ အသည်းကွဲဝေဒနာတွေခံစားရင်း ဘဝကို ရေစုန်မျောပစ်ခဲ့သည်။ မိမိရဲ့ မိုက်တွင်းနက်မှုပဲ ဖြစ်ခဲ့သည်။ အရက်ဖြတ်ရမယ် သမီးလေးအတွက် ကြည့်ရမယ်၊ အမြဲတမ်း အတ္တကြီးကာ မိသားစုအပေါ် တာဝန်မဲ့နေခဲ့သော ယောက်ျားတစ်ယောက် အသိတရားတွေက နောက်များကျနေပြီလား ဖခင်ရဲ့သောကတွေကိုကြည့်ပြီး မျက်ရည်ကျခဲ့သော သမီးလေး ဖူးဖူးစင်





အတွက် အရက်ဖြတ်ပစ်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"အဟွတ်... အဟွတ်... ဟွတ်"

"ဖေဖေ ချောင်းတွေ အရမ်းဆိုးနေပါလား"

"လည်ချောင်းတွေ ခြောက်နေလို့ပါ သမီး၊ ရပါတယ် ဒီဝေဒနာဆို ကြာကြာခံပြီး ရင်ဆိုင်ကျော်ဖြတ်မယ်"

"ဖြစ်ပါ့မလားဟင်၊ ဖေဖေ ဘာစားမလဲ၊ ခေါက်ဆွဲပြုတ်သောက်မလား၊ သမီး သွားဝယ်ပေးမယ်လေ"

"နေပါစေကွယ် သမီးမှာ ပိုက်ဆံရှိလို့လား၊ ဖေဖေ တကယ်ပဲ ဘာမှမဖြစ်ပါဘူး"

"ရှိပါတယ်၊ အားရှိမှ အရက်နာကျတာ ဖေဖေ ခံနိုင်မှာလေနော်"

ဦးကျော်ဇောဖြူရဲ့စကားကို နားမထောင်တော့ဘဲ သမီး ထွက်သွားသည်။ ပြောမယ်သာ ပြောရတာ ရင်ဝမှာ ပူလောင်နေ၏။ အရက်သောက်ချင်တဲ့စိတ်က ပြင်းပြစွာ ဖြစ်ပေါ်နေ၏။ စိတ်ကို တင်းထားရမယ်။ သမီးရှေ့ရေးအတွက် အရက်သမားကြီးဘဝနဲ့ နေလို့မရဘူး။ သမီး ထွက်သွားသည်နှင့် ဦးကျော်ဇောဖြူ မိမိ သိမ်းထားတဲ့ ဒိုင်ယာရီစာအုပ်အား ဖွင့်ကြည့်မိ၏။ မိမိရဲ့ အသက်သုံးဆယ်ပြည့် မွေးနေ့မှာ မိန်းကလေးတစ်ယောက်က မွေးနေ့လက်ဆောင်အဖြစ် သူ့ရင်ဘတ်မှာ အသည်းပုံရင်ထိုးလေးကို သစ္စာမြိုင်ဆိုတဲ့ မိန်မချောလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ရင်ဘတ်မှာ လာရောက် ချိတ်ဆွဲပေးခဲ့သည်။

"မင်းနာမည် ဘယ်သူလဲ၊ မင်းရဲ့လက်ဆောင်လေးက အရမ်းပဲ ရိုမန်းတစ် ဖြစ်တယ်ကွာ"

"သစ္စာမြိုင်ပါ"

"သစ္စာမြိုင်"

"အင်း..."

"OK"

မိဘတွေရဲ့ အမွေအနှစ်တွေကို တစ်ဦးတည်း ရရှိခဲ့ပြီး အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီး ကျော်ဇေဖြူသည် သစ္စာမြိုင်ဆိုတဲ့ မိန်းကလေးအား စိတ်ဝင်စားသွားရာ အရမ်းလှတဲ့ မိန်းကလေးပဲ။ နောက်ပိုင်း သူ စုံစမ်းကြည့်တော့ သူမက ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးဖြစ်သည်။

"သစ္စာမြိုင်က ဆင်းရဲတယ်၊ ဒါပေမဲ့ ပညာတတ်ကွ R ဖြစ်တယ်၊ ကျော်ဇေ ဘယ်လိုလဲ၊ အကြီးအကျယ် စွဲလမ်းငြိတွယ်သွားပြီလား"

"အင်းကွာ"

သူနှင့်သစ္စာမြိုင် ငြိသွားကြသည်။ အလှအပ မက်မောပြီး ချမ်းသာကြွယ်ဝလိုတဲ့ သစ္စာမြိုင်က သူ့ကို မာယာတွေနဲ့ ဖြားယောင်းသွေးဆောင်ကာ သူ့ဘဝကြီးတစ်ခုလုံးကို ပိုင်စိုးသူဖြစ်ရသည်။





"မောင် သစ္စာတို့မိဘတွေက ဆင်းရဲတယ်၊ ဘာပဲဖြစ်ဖြစ် မောင့်အတွက်လည်း ဂုဏ်သိက္ခာမကျရအောင် အိမ်လေးတစ်လုံးလောက် ဝယ်ပေးပါလား"

သစ္စာမြိုင် တောင်းဆိုသမျှ သူ ဖြည့်စွမ်းပေးခဲ့သည်၊ အိမ်လေးတစ်လုံးမဟုတ် တိုက်တစ်လုံး ဝယ်ပေးခဲ့၏။ စည်းစိမ်ဥစ္စာတွေ အပြည့်ပေးခဲ့သည်။ သူ့စိတ်တွေ သူ့နှလုံးသားတွေက သစ္စာမြိုင်မှ သစ္စာမြိုင်ဖြစ်လာအောင် နည်းပရိယာယ်ပေါင်း မြောက်များစွာဖြင့် မြူဆွယ်သိမ်းသွင်းခဲ့သည်။

"ကျော်ဇေ မင်းကောင်မလေး သစ္စာမြိုင်ကို မင်း ဝယ်ပေးထားတဲ့တိုက်ကို ရောင်းလိုက်ပြီ၊ တခြားကို ပြောင်းသွားကြတယ်လေ"

"ဘာကွ"

"ငါတို့ သတင်းကြားရတာတော့ သစ္စာမြိုင်က မင်းကို ထားပစ်ပြီး မင်းထက်ချမ်းသာတဲ့ ယောက်ျားနဲ့ လက်ထပ်သွားပြီတဲ့ကွ"

"ဟင်..."

သူ စုံစမ်းတော့ သစ္စာမြိုင်တို့ အမှန်တကယ်ပဲ အိမ်ပြောင်းသွားသည်။ တခြားယောက်ျားတစ်ယောက်နှင့် လက်ထပ်သွား၏။ ရက်စက်သည်။ သူ့မှာ စီးပွားရေးကျဆင်းလာသည်နှင့် သစ္စာမြိုင်က သစ္စာဖောက်သွားခြင်းဖြစ်သည်။ သူ အသည်းကွဲခဲ့ရ၏၊ ဘဝပျက်ခဲ့ရသည့် မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်နှင့် အစားထိုး လက်ထပ်ခဲ့ပေမယ့် အချစ်တွေ ကင်းမဲ့နေကာ မိန်းမတွေကို မယုံကြည် ဖြစ်ရသည်။ နှိပ်စက်ခဲ့ ဥပက္ခာပြုထားခဲ့သည်။ ဇနီးသေ မိမိလည်း အရက်သမားကြီးဘ ရောက် သမီးလေး ဖူးဖူးစင်လည်း နိမ့်ကျတဲ့ဘဝမှာ နေထိုင်ခဲ့ရသည်

"သစ္စာက ချမ်းသာချင်တယ်၊ သူဌေးမကြီးဘဝနဲ့ စည်းစိမ်ဥစ္စ တွေနဲ့ နေချင်တယ်၊ မောင် ကြိုးစားပါ၊ တဖြည်းဖြည်းနဲ့ မောင့်လုပ်င က ကျဆင်းလာပြီး သစ္စာက မောင့်ထက်သာတဲ့လူကိုတွေ့ရင် တာတ ပဲနော်"

သစ္စာမြိုင်က မိမိအား ပြောဆိုခဲ့သောစကားတွေကို နောက် ပြောင်ကြည်စယ် စကားတွေဟု ထင်ခဲ့မိသည်။ သစ္စာမြိုင် မင်းက ယုတ် ကောက်ကျစ်ခဲ့တာပဲကွ။ သမီးလေး ဖူးဖူးစင်က ဖခင်အပေါ် တာဝ ကျေသောအခါ မိမိ မိုက်မဲမှုတွေအတွက် နောင်တရလာ၍ အရက်ဖြ ဖို့ ဆုံးဖြတ်လိုက်သည်။

"အား… ရင်တွေပူလိုက်တာ၊ မောလိုက်တာ၊ ဘုရားရေ ဘ ဖြစ်တာလဲ"

မိမိရင်တွေ တလှပ်လှပ် တုန်ရီလာပြီး မောပမ်းလာသည်။ အ လည်း မစား၊ အရက်ကလည်း ဖြတ်လိုက်တော့ ပြင်းပြတဲ့ဝေဒနာ ကို ခံစားနေရ၏။ ဆောက်တည်ရာမရတော့။ အော်ဟစ်ပစ်ချင်နေသည်





သောက်ဘူး အရက်ပြတ်ပြီပဲ၊ မသောက်ဘူးကွာ၊ ငါ့သမီးလေးအတွက် ဒီ နောင်တရနေသင့်ပြီလေ။ အံ့သွားတွေကို ဖိကပ်စွာ ဖိကြိတ်ထား သည်။ လက်သီးတွေ တင်းတင်းကြပ်ကြပ် ဆုတ်ထားကာ ဝေဒနာ ကို ကြိတ်မှိတ်ခံစားနေသည်။

"သမီးရော သမီး။ ဖေဖေ့ခေါင်းတွေ အရမ်းမူးတာပဲ၊ ရင်တွေ တုန်နေတယ် သမီး"

ဦးကျော်ဇောရဲ့ခေါင်းတွေ မူးဝေနောက်ကျိကာ မျက်လုံးတွေ ပြာဝေလာသည်။ စိတ်ကို ထိန်းထားသည် မရ။ အသိမဲ့ချင်နေ၏။ သမီးရော ဘယ်မှာလဲ၊ မျက်လုံးတွေကိုမှိတ်ရင် အသိကင်းမဲ့မသွား အောင် ထိန်းချုပ်ထားသည်။

"ဟင်… အန်ကယ် ဘယ်လိုဖြစ်ရတာလဲ၊ ကျွန်တော်က ဖူးဖူးစင် ရဲ့အလုပ်ရှင်ပါ၊ ဒီဘက်ကိုလာရင်း လမ်းကြုံလို့ ဝင်လာတာပါ"

"အတော်ပဲ မောင်ရင်၊ ကျုပ်… ကျုပ် အရမ်းမူးဝေနေတယ်၊ အသိတောင် မဲ့ချင်နေပြီ"

"မစိုးရိမ်ပါနဲ့ ကျွန်တော် ဆေးခန်းပို့ပေးမယ်"

သူ ဖူးဖူးစင်နေတဲ့ ရပ်ကွက်ထဲကို စုံစမ်းပြီး ဖူးဖူးစင် အိမ်ကို ာသည်။ ဘာဖြစ်လို့မှန်း မသိဘူး။ သူ တောင်းပန်ချင်နေ၏။ အောက် ာန်းကျတဲ့ သူ့လုပ်ရပ်က မိန်းကလေးတစ်ယောက်အား နှိပ်ကွပ်စီးနင်း



www.burmeseclassic.com

www.burmeseclassic.com



စော်ကားသလို ဖြစ်သွားရသည်။ ဖူးဖူးစင်ဆီ တောင်းပန်ဖို့ရောက်လာတော့ လူကြီးတစ်ယောက် မူးလဲနေ၏။ ဖူးဖူးစင်အဖေ အရက်သမားကြီး ဖြစ်နိုင်သည်။

"ကျုပ်က ဖူးဖူးစင်ရဲ့ အဖေပါ၊ အရက်ဖြတ်ထားလို့လေ"

"စကားမပြောပါနဲ့ အန်ကယ်၊ ကျွန်တော့်ကားနဲ့ ဆေးခန်းပို့ပေးမယ်"

"မောင်ရင် ရန်ကုန်ဆေးရုံကြီးပဲ ပို့ပါ၊ ကျုပ်တို့မှာ ဆေးကုစရာပိုက်ဆံမရှိဘူးလေ"

"ကျွန်တော် အားလုံး တာဝန်ယူပါတယ်"

ဖူးဖူးစင် အဖေကိုတွဲပြီး ကားပေါ်တင်ကာ ရွှေဂုံတိုင် အထူးကုဆေးရုံကြီးဆီ ခေါ်လာသည်။ ဖူးဖူးစင် မင်းနဲ့ကိုယ်က အပြန်အလှန်ဖြစ်မှုတွေ ကျူးလွန်မိကြတယ်လေ။ ကိုယ်က လွန်သွားတယ်၊ တောင်းပန်ပါတယ်ကွာ။ ဆေးခန်းသွားကြောင်း ပတ်ဝန်းကျင်အား မှာကြားခဲ့ပြီး ဆေးခန်းကို သွားခဲ့၏။ အားနည်းလွန်း၍နေသည်ဖြစ်၍ အားဆေးတွေသွင်းပေးသည်။

"မောင်ရင် အချိန်မီ ရောက်လာလို့ပဲ ကျေးဇူးတင်ပါတယ်မောင်ရင့် နာမည်က"

"စွဲညီညာပါ"





"ကျေးဇူးပဲကွာ"

သမီးရဲ့အလုပ်ရှင် သူဌေးက ငယ်ငယ်လေးပဲ ရှိသေးသည်။ သူဌေးလေးကိုကြည့်ပြီး မိမိဘဝ အတိတ်တွေကို အမှတ်ရနေမိ၏။ သစ္စာမြိုင် ငါ ပြောရဲတယ်၊ ငါ့သမီးလေး ဖူးဖူးစင်က မင်းလိုမဟုတ်ဘူးကွ၊ ကိုယ်ကျင့်တရားကို ထိန်းနိုင်တယ်၊ ဘဝကို မှန်ကန်တဲ့နည်းလမ်းတွေနဲ့ ကြီးပွားတိုးတက်အောင် ကြိုးစားနေတယ်၊ မာနရှိတယ်၊ အားဆေးသွင်းရင်း မူးဝေနောက်ကျိတာတွေ ပျောက်သွားသည်။ သမီးလေးရော ဖခင်အတွက် ဆေးဝါးကုသစရာ ပိုက်ဆံရှိမှာမဟုတ်ပေ။ သမီးလေး ဘယ်လိုများ ဖန်တီးမလဲ၊ သမီးအလုပ်ရှင်သူဌေးက အထူးကုဆေးခန်းကြီးရဲ့ အကောင်းဆုံးအခန်းမှာ ထားပေးသည်။

"မောင်ရင်"

"ဗျာ"

"ဆေးကုသစရိတ်တွေအတွက်"

"မပူပါနဲ့ အန်ကယ်၊ ကျွန်တော်က အလုပ်ရှင်ပါဗျာ၊ တာဝန်ရှိပါတယ်၊ လူမှုရေးလေ"

"စိတ်သဘောထား ပြည့်ဝလိုက်တာ၊ ကျေးဇူးပဲ မောင်ရင်ရောက်လာလို့လေ၊ ကျုပ် သတိလစ်တော့မလို့"

"အန်ကယ်"

www.burmeseclassic.com



"ဟင်..."

"အရက်ဖြတ်ထားတာလား"

"အေးကွယ် သမီးလေးအတွက်ပါ၊ ကျုပ် တာဝန်မဲ့ခဲ့တယ် မိသားစုအပေါ် ဥပက္ခာပြုပြီး ပေတေနေခဲ့တယ်၊ အခု သမီးလေးအတွ အရက်ဖြတ်ဖို့ ဆုံးဖြတ်လိုက်တာပါ"

"ကောင်းပါတယ် အန်ကယ်ရယ် ကျွန်တော်လည်း အတတ်နိုင် ဆုံး ကူညီပါ့မယ်၊ ကြိုးစားပါ"

ဖူးဖူးစင်ရဲ့အဖေက ဆင်းရဲပေမယ့် တစ်ချိန်က ခန့်ညားချော မောသူဖြစ်ကြောင်း သိနေသည်။ အရက်သမားကြီးတစ်ယောက်ရဲ့သ က တော်လိုက်တာ။ မာနလည်းရှိတယ်၊ စင့်အပေါ် သူ့အပြုအမူ အတွက် စိတ်မကောင်း ဖြစ်သွားရသည်။

❐





## အခန်း (၇)

"ဘာပြောတယ် ဒေါ်လေးချို၊ ဖေဖေ ဆေးခန်းရောက်နေပြီ လား။ ရွှေဂုံတိုင် အထူးကုဆေးခန်း ဟုတ်လား"

"ဟုတ်တယ် စင်၊ ညည်း အလုပ်ရှင် သူဌေးတဲ့၊ လမ်းကြိုလို့ ရင်း ညည်းအဖေ မူးမေ့နေလို့ ဆေးခန်းခေါ်သွားတယ်လေ၊ ည်း ပြန်လာရင် လိုက်ခဲ့ပါတဲ့"

"ဟင်..."

သူ ဘာလာလုပ်တာလဲ၊ စွဲညီညာ ရောက်လာသည်တဲ့။ ရှင် ာ ကောင်းသောလာခြင်း မဖြစ်နိုင်ပါဘူး။ ဖူးဖူးစင်ကို လက်တုံ့ အကြံအစည်တစ်ခုခုနဲ့ ဖြစ်နိုင်တယ်။

မပတ်သက်ချင်ပါဘူးဆိုမှ စွဲညီညာနှင့် ရင်ဆိုင်ရမှာ စင် ရှက် ည်။ သူမ နှုတ်ခမ်းသားလေးပေါ်မှာ နာကျင်စူးရှနေ၏။ လူယုတ် အမေလိုပဲ စိတ်ဓာတ်အောက်တန်းကျတယ်။ ကျွန်မကို အရှက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲပစ်တာပဲ။ ဖေဖေက ဆေးခန်းရောက်နေပြီဆိုတော့ သူမ လိုက်သွား
ရုံပဲ ရှိသည်။

"ဖူးဖူးစင်"

"မီးအိမ်လေး"

"ဟဲ့... ရှင့်အဖေကို ဆေးခန်းပို့တာ သူဌေးလေး စွဲညီညာ

"အင်း..."

"ဘာတွေလဲဟာ"

"သွားရအောင် မီးအိမ်လေး လိုက်ခဲ့ပေးပါ"

စွဲညီညာနှင့် နှစ်ယောက်တည်း မျက်နှာချင်းဆိုင်တွေ့ရ
ကြောက်ရွံ့နေမိသည်။ ရှက်မိနေ၏။ ဒေါသတွေပဲ ပေါက်ကွဲမလာ
မီးအိမ်လေးက ရှင့်အကွက်ထဲ ဝင်လာတာလေ၊ ဒေါ်သစ္စာမြိုင်ရဲ့သာ
ကို ရှင့်အဖေလိုတဝမျိုးရောက်အောင် ကြိုးစားသည့်သည်ဟု ပြောသည်

"ရှင်ကော ဒေါ်သစ္စာမြိုင်ရဲ့သား စွဲညီညာကို သူ့မာမိရဲ့အကွ
စရိုက်တွေအတိုင်း ဖြားယောင်းမြူဆွယ်ပြီး ဘဝပျက်အောင် လုပ်ပစ်သ
တယ် စင်"

ဟုတ်တယ် မီးအိမ်လေး၊ စင် လည်း ဒေါ်သစ္စာမြိုင်သာ
အသည်းနှလုံးကို မီးလောင်တိုက်သွင်းပစ်ချင်နေတာပါ။ ဒေါ်သစ္စာမြိုင်
အသည်းနှလုံးကို မီးလောင်မြိုက်စေမှာပဲလေ၊ ချွေးမတောင်မှ သူ ရှ





ပေးလာတဲ့ မိန်းကလေးပဲ လက်ခံမှာတဲ့၊ စင့် လက်သီးလေးက
ကြိုဝ်စွာ ဆုတ်မိသွားသည်။

"လောလောဆယ်တော့ ဖေဖေ့ဆီ သွားရမယ်၊ သူ စွဲညီညာ
သဘောနဲ့ အိမ်ကိုလာရတာလဲ မီးအိမ်လေး"

"ရှင့်ကို သဘောကျလို့ ဖြစ်မှာပေါ့ဟဲ့၊ သူ့လို သူဌေးက တို့
ကွက်ထဲကို လာစရာအကြောင်းမှ မရှိတာပဲ"

"မှန်းလိုက်တာ"

"ရှင့်အတွက် အကွက်ဆင်တာပဲလေ"

"တော်စမ်းပါ"

"စွဲညီညာကို ရှင် လက်စားမချေချင်ဘူးလား ဖူးဖူးစင်၊ ရှင့်လို
လေးမျိုးကို ဒေါ်သစ္စာမြိုင်ကတော့ ချွေးမတော်ချင်ပါ့မလား။
လေး စုံစမ်းသိရသလောက် သူ့သားအတွက် ဘယ်လိုမိန်းကလေး
မှ စိတ်တိုင်းမကျဘဲ ချွေးမလောင်းရှာနေတုန်းတဲ့ဟ"

ဒေါ်သစ္စာမြိုင်ဆိုတဲ့ မိန်းမကြီးကိုတော့ သူ အရမ်းမုန်းတယ်၊
ဖေဖေကို ဖြားယောင်းသွေးဆောင်သွားတဲ့ မိန်းမကြီးရဲ့သားကို
က ဖြားယောင်းသွေးဆောင် ရယူနိုင်တယ်ဆိုရင် ဒေါ်သစ္စာမြိုင်
ာက်များ ဆတ်ဆတ်ခါအောင် နာကျည်း ခံပြင်းလိုက်မလဲတဲ့
လုပ်ရှော့က် မိန်းကလေးတစ်ယောက်ရဲ့တန်ဖိုးကို နိမ့်ကျစေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးစင် မလုပ်ချင်ပေ။ မီးအိမ်လေးကတော့ အခွင့်အရေးပေးတ လုပ်သင့်သည် တဲ့၊ ရှင် တကယ် ချစ်မြတ်နိုးပြီး လက်ထပ်မှ မဟုတ်တာပဲတဲ့၊ စင် ပြန်ပြီး ရယူသင့်တယ်လေတဲ့၊ သူမက သူမ သူမ တန်ဖိုးကြီးမားစွာ မြှင့်တင်ထားတတ်သူဖြစ်သည်။

"ဖေဖေ့ဆီ သွားရမယ် မီးအိမ်လေး၊ ကျိန်စာတွေကတော့ နောက်မှ စဉ်းစားမယ်လေ၊ သူကလည်း စင့်ကို နှိပ်ကွပ်ဖို့များလာ မသိတာပဲ"

မီးအိမ်လေးကိုနှုတ်ဆက်ပြီး သူမ ထွက်လာခဲ့သည်။ လူနာနား ကို စုံစမ်းလာခဲ့၏။ ဖေဖေ့ကို အကောင်းဆုံးနေရာမှာ ဆေးကုသ တာပဲ။ ကျွန်မ ဖေဖေက ရှင့်မာမီ ဒေါ်သစ္စာမြိုင်ကြောင့် ဘဝပျက် အရက်သမားကြီးဘဝ ရောက်ခဲ့ရတာလေ။ ကျွန်မတို့မိသားစု ပေး ခဲ့ရတာတွေ အများကြီးပဲ။ ရှင့်မာမီ ဒေါ်သစ္စာမြိုင် ဒီအကြွေးကို ဆပ်ရမှာပဲ။ မီးအိမ်လေးပြောတဲ့ စကားတွေက အမှန်တွေပဲဟု တွေး သည်။ ဖေဖေ့အခန်းနံပါတ်ရှေ့မှာရပ်ပြီး စိတ်တွေကို တည်ငြိမ်အေး ထိန်းချုပ်ထားရ၏။ အခန်းက စေ့ထားသည်ဖြစ်၍ ဖူးဖူးစင် အခန်းတံ ကိုတွန်းဖွင့်ပြီး ဝင်လာခဲ့သည်။

"ဖေဖေ"

"သမီး"





ဖေဖေ့ကို ဆေးတွေသွင်းထားပြီး ကောင်းကောင်း သတိရနေ သည်။ ဖေဖေ့အနားမှာ စွဲညီညာ ထိုင်နေ၏။ ဖေဖေက သူမအား ညီညာနှင့် မိတ်ဆက်ပေးသည်။

"ဒီသူငယ်လေး သမီး အလုပ်ရှင် ရောက်လာလို့ပေါ့ကွယ်၊ ဖေ အားနည်းပြီး သတိလစ်တော့မတတ်ပဲ ဖေဖေ ကံကောင်းသွား ယ်"

"ဟုတ်ကဲ့ သူဌေး ကျေးဇူးတင်ပါတယ်နော်"

"ကိစ္စမရှိပါဘူး စင်၊ ကိုယ် ကိစ္စတစ်ခုနဲ့ ဒီဘက်ရောက်လာ တာလေ၊ မင်းကို သတိရတာနဲ့ ဝင်ကြည့်မိတာ၊ မင်း ဘယ်သွားနေ တာလဲ ဖူးဖူးစင်"

"ကျွန်မက ဖေဖေ့အတွက် စားစရာသွားဝယ်နေတာပါ"

"မင်း ဖေဖေ အားအရမ်းနည်းနေတယ်၊ အရက်ဖြစ်ထားလို့တဲ့၊ ခြား ရောဂါတော့ ကြီးကြီးမားမား မရှိဘူး၊ မနက်ဖြန် ရုံးတက်နိုင် သား၊ အန်ကယ် နေကောင်းရင်ပေါ့"

"အန်ကယ် နေကောင်းပါတယ်၊ အားနည်းနေတာလေးပဲ ရှိတာ ီ တစ်ယောက်တည်းလည်း နေလို့ဖြစ်တယ်လေ၊ သမီး ရုံးတက်ပါ၊ အလုပ်ဝင်တာ မကြာသေးဘူးလေ"

"ဆေးရုံကတော့ မဆင်းနဲ့ဦးနော် ဖူးဖူးစင်၊ အရက်ဖြတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတွေ အပြင်းအထန် ခံစားရလိမ့်မယ်၊ ဆေးခန်းမှာ တစ်ပ လောက်နေပါ၊ ကုန်ကျစရိတ်မပူနဲ့၊ ကိုယ် ကြိုတင်ငွေ သွင်းထား ပြီ"

သူ ပြောပြီး ထွက်သွားသည်။ ဖေဖေက သမီး အပြင်အ လိုက်ပို့ပေးလိုက်ပါဟု အတင်းအကြပ်ပြောနေ၍ ဖူးဖူးစင် သူ့နောက် လိုက်လာခဲ့ရ၏။ ရှင်သာ ဒေါ်သစ္စာမြိုင်ရဲ့သားဆိုတာသာသိရင် ဖေ က ရှင့်ကို လုံးဝ လက်ခံမှာမဟုတ်ဘူး သိလား ရှင် သိလား။ သ ခြေလှမ်းကို ရပ်ပစ်လိုက်သည်။

"မင်း မနက်ဖြန် ရုံးတက်ပါ ဖူးဖူးစင်"

"ကျွန်မ အလုပ်ထွက်ပြီးပါပြီ"

"မနေ့က ကိုယ့်အပြုအမူအတွက် တောင်းပန်ဖို့ ရောက် တာပါ ဖူးဖူးစင်၊ တောင်းပန်ပါတယ်၊ အလုပ်ကိစ္စနဲ့ လူမှုရေ တစ်ကဏ္ဍစီနော်၊ မင်း ရုံးတက်ပါ"

သူက သူ ပြောချင်တာတွေပြောပြီး ကားကို မောင်းထွက် သည်။ ဖေဖေ့ကို ဆေးခန်းပို့ပြီး ဆေးကုသစရိတ်တွေကျခံတာ ကျေ တင်ရမလား။ ရှင့်ဘက်က ကျွန်မကို ထောင်ချောက်တစ်ခုထဲ ကျွံ ထည့်ဖို့ မြူဆွယ်ဖြားယောင်းတာလား။ သူမက သူ့ရင်ဘတ်မှာ အသ ပုံရင်ထိုးလေးတစ်ခု ချိတ်ခဲ့တာ သူ့ကို စိတ်အနှောင့်အယှက်ပေ





သက်သက်လေးပါပဲ။ သူမ အကြည့်တွေက ဝေးကြောင်ကာ သူ့ကား ပျောက်သွားတဲ့အထိ ရပ်ကာကြည့်နေမိသည်။

"ဟဲ့. ဖူးဖူးစင် ရှင် ဘာရပ်လုပ်နေတာလဲ ဦးလေးဖြူရော"

ဆေးခန်းထဲကိုဝင်လာတဲ့ မီးအိမ်လေးက သူမ ရပ်နေတာတွေ့ တော့ လက်မောင်းကို ဖျတ်ခနဲ ပုတ်လိုက်မှ အသိတွေ ပြန်ကပ်ဝင် သွားရသည်။

"ဟိုလူ့ကို လိုက်ပို့တာမဟုတ်လား၊ စောစောက ကားထွက် သွားတာ တွေ့လိုက်တယ်လေ"

"အင်း..."

"OK လား"

"စင် ဘာဆက်လုပ်ရမှာလဲ မီးအိမ်လေး။ သူက ဖေဖေ့အသက် ကို ကယ်တယ်၊ ဆေးဖိုးတွေလည်း ကြိုတင်ပေးထားတယ်၊ စင့်ကို မနက်ဖြန် ရုံးတက်ပါတဲ့"

"OK ပဲပေါ့၊ ဦးလေးဖြူ ဘာမှ သိပ်မဖြစ်ဘူး မဟုတ်လား။ မနက်ဖြန် ရှင် ရုံးတက်လေ၊ မီးအိမ်လေး စောင့်ပေးမယ်၊ ကံကြမ္မာက လည်း တကယ်ပဲ ထူးဆန်းတယ်နော်၊ ဆုံလည်း ဆုံတတ်တယ်၊ ရှင် ဟိုလူ့ကိုလည်း ချစ်မိသွားဦးမယ်နော်၊ မီးအိမ်လေးက ဒေါ်သစ္စာမြိုင် ဆိုတဲ့ မိန်းမကြီးကို အမြင်ကတ်တာ၊ ရှင် လက်တုံ့ပြန်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်လေးက သူမအပေါ် သူငယ်ချင်းကောင်းပီသစွာ ကူ
စောင့်ရှောက်ခဲ့တာတွေ အများကြီးပါပဲ။ စင် အခက်အခဲဒုက္ခတွေ
မျှဝေခံစားပြီး အနစ်နာခံတတ်သည်။

ဖူးဖူးစင်မိသားစု ဘဝပျက်တဲ့အထိ အကြံပက်စက်ခဲ့သေ
ဒေါ်သစ္စာမြိုင်အား ဖူးဖူးစင်ကဲ့သို့ မီးအိမ်လေးလည်း ရွံရှာမုန်းတီးနေသည်

"ဖေဖေ့ဆီ သွားကြစို့"

ဖေဖေရှိနေတဲ့ အထပ်ရောက်တော့ အပျံစားပဲပာဟု မီးအိမ်လေ
က ပြောသည်။ ဖေဖေ့အတွက်ကတော့ အစုတ်အပြတ်တွေပဲ မြင်နေ
သုံးစွဲနေရသဖြင့် ကျေးဇူးတွေ တင်မဆုံးဖြစ်နေသည်။ ကျေးဇူးမဲ
ပါနဲ့ ဖေဖေ၊ သူက ဖေဖေ့ဘဝကြီးတစ်ခုလုံးကို ဖျက်စီးခဲ့တဲ့ ဒေါ်သစ္စာ
ရဲ့သားပါ။ သမီးက သူ့ကို အမှတ်တရတွေ လုပ်ပစ်ခဲ့တယ်။ သူ့မွေး
မှာ မွေးနေ့ဆုတောင်းနဲ့အတူ အသည်းပုံရင်ထိုးလေးတစ်ခုကို မွေး
အမှတ်တရအဖြစ် စင်က သူ့ရင်ဘတ်မှာ ထိုးစိုက်ခဲ့တယ်။ ပြီးတော
သူ့ပါးကို ရိုက်ခဲ့တယ်။ သူက ဖူးဖူးစင်ကို အမှတ်တရတစ်ခုပဲ လု
ခဲ့တာပါ။ သူမကို နမ်းခဲ့တယ်လေ။ မီးအိမ်လေး မသိ။ ဖေဖေ
အလုပ်ရှင်သူဌေး လမ်းကြုံလို့ ဝင်လာလို့လေတဲ့။ ဖေဖေ့မျက်နှာ
လန်းဆန်းနေသည်။





"မနက်ဖြန် ရုံးတက်ဖို့ မီးအိမ်လေး ဆေးခန်းမှာ လာစောင့်မယ် ဦးလေးဖြူ"

"ရပါတယ်ကွယ်၊ ဒီမှာ ဆရာမ ရှိတာပဲ။ ဦးလေးဖြူ အင်အားတွေ ပြည့်နေပါတယ်၊ အရက်ဖြတ်တာကြောင့်ပါ။"

ဖေဖေ့အတွက် ဆေးခန်းမှာ ကြိုတင်ငွေ သုံးသိန်းတောင် သွင်းပေးထားသည်။ ရှင်က ငွေကြေးမနေအင်အားနဲ့ ဖူးဖူးစင်ကို ဒီတာပေါ့လေ။ ရှင်နဲ့ဖူးဖူးစင်တို့ ပတ်သက်ခြင်းက ကောင်းသောပတ်သက်ခြင်းတော့ လုံးဝ မဖြစ်နိုင်ပါဘူး။ နာကျည်းမှုတွေနဲ့ ရင်ထဲကမပါတဲ့ ဟန်ဆောင်နေမှုတွေပဲဖြစ်ကြသည်။

"ဖူးဖူးစင်"

"ဟင်..."

"ဘာမှ တွေဝေမနေပါနဲ့ဟယ်၊ ဒေါ်သစ္စာမြိုင်ဆိုတဲ့ မိန်းမကြီး ဘယ်လောက်အထိ ဆတ်ဆတ်ခါအောင် ဒေါသတွေ ပေါက်ကွဲသွားမလဲဆိုတာလေ"

"ဟုတ်တယ် မီးအိမ်လေး သူ့ရော ဖူးဖူးစင် စိန်ခေါ်မှုပဲလေ၊ သူကလည်း စင့်ကို နှိပ်ကွပ်ဖို့ပဲ ကြံစည်ကြိုးစားလာမှာပဲ၊ သူ ဘုမသိဘမသိ ခံလိုက်ရလို့လေ"

"ရှင့်ကိုတော့ ယုံကြည်တယ် မီးအိမ်လေး ကိုယ်ချင်းတာရား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ထိန်းသိမ်းတတ်လို့ပေါ့၊ မီးအိမ်လေးက မတရားမှုတွေကို မကြိုက်ဘူး ဒေါ်သစ္စာမြိုင်ရဲ့လုပ်ရပ်တွေက ရွံ့မုန်းစရာကြီးပဲ"

မီးအိမ်လေး ခံစားနေရတာထက် ဖူးဖူးစင်က အဆပေါင်းမြောက်များစွာ နာကျည်းမုန်းတီးနေရသည်။ ဒေါ်သစ္စာမြိုင်ကို အမှုန့်ကြိတ်ပစ်ချင်နေ၏။ ဖေဖေ့ဗိုင်ယာရီအရ ပိုင်းလုံးလုပ်သွားခဲ့တာပဲ၊ ဖေဖေကတော့ အင်အားတွေပြည့်ပြီး လန်းဆန်းနေသည်။ ဆေးဝါးကုသမှုခံယူရ၍လည်း ဖေဖေ အရက်နာကျတဲ့ ဝေဒနာခံစားရမှု သက်သာနေရ၏။ စွဲညီညာဆိုတဲ့ သူဌေးရဲ့စေတနာကို သမီး ဖူးဖူးစင် လေးစားပါတဲ့၊ အလုပ်တာဝန်ကိုလည်း မခိုမကပ်နဲ့တဲ့၊ စွဲညီညာက ဒေါ်သစ္စာမြိုင်ရဲ့သားဆိုတာသိရင် လက်ခံမှာလား၊ မောင်းထုတ်ပစ်မှာလား ဖေဖေ့ရင်ထဲမှာလည်း ဒေါ်သစ္စာမြိုင်က ရွံရှာအမုန်းတီးဆုံး ရန်သူတစ်ယောက်ဖြစ်နေသည်။ ဖူးဖူးစင် ရုံးကိုသွားရမှာလား သီးသန့်အခန်းထဲမှာထားပြီး ဖူးဖူးစင်အား ပညာကောင်းကောင်းပြမှာ သေချာနေ၏။ ကျွန်မက ဖူးဖူးစင်ပဲ၊ ရှင်မာမီ ဒေါ်သစ္စာမြိုင် ကိုယ်ချင်းစာတတ်အောင်တော့ လုပ်ပြမှဖြစ်မယ်ထင်တယ်၊ ကြိုတင်ပြီးတော့ အကြံအစည်တစ်ခု မဟုတ်ဘူးနော်၊ တဖြည်းဖြည်းနဲ့ ရှင်နဲ့ကျွန်မက ပြိုင်ဆိုင်မှုတွေ ပြင်းထန်လာမှာပဲထင်တယ်၊ သူမ အလုပ်ကို ဆက်လုပ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

❐





## အခန်း (၈)

ဖူးဖူးစင် ဖေဖေ နေကောင်းသွားပြီဖြစ်၍ ကုမ္ပဏီကို လာခဲ့သည်။ အလုပ်ကနေ ထွက်ချင်ပေမယ့် အရက်ဖြတ်ထားတဲ့ ဖေဖေ့ကိုတော့ စင် အလုပ်ပြုတ်သွားပြီဟု မပြောချင်မိ။ ပြီးတော့လည်း စင့်ဖေဖေ့ဆေးကုသစရိတ်တွေကို ပြန်ဆပ်ချင်သည်။ အလုပ်က အလုပ်ပဲ၊ ကျန်တဲ့ လူမှုရေးကိစ္စတွေကို ခွဲခြားထား၏။ မီးအိမ်လေးပြောသလို ဒေါ်သစ္စာမြိုင် အနည်းဆုံး စိတ်ထိခိုက် ကြေကွဲမှုတွေတော့ ခံစားစေချင်သည်။ ဖူးဖူးစင်ကိုလည်း လျှော့တွက်ထားလို့မရပေ။ ရှင်ကကျွန်မ ကို စိတ်ကောင်းနှလုံးကောင်းနဲ့ ကူညီတာတော့ မဖြစ်နိုင်ပါဘူး။ ရှင်နဲ့ကျွန်မ ထပ်တူထပ်မျှတဲ့ ရည်ရွယ်ချက်တွေကိုယ်စီ ရှိနေကြမှာပါလေ၊ ကျွန်မရဲ့မွေးနေ့ဆုတောင်းအတွက် ရှင် ဘယ်တော့မှ အခဲ ကြေမှာမဟုတ်ပါဘူးလေ။ သူမ အခန်းလေးထဲ ဝင်လာခဲ့သည်။ ဧရာစိမ့်စိမ့်



www.burmeseclassic.com

www.burmeseclassic.com



လေအေးအေးစက်ရဲ့ အထိအတွေ့ကြောင့် မနေ့ကအဖြစ် အပျက်တွေကို သတိရမိကာ သူမ နှုတ်ခမ်းသားလေး နာကျင်စပ်ဖျင်း သွားရသည်။

"ဖူးဖူးစင် အလုပ်ဆင်းပြီလား၊ မနေ့က ဘာဖြစ်ရတာလဲ၊ သူဌေးနဲ့ဘာဖြစ်လို့လဲ၊ လက်ထောက် အထွေထွေမန်နေဂျာ မှူးကတောင် ဒီကောင်မလေး ဘာဖြစ်နေတာလဲတဲ့၊ ညီညာနဲ့ သိပ်မရိုးသားဘူး ထင်တယ်တဲ့"

"ဘာရှင့်"

"ဟိုလေ သူဌေးက သူ့လက်ထောက်အဖြစ် ကောင်မလေးတွေကို မခန့်ဘူး။ ကုမ္ပဏီဝန်ထမ်းတွေအားလုံးက ထူးဆန်းနေတယ်လေ"

"သူများရဲ့ ကိုယ်ရေးကိုယ်တာ စပ်စုတာမျိုး လူ့ယဉ်ကျေးမှု မရှိဘူးလို့ ထင်တယ်နော်၊ မစပ်စုပါနဲ့ ကြီးကြပ်ရေးမှူး"

"စပ်စုတာ မဟုတ်ပါဘူး ဖူးဖူးစင်ရယ်၊ သတိပေးစရာရှိလို့ပဲ၊ သူဌေးလေးအမေက ချွေးမ အရမ်းဇီဇာကြောင်လို့ပါ၊ မှူးသခင်လို မိန်းကလေးမျိုးကိုတောင် ချွေးမအဖြစ် လက်မခံနိုင်လောက်အောင် ကြီးကျယ်ခမ်းနားနေတယ်"

"စင့်ကိုတော့ လက်ခံသွားမှာပါ"

"ဘာအော့"





"သူ့သားက အရမ်းပဲ ချစ်မြတ်နိုးမယ်ဆိုရင် ဒေါ်သစ္စာမြိုင် ဘယ်လို ခွဲမလဲ၊ သားကို အရမ်းချစ်တယ်ဆို"

"ညည်းလေးက သူဌေးလေးအမေ ဒေါ်သစ္စာမြိုင်ကိုလည်း သိတာပဲလား။ ညည်းက သူဌေးလေးမွေးနေ့မှာ ရင်ဘတ်ကို အသည်းပုံ ရင်ထိုးလေး လာစိုက်တဲ့ မိန်းကလေးတဲ့၊ ညည်းကို ကိုယ်ချင်းစာလို့ပါ ဖူးဖူးစင်၊ ညည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု သိပ်မရှိပါနဲ့အေ ဒုက္ခရောက်လိမ့်မယ်"

"လာပြီး သတိပေးတာ ကျေးဇူးတင်ပေမယ့် စင့်ရဲ့ကိုယ်ရေးကိုယ်တာမို့ သိပ်ပြီး စိတ်မဝင်စားဖို့ ပြောပါရစေ"

"သူဌေးလေးက မှူးသခင်အတွက်အော့"

"ဒါကလည်း သူဌေးလေးက ဆုံးဖြတ်ပါလိမ့်မယ်၊ အကောင်းဆုံးက ကျွန်မ အခန်းထဲက ထွက်သွားပေးဖို့ပါပဲ"

"ညည်း..."

ကြီးကြပ်ရေးမှူး ဒေါ်သော်တာက လက်ထောက်အထွေထွေမန်နေဂျာ မမှူးသခင်ရဲ့လူယုံပဲ ထင်သည်။ သူဌေးက အရေးတယူလုပ်တာကို သဘောမကျပုံပင်။ ဒေါ်သော်တာ ထွက်သွား၏။ သူမက ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သူယောက် မဟုတ်ပေ။ စားပွဲတွင်ထိုင်သည်။ မျက်နှာထားကို တင်းတင်းလေးထားပြီး အလုပ်ကိစ္စနှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်သော စာရင်းတွေကို လှန်ကြည့်မိသည်။ မျက်နှာထားကိုတော့ တင်းတင်းထားမှပဲ၊ သူ ရောက်လာတော့မယ်။ ဒီတစ်ခါဆို စင့်ကို ကိုယ်ထိလက်ရောက် စော်ကားလို့ကတော့ သေပြီသာမှတ်။ သူမ လက်ကိုင်အိတ်လေးထဲမှာ မောင်းချခားသေးသေးလေးတစ်ချောင်း ပါလာသည်။

"ကျွီ..."

အမယ်လေး... သူ လာပြီ။ ရွှံ့ရာမုန်းတီးစွာ ရန်ငြိုးကြီးကြီးနှင့် လက်တုံ့ပြန်မည့်သူက ရက်ရွံ့တုန်ပြီး မျက်နှာချင်းမဆိုင်ရဲဘဲဖြစ်နေသည်။

"ဖူးဖူးစင်"

"အမယ်လေး... လန့်လိုက်တာ"

"ဘယ်ကိုဖြစ်ရတာလဲ၊ ဘာလဲ ကိုယ် ဝင်လာမယ်ဆိုတာသိလို့ ကြိုတင် ရင်ခုန်လှုပ်ရှားနေတာလား"

"ဘာရှင့် ကျွန်မက မလွှဲသာ မရှောင်သာလို့ ကုမ္ပဏီကို လာရတာနော်၊ ရှင့်ကို စိတ်လှုပ်ရှားမယ် ထင်မနေနဲ့၊ ဒီမှာ ရှင့်ရဲ့စိတ်ဝင်စားမှုက ကျွန်မအတွက် မီးပင်လယ်ပဲဆိုတာ မသိဘူးမှတ်နေလား"

သူမ မျက်ဝန်းတွေက စိမ်းစိမ်းတောက်တောက်နှင့် မာထန်နေသည်။ မီးအိမ်လေးရေ ဒီလူ့ကို ဖြားယောင်းမြူဆွယ်ဖို့ စင် ဘယ်လိုမှ မွေ့မြူလို့မရဘူး။ သူ့မျက်နှာအပေါ်က အပြုံးတွေကို စင် မုန်းနေတယ်၊





ကြောက်နေတယ်။ ညှုတုတုမျက်ဝန်းတွေနဲ့ ကြည့်ဖို့နေနေသာသာ ဒေါသတွေထွက်ပြီး ပါးကိုသာ ဘယ်ပြန်ညာပြန် ရိုက်ပစ်ချင်နေတယ်။

စင့် စိတ်တွေက ရန်သူတစ်ယောက်နဲ့တစ်ယောက် ဖြေရှင်းကြသလို ဒုတ်တွေ ဓားတွေနဲ့ပဲ ဖြေရှင်းပစ်ချင်တာ။ သူ့အကြည့်တွေက စင့် မျက်ဝန်းတွေထဲ ထိုးဖောက်တော့မတတ် စူးရှနေသည်။

"မင်းအိတ်ကို စစ်ဆေးရမယ် ဖူးဖူးစင်"

"ဘာရှင့်"

"မင်းကို မယုံရဘူးလေ၊ ကိုယ့်ကို အခြောက်တိုက် မုန်းတီးနေတာဆိုတော့ မင်းက ကိုယ့်အသက်ကို လုပ်ကြံသတ်ဖြတ်နိုင်တယ်လေ"

"ရှင်... ရှင်"

သူမ လက်ကိုင်အိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။ သူမ ပြန်ပြီး ဆွဲတာ မမီတော့။ ဘယ်လိုလူလဲ ပိုင်စိုးပိုင်နင်းနဲ့ ယဉ်ကျေးမှုမရှိဘဲ ဆွဲယူရှာဖွေနေသည်။ သူ့ဒွေးတဲ့ ဘာသူဒွေးလဲ၊ လူကြည့်တော့ တည်တည်ခန့်ခန့်နှင့် ရိုင်းတယ်။ သူမ စိတ်ထဲကနေ ကြိတ်ကျိန်ဆဲနေမိသည်။

"ကြည့်စမ်း၊ မင်း၊ အိတ်ထဲမှာ ဓားပါတာပဲ၊ ဒါ ဘာလုပ်ဖို့ ပါလာတာလဲ ဖူးဖူးစင်၊ ကိုယ့်ကို လုပ်ကြံဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက မိန်းကလေး ရှင့်လို မယုံကြည်ရတဲ့ ယောကျ်ား တစ်ယောက်အတွက် ဆောင်ထားရတာပေါ့"

"ဘုရား... ဘုရား... ကြောက်စရာကောင်းလိုက်တဲ့ ဖူးဖူးစင်ရယ်၊ မင်း အကြံပက်စက်လှချည်လားကွာ၊ ကိုယ့်မွေးနေ့ပွဲမှာလည်း အပြစ်မရှိတဲ့ ကိုယ့်ကို ကျိန်စာတိုက်ခဲ့တယ်"

ဖူးဖူးစင် မင်း ဘယ်လို အကြောင်းတွေကြောင့် ကိုယ့်အပေါ် ဒီလောက်အထိ သဲကြီးမဲကြီး ရန်သူလို ပြုမူဆက်ဆံနေရတာလဲကွာ၊ မင်းမျက်ဝန်းတွေက စိမ်းကားရက်စက်တဲ့အရိပ်တွေ လွှမ်းနေတယ်၊ မာထန်နေတာပဲ၊ မင်းတို့ အတိတ်ကဖြစ်ရပ်တွေနဲ့ ကိုယ့်မာမီ ဆက်စပ်နေနိုင်ပေမယ့် ကိုယ်က မြေဇာပင်ပါ၊ ဟိုနေ့က သူ့အပြုအမူတွေ ရိုင်းသွားတဲ့အတွက် တောင်းပန်ဖို့နဲ့ အလုပ်ပြန်ဝင်ဖို့ သူ သွားခဲ့သည်။

ဖူးဖူးစင်လို ပညာတတ် အရည်အချင်းရှိတဲ့ မိန်းကလေးတစ်ယောက် ဝန်ထမ်းအဖြစ် လက်လွှတ်ရမှာစိုးရိမ်၍ ဖူးဖူးစင် အိမ်လေးကို လိုက်လာခဲ့မိသည်။ ဖူးဖူးစင် အဖေ မှူးလဲနေတာတွေ့ပြီး ဆေးခန်းပို့ပေးခဲ့၏။ ဘာဖြစ်လို့မှန်းမသိဘဲ သူ ဂရုတစိုက် အကူအညီတွေပေးချင်နေခဲ့သည်။

"ကျွန်မ ဓားကိုပေးပါ၊ ဒါ လက်သည်းညှိတဲ့ ဓားရှင့်၊ လူတစ်ယောက်ကို ဘယ်လိုလုပ် သေနိုင်မှာလဲ"





"မင်းက ကိုယ့်ကို လုပ်ကြံဖို့တော့ မဟုတ်ဘူးပေါ့"

"ရှင့်ကို လုပ်ကြံပြီး ကျွန်မ ထောင်ထဲမဝင်ဘူး လူတစ်ယောက်ကို ဓားနဲ့ထိုးပြီးသတ်တာထက် အဲဒီလူရဲ့ဘဝကို ဖြည်းဖြည်းချင်း ညှင်းပမ်းနှိပ်စက်ပြီး အဲဒီလူရဲ့ဘဝကို အသေသတ်ပစ်တာ ကျွန်မ အနှစ်သက်ဆုံးလေ"

သူ ဖူးဖူးစင်ရဲ့စကားကြောင့် ကျောထဲအထိ စိမ့်တက်ကြောက်လန့်သွားမိသည်။ မင်း ဆိုလိုချင်ရာက ငါ့ဘဝကို တဖြည်းဖြည်း ညှင်းပမ်းနှိပ်စက်ပြီး အသေသတ်ပစ်ချင်နေတာလား ဖူးဖူးစင်၊ အဲဒါ ဘာကြောင့်လဲ ကိုယ့်မာမီကြောင့်လား။ သူ့အကြည့်တွေက စူးရှနေသည်။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝက ဖက်ရွက်လေးတစ်ရွက်လို လူကြီးတွေ တင်စားကြတယ်လေ၊ ဘာလဲ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်မယ်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲ ပေါက်မယ်တဲ့လေ၊ ဟွန်း... ဟွန်း... မင်း တော်တော်ရယ်စရာကောင်းတာပဲကွာ၊ ဟား... ဟား... ဟား"

သူမ အကြည့်တွေက ခါးသည်၊ မုန်းတီးမှုအရိပ်တွေနှင့် စိမ်းကားနေသည့် ဖူးဖူးစင် အရမ်းချောမောလှပ အီစက်နေတာပဲ။ မာထန်ခြင်း၊ ပေါက်ကွဲနေတဲ့ အကြည့်တွေနဲ့ ရင်ဆိုင်ရတာတောင် သူသည် ဘာဖြစ်လို့များ ဖူးဖူးစင်အား မုန်းတီးမသွားရတာလဲ၊ ဒါသ



www.burmeseclassic.com

www.burmeseclassic.com



တွေ မဖြစ်ပေါ်လာရတာလဲ။ မနေ့ကလို သူမအား ပွေ့ဖက်ပြီး ခမ်း ကြမ်းကြမ်းလေး တပ်မက်စွာ နမ်းရှိုက်ပစ်ချင်လာရသည်။ သူ ပြုံးလိုက် ၏။ ဖူးဖူးစင်ရဲ့မေးစေ့လေးကို ဆွဲယူလိုက်သည်။

"ရှင်နော်"

"မင်းကို ကိုယ် ချစ်တယ်"

"ဘာရှင့်"

"ကိုယ့်ကို လက်ထပ်ပါလား ဖူးဖူးစင်ရယ်"

"ရှင်... ရှင်"

သူမ လက်တွေက ဒေါသတကြီးနှင့် ဖယ်ရှားပစ်နေသည်။ ကိုယ် က ယောကျ်ားရင့်မာကြီးဖြစ်ပြီး မင်းလေးကို နိုင့်ထက်စီးနင်း အဓ စော်ကားဖို့ကြံစည်နေတာ မဟုတ်ဘူးနော်။ မင်းက ကိုယ့်ကို စတင် စိန်ခေါ်တာပဲ R တွေဖြစ်အောင် လာလုပ်ခဲ့တာလေ။ မတတ်နိုင်ဘူး ဘယ်လိုမိန်းကလေးမျိုးကိုမှ ချစ်ဖို့နေနေသာသာ စိတ်ဝင်စားဖို့တောင် စိတ်ကူးထဲမရှိခဲ့တဲ့ စွဲညီညာဆိုတဲ့ကောင်က မင်းကိုတော့ ချစ်မိသွားပြီ ဘယ်လိုလုပ်ကြမလဲဟင်။ သူ့ကို မိန်းကလေးတွေ တိမ်းညွှတ်ယစ်မူး စေတဲ့ ညို့မျက်ဝန်းတွေ ပိုင်ဆိုင်ထားတယ်လို့ ပြောကြသည်။ ဖူးဖူးစင် အား ခပ်ညှုညှုလေး ကြည့်မိ၏။ သူမရဲ့တုံ့ပြန်မှုက ညီညာအား ရိုက် ပစ်ရန် လက်ဝါးကိုအမြှောက်တွင် သူ ဖမ်းယူဆုပ်ကိုင်ထားမိသည်





"လွှတ်နော်"

"မင်းက ကိုယ့်ကို စိတ်သောကတွေရောက်ပြီး ဒုက္ခအခက်အခဲ တွေ အမျိုးမျိုး ရင်ဆိုင်စေချင်မဟုတ်လား။ ကိုယ် အခု ကျိန်စာသင့် နေပြီ၊ မင်းကို မေ့ပစ်လို့မရဘူး။ စိတ်သောကတွေ ရောက်နေရတယ်၊ င်း ကျိန်စာတွေ မိနေပြီထင်တယ်၊ မင်းကို မမုန်းတဲ့အပြင် ချစ်နေမိ ပြီထင်တယ်"

"ရှင်... ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မက ယုံကြည် က်ခံမယ် ထင်လို့လား။ ဝေးသေးတယ်၊ ကျွန်မ အခု အလုပ်ဝင်တာ ငွေမရှိလို့ပဲ၊ ပြီးတော့ ကျွန်မ လုပ်ချင်တဲ့အလုပ် ဖြစ်နေလို့ပါ၊ ရှင့် ကို လက်ထပ်ဖို့ ချစ်ဖို့ဆိုတာ အဝေးကြီးပဲ၊ လုံးဝ လက်မခံဘူး ကျွန်မ မုန်းဆုံးက ရှင်ပဲလေ"

"ဖူးဖူးစင်"

"ဖယ်ပါ"

"မဖယ်ဘူးကွာ"

"ရှင် မစော်ကားနဲ့နော်၊ ကျွန်မဖေဖေကို ဆေးကုသပေးထားလို့ ခွင့်အရေးတွေယူမယ် မကြံနဲ့နော်"

သူမ ရုန်းဖယ်ရင်း ထွက်သွားမည်ပြင်လိုက်သဖြင့် သူ ရယ် သည်။ ဒေါသမျက်ဝန်းတွေဖြင့် ကြည့်မိ၏။ ကျွန်မကိုများ ရှင့်



www.burmeseclassic.com

www.burmeseclassic.com



မာမီ ဒေါ်သစ္စာမြိုင်လို မိန်းမတစ်ယောက်လို့ ထင်နေလား၊ သူ့အပြုံး တွေက ပို၍ပင် တောက်ပလာသည်။

"မင်းဘက်က ဆန္ဒရှိနေမယ်ဆိုရင် ကိုယ်က ချစ်ခင်မြတ်နိုးစွာ လက်ထပ်မှာပါ၊ ကိုယ်နဲ့ ကြီးကျယ်ခမ်းနားတဲ့ တိုက်ကြီးနဲ့၊ စည်းစိမ် တွေအပြည့်နဲ့"

"အရှုံးပဲ"

သူမ နာကျည်းစွာ အော်ဟစ်ပြောဆိုရင်း နှုတ်ခမ်းတွေကို တွန့်မဲ့ပြုံးပစ်လိုက်သည်။ ဓားသာရှိရင် ရှင့်ရင်ဝကို ထိုးပစ်လိုက်ချင် တယ်။ သူနှင့်မပြောချင်တော့။ အကြည့်တွေကို လွှဲပစ်မိ၏။ သူ ပြုံး ရယ်နေသည်။ သူ့ဘက်က တုံ့ပြန်စိန်ခေါ်ပြီဆိုတာ ဖူးဖူးစင် သိလ ရ၏။ ဒေါ်သစ္စာမြိုင်ရဲ့သား စွဲညီညာဆိုတဲ့လူ စော်ကားမော်ကားစကား တွေ ပြောချင်သလိုပြောပြီး ထွက်သွားသည်။

❒





## အခန်း (၉)

ကုမ္ပဏီကို ဒေါ်သစ္စာမြိုင် ရောက်လာမည်ဖြစ်၍ ဝန်ထမ်းတွေ အားလုံး ပြာယာခတ်ကာ သန့်ရှင်းရေးတွေ လုပ်နေကြသည်။ အသန့် အပြန့် အလှအပကြိုက်ပြီး ကြီးကျယ်ခမ်းနားသော ဒေါ်သစ္စာမြိုင်ရဲ့ စိတ်တိုင်းကျဖြစ်စေဖို့က အရေးကြီးသည်တဲ့၊ သားအပေါ် ဩဇာညောင်း လွန်းတဲ့ မိခင်တဲ့။ စွဲညီညာထက်တောင် ရှိသေလေးစား ကြောက်ရွံ့ ကြရသည်တဲ့။ ကြီးကြပ်ရေးမှူး ဒေါ်သော်တာက အကဲဆုံးပဲ။ ကုမ္ပဏီ တစ်ခုလုံးကို ကျယ်လောင်ကျယ်လောင်နှင့် လိုက်လံနှိုးဆော် ကြီးကြပ် နေသည်။ ဒေါ်သစ္စာမြိုင်က ဘာမို့လို့လဲ၊ တစ်ချိန်က စင်တို့လိုပဲ ဆင်းရဲနွမ်းပါးသူ။ ဘာကြောင့် ကြီးပွားချမ်းသာရတာလဲ၊ အကြောင်းသိ အဝင်းသိ ဖူးဖူးစင်ကတော့ အထင်မကြီးပါဘူး။ သူ့ဖာသာသူ လာလာ ညာ သူမ ငြိမ်သက်စွာ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖူးဖူးစင်"

"ရှင် မမမှူး"

"သူ့ဒွေးမာမီ လာမယ်နော်၊ ဒီကုမ္ပဏီကို သူ့ဒွေးမာမီက ဦး
ထောင်လာတာ၊ သူ့ဒွေးက နိုင်ငံခြားကနေ ပညာသင်ပြီး ပြန်လာ
ဦးစီးတာလေ"

"အင်း..."

"ညည်းလေးကို အလုပ်ခန့်တာ သူ့ဒွေး သဘောကျလို့ မပြော
နဲ့နော်၊ မမမှူးက အရမ်းတော်လို့ ရွေးချယ်ထားတယ်လို့ ပြောရမယ်"

"ရှင်..."

"သူ့ဒွေးအနားမှာ ချောချောလှလှ မိန်းကလေးတွေ အနီးကပ်
ရှိနေတာ မကြိုက်တတ်ဘူးလေ"

"ရှင်..."

"သူ့ဒွေးကို ချိုင်မှာစိုးလို့တဲ့"

"ဘာရှင့်"

လက်ထောက် အထွေထွေမန်နေဂျာ မမှူးသခင်ရဲ့စကားတွေဟာ
ဒေါ်သစ္စာမြိုင်ထက် သူမ ပြောချင်တာဟု စင် သိလိုက်သည်။ မမှူး
က စွဲညီညာ အနားမှာကပ်ပြီး ချူဖို့စောင့်နေတာလား။ သူမအကြည့်
က စူးရှတင်းမာသွားရ၏။ ဒေါ်သစ္စာမြိုင်က ကိုယ်နဲ့နှိုင်းပြီး သူ့လို





စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းကလေးဟု ထင်မှတ်နေတာလား။
ဒေါ်သစ္စာမြိုင်က သူ့သားအတွက် သူ ရွေးချယ်ပေးမယ့် ချွေးမလောင်း
ကိုပဲ လက်ခံရမှာလို့ မဆီမဆိုင် ပြောသွားသည်။

"သူ့ဒွေးက သားလိမ္မာပဲ၊ အခုထိ မိန်းမတွေနဲ့ ကင်းအောင်
နေတယ်လေ၊ သူ့မာမီ ရွေးချယ်ပေးမယ့် မိန်းကလေးနဲ့ပဲ လက်ထပ်
မှာ"

"အဲဒါ မှားယွင်းနေပြီထင်တယ် မမမှူး"

"ဘာအေ့"

"အဟဲ..."

"ဖူးဖူးစင်"

"စောစောကပဲ ကျွန်မကို ချစ်ခွင့်ပန်သွားတယ်လေ၊ အရမ်း
ချစ်တယ်တဲ့၊ လက်ထပ်ပါရစေတဲ့"

"ဘာ..."

မှူး အထိတ်တလန့်နှင့် ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကို ကြည့်
မိသည်။ မဖြစ်နိုင်တာပဲ။ ညီညာက မိန်းကလေးတွေနှင့် ရှုပ်ရှုပ်ယှက်
ယှက် ပတ်ပတ်သက်သက်နေတာ မဟုတ်ပေ။ မှူးလို မိန်းကလေး
မျိုးကိုတောင် ဒေါ်သစ္စာမြိုင် မရွေးချယ်ခဲ့၊ စဉ်းစားမရတာက ဒေါ်သစ္စာမြိုင်
နှစ်သက်သဘောကျတဲ့ ချွေးမ ဘယ်လိုမိန်းကလေးမျိုးလည်း ရှာနေအဲ့



www.burmeseclassic.com

www.burmeseclassic.com



ပဲဟု သိနေသည်။ မှူးကတော့ ညီညာကို မှန်းထားပေမယ့် ညီညာ ကိုယ်တိုင်ကလည်း မိခင်စကားကို မြေဝယ်မကျ နားထောင်တတ်တာ မှူးကိုယ်ပင် ဝန်ထမ်းတစ်ယောက်အဖြစ်ထက် စိတ်ဝင်စားမှု မပိုခဲ့ပေ။ ဖူးဖူးစင်က ညီညာ့ မွေးနေ့မှာ အမှတ်တရ အသည်းပုံရင်ထိုးလေး ထိုးစိုက်သူ။ ဘာလုပ်တာလဲ ညီညာရဲ့ စိတ်ဝင်စားမှုရရှိအောင် ဖန်တီးခဲ့တာလား။ မှူးစိတ်ထဲမှာ မကျေမနပ် ဖြစ်နေသည်။

"ဟဲ့... ကောင်မလေး နင် ဘာပြောလိုက်တာလဲ၊ မတန်မရာ သူဌေးမာမီ ကြားသွားရင် နင် မလွယ်ဘူးမှတ်၊ ညည်းနဲ့တန်လို့လား"

"စင် တကယ်ပြောတာပါ၊ မယုံရင် သူဌေးလေးကို မေးကြည့်လေ"

"ဖူးဖူးစင် နင်... နင်"

စင် နှုတ်ခမ်းတွေကို တွန့်မဲ့ပြုံးပစ်လိုက်သည်။ ဒေါ်မှူးသခင်ရှင် ဘာဖြစ်လို့ မနာလိုဝန်တို ဖြစ်နေရတာလဲ။ စွဲညီညာကို ရှင်ပဲ အထင်ကြီးတာ။ စင်ကတော့ အထင်မကြီးပါဘူး မုန်းနေတာလေး အရမ်းကို မုန်းတီးနေတာ။ ဒေါ်သစ္စာမြိုင်ဆိုတဲ့ မိန်းမကြီးကိုတွေ့ရတော့ မည်ဖြစ်၍ စိတ်တွေတော့ အတော်လေး လှုပ်ရှားနေသည်။ သူမကတော့ မျက်နှာထား တည်တည်လေးနှင့် ငြိမ်သက်စွာ ထိုင်နေ၏။ ဒေါ်သစ္စာမြိုင် ကျွန်မအဖေကို ရက်ရက်စက်စက် အသည်းခွဲသွားပြီး





ဘဝပျက်တဲ့အထိ ဖြုန်းတွယ်ဖြားယောင်းသွေးဆောင်သွားတဲ့ မိန်းမကြီးပဲ။ ရှင် ဘယ်ဘဝက လာတယ်ဆိုတာ စင် သိထားတယ်၊ အထင်မကြီးပါဘူး။ စင့် မျက်ဝန်းတွေက တင်းမာနေသည်။

"အထဲကို ဝင်ကြည့်ပါ မာမီကြီး၊ ဒါက ညီညာ ခန့်ထားတဲ့ ညီညာ့ရဲ့ လက်ထောက်မန်နေဂျာ ကောင်မလေး ဖူးဖူးစင်ပါ"

မန်နေဂျာ မှူးသခင်ရဲ့အသံကို ကြားလိုက်ရသည်။ သူမ စိတ်တွေကို ငြိမ်သက်အောင် ထိန်းချုပ်ရင်း သူမ မတ်တတ်ရပ်လိုက်၏။ အခန်းတံခါးက ကျွီခနဲပွင့်လာပြီး ချောမောခန့်ညားသော ဒေါ်သစ္စာမြိုင် ဝင်လာသည်။ စွဲညီညာတော့ မပါပေ။ မမှူးသခင်က ဦးဆောင်ပြီး ဝင်လာ၏။ သူမ ဆတ်ခနဲ မော့ကြည့်လိုက်သည်။

"ဖူးဖူးစင်တဲ့ မာမီကြီး၊ ညီညာ့ လက်ထောက်လေ၊ ဖူးဖူးစင် ဒါက ညီညာရဲ့မာမီ ဒေါ်သစ္စာမြိုင်တဲ့"

ဒေါ်သစ္စာမြိုင်ရဲ့အကြည့်တွေက ဖူးဖူးစင်ဆိုတဲ့ ကောင်မလေး ဆီ ရောက်သွားသည်နှင့် တင်းမာပြတ်တောက်တဲ့ မျက်ဝန်းအစုံကို ရင်ဆိုင်လိုက်ရသည်။ တော်တော်ချောတဲ့ ကောင်မလေးပဲ။ ဖူးဖူးစင် တဲ့၊ သားအနားမှ ဒီလိုကောင်မလေးတစ်ယောက် ရှိနေတာကို ဒေါ်သစ္စာမြိုင် မနှစ်မြို့နိုင်ပေ။ မိမိသားအနားမှာ ဒီလောက် ချောလှတဲ့ လက်ထောက်မလေး ခန့်ထားတာ ဘာသဘောလဲ။ သားက



www.burmeseclassic.com

www.burmeseclassic.com



မိမိစကားတွေကို မနာခံမှာတော့ မိမိ လက်မခံနိုင်ပေ။ ကောင်မလေးက မာရေကျောရေနဲ့ မိမိ အပြင်ကို ပြန်ထွက်လာခဲ့သည်။

"မှူး"

"ရှင်"

"ကောင်မလေးကို သားဆန္ဒနဲ့ ခန့်ထားတာလား"

"ဟုတ်ကဲ့"

"ဘာသဘောလဲ"

"ရှင်"

ညီညာက ချစ်ခွင့်ပင် ပန်ပြီးနေပြီလို့ ပြောချင်ပေမယ့် ပြဿနာ တွေရှုပ်ထွေးသွားမှာစိုး၍ မပြောခဲ့။ ဒီကောင်မလေး ရာရာစစ မတရား ညီညာနှင့်စင်ကတော့ တရင်းတနှီးရှိပြီး တစ်ယောက်နှင့်တစ်ယောက် အစောကြီးထဲက ပတ်သက်ဆက်ဆံခဲ့ကြဖူးသည်ဟု ထင်သည်။

"ကိစ္စမရှိပါဘူးလေ၊ မာမီပဲ သားနဲ့တွေ့လိုက်မယ်၊ မှူး တာဝန် ကျေပါတယ်"

ဒေါ်သစ္စာမြိုင် ဘဝင်မကျစွာ သားအခန်းထဲ ဝင်လာခဲ့သည်။ မိမိက ကုမ္ပဏီထက် သားအခြေအနေကို မျက်ချေမပျက် စောင့်ကြည့် နေတတ်တဲ့ မိခင်ဖြစ်၍ ကုမ္ပဏီကို မကြာခဏ လာပြီး စစ်ဆေးတတ် သည်။ မှူးသခင်ကိုပင် သား ရွေးချယ်ခွင့်မရှိခဲ့။ ဖူးဖူးစင်ဆိုတဲ့





ကောင်မလေးကို သဘောမကျပေ။ သားက ဖျာဖျာသလဲ ဆီးကြိုနေ သည်။

"မာမီ စိတ်တိုင်းကျရဲ့လား။ သားရဲ့ ထိန်းသိမ်းအုပ်ချုပ်မှုအောက် မှာ ကုမ္ပဏီက ထိုးတက်ပါတယ်နော်"

"သား"

"ဗျာ... မာမီ"

"ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးက"

"သားရဲ့ လက်ထောက်ပါ၊ ဖူးဖူးစင်က ပညာတတ်တယ် မာမီ၊ အရမ်းတော်တယ်၊ ဘာသာစကားတွေလည်း အရမ်းပဲ တတ်ကျွမ်းမှု ရှိပါတယ်၊ သားအတွက် ထက်မြက်တဲ့ ဝန်ထမ်းပါ"

"သားကို မာမီ ပြောထားပြီးပြီနော်၊ မင်း အိမ်ထောင်ပဲဖြစ်ဖြစ်၊ ချစ်သူပဲဖြစ်ဖြစ် မာမီ ရွေးချယ်ပေးတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ယူရမှာ၊ မာမ့်ဆန္ဒတွေကို ဒီတစ်ခုပဲ ဖြည့်စွက်ပေးပါ၊ မာမီ တောင်းဆို တာပါလေ"

"စိတ်ချပါ မာမီရယ်၊ သားက မာမ့်စကားတွေကို နာခံမှာပါ၊ ဖူးစင်က အရမ်း မာနကြီးတာပါ၊ မာမီ သားကို အလုပ်ရှင်တစ်ယောက် အနေနဲ့ပဲ ဆက်ဆံတာပါ"

"အဲဒါတွေက မာယာတွေပဲ သား။ မာမီကတော့ ဒီကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးကို အလုပ်ထုတ်ပစ်စေချင်တယ်၊ သားအနားမှာရှိနေတာ သဘော မကျဘူးကွယ်"

သားမွေးနေ့က သားရင်ဘတ်မှာ ဖဲပြားကြိုးအနက်ရောင်လေး ချည်နှောင်သွားတဲ့ အသည်းပုံရင်ထိုးလေး လာပြီး ထိုးစိုက်သွားတဲ့ ကောင်မလေးဆိုတာ မာမီ သိသွားရင် နေရာမှာတင် လဲကျသွားမလား ပဲ။ ရင်ထိုးဆိုတာ နာမည်ကြားရုံနှင့် မာမီ မျက်နှာသွေးဆုတ် ဖြူရော် ပြီး ထိတ်လန့်တုန်လှုပ်သွားတတ်သဖြင့် သူ အစပင် မဖော်ရဲပေ။ ဒီ ကောင်မလေး ဘယ်လောက်အထိ မာနကြီးတယ်ဆိုတာ မာမီ မသိ သေးလို့ပါ။ ဖူးဖူးစင်ရဲ့အဖေ ဦးကျော်ဇောဖြူနဲ့ မာမီတို့ တစ်ချိန်က အတိတ်မှာ ဇာတ်လမ်းတွေရှိခဲ့ဖူးကြတာတော့ သေချာသည်။

"ဖူးဖူးစင်ကို ဘာဖြစ်လို့ သားဆန္ဒနဲ့ အလုပ်ခန့်ခဲ့ရတာလဲ မင်း ရည်ရွယ်ချက်က ဘာလဲ၊ ဘာပဲဖြစ်ဖြစ် မာမီကတော့ မင်းအနား မှာ ဒီလို ချောချောကောင်မလေး ရှိနေတာ မလိုလားဘူး။ အလုပ် ကနေမ ထုတ်ပစ်လိုက်ပါ၊ နစ်နာကြေးပေးလိုက်"

"မာမီ သား တောင်းပန်ပါတယ်၊ ဖူးဖူးစင်ကို သားက ချစ်တယ် ဆိုရင်တောင် လက်ခံမှာ မဟုတ်ပါဘူး၊ အရမ်းမာနကြီးတဲ့ ကောင်မ လေးပါ၊ သား ကတိပေးပါတယ်၊ မာမီ စိတ်ပူသလို မဖြစ်စေရ သားက မာမီ သဘောမကျတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်





တော့မှ လက်မထပ်ပါဘူး"

"နေပါဦး သား၊ ဒီကောင်မလေးကို ဘာဖြစ်လို့ အလုပ်ကနေ ထုတ်ပစ်နိုင်ရတာလဲ၊ အရင်က မင်း ဝန်ထမ်းတွေကို ထုတ်ပစ်နေ ကြပဲ"

"ဖူးဖူးစင်က အရမ်း ဆင်းရဲတယ်၊ အဖေကလည်း အရက်သမား ကြီး၊ အရက်ဖြတ်ထားလို့ အရက်နာကျနေတယ်၊ ဖူးဖူးစင် အလုပ်ရှိ နေမှ ဖြစ်မယ်ထင်တယ် မာမီ"

"ဘာ..."

သားကိုကြည့်ရတာ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးအား အရေး ယူနှင့် စိတ်ပူပင်သောက ရောက်နေသလိုပင်။ ဒေါ်သစ္စာမြိုင်ရဲ့အကြည့် တွေက သား မျက်ဝန်းတွေထဲအထိ အဓိပ္ပာယ်ရှာဖွေဖို့ စူးရှဝင်ရောက် သွားသည်။

"အဟဲ... မာမီကလည်းဗျာ သားကို မယုံတာလား။ ကြည့်နေ လိုက်တာ၊ ပြီးတော့ မာမီ ရွေးချယ်ပေးမယ့် မိန်းမရောက် ဒီတစ်သက် မှာလို့တွေ့နိုင်ပါဦးမလားဗျာ"

"မာမီ တစ်နှစ်လောက်တော့ စောင့်ပေးပါဦးလို့ တောင်းဆိုထား ပြီလေ၊ မာမီ စိတ်ပူတာက သား ချစ်သူရှာတွေ့သွားမှာပဲ"

"စိတ်မပူပါနဲ့ မာမီရာ၊ သားကို စိတ်ချပါ၊ သားက သားလိမ္မာ

www.burmeseclassic.com



ပဲ လုပ်မှာပါ၊ တစ်နှစ်ပဲနော်"

"သား"

"ဗျာ... မာမီ"

"မင်းက ဒီကောင်မလေးအကြောင်း တော်တော်လေး သိထားပါလား"

မာမီက မသင်္ကာတဲ့ အကြည့်တွေနှင့် ကြည့်သည်။ သူ့မှာ ချစ်သူရှိသွားမှာ မာမီ စိုးရိမ်တကြီးဖြစ်နေတာ သူ စဉ်းစားမရ။ ချမ်းသာတဲ့ ပညာတတ်တဲ့ မျိုးကိုပင် မာမီက ချွေးမအဖြစ် လက်မခံနိုင်ဘူးဟု ပြတ်သားစွာ ပြောသည်။

BURMESE CLASSIC

"သား"

"ဗျာ... မာမီ"

"ဒီကောင်မလေးကို အလုပ်ထုတ်ဖို့ ဝန်လေးနေတာ အကြောင်းပြချက်က အရက်သမားအဖေကို ရှာဖွေကျွေးမွေးနေရလို့ သနားသွားတာလား"

"မာမီ"

ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးတစ်ယောက်ကို မယုံနဲ့ သား အနားမှာ မြူဆွယ်ဖြားယောင်းဖို့ သား စည်းစိမ်ဥစ္စာတွေကို အပိုင်ချိုင်ကပ်နေတာလည်း ဖြစ်နိုင်သည်ဟု ပြောဖို့ ဒေါ်သစ္စာမြိုင် စဉ်းစားနေ





သည်။ ဒေါ်သစ္စာမြိုင်ရဲ့စိတ်တွေကို တုန်လှုပ်ချောက်ချားလာစေ၏။ အသည်းပုံရင်ထိုးလေးတစ်ခု သူ့ဒွေးလေး ကိုခန့်နောင်အား ဒေါ်သစ္စာမြိုင် မွေးနေ့မှာ အမှတ်တရပေးအပ်ခဲ့တာတွေ၊ အတိတ်ကို မတွေးချင်ပေ။ မိမိစိတ်တွေ ချောက်ချားရပြီး အရှက်ကြီးရှက်ဖွယ်ဖြစ်နေရသည်။ အမှတ်တရတွေ သားက ဆင်ခြင်တုံတရားရှိပြီး သားလိမ္မာတစ်ယောက်ပါပဲလေ။ မိခင်ရဲ့ဆန္ဒကို ဘယ်တုန်းကမှ ဆန့်ကျင်ငြင်းဆယ်ခဲ့ခြင်း မရှိပေ။ သားအတွက် မိမိ၏ ရွေးချယ်ထားသော ဇနီးလောင်းက မိမိကိုယ်တိုင် ရှာဖွေနေဆဲဖြစ်သည်။

"သား"

"ပြောပါ မာမီ"

"သားမှာ ဇနီးတစ်ယောက်ကို သားဆန္ဒနဲ့ ရွေးချယ်ပိုင်ခွင့်မရှိဘူးလေ"

"သား မရွေးချယ်သေးပါဘူး မာမီ၊ တစ်နှစ်တော့ ထပ်စောင့်ပေးပါ့မယ်"

"အင်းလေ၊ မာမီ ကတိပါပဲ၊ နောက်ထပ် တစ်နှစ်ပဲ ထပ်စောင့်ပေးပါ"

"မာမီ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့မှာ သား မသိသေးတဲ့ လျှို့ဝှက်ချက်တွေ ရှိနေလား"

"ရှိတယ်ဆိုရင်ရော"

"သားကို မပြောပြချင်ဘူး မဟုတ်လား။ ထားလိုက်ပါ သား မမေးတော့ပါဘူး"

"တစ်နေ့တော့ မင်း သိကိုသိလာရမှာပဲ သားရယ်၊ အဲဒီနေ့ကိုပဲ သားစွဲ စိတ်ရှည်ရှည်နဲ့ စောင့်နေပေးပါ"

ဒေါ်သစ္စာမြိုင် ဘာမှ ဆက်မပြောချင်တော့ပေ။ နောက်ထပ် တစ်နှစ်လောက်အထိတော့ မာမီ့ ချွေးမလောင်းကို ရှာပါရစေ တောင်းပန်ပါတယ်၊ သားရဲ့အခွင့်အရေးကို မာမီ မတရားယူတာ မဟုတ်ပါဘူး နော်၊ တစ်နေ့ မာမီ့ကို နားလည်ပေးမှာပါ၊ အတိတ်က မာမီ့အကြောင်းတွေ သား သိလာတဲ့ တစ်နေ့လေ ကောင်မလေးကို သား အလုပ်ထုတ်ပစ်ဖို့ ဝန်လေးနေတယ်ဆိုရင်တောင် ဒီမိန်းကလေးနဲ့ ကင်းကင်းရှင်းရှင်း နေထိုင်ပါဟုပဲ ပြောခဲ့သည်။

"မာမီ ပြန်တော့မယ် သား၊ ခေါင်းက မကောင်းတော့ဘူး မူးလာပြီကွယ်၊ မာမီ့ကိုပေးထားတဲ့ သားရဲ့ကတိ တည်ပါစေ"

"OK မာမီ"

သားတို့ကုမ္ပဏီကနေ ဒေါ်သစ္စာမြိုင် အမြန်ဆုံး ပြန်တွက်လာခဲ့ရသည်။ ခေါင်းတွေမူးနောက် ရီဝေလာရ၏။ ဖူးဖူးစင်ဆိုတဲ့ ကောင်မ





လေးကို တွေ့လိုက်ရတော့ မိမိရဲ့ ငယ်စဉ်ဘဝ အတိတ်ကို အမှတ်ရခဲ့၍လည်း စိတ်တွေ ချောက်ချားလာကာ အသက်ရှူလို့မဝအောင် ဖြစ်လာခဲ့ရသည်။ အပြန်တွင် ဝန်ထမ်းအတော်များများက မိမိအား လိုက်ဆောင်နှုတ်ဆက်ကြပေမယ့် ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးတော့ မပါဘူး။ မာနတော့ ကြီးမယ့်ပုံပဲ။ ကောင်မလေးရဲ့ ကိုယ်ရေးရာဇဝင် ဖိုင်ထဲမှာ ဖခင်နာမည် ဦးကျော်ဇောဖြူတဲ့။ မဖြစ်ဘူး ဒေါ်သစ္စာမြိုင်ရဲ့စိတ်တွေ လေးလံနေ၏။ မဖြစ်ဘူး ချွေးမလောင်းကို အမြန်ဆုံး ရှာဖွေရမယ်၊ ကျွန်မ အမှားတွေအတွက် ပေးဆပ်ချင်လို့ပါ ကိုခန့်နောင်ရယ် စိတ်ထဲမှာ နာကျင်ကြေကွဲနေရသည်။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ခွဲညီညာရဲ့ကားလေးက ဖူးဖူးစင် ရပ်ပြီး ကားစောင့်နေတဲ့ ဘတ်စ်ကားမှတ်တိုင်မှာ ထိုးရပ်သွားသည်။ တက်လေဟု ပြောတော့ ကျွန်မ ဘတ်စ်ကားနဲ့ပဲ ပြန်မယ်တဲ့။ တော်တော် မျက်နှာကျောတင်းတဲ့ ကောင်မလေးပဲ။ မင်းက ကိုယ့်ကို အမှတ်တရတွေ လာလုပ်သွားပြီး မသိချင်ယောင်ဆောင်နေလို့တော့ ဘယ်ဖြစ်မလဲ ဖူးဖူးစင်။ ကားမှတ်တိုင် မှာ လူရှင်းနေသည်။ ဖူးဖူးစင်ကိုကြည့်ပြီး သူ စိတ်တွေ ယားကျိ ဖြစ်လာကာ ဘာမပြော ညာမပြောနှင့် ဖူးဖူးစင်ရဲ့လက်ကို ဆတ်ခနဲ ဆွဲကိုင်ပြီး ကားထဲကို ဝင်ထိုင်စေလိုက်သည်။ သူမက မျက်လုံးပြူးပြူး လေးနှင့် ဒေါသတကြီး ဒါ ဘာလုပ်တာလဲ အနိုင်မကျင့်နဲ့နော် ခါးခါးသီးသီး ရန်ထောင်သည်။

"ကိုယ်က လူကြီးလူကောင်းတစ်ယောက်ပဲ ဖူးဖူးစင်၊ မင်း ဘာဖြစ်လို့ မာနတွေ လာပြနေရတာလဲ၊ ကိုယ့်ရဲ့ပျော်ရွှင်စရာကော





တဲ့ မွေးနေ့မှာ မင်းအပြုအမူနဲ့ ဆုတောင်းကြောင့် ကိုယ် ဘယ်လောက် အထိ စိတ်ဒုက္ခရောက်ခဲ့ရလဲ"

"အဟွန်း... ဟွန်း... အဟွန်း... ဟွန်း... အဟွန်း"

"မင်း ဘာရယ်တာလဲ ဖူးဖူးစင်"

"သဘောကျလို့လေ၊ ကျွန်မက ရှင့်ကို စိတ်ဒုက္ခရောက်စေချင် တာလေ"

"မင်းကွာ"

ဘယ်လိုကောင်မလေးလဲ၊ အခြောက်တိုက် သူ့ကို စိတ်ဒုက္ခ ရောက်စေချင်နေသည်။ သူကိုယ်တိုင် ဖူးဖူးစင် ထိခိုက်နစ်နာစေရန် ဘာမှမလုပ်ခဲ့။ ဖူးဖူးစင် ဖခင်ကိုပင် ဆေးကုသပေးခဲ့၏။ မာမို့ကြောင့် သာ၊ ဖူးဖူးစင်ရဲ့ မျက်ဝန်းလေးက ဝင်းတောက်စွာ မာထန်နေသည်။ အနက တစ်ခွဲသားနှင့် သူ့ကို ဒုက္ခပေးဖို့ မိုးပေါ်ကကျလာတဲ့ နတ်သမီး လေးလား အညိုးကြီးကြီး မျက်ဝန်းတွေက ကာရန်လိုလွန်းနေ၏။ ကိုယ့်ကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်စေချင်ရတာလဲ၊ အခက်အခဲတွေနဲ့ ရင်ဆိုင်စေချင်ရတာလည်းကွာ။ ကားကို လမ်းဘေးတစ်နေရာသို့ ထိုး ရပ်ပစ်လိုက်သည်။

"ရှင်... ရှင် ဘာလုပ်တာလဲ"

"ဘာလုပ်မယ်လို့ ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော်"

"အဟွန်း… ဟွန်း… အဟွန်း"

"ဘာရယ်တာလဲ"

"မင်း စိတ်ဆိုးနေတာလေးက ချစ်စရာကောင်းလို့"

"ရှင် ယောကျ်ားမပီသဘူး"

"ဟင်… ကိုယ့်ကို ယောကျ်ားမပီသဘူးလို့ ဘာကြောင့် ပြောနိုင်ရတာလဲ"

"ရှင်နော် ပေါက်ကရတွေ လာပြောမနေနဲ့၊ ကျွန်မ မိန်းကလေးတစ်ယောက်ကို မချစ်မနှစ်သက်ပဲနဲ့ မိန်းမလို မိန်းမရ စိန်ခေါ်တုပြိုင်နေလို့လေ"

"မင်းကရော အပြစ်မဲ့တဲ့ ကိုယ့်ကို စိတ်သောကတွေ ရောက်စေချင်တယ်၊ အခက်အခဲတွေ တွေ့ကြုံရပါစေလို့ ဆုတောင်းမေတ္တာပို့သခဲ့တာရော"

"ရှင့်မာမီက ကျွန်မကိုကြည့်တဲ့ အကြည့်တွေက အထင်အမြင်သေးနေတဲ့ အကြည့်တွေပဲ၊ ကျွန်မကို ဘယ်လို မိန်းကလေးတစ်ယောက်ထင်နေလို့လဲဟင်၊ ရှင့်မာမီလို ကျွန်မက ဆင်းရဲနွမ်းပါးပေမယ့် သူ့ငွေကို ဖြားယောင်းသွေးဆောင်ပြီး အပိုင် မချိုင်ပါဘူးလို့လေ"

"ဖူးဖူးစင်"





"ပြော"

"မင်း မုန်းနေတာ ဘယ်သူလဲ၊ ဘာကြောင့်လဲ မသိရရင်တော့ မင်းကို ဒီကားနဲ့ အဝေးကြီးကိုခေါ်သွားပြီး ကိုယ့်ဇနီးမယားအဖြစ် ပေါင်းသင်းဆက်ဆံရလိမ့်မယ်"

"ဘာရှင့် ရှင်နော် ကျွန်မကို မစော်ကားပါနဲ့၊ ကားရပ်ပါ၊ ကျွန်မ ဆင်းမယ်"

"ဆင်းလေ"

သူ ကားကို အရှိန်မြှင့်ပြီး မောင်းနေမိသည်။ ညနေက စောင်းနေပြီဖြစ်၍ ဖူးဖူးစင် ကြောက်သွားစေရန် တမင် ခြိမ်းခြောက်လိုက်ခြင်းဖြစ်၏။ မင်းကို ကိုယ် လက်ထပ်ယူဖို့အထိ လုံးဝ မဖြစ်နိုင်ပါဘူး ဖူးဖူးစင်၊ ပြီးတော့ ကိုယ်က မိန်းကလေးတစ်ယောက်ရဲ့ဆန္ဒမပါဘဲ စော်ကားရမ်းကားတတ်တဲ့ အဓမ္မ မုဆိုးမဟုတ်ပါဘူး။ မင်းကိုတော့ ပြဿနာရှာပစ်ချင်တယ်။ မင်း လုပ်ရပ်အတွက် မင်း တာဝန်ယူရမှာပဲလေ။ ကိုယ့်စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် ဘာဖြစ်လို့များ လုပ်ခဲ့ရတာလဲ ဖူးဖူးစင်ရယ်။ မင်း ခိုင်လုံတဲ့အကြောင်းပြချက်တော့ ပေးရမယ်။ မင်းနဲ့တွေ့ပြီးမှ ကိုယ့်စိတ်တွေ တကယ်ပဲ ရှုပ်ထွေးနောက်ကျိသွားရတယ်၊ အလုပ်ထဲမှာတောင် အာရုံမစိုက်နိုင်ဘူး။ မင်းအကြောင်းတွေနဲ့ မင်းလုပ်ရပ်အတွက် ကိုယ် စိတ်သောကတွေ ခံစားနေရတယ်။

www.burmeseclassic.com



မင်းကို တစ်ခုခုလုပ်ပစ်ချင်တာ အမှန်ပဲ ဖူးဖူးစင်။ ကားအရှိန်ကို မြှင့်ပြီး မြို့ပြင်ဘက် မောင်းထွက်လာခဲ့သည်။

“ရှင် ကားရပ်နော်၊ လုပ်ငန်းရှင် သူဌေးက ဘာမဟုတ် ဝန်ထမ်းမိန်းကလေးကို အဓမ္မကျင့်ကြံတာ ဘယ်လောက် အရှက်မရှိ ကိစ္စလဲ၊ ရှင် မကြံကောင်း မကြံစည်ရာတွေ မလုပ်နဲ့နော်”

“အော်လေ၊ ကားက ဒီလောက်မြန်နေတာ ကားမှန်တွေလည်း အလုံပိတ်ထားတယ်၊ မင်း ဘယ်လိုမှ ကိုယ့်ကားရဲ့တံခါးကို ဖွင့်နိုင် မဟုတ်ဘူး၊ အော်လေ အရမ်း ပျော်စရာကောင်းတာပဲ၊ မင်းက ကို ကို စိတ်ဒုက္ခရောက်စေချင်ပေမယ့် မင်းနဲ့ လိုက်တမ်းပြေးတမ်း က ရတာ ကိုယ် အရမ်းပျော်စရာကောင်းလာပြီ”

သူက တဟားဟားနှင့် အော်ရယ်ရင်း ကားကို ရှူးသွတ်စွာ ဒလကြမ်း မောင်းနှင်နေသည်။ ဘုရားရေ ဒီလူရဲ့တုံ့ပြန်မှုက ကြော စရာကောင်းလာပြီ။ ဖူးဖူးစင် ဘာလုပ်ရမလဲ၊ ကားက အရမ်းမြန်လှ နေ၏။ မှန်တွေက ဖွင့်မရ၊ သူ့ဘက်မှ ထိန်းချုပ်ထား၍ဖြစ်သည် မီးအိမ်လေးရေ စင်တော့ ဒုက္ခရောက်ရတော့မယ်။ ဒီလူက စင့်ကို သ မဲကြီး တုံ့ပြန်တော့မယ်ထင်တယ်။ မီးနဲ့ ကစားမိပြီ။ မီးအိမ်လေး မြှောက်ပေးတာလေ။ ငါ့ကို လာကယ်ပါဦး။ စွဲညီညာက အရှူးပဲ တက ကို ရှူးသွတ်နေတယ်။ သူ့မျက်ဝန်းတွေက ဒေါသတွေ ပေါက်ကွဲ





သလိုပဲ။ စင့်ဘဝကိုသူက ခြေတော်တင် ဖျက်စီးပစ်မှာ။ ဖူးဖူးစင်လို မိန်းကလေးမျိုးကို သူ ဘယ်လိုနည်းနဲ့မှ ချစ်ခင်မြတ်နိုးပြီး လက်ထပ် ယူမှာ မဟုတ်ပါဘူး။ ကားကလေးထဲမှာ တိုးဇေ့ပြေးလွှားနေတာ မြင်းရိုင်းတစ်ကောင် ကဆုန်ပေါက် ပြေးလွှားနေသလိုပင် ကြာတော့ ဖူးဖူးစင် အသားတွေ တဆတ်ဆတ်တုန်အောင် ကြောက်လာရသည်။

“ဟား... ဟား... ပျော်စရာကောင်းလိုက်တာကွာ၊ ကိုယ့် ဘဝက ဘယ်လိုမိန်းကလေးနဲ့မှ သဘောမတူဘူးကွ၊ မာမီ ရွေးချယ် ပေးတဲ့ မိန်းမတစ်ယောက်ကိုပဲ လက်ထပ်ရမှာလေ၊ မင်းကို အလုပ်က ထောင် ထုတ်ပစ်ခိုင်းတာ၊ ကိုယ့်နားမှာ မိန်းမချော ငယ်ငယ်ရွယ်ရွယ် နုနုထွတ်ထွတ် ကောင်မလေးတစ်ယောက်ရှိနေတာ လုံးဝ ကြိုက်တာ မဟုတ်ဘူး”

“ရှင်... ရှင်”

ဖူးဖူးစင် အထိတ်တလန့် ဖြစ်နေတာသိလေ ညီညာ တဖြည်း ဖြည်း ပျော်လာပြီး နောက်ပြောင်ချင်လာလေ ဖြစ်လာရသည်။ သူ အူမြူးသွားရ၏။ ဖူးဖူးစင် ယောကျ်ားတစ်ယောက်ရဲ့ရင်ဘတ်မှ အမှတ် တရ ပစ္စည်းလေးလာပြီး ထိုးစိုက်ရဲတဲ့သတ္တိတွေ ဘယ်ရောက်သွားလဲ ကွာ။ ကြောက်နေလိုက်တာ မျက်လုံးပြူး မျက်ဆံပြူးနဲ့ နှုတ်ခမ်းသား လေးတွေက တဆတ်ဆတ် တုန်ရီနေပြီး မျက်နှာလေးပေါ်မှာ သွေး



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ဖြူရော်နေသည်။ သူ ပျော်လာရ၏။ ဖူးဖူးစင် မင်းက ရိုးသား ဖြူစင်တဲ့ ကောင်မလေးပါ။ ဒါပေမဲ့ မင်းရဲ့လုပ်ရပ်အတွက် မင်း တစ်ရံ တစ်ခုတော့ ကိုယ့်ကို ပေးဆပ်ရမယ်။ ကောင်မလေးက သူ့ကို အထိတ် တလန့် မော့ကြည့်နေသည်။

"စွဲညီညာ ဘာလုပ်နေတာလဲ၊ ရှင် ရူးနေလားဟင် ကားရပ်ပါ ကျွန်မက ရှင် စော်ကားချင်တိုင်း စော်ကားလို့ရမယ် ထင်လား။ ဖူးဖူးစင် အကြောင်း ကောင်းကောင်းသိစေရမယ်"

သူမ ကြိမ်းဝါးနေပေမယ့် ယောကျ်ားတစ်ယောက်ကိုတော့ ယှဉ်ပြိုင်တွန်းဖက် ရန်မဖြစ်နိုင်ကြောင်း တဖြည်းဖြည်း သိလာသဖြင့် ကြောက်ရွံ့တုန်လှုပ်လာရသည်။ ကားက အရှိန်ပိုမြှင့်နေ၏။ သူက တဟားဟားရယ်ရင်း ပျော်ရွှင်ကျေနပ်နေသည်။ ဒုက္ခပါပဲနော် စင် ဘယ်လိုလုပ်ရမလဲ၊ သူ့ကုမ္ပဏီမှာ အလုပ်ဝင်မိတာပဲ နောင်တတွေ ရနေမိသည်။ ကားမှောက်တော့မယ် ဒီလူ အရူးပဲ၊ လူကြီးလူကောင်း မဆန်ဘူး။ အိမ်မှာ ဖေဖေတစ်ယောက်တည်း နေမကောင်းဘူး။ မီးအိမ်လေးတော့ ရှိနေပါတယ်လေ။ အမှောင်ထုတောင် သမ်းနေပြီ။ သူက ကားကိုမရပ် မြို့ပြင်ကို ရောက်သွားပြီလား၊ စင့်ကို ဘယ်အထိ များ ခေါ်သွားမှာလဲ၊ သူမ သူ မောင်းနေတဲ့ ကားစတီယာရင်းကို ဆွဲ လိုက်သည်။





"လုပ်လေ နှစ်ယောက်လုံး သေသွားလည်း အေးတာပဲ၊ မင်း အဖေက ရောဂါသည်နော်၊ ကိုယ့်မာမီက စည်းစိမ်ဥစ္စာတွေအပြည့်နဲ့ ကျန်ခဲ့မှာ"

"ရှင်… ရှင် အရူးပဲ၊ လူကြီးလူကောင်း မဆန်ဘူး၊ ကားရပ်ပါ ကျွန်မ ဖေဖေ နေမကောင်းဘူး၊ တစ်ယောက်တည်းရယ်၊ ကျွန်မ ပြန် အလာကို စောင့်နေမှာပါ"

"ကိုယ့်ကို ချစ်တယ်လို့ အဖြေပေးမှ ကားကို ပြန်ကွေ့ပေးမယ်"

"ဘာရှင့်"

"ကိုယ့်ကို မင်း ချစ်တယ်မဟုတ်လား။ ပြောလေ ချစ်တယ်လို့"

"မပြောဘူး။ ဘာဖြစ်လို့ ချစ်ရမှာလဲ၊ ရှင့်ကို မုန်းတယ်"

"OK"

"အမယ်လေး…"

သူက ကားအရှိန်ကို တအားမြှင့်လိုက်သဖြင့် စင် အသက်ရှူ ဝင် မှားတော့မတတ် ကြောက်ရွံ့သွားရသည်။ ဖေဖေက အရက်ဖြတ် ထားတော့ ကတုန်ကရီ ဖြစ်နေဆဲပင်။ ကျန်းမာရေးမကောင်းသေးသဖြင့် စိတ်ပူနေရ၏။ လူယုတ်မာ မဖြစ်သေးဘူး ဖေဖေ့ဆီ ပြန်မှဖြစ်မယ်၊ သူကတော့ ဘာကိုမှ စိတ်မဝင်စားသည့်ဟန်ဖြင့် ကားမောင်းနေသည်။ တောတ်နိုင်တော့။ ကားက ဂျက်လေယာဉ်ပျံဖြစ်နေ၏။ စင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ကားမောက်သေးလို့ မဖြစ်သေးပါဘူး၊ စင် အလျှော့ပေးမှပဲ ဖြစ်မည်။ နှုတ်ခမ်းသားလေးတွေကို တဆတ်ဆတ် တုန်ရီနေသဖြင့် ရှင့်ကိုချစ်သည်ဟုပြောဖို့ တော်တော်လေး ထိန်းချုပ်နေရသည်။

"ရှင့်ကို ချစ်တယ်၊ ရှင့်ကို ချစ်တယ်၊ ကဲ... ကျေနပ်ပြီလား"

ဝေါခနဲ ပြေးလွှားနေတဲ့ ကားလေးက တုန့်ခနဲရပ်သွားဖြင့် သူမကိုယ်လေး ယိမ်းဟိုင်သွားကာ သူ့လက်တွေနှင့် ဆွဲယူပွေ့ဖက် ထိန်းချုပ်ခြင်း ခံလိုက်ရသည်။

"အမေ့..."

"အို..."

"ရှင် ဘာလုပ်တာလဲ ဖယ်ပါ"

သူမက သူ့လက်တွေကို အတင်းအကြပ်ပင် ဆွဲဖယ်ပစ်သည်။ သူက မလွှတ်ပေ။ စင် အတင်းပဲ ရုန်းဖယ်နေမိသည်။

"မရုန်းနဲ့လေ မင်းပဲ စောစောက ကိုယ့်ကို ချစ်တယ်ဆို၊ ချစ်တယ်လို့ အဖြေပေးတာ မဟုတ်လား"

"ကျွန်မကို ပြန်ပို့ပေးပါ၊ ဖေဖေ နေမကောင်းဘူး သိပ်နောက်ကျရင် ဖေဖေ စိတ်ပူနေလိမ့်မယ်၊ စွဲညီညာ ပြန်ပို့ပေးပါ"

ဖူးဖူးစင်ရဲ့မာနတွေ လွှမ်းနေတဲ့ မျက်နှာလှလှလေးအား သူအချိန်ကြာမြင့်စွာ စူးစိုက်ကြည့်မိရင်း ထိန်းချုပ်ထားသည့်ကြားမှ သူ





စိတ်တွေ ပေါက်ကွဲလွင့်စင်ထွက်ကာ သူမခန္ဓာကိုယ်လေးကို ဆတ်ခနဲ တင်းကျပ်စွာ ဖက်ပစ်လိုက်သည်။

"ဖယ်ပါ ရှင် ဘာလုပ်တာလဲ၊ အခွင့်အရေးသမားပဲ၊ လူယုတ်မာ ဖယ်"

သူ ရုတ်တရက် ကြောင်စီစီဖြစ်သွားပြီး သူမ မျက်နှာလေးနှင့် ထိနေသော သူ့မျက်နှာကိုဖယ်ခွာဖို့ အသိတွေ မေ့လျော့သွားရသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ အဲဒီလောက်အထိ မရည်ရွယ်ခဲ့တာတော့ အမှန်ပင်။ ကိုယ်က လူကြီးလူကောင်း လုပ်ငန်းရှင်တစ်ယောက်ပါ ဖူးဖူးစင်၊ မိန်းကလေးတွေနဲ့ အကင်းရှင်းဆုံး နေထိုင်လာခဲ့သူပါကွာ၊ သူ အသိတွေကင်းမဲ့စွာ သူမ မျက်နှာလေးကို စူးစိုက်ကြည့်မိပြီး စိတ်တွေက လွတ်ထွက်ချင်လာရသည်။ ဘာကိုမှ ဂရုမစိုက်ချင်တော့ပေ။ ဘယ်လိုမှ မချစ်မနှစ်သက်ပဲ မနေနိုင်သော လှပချောမော နုထွတ်နေသည့် မျက်နှာလေး နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ရီကာ အေးသမျက်ဝန်းတွေက မာထန်နေ၏။ သူ့လုပ်ရက်တွေ ရပ်တန်းကရပ်ပြီး အသိဝင်လာပေမယ့် သူမ မျက်နှာလေးအား နောက်ထပ်တစ်ကြိမ် နမ်းရှိုက်ဖို့ ကြိုးစားလိုက်သည်။

"အား..."

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ဖူးဖူးစင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်... ရှင် တော်တော် ယုတ်မာတာပဲ၊ အခွင့်ရေးသမား စိတ်ဓာတ်အောက်တန်းကျလွန်းတယ်"

"ဖယ်နော်"

သူမ ကုတ်ခြစ်လိုက်သဖြင့် သူ့ပါးပြင်ပေါ်တွင် နာကျင်စွာရှရှ ဝေဒနာကို ခံစားလိုက်ရသလို သွေးတွေလည်း စီးကျလာသည် ဖွေးဖွေးစင် လက်သည်းရှည်ရှည်တွေရဲ့ ကုတ်ခြစ်ခြင်းခံလိုက်ရတဲ့ ဒဏ်ရာက နာကျင်မှုထက် ညီညာ့ နှလုံးသားတွေက အဆရာထောင်ပေါင်း များစွာ နာကျင်နေသည်။

❐





## အခန်း (၁၁)

"ဟင်... သား ဘာဖြစ်လာတာလဲ၊ ပါးမှာလည်း ဒဏ်ရာနဲ့ပါ သား ဘာဖြစ်လာတာလဲ သားရယ်"

"ဘာမှမဖြစ်ပါဘူး မာမီ၊ သား သူငယ်ချင်းအိမ်မှာ ကြောင် တွေ့ရှိတယ်လေ အကုတ်ခံရတာပါ"

"အမယ်လေးကွယ်... ဖြစ်မှဖြစ်ရလေ သားရယ်၊ မဖြစ်ဘူး ဆေးခန်းကို သွားမှပဲ၊ ကြောင်ဆိပ်ကလည်း သေတတ်တယ်၊ အဆိပ် ပြင်းတယ်လေ၊ မဖြစ်ပါဘူး ဆေးခန်းပဲ သွားမယ်"

"ဘာမှ မဖြစ်ပါဘူး မာမီ၊ ဆေးထည့်ထားပြီးပါပြီ၊ သား ဆေး ခန်းမှာဝင်ပြီး ဆေးထည့်လာခဲ့ပါတယ်"

"အမယ်လေးကွယ်... မာမီ ရင်တုန်လိုက်တာ၊ မကြီးမငယ်နဲ့ ကြောင်ကုတ်ခံရယ်လို့ မာမီ ရင်ကျိုးရမယ်၊ သားက ဘယ်အရွယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက် မာမိအတွက်ကတော့ သူငယ်နပ်စားလေးလို့ပဲ ထင်တာနော်”

“သား အနားယူတော့မယ်နော် မာမိ၊ သားကို စိတ်မပူပါနဲ့ ကလေးမှ မဟုတ်တာ နော် မာမိ”

သူ မာမိအနားကနေ အမြန်ဆုံး ထွက်လာခဲ့ကာ အိပ်ခန်းထဲ ဝင်လာပြီး အိပ်ယာပေါ်သို့ အဝတ်အစားတွေပင် မလဲနိုင်တော့ဘဲ ပစ်လှဲချလိုက်သည်။ ကိုယ့်ရင်တွေ မီးတောက်သလိုပဲ ပူလောင်နေတယ် ဖူးဖူးစင်၊ မင်း ကျိန်စာတွေ စူးရှနေပြီလားပဲကွာ၊ မင်းနဲ့တွေ့ဆုံပြီးတဲ့နောက် ကိုယ့်ရင်တွေ မအေးချမ်းတော့ဘူး၊ နာကျင်ပြီး အောင့်သက်နေသလိုပဲ၊ ကိုယ် ဒီလောက်အထိ မရည်ရွယ်ပါဘူး။ မင်းကို စိတ်အနှောင့်အယှက်ဖြစ်အောင် စနောက်ချင်တဲ့ဆန္ဒပဲ ရှိခဲ့တာပါ။ မင်းကြောင့် ကိုယ့်စိတ်တွေ အနှောင့်အယှက်ဖြစ်ရလို့လေ၊ ဖူးဖူးစင်လေးရယ် ကိုယ် လွန်သွားတယ်။ မင်း ထင်သလို ကိုယ်က အဆင့်အတန်းမရှိတဲ့ လူယုတ်မာတစ်ယောက် မဟုတ်ပါဘူး၊ တကယ့်ကို မထင်မှတ်ဘဲ ဖြစ်သွားခဲ့ရတဲ့ အဖြစ်အပျက်လေးပါ။ ဖူးဖူးစင်ကတော့ သူ့ကို ပို၍ပင် ရွံရှာမုန်းတီးသွားပြီ ထင်သည်။

“ကျွန်မ ရှင့်လို အောက်တန်းကျတဲ့ သူဌေးတစ်ယောက်ပိုင်တဲ့ ကုမ္ပဏီမှာ အလုပ်မလုပ်တော့ဘူး၊ နောက်ထပ် ကျွန်မကို လာမပတ်သက်ပါနဲ့၊ ရှင်ကလည်း ကျွန်မလို မိန်းကလေးတစ်ယောက်ကို အပျော်ပဲ ကြံစည်မှာပဲလေ၊ ပြီးတော့ ကျွန်မနဲ့ရှင်က ရန်သူတွေပဲ ကျွန်မ ရှင့်ကို အရမ်းမုန်းတယ်၊ သတ်ပစ်ချင်လောက်အောင် မုန်းတီးရွံရှာမိနေတာ သိလား”





သူမ ဒေါသတွေ ပေါက်ကွဲကာ တင်းတင်းမာမာ ပြောခဲ့သည်။ သူမ အိမ်လေးနှင့် ခပ်လှမ်းလှမ်းမှာ ဆင်းသွား၏။ ညီညာ အချိန်ကြာမြင့်စွာ ကားကိုရပ်ပြီး သူမအား ကြည့်မိနေသည်။ သူမ ပျောက်ကွယ်သွားသည်အထိ အချိန်အကြာကြီး ရပ်ကြည့်မိခဲ့၏။ သူ့ပါးပြင်မှာ ဒဏ်ရာအနာတရ ရှိနေသဖြင့် မာမိ အိပ်ယာဝင်မှ ပြန်လာခဲ့ပေမယ့် မာမိက စောင့်နေသည်။ ဒဏ်ရာကို သူ ဘယ်ဆေးခန်းမှ မပြခဲ့။ ဆေးလည်း မထည့်မိပေ။ သူ့စိတ်တွေ လေထဲမှာ လွင့်မျောနေပြီး အသိမဲ့နေခဲ့ရ၏။ ဘာဖြစ်လို့များ ဒီလို အမူအကျင့်မျိုးတွေ သူ့ဆီမှာ ရှိနေခဲ့ရတာလဲ သူ့ဘဝတစ်သက်တာမှာ တည်ကြည်တဲ့ အမူအကျင့်တွေနှင့် လူအများ လေးစားကြည်ညိုစေရန် အထူးပဲ ဂရုတစိုက် နေထိုင်ခဲ့သည်။ မာမိကလည်း တစ်ဦးတည်းသောသားကို အလိုမလိုက်ဘဲ စည်းစနစ်နှင့် ဂုဏ်သိက္ခာ ကြီးမားစွာ ကြီးပြင်းစေခဲ့သည်။

“ရှင် လူယုတ်မာ၊ အောက်တန်းကျလွန်းတယ်၊ တော်တော်လေး ရွံမုန်းစရာကောင်းတဲ့လူ”



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးစင်ရဲ့အသံလေးက သူ့နှလုံးသားတွေကို မီးလောင်တိုက် သွင်းနေသလို လောင်မြိုက်စေသည်။ မင်းက ဒီဇာတ်လမ်းကို စခဲ့တာပဲ ဖူးဖူးစင်၊ ငါ့ဂုဏ်သိက္ခာတွေ၊ ငါ့အေးချမ်းမှုတွေကို မင်းရောက်လာပြီး ရိုက်ချိုးဖျက်စီးပစ်ခဲ့ရပဲကွ၊ အခုတော့ မင်း ကျိန်စာမိနေပြီ၊ ဘာကြောင့်လဲ၊ မာမို့ကြောင့်ပဲလား ငါက မားစာခံ ဖူးဖူးစင်ရယ်၊ ညီညာကိုယ်တိုင် မိန်းကလေးတွေနှင့် ကင်းအောင်နေလာခဲ့၍ သူ့ နှလုံးခုန်သံတွေ တဒိန်းဒိန်း မြည်ဟီးချင် လှုပ်ခါနေသည်။ မင်း ကိုယ့်ကို ဘာအမိပ္ပာယ်နဲ့ကျိန်စာတိုက်ခဲ့ရတာလဲ ဖူးဖူးစင်၊ ကိုယ့်ရင်တွေ ပူလောင်နေတယ် မင်း အမုန်းတွေကို ကိုယ် မခံယူချင်တော့ဘူးကွာ။ အတွေးတွေနှင့် ဆောက်တည်ရာမရအောင် ဖြစ်နေသည်။

ဖူးဖူးစင်လည်း ဒေါ်သတ္တကြီးနှင့် သူ့ကားပေါ်မှ ဆင်းလာခဲ့ပြီး အိမ်လေးထဲဝင်လာတော့ အဖေ အိပ်ပျော်နေသည်။

"ဟင်… စင် နင် ဘယ်တွေသွားနေတာလဲ၊ ဦးလေးဖြူတနင့်ကိုစိတ်ပူနေတာ အခုမှ အိပ်ပျော်သွားတာလေ"

"မီးအိမ်လေး"

"ဟင်…"

"စင် ဘာတွေဖြစ်နေရတာလဲ၊ ဟိုလူနဲ့ပတ်သက်မိတာ မှားပြီ ထင်တယ်ဟယ်၊ စင် သွားဆတ်ဆော့လိုက်တာနဲ့ ဒီလူက စင့်အပေါ်





ကြီးမားတဲ့ အညှိုးအတေးတွေ ရှိနေမှာပဲ"

သူ စင့်အား ကြမ်းတမ်းရိုင်းပြစွာ ဆက်ဆံခဲ့သည်၊ ယုတ်မာ ကောက်ကျစ်လာခဲ့၏။ လူကြီးလူကောင်း မဆန်လိုက်တာ၊ ဖူးဖူးစင်ရဲ့ ဘဝကို ဖျက်စီးပစ်ဖို့ပဲ ယုတ်မာကောက်ကျစ်ခဲ့တာ မဟုတ်လား။ သူမ ငိုချင်နေသည်။ စင် တန်ဖိုးထားခဲ့တဲ့ စင် အပျိုစင်ဘဝလေးအား ဖျက်ဆီးချေမွပစ်ဖို့အထိ ကြံစည်လာခဲ့၏။ ရှင်က ဒေါ်သစ္စာမြိုင်ရဲ့သား ပဲ ထိုက်တန်တဲ့ ပေးဆပ်မှု စင်က ပေးဆပ်ရမှာလား။ ဒေါ်သစ္စာမြိုင် ကာ ပေးဆပ်ရမှာလား။ သူ စွဲညီညာ အခဲမကြေနိုင်အောင် စင့်အပေါ် လက်တုံ့ပြန်နေတာပဲ။ သူမ ထိုင်ပြီး ငိုပစ်ချင်နေမိသည်။

"စင်"

"ဟင်"

"နင် ဘာတွေဖြစ်လာလဲ၊ ဘယ်တွေ လျှောက်သွားနေတာလဲ၊ နင့်ကိုယ်ကျင့်တရားကို ယုံတယ်၊ ဟိုလူကို နည်းနည်းလေးမှ အထင် ကြီးပြီး မချစ်လိုက်နဲ့နော်၊ ဒေါ်သစ္စာမြိုင်ကိုပဲ နင် လက်တုံ့ပြန်ခဲ့ချင်တာ မဟုတ်လား"

အခုတော့ စင် ပဲ ဒေါ်သစ္စာမြိုင်ရဲ့သား စွဲညီညာက လက်တုံ့ပြန် ခြင်း ခံနေရပြီထင်တယ် မီးအိမ်လေးရယ်၊ စင့် ရင်တွေပဲ မီးတောက် လောင်လာရတယ်။ သူ… သူလေ စွဲညီညာလေ စင့် ဘဝလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးပစ်တော့မလို့ သူ့အနမ်းတွေ ရိုသဲ့သဲ့စကားတွေ အမယ်လေး... မှန်းလိုက်တာ၊ တူးတူးခါးခါးပဲ မတွေးရဲပေ။ အတွေးဝင်လာတိုင်း သူမ ရူးသွတ်ပြီး ထွက်ပြေးချင်လာရသည်။

"စင်... စင်"

"အမယ်လေး..."

"ဘာတွေ စဉ်းစားပြီး ဒီလောက်တောင် အထိတ်တလန့်ဖြစ်နေ ရတာလဲ၊ နင် ဘာတွေဖြစ်လာလဲဟင်"

မီးအိမ်လေးက စိတ်ပူပင်စွာ မေးနေသည်။ စင် ရှင်းပြနိုင်စွမ်း မရှိအောင်ပင် ရင်ဝမှာ စို့နင့်မွန်းကြပ်နေ၏။ မတွေးရဲ၊ ခါးသည်၊ ရာဖွယ်ကောင်းလွန်းတဲ့ အနမ်းတွေ၊ အမုန်းတွေ အညှိုးအတေး ကြီးမားနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ နှုတ်ခမ်းထက်က ထွက်ပေ လာတဲ့ ချစ်တယ်လို့ပြောစမ်းပါလို့ အဖြေတောင်းလာတဲ့ စကားထဲက အမယ်လေး စင်... ရူးသွပ်သွားတော့မတတ်ပါပဲ။ အဖေကတော့ အိပ်ပျော်နေပြီး ပိန်ချုံးနေသည်။ ဒါတောင် ဆေးခန်းမှာ အနားယူ အားဆေးတွေ သွင်းထားလို့ပါ။ မတွေးချင်ပါဘူး သူ့အကြောင်းတွေ တွေးမိတိုင်း ကြောက်ရွံ့တုန်လှုပ်လာသည်။

"စင် အလုပ်ကနေ ထွက်လိုက်ပြီ မီးအိမ်လေးရယ်၊ စွဲညီညာ ဝေးဝေးနေတာ အကောင်းဆုံးပဲ၊ သူတို့က အင်အားကြီးမားသူ





။ ဒေါ်သစ္စာမြိုင်ဆိုတဲ့ မိန်းမကြီး သူ့အကုသိုလ်နဲ့ပဲ သူ သွားပါစေ တော့"

"စွဲညီညာက စင့်ကိုမချစ်ဘဲ စင်က ဟိုလူ စွဲညီညာကို ချစ် ပြီလား"

"ဝေးသေးတယ်၊ သူ့အနားမှာနေရတာ ကြာလေ အော့နလုံး လေပဲ"

"ဖြစ်သင့်တာက အဲဒီလိုနော် စင်၊ ရှင်က အရမ်းတော်ပြီး ပြက်ပါတယ်၊ စိတ်ကို ကြံ့ကြံ့ခံထားပါဟ၊ အလုပ်က မထွက်နဲ့၊ မပေးစမ်းပါနဲ့ စင်ရာ၊ ဒီလူက စင့်ကို တဖြည်းဖြည်း ဒိုက်လာ စင်က အရမ်းချောတာပဲ၊ မိန်းကလေးချင်းတောင် နှစ်ခါပြန် ကြည့်ရတာလေ"

"တော်ပါတော့"

မီးအိမ်လေးကတော့ စွဲညီညာကို အရှုံးမပေးနဲ့တဲ့။ သူ့အမေ သစ္စာမြိုင်ရဲ့ လမ်းကြောင်းအတိုင်း တစ်ထပ်တည်းလုပ်ပြနိုင်ဖို့ တဲ့။ ကိန်းခန့်ကြီးလွန်းတဲ့ ဒေါ်သစ္စာမြိုင် ဘဝမှေ့ပြီး သူ့သား ထပ်မယ့် မိန်းကလေးက စင့် လို ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေး၊ ယောက်ဆိုရင် ဘယ်လောက်များ စိတ်သောကတွေရောက်ပြီး တက်သေသွားနိုင်တယ်တဲ့၊ မဖြစ်နိုင်ပါဘူး၊ စင် ပဲ ဘဝပျက်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ခံစားရတာထက် ပိုနေမှာပါ။ ရှင် ကျွန်မကို ရက်ရက်စက်စ
လက်တုံ့ပြန်တော့မယ်။ မီးအိမ်လေးက အားပေးစကားပြောပြီး
သွားသည်။

"မင်း ကိုယ့်ကိုချစ်တယ်လို့ပြော၊ မပြောရင် မင်းကို ဟိုအ
ကြီးခေါ်သွားပြီး ကိုယ့်ရဲ့ ဇနီးမယားအဖြစ် ပေါင်းသင်းမယ်"

သူမ နားနှစ်ဖက်ကို သူမ လက်ဝါးပြင်လေးနှင့် တင်းကြပ်
ပိတ်ပစ်လိုက်သည်။ ဒီအသံတွေက စင့်ကို ဘယ်အထိ နာကျင်
ကွဲနေရမလဲ။ သူမကို အရိပ်လိုတွယ်ကပ်ပြီး ခြိမ်းခြောက်နေသ
အရှိန်အဝါကြီးမားတဲ့ ဒေါ်သစ္စာမြိုင်ကို ဖူးဖူးစင်လို မိန်းကလေ
ဘယ်လိုလုပ်ပြီး အံတုယှဉ်ပြိုင်နိုင်ပါ့မလဲ၊ စွဲညီညာရဲ့ ခြေမှုန်းဖျက်
ခြင်းကိုပဲ ခံရနိုင်သည်။

"ကိုယ့်မာမီက မင်းကို အလုပ်ကနေတောင် ထုတ်ပစ်ခိုင်
တာ၊ မင်းနဲ့ကိုယ် နီးစပ်သွားမှာ မှလိုလားဘူးတဲ့ ဖူးဖူးစင် အဟွန်
ဟွန်း ကိုယ်က တကယ်တမ်းကျတော့ မာမီ ရွေးချယ်ပေးမယ့်
ကလေးနဲ့ပဲ လက်ထပ်ရမှာလေ ဟား... ဟား... ဟား"

စင့်စိတ်တွေ အတော်လေး တုန်လှုပ်ချောက်ချားနေသ
ဖေဖေက အိပ်ပျော်နေပြီ။ စင်တို့သားအမိအပေါ် တာဝန်မကျေ
မယ်လည်း ဖေဖေ့ကိုတော့ သူမ ရှိနေစေချင်၏။ ဖေဖေ ဘယ်အ





အသိတရားတွေ ဝင်လာပါစေ စင် ကျေနပ်မိသည်။ သူမ စိတ်
တင်းပြီး အရာအားလုံး မေ့ပစ်လိုက်ဖို့ ကြိုးစားနေရ၏။ ဖေဖေ့အတွက်
ချမ်းသာမှုတွေပေးဖို့ စင် အစွမ်းကုန် ဖြည့်စွမ်းပေးချင်တဲ့ဆန္ဒတွေ
ပေါ်နေသည်။

▢



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"စင် သမီးလေး ညက အရမ်းနောက်ကျလို့ ဖေဖေ အ

စိတ်ပူနေရတယ်၊ ဘာဖြစ်လို့လဲ အချိန်ပို ဆင်းနေရလို့လား"

"ဟုတ်တယ် ဖေဖေ အလုပ်တွေ အရမ်းများနေလို့ပါ၊ ဖေ

ရော နေကောင်းရဲ့လား"

"ကောင်းပါတယ် သမီးရယ်၊ ဟိုမောင်ရင်လေး စွဲညီး

ကျေးဇူးပဲလေ၊ ဖေဖေ ဆေးခန်းမှာတက်ပြီး ဆေးကုသမှုခံယူလို

တော့ အားပြည့်သွားတယ်လေ၊ အရက်လည်း ပြတ်သွားပြီ၊ ဖေ

သေးရဲ့ကွယ် ဖေဖေ အချိန်မီ အသိတရားတွေရလာလို့"

"ဖေဖေ"

"ဟင်..."





"သမီးရှေ့မှာ ကျန်းကျန်းမာမာနဲ့ ရပ်တည်နေပေးပါနော်၊ သမီးဘဝမှာ ဖေဖေပဲ အားကိုးတွယ်တာရှိတာပါ။ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင် နေပေးပါနော်"

"ဖေဖေ အရမ်းမှားတယ်ကွယ်၊ မိုက်ခဲ့တယ်၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် ဖေဖေရဲ့မိသားစုဘဝ နစ်မွန်းပျက်စီးခဲ့ရတယ်၊ ကြည့်စမ်း ဖေဖေ့ရဲ့ တစ်ဦးတည်းသော သမီးလေး ဆင်းရဲနွမ်းပါးချို့တဲ့ခဲ့ရတယ်၊ ဖေဖေ တာဝန်မကျေတာပါ၊ တော်သေးတာ သမီးလေးက လိမ္မာယဉ်ကျေးပြီး ပညာတတ်လေး ဖြစ်နေလို့လေ"

ယုတ်မာကောက်ကျစ်တဲ့ မိန်းမတစ်ယောက်အပေါ် အရူးအမူး စွဲလန်းမြတ်နိုးပြီး မိမိဘဝကြီးတစ်ခုလုံး နစ်မွန်းပျက်စီးသွားခဲ့ရသည်။ မိုက်မဲတဲ့ ယောကျ်ားတစ်ယောက်ပဲ။ အပြစ်မဲ့တဲ့ သမီးလေး ဖူးဖူးစင်ရဲ့ မေမေလည်း စိတ်ဖိစီးမှုတွေ ခံစားရကာ ဘဝကို ခက်ခဲကြမ်းတမ်းစွာ ရင်ဆိုင်ဖြတ်သန်းရင်း အရှုံးပေးသွားခဲ့ရသည်။

"သမီး ကုမ္ပဏီကို သွားရမယ် မဟုတ်လား"

"ဒီနေ့ စင် ခွင့်ယူထားတယ်"

"ဟင်... ဘာဖြစ်လို့လဲ"

"ဖေဖေ့အတွက် သူက အနားပေးထားတာပါ၊ ညက အချိန်ပို ဆင်းထားရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင် ဖေဖေ"

"ဖေဖေ တစ်ခု သတိပေးချင်တာက မောင်စွဲညီညာအပေါ် ရိုးသားဖြူစင်ဖို့နဲ့ သစ္စာရှိဖို့ပဲ၊ သမီးရဲ့တန်ဖိုးကို တင်ထားပါကွယ်"

"စိတ်ချပါ ဖေဖေ၊ စင်က ကိုယ်ကျင့်တရားကို အမဲစက်လေး တစ်စက်တောင် အစွန်းအထင်း မခံပါဘူး"

"သမီးကို ဖေဖေ ယုံပါတယ်"

ဖေဖေ့ကို မျက်နှာသစ်ဖို့ပြောပြီး စားသောက်စရာတွေ စီစဉ် နေစဉ် သူမ အိမ်လေးရှေ့တွင် ကားတစ်စီးရပ်သံကြား၍ ကြည့်လိုက် တော့ စွဲညီညာရဲ့ကား ဖြစ်နေသည်။ သူ ဘာလာလုပ်တာလဲ၊ ဖေဖေ့ ကို ကုမ္ပဏီကနေ ခွင့်တစ်ရက်ယူထားသည်ဟု လိမ်ညာပြောထားတာ၊ ဒီလူ ဘာလာလုပ်တာလဲ စိတ်ညစ်လိုက်တာနော်။ စင်က ဒီလူနဲ့ လုံးဝ မပတ်သက်ချင်တော့ပါ။ မျက်နှာချင်းဆိုင်ဖို့ပင် ဝန်လေးနေပါသည်။ ရှက်လို့ သေတော့မယ်။ သူ အိမ်လေးပေါ်တက်လာ၏။ စင် ကမျာ ကယာ ထွက်လာခဲ့ရသည်။

"သူဌေး ဘာကိစ္စရှိလို့လဲဟင်၊ စင် ခွင့်ယူထားတယ်လေ၊ ဖေဖေ့ကို တစ်ရက်လောက် အိမ်မှာနေပြီး ပြုစုမလားလို့လေ"

စွဲညီညာ ဘာမှမပြောခင် စင် စကားကို ကာကာစီးစီး ပြော





ိုက်သည်။ ဖေဖေက ကုမ္ပဏီကိစ္စရှိရင် သွားပါ၊ ဖေဖေ နေကောင်း ာယ်ဟု ပြောနေ၏။ တော်တော်ရှုပ်တဲ့လူပဲ။ သူ့ကို စင် ပြုမှုခဲ့တဲ့ ိစ္စလေးတစ်ခုအတွက် လက်တုံ့ပြန်လို့ မဆုံးတော့ပါလား။ အညိုး တေးကြီးတဲ့ လူ၊ ရှင့်ကို အထင်မကြီးပါဘူး စိတ်ဓာတ်မှ မကောင်း ာပဲ။ ကျွန်မကို ချို့တဲ့နွမ်းပါးသော မိန်းကလေးကို ငွေအင်အားနဲ့ ြီး အနိုင်ကျင့်ချင်တာ မဟုတ်လား။ ဖေဖေ မမြင်အောင် မျက်ဝန်း ာမာထန်ထန်ဖြင့် အမြင်ကတ်စွာ ကြည့်ပစ်မိသည်။

"ဖူးဖူးစင်ကို လာခေါ်တာပါ၊ အလုပ်က အရေးတကြီးကိစ္စတစ်ခု ေါ်လာလို့လေ၊ အန်ကယ်ဖြူ နေကောင်းတယ် မဟုတ်လား"

"အေးကွယ် သူဌေး ကျေးဇူးပဲလေ"

"ကျွန်တော့်နာမည်ကို ညီညာလို့ပဲ တရင်းတနှီး ခေါ်ပါ"

"အေးကွယ်"

သူ ဘယ်လိုပဲ စိတ်တွေကို ထိန်းချုပ်ပါစေ ဖူးဖူးစင်ဆိုတဲ့ ာင်မလေးအပေါ် သံယောဇဉ် ငြိတွယ်နေပြီဖြစ်ကြောင်း တဖြည်း ည်း သိလာရသည်။ မင်း ကိုယ့်ကို အထင်သေး မုန်းတီးနေတာ ဟုတ်လား ဖူးဖူးစင်ရယ်၊ ကိုယ် ဘာတွေ လုပ်မိလုပ်မိ မင်းကို က်တုံ့ပြန်တာတော့ မဟုတ်ပါဘူးကွာ။ ကိုယ့်စိတ်တွေက မင်းနဲ့အတူ ီးကပ်ကပ် နေထိုင်ရတဲ့အချိန်လေးတွေက ကိုယ့်စိတ်တွေ ပျော်ရွှင်



www.burmeseclassic.com

လာရတယ်။ မင်းကြောင့်ပဲ ကိုယ် စိတ်ညစ်ခဲ့ရသလို မင်းကို စနောက် ရင်း ကိုယ် ပျော်ရွှင်တက်ကြွလာရတယ်၊ မင်း ဒေါသတကြီးနဲ့ ရ ထောင်နေတတ်တဲ့ နှုတ်ခမ်း စူစူတင်းတင်းလေးကို ကိုယ် အရမ်းမြတ် နိုးမိနေလို့ပဲ။ သူ့မျက်ဝန်းတွေကလည်း ဖူးဖူးစင်ရဲ့ မျက်ဝန်းမာထန်ထ လေးကို ထိုးဖောက်ဝင်ရောက်မတတ်ပဲ ရင်ဆိုင်ကြည့်မိသည်။

"ဖူးဖူးစင် ပြင်လေ၊ ကိုယ် စောင့်နေမယ်၊ ကုမ္ပဏီမှာ အရေ ပေါ်အလုပ်တွေ ရှုပ်နေလို့လေ"

"စင် လာခဲ့ပါ့မယ် သူဌေး၊ ဖေဖေ့အတွက် စားသောက်စ လေးတွေ ပြင်ဆင်ပေးပြီးရင် လာမှာပါ"

"ကိုယ် စောင့်နေပါ့မယ် ဖူးဖူးစင်၊ လုပ်ပါ၊ အန်ကယ့်ကိုလည် ကျန်းမာရေးအခြေအနေ မေးမြန်းချင်လို့၊ လုပ်ပါ အားမနာပ အေးအေးဆေးဆေးပဲ ပြင်ပါ"

"ဟုတ်သားပဲကွယ် ပြင်လိုက်တော့၊ ကုမ္ပဏီကိစ္စတွေက အရေ ကြီးပါတယ်၊ သမီး လိုက်သွားပါကွယ်"

ဖေဖေ့အတွက် စားသောက်စရာတွေ အပြည့်ယူလာပေး သည်။ စွဲညီညာ နေ့ဥစ္စာနဲ့ ကျွန်မကို ဖိနှိပ်လွှမ်းမိုးဖို့ ကြိုးစားနေ လား၊ မပတ်သက်ချင်ပါဘူးဆိုမှ သူမ စိတ်မပါဘဲ ပြင်ဆင်နေရသည် ဒီလူ သက်သက် ဖေဖေ့ရှေ့မှာ လာခေါ်တာပါ၊ ရှင်က ဒေါ်သစ္စာမြ





ရဲ့သားပါလို့ပြောလိုက်ရင် စင့်ဖေဖေက ရှင့်ကို မောင်းထုတ်ပစ်လိုက်မှာ စင် လည်း ပြောမထွက်။ အမှန်တွေ ထုတ်ဖော်ပြောဆိုဖို့ စင် ဝန်လေး နေသည်။ စင် ဘာလုပ်ချင်တာလဲ၊ ဒေါ်သစ္စာမြိုင်ကို အလဲထိုးဖို့အတွက် စွဲညီညာကို ဓားစာခံအဖြစ် သတ်မှတ်လိုက်သည်နှင့်အမျှ စွဲညီညာရဲ့ ပြန်လည်တုံ့ပြန်ချက်ကလည်း ကြောက်စရာကောင်းနေတတ်ပြန်၏။ စိတ်ပျက်လိုက်တာ သူမ စိတ်မပါဘဲ ရုံးသွားဖို့ ပြင်ဆင်နေမိသည်။

"သွားလို့ရပါပြီ ကိုစွဲညီညာ"

"အန်ကယ် သွားခွင့်ပြုပါဦး"

"အေးကွယ်"

"ဖေဖေ တစ်ခုခုဖြစ်ရင် မီးအိမ်လေးကို ပြောနော်"

"ဖေဖေ နေကောင်းနေပါပြီ သမီးရယ် စိတ်မပူနဲ့၊ သမီး လုပ် စရာရှိတာပဲ လုပ်ပါ၊ ကိုယ် ထမ်းဆောင်ရမယ့်တာဝန်ကို ကျေပွန်စေ ချင်တယ်"

ဖေဖေက အစွမ်းအစရှိတဲ့ သမီးအနာဂတ်အတွက် မပျက်စီး စေချင်တဲ့ဆန္ဒတွေ ပြင်းပြနေသည်။ သမီး ပတ်သက်ဆက်ဆံနေတာက ဖေဖေ့ကို မြူဆွယ်ဖြားယောင်းပြီး စွန့်ပစ်ထားခဲ့တဲ့ ဒေါ်သစ္စာမြိုင်ရဲ့သား ပါ။ သူနှင့် လိုက်လာခဲ့သည်။

"မင်း မလာလို့ ကိုယ် မနေတတ်တော့ဘူး ထင်တယ်၊ အလုပ်



www.burmeseclassic.com

ကတော့ မထွက်ပါနဲ့ ဖူးဖူးစင်”

“ကျွန်မ ရှင်နဲ့ မပတ်သက်ချင်တော့ဘူး စွဲညီညာ၊ ကျေးဇူးပြုပြီး ကျွန်မတို့အိမ်ကို မလာပါနဲ့၊ ရှင့်လို လူယုတ်မာတစ်ယောက်ကို ဆက်ပြီး မတွေ့ချင်ဘူး။ အခု ကျွန်မ အလုပ်ထွက်ပြီ၊ လောလောဆယ် ဖေဖေ နေမကောင်းသေးလို့”

“စင်”

“ကျွန်မနာမည် ဖူးဖူးစင်ပါ”

“စင်ပဲကွာ”

“ကားရပ်ပေးပါ”

“မပေးဘူး”

“ကျွန်မ ရှင့်ကုမ္ပဏီမှာ အလုပ် မလုပ်တော့ဘူးလို့ ပြောပြီးပြီပဲ”

“မင်း B၀၀ က ထိုးတယ်လေ၊ သုံးနှစ်အတွင်း အလုပ်မထွက်ပါဘူးလို့ ပေးရမယ့်လျော်ကြေးက သိန်းသုံးဆယ်လေ”

“ရှင်”

“မင်း အလုပ်က ထွက်ချင်ရင် လျော်ကြေး သိန်းသုံးဆယ်ပေးရမယ်”

“ရှင့်အမေက ကျွန်မ အလုပ်ဝင်တာကို နှစ်မှမနှစ်သက်ပဲ၊





ထုတ်ပစ်ခိုင်းနေတာပဲ”

“ကိုယ့်သဘောပါ”

“ရှင် တမင်သက်သက် ကျွန်မကို အနိုင်ကျင့်တာပဲ”

“မင်းပဲ စခဲ့တာလေ၊ ကိုယ်က စိန်ခေါ်ရင်တော့ ထိပ်ပေါ်အထိ လိုက်ပြီး ယှဉ်ပြိုင်ရမှာ ကျေနပ်တာကွ”

ဖူးဖူးစင်ရဲ့မျက်နှာလေး ရှုပုတ်တင်းမာပြီး မကျေမနပ်ဖြစ်နေတာလေးကပင် ကြည့်၍ကောင်းသည်ဟု သူ ထင်မိသည်။ မင်းပဲ စခဲ့တာပါ ဖူးဖူးစင်။ ကိုယ့်စိတ်တွေ ဘယ်လောက်အထိ သောကတွေရောက်ခဲ့ရလဲ၊ ကိုယ့်ရဲ့ပျော်ရွှင်ချမ်းမြေ့ဖွယ် မွေးနေ့မှာ မင်း ကျိန်စာတိုက်ခဲ့တာရော မင်းလုပ်ရက်တွေက မှန်တယ်လို့ထင်လား။ ကိုယ် မတရားမလုပ်တတ်ဘူး။ ဒါပေမဲ့ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကိုတော့ ကိုယ်ချစ်နေတာလား မုန်းနေတာလား၊ နှုတ်ခမ်းစူစူလေးကို စိုက်ကြည့်ပစ်လိုက်သည်။

“မင်းကိုယ်တိုင် ကိုယ့်ကို ချစ်တယ်လို့ အဖြေပေးထားပြီးသားလေ ဖူးဖူးစင်”

“ရှင် သိပ်ပြီး အတင့်ရဲမနေပါနဲ့နော်၊ ကျွန်မ အခုချက်ချင်း သက်ဆိုင်ရာကို တိုင်တန်းလို့ရတယ်၊ ရှင့်ဂုဏ်သိက္ခာတွေ အဖတ်ဆယ်လို့မရအောင် ဖြစ်သွားမယ်”

www.burmeseclassic.com



"တိုင်လေ ကိုယ်က ရဲစခန်းအထိ ကားမောင်းပို့ပေးရမလား။ နာမည်ပျက် လုံးဝမရှိဘဲ တည်ကြည်တဲ့ ကိုယ့်လို လုပ်ငန်းရှင်သူဌေး ကို မင်း ဖြားယောင်းသွေးဆောင်ခဲ့တယ်လို့ပြောဖို့ ကိုယ့်မှာ အထောက် အထား ခိုင်ခိုင်မာမာ ရှိတယ်လေ"

"ဘာရှင့်"

"ကိုယ့်မွေးနေ့ပွဲမှာ မင်းပဲ အမှတ်တရလုပ်ခဲ့တာ၊ ကိုယ့် သူငယ်ချင်းတွေရော ဗွီဒီယိုမှတ်တမ်းတွေပါ ရှိနေတာပဲ"

စင် ဘယ်လို လုပ်ရမလဲ၊ ဒီလူရဲ့ထောင်ချောက်ညွှတ်ကွင်းထဲ စင် လှလှပပလေး တိုးဝင်နေခဲ့သည်။ မီးအိမ်လေးပြောသလို အလိုက် အထိုက်ကြည့်ကပြီး ဒေါ်သစ္စာမြိုင်ကို လက်စားချေပစ်လိုက်ရမလား။ သူ့ကို ကြောက်ရတယ်။ စင့်ကို စော်ကားဖျက်ဆီးပစ်ဖို့ပဲ ကြံစည်နေတာ ပဲ ဖြစ်သည်။

"ဘယ်လိုလဲ ဖူးဖူးစင်"

"ဒီမှာ"

"ဟင်..."

"ရှင်က ကျွန်မကို တကယ်ပဲ ချစ်တယ်ပေါ့လေ"

"ဟား... ဟား... ဟား"

ချစ်တယ်ဆိုတဲ့စကားကိုပြောဖို့ သူ တုန့်ဆိုင်းသွားရသည်။





မာမီက သူ ရွေးချယ်တဲ့ မိန်းကလေးကိုပဲ လက်ထပ်ရမည်ဟု ပြော သွားခဲ့၏။ ဖူးဖူးစင်ရဲ့ဘဝလေးကို တကယ်တမ်းကျတော့ သူ ဖျက်ဆီး ချေမွပစ်ရန် ဆန္ဒမရှိပေ။ တစ်နှစ်အတွင်း ကိုယ် ဘယ်လိုမိန်းကလေး ကိုမှ ချစ်သူအဖြစ် ရွေးချယ်ပိုင်ဆိုင်ခွင့် မရှိဘူးလေ။ မာမီ့ဆီမှာ ကတိ ပေးထားပြီးပြီ။ မာမီက သူ့ဆန္ဒကို လိုက်လျောဖြည့်စွမ်းပေးဖို့ တောင်း ဆိုခဲ့ပေမယ့် ကိုယ့်အခွင့်အရေးအတွက် တစ်နှစ်လောက်ပဲ ဝိတ်ဆွဲ တားဆီးထားခဲ့တာပါ။ ဖူးဖူးစင်ရဲ့ နှုတ်ခမ်းလေးက ပိုရှုံ့ထော်သွားရသည်။

"ရှင် ဘာရယ်နေတာလဲ၊ ကျွန်မလို မိန်းကလေးတစ်ယောက်ကို ရှင် ဘယ်တော့မှ ချစ်မှာမဟုတ်တဲ့အပြင် လက်ထပ်ယူဖို့ဆိုတာ ဝေလာဝေးပဲ၊ ရှင်က ကျွန်မဘဝကို ဖျက်ဆီးပစ်ချင်တာ မဟုတ်လား၊ ဒါပေမဲ့ ရှင့်မာမီ သိသွားရင်လည်း ကျွန်မကို အလုပ်ကနေ ထုတ်ပစ် လို့ရမယ် မထင်နဲ့နော်၊ အခု ကျွန်မဆန္ဒနဲ့ အလုပ်ထွက်တာ"

"လောလောဆယ်တော့ မင်း အလုပ်ထွက်ဖို့မှ မလိုသေးတာပဲ ဖူးဖူးစင်"

"ကောင်းပြီလေ ကျွန်မ အလုပ်မထွက်ဘူး၊ သံသရာကြွေးဆို ဘာတော့ ပေးဆပ်ရမှာပဲလေ၊ လောကကြီးထဲမှာ မဖြစ်မနေ ပေးဆပ် ရမယ့် အကြွေးက သံသရာအကြွေးပဲ"

စင် နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကာပိတ်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်သစ္စာမြိုင်ရဲ့အကြွေးကို ရှင်ပဲပေးဆပ်ဖို့ပြင်ထားပါ၊ စွဲညီး... ရှင်ရော ရှင့်အမေရော ကြီးကျယ်ခမ်းနားနေမှုတွေကို ကျွန်မ ရိုက်ချိုး... ဖျက်ဆီးပစ်ရမယ်။ ဒါက တရားမျှတတဲ့ စိန်ခေါ်မှုပါပဲ။ ရှင်နဲ့ကျွန်... ပတ်သက်မှုကို ကျွန်မဘက်က စတင်ခဲ့တာပဲ။ အဲဒီအဆုံးသတ်... ရှင့်အမေ ဒေါ်သစ္စာမြိုင်နဲ့ ရှင်ရဲ့ကျဆုံးခန်းပဲလို့ မှတ်လိုက်ပါ ဖူးဖူး... သူ့ကားလေးပေါ်မှာ ငြိမ်ငြိမ်လေး လိုက်လာခဲ့သည်။

❐





## အခန်း (၁၃)

"ဘာပြောတယ် ဖူးဖူးစင်ကို သားက လက်ထပ်ခွင့်တောင်း ...းတယ် ဟုတ်လား မျူး။ ဖြစ်နိုင်ပါ့မလားကွယ် အနတ္တိသားက ...င်ကိုပေးထားတဲ့ ကတိကို ဖျက်ပစ်မယ့်လူစားမျိုး မဟုတ်ဘူး"

မျူးသခင်ရဲ့စကားကို ဒေါ်သစ္စာမြိုင် မယုံကြည်နိုင်အောင် ဖြစ် ...သည်။ သို့သော်လည်း ဖူးဖူးစင်က ချောမောလွန်းတဲ့ မိန်းကလေး ... မိပိတောင် ဖူးဖူးစင်ရဲ့အလှကို ရုတ်တရက် မျောက်ဖျက်ပစ်လို့မရ ...ပေ။ စွဲမက်ဖွယ် အလှတွေ ပိုင်ဆိုင်ထားတဲ့ ကောင်မလေးဆိုတော့ ...းက စွဲလန်းချင်လည်း စွဲလန်းသွားနိုင်တာပါပဲ။ လက်ထပ်ဖို့အထိ ...တောင်းဆိုတယ်ဆိုတော့လည်း ဒေါ်သစ္စာမြိုင် အံ့ဩတုန်လှုပ်သွားရ ...ည်။ သားရဲ့အခွင့်အရေးတစ်ခုကို တားဆီးပိတ်ပင်ထားခဲ့တာ နှစ် ...ကြာပြီပဲ။ နောက်ဆုံး အချိန်လေးပေးဖို့ ကတိတောင်းဆိုထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သားက ထိုကတိကို ဖျက်ပစ်လိုက်ပြီလား။ မဖြစ်သေးဘူး ဒေါ်သစ္စာမြိုင် လက်မခံနိုင်ဘူး။ မိမိ ရှာဖွေနေတဲ့ ချွေးမလောင်းက သတင်းအစအနရနေပြီပဲ။ တားဆီးရမယ်၊ မိမိ လုပ်ပေးနိုင်တဲ့အခြေအနေ ကို မလွှဲမသွေ လုပ်ဆောင်ပေးဖို့ ဆုံးဖြတ်ထားသည်။

"ပြန်ပြောစမ်း မှူး၊ ကောင်မလေးက ပြောတာလား။ မဖြစ်နိုင် တာပဲ အန်တီ လက်မခံနိုင်ဘူး။ တားဆီးရမယ်"

သားက မိခင်စကားကို ဆန့်ကျင်ပြီးတော့ ကောင်မလေးအပေါ် စွဲလမ်းနှစ်သက်နေပြီလား။ တည်ကြည်ခန့်ညားပြီး လိမ္မာလွန်းတဲ့သားက မိခင်ဆန္ဒတွေပေးထားတဲ့ ကတိတွေကိုတောင် မေ့ပစ်လိုက်ပြီလား။ ဒေါ်သတွေလည်း ပေါက်ကွဲချင်လာရသည်။ ဖူးဖူးစင်ဆိုတဲ့ ကောင်မ လေးက ပိုင်းလုံးလေးလား၊ အမယ်လေး... ဆက်တောင် မတွေးရဲတော့ ဘူး။ ဒီလို ကောင်မလေးမျိုးက ဒီလိုအကျင့်စရိုက်တွေ ရှိနေနိုင်တာပဲ ဒေါ်သစ္စာမြိုင် ဆောက်တည်ရာမရအောင် တုန်လှုပ်လာသည်။

"ဒီလို ကောင်မလေးရဲ့ မာယာညွှတ်ကွင်းထဲ စွဲညိုညာ တိုး ဝင်မိတာ၊ အသိုင်းအဝိုင်းကြားထဲမှာ ဂုဏ်သိက္ခာကျဆင်းစရာအဖြစ် တွေနဲ့ ရင်ဆိုင်ရမလဲ၊ အန်တီသစ္စာရဲ့ ဂုဏ်သိက္ခာတွေ"

မိမိ ဂုဏ်သိက္ခာတွေက အရေးမကြီးပါဘူး။ အရင်က သစ္စာ မြိုင်မှ မဟုတ်တော့တာပဲ။ နောင်တတွေနဲ့ ဘဝမှန်ကို သိနားလည်





သစ္စာမြိုင်ဖြစ်နေပြီ။ ကိုခန့်နောင်ကို တွေ့ချင်တယ်၊ ရှင် ဘယ်မှာလဲ ဘာတွေ ဖြစ်နေပြီလဲ၊ သစ္စာမြိုင်ကို မုန်းတီးရွံရှာနေပြီလားဟင်၊ ကျွန်မ ချွေးမလောင်းအဖြစ် ရှာဖွေနေတာက ကိုခန့်နောင်ရဲ့သမီးလေးပါ။ နောင်တတွေ ရင်မှာပိုက်ပြီး သစ္စာမြိုင် အပူမီးတွေ လောင်မြိုက်ကာ နေခဲ့ရတာ ကြာနေပါပြီ။ သစ္စာ မိုက်မိခဲ့ပါတယ်။ သစ္စာရဲ့လုပ်ရပ်ကို ပြန်တွေးကြည့်ရင် အရမ်းပဲ အရှက်ရနေခဲ့ပါတယ်။ ကိုခန့်နောင် ဘယ် မှာလဲဟင်၊ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်ပြီး ဆင်းရဲနွမ်းပါးနေရတဲ့ ကိုခန့်နောင်ရဲ့သမီးလေးရော သစ္စာ နောက်ဆုံး ပေးဆပ်သွားချင်ပါ တယ်။ ကိုခန့်နောင်ရဲ့သမီးလေးကို သစ္စာရဲ့သားနဲ့ လက်ထပ်ပေးခဲ့ချင် ပါတယ်။ ဒေါ်သစ္စာမြိုင် ချွေးမလောင်းကို ရှာနေသည်။ အသင်းက အတိအကျ မရသေးပေ။ ရပ်ကွက်လေးတစ်ခုမှာ ဆင်းရဲနွမ်းပါးနိမ့် ကျတဲ့ဘဝမှာ နေရတာတဲ့။ သားရဲ့လုပ်ရပ်အတွက် မိမိ တားဆီးပစ် ရမည်ဖြစ်သည်။

"ညီညာက ဖူးဖူးစင်ကို တော်တော်လေး အရူးအမူး စွဲလမ်း နေတာပဲ အန်တီ၊ ကောင်မလေးကို သီးသန့်အခန်းထဲမှာ ထားတာပဲ ကြည့်လေ"

"ကျေးဇူးပဲ မှူးသခင် အန်တီ တာဆီးရမယ်"

"အန်တီသစ္စာက တော်ရုံတန်ရုံ မိန်းကလေးမပြောနဲ့ ဂုဏ်ညီးစိမ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတွေနဲ့ပြည့်စုံပြီး ပညာတတ် မိန်းကလေးတွေကိုတောင် ရွေး... အဖြစ် မရွေးချယ်ခဲ့ဘူးလေ၊ တော်ကြာ ညီညာ ဘာမဟုတ်... ကောင်မလေးနဲ့လက်ထပ်ပြီး ဘဝနစ်မွန်းသွားမှာ စိုးရိမ်လို့ပါနော်"

မှူးသခင်အသံနှင့် စကားလုံးတွေက မိမိအား ရှိသဲ့သဲ့ စကား... တွေဆိုတာ သိသည်။ ဘယ်သူတွေ ဘာပဲထင်ထင် မိမိရဲ့အတွေးအခေါ်... အယူအဆတွေ ပြောင်းလဲလာခဲ့တာ ကြာပါပြီ။ အရေးကြီးတာက မိ... အလုပ်ချင်ဆုံးအလုပ်အား မလုပ်လိုက်ရမှာဘဲ စိုးရိမ်ပူပန်လာသည်... ဖူးဖူးစင် ညည်းကိုတော့ ကျုပ်က မတူမတန်ဘူးဆိုပြီး အဆင့်အတန်း... ခွဲခြားနေတာတော့ မဟုတ်ပါဘူးအေ၊ ကျုပ်သားရဲ့ ဇနီးမယားအဖြစ်... အသင့်တော်ဆုံး မိန်းကလေးတစ်ယောက် ရှိနေလို့ပါအေ။ ဒေါ်သစ္စာမြိုင်... ကိုယ်တိုင်ကားမောင်းပြီး သားရဲ့ကုမ္ပဏီကို ထွက်လာခဲ့သည်။ ကုမ္ပဏီ... မှာ သား မရှိပေ။ ဖူးဖူးစင် အခန်းထဲ တန်းဝင်လာခဲ့၏။ ဒေါ်သစ္စာမြိုင် ကိုမြင်တော့ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးက မတ်တတ်လေးရပ်၍ ဆီးကြိုသည်။

"ဝင်ပါ မာမီကြီး။ သူဌေးတော့ မရှိပါဘူး၊ လုပ်ငန်းကိစ္စ... အပြင်သွားပါတယ်"

"ငါ့သားဆီ လာခဲ့တာမဟုတ်ဘူး ကလေးမ၊ သား မရှိဘူးဆို... တော့ ပိုပြီး ကောင်းတယ်လေ"





"ရှင်..."

"ထိုင်မယ်နော်"

"ဟုတ်"

ဖူးဖူးစင် ရယ်ချင်သွားရသည်။ သူဌေးက စင့်အား လက်ထပ် ...ကောင်းကြောင်း ဖွင့်လိုက်သဖြင့် ဒေါ်သစ္စာမြိုင် ဒေါသတွေ ပေါက်ကွဲ ...ရောက်လာသည်။ ရယ်ချင်လိုက်တာ၊ ဘဝမေ့နေတဲ့ ဒေါ်သစ္စာ ...ဆိုတဲ့ မိန်းမကြီးနဲ့ စင် ရင်ဆိုင်တွေ့ရပြီပဲလေ။ စိတ်ဝင်စားဖို့ ...ကောင်းတဲ့ စိန်ခေါ်မှုပဲမဟုတ်လား။ ဖူးဖူးကတော့ ဒေါ်သစ္စာမြိုင်ကို ...ကြောက်ရွံ့အောက်ကျို့သည့် အမူအယာမရှိပေ။ ဒေါ်သစ္စာမြိုင်နဲ့စင်က ...တူတွေပဲဟာ၊ ဒေါ်သစ္စာမြိုင် ချမ်းသာတာတွေက မရိုးသားမှုတွေ ...ကောက်ကျစ်စဉ်းလဲမှုတွေ ပြည့်နှက်နေကြောင်း စင် အသိဆုံးဖြစ်သည်။

"ဖူးဖူးစင်"

"ဟုတ်ကဲ့ ပြောပါ"

"ညည်းလေးပုံစံကို ကြည့်ရတာ ရဲတင်းလွန်းနေတာပဲ၊ ဘာလဲ ...သား စွဲညီညာကို အပိုင်ချုပ်ကိုင်ထားနိုင်ပြီ ထင်တယ်"

"အဟက်..."

"ဘာ... ညည်းက ပမာမခန့်နဲ့ ကျုပ်စကားကို ပျက်ရယ်ပြု ...ယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



မမေက စင့်ကို ဗိုင်းကောင်းကျောက်ဖိ ယဉ်ကျေးသိမ်မွေ့ မိန်းကလေးတစ်ယောက်အဖြစ် သွန်သင်ဆုံးမကာ ကြီးပြင်းစေခဲ့သည် စင်လည်း လူကြီးတစ်ယောက်အပေါ် ရိုင်းရိုင်းပျပျ မဆက်ဆံချင် ဘူးလေ၊ ဒေါ်သစ္စာမြိုင်ဆိုတဲ့ မိန်းမကြီးက ဘဝမေ့ပြီး မောက်မာထော လွှား ကြီးကျယ်ခမ်းနားနေလို့ ရွံရှာမုန်းတီးနေမိသည်။ ဒေါ်သစ္စာမြို ဒေါသတွေပေါက်ကွဲပြီး တုန်တုန်လှုပ်လှုပ်ကြီး ဂနာမငြိမ်ဖြစ်နေတာ ပင် စင် ပျော်ရွှင်ပြီး ကျေနပ်လာရသည်။ ရှင်ကြီး ပြန်ပေးဆပ်ရမယ်လေ သံသရာကြွေးဆိုတာ မဆပ်လို့မရတဲ့ အကြွေးပဲ၊ ဒေါ်သစ္စာမြို ဒါကြောင့်လည်း လူ့လောကကြီးထဲမှာ အချိန်တန်လို့ ပြန်ဆုံကြတာလေ မထင်မှတ်တဲ့ တွေ့ဆုံမှုပါ။ ဒေါ်သစ္စာမြိုင်က မီးတောက်မတတ် မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်နေသည်။

"ညည်း... ညည်း ဘယ်လို ဟာမလဲ၊ ညည်းက ငါ့သား ချမ်းသာကြွယ်ဝတဲ့ ပညာတတ် ယောကျ်ားတစ်ယောက်ကို မြူဆွယ် ဖြားယောင်းပြီး အပိုင်ကိုင်နိုင်ပြီလို့ ထင်နေတာလား ဖူးဖူးစင်"

"မာမီကြီးသားက စင့်ကို စတင် တောင်းဆိုခဲ့တာပါ၊ လက်ထ ပါရစေတဲ့၊ စင့်ကို အရူးအမူး စွဲလမ်းချစ်ကြိုက်နေပြီတဲ့လေ"

"ညည်း... ညည်း မဖြစ်နိုင်တာပဲ၊ ငါ့သားက ငါ့စကား အမြဲ နားထောင်ခဲ့တာအေ့၊ ငါ ရွေးချယ်ပေးမယ့် မိန်းမကိုပဲလက်ထ





မှာ၊ ညည်းကိုယ်ညည်း သိပ်အထင်ကြီးမနေပါနဲ့၊ ညည်းက ဘာမို့လို့ ကျုပ်သားနဲ့ လက်ထပ်မယ်လို့ ကြွေးကြော်ပြီး မဏ္ဍပ်တိုင် တက်ပြ နေရတာလဲ"

"အမှန်တွေကို ပြောပြတာလေ၊ မာမီကြီးသားကိုယ်တိုင်က ကျွန်မ အလုပ်ထွက်မယ်ဆိုတာတောင် လက်မခံဘူး၊ ကျွန်မနေတဲ့ ရပ်ကွက်ထဲက တဲစုတ်လေးဆီ ရောက်လာပြီး ဖွင့်အတင်း လာခေါ် တာလေ၊ ပြီးတော့ ချစ်တယ်တဲ့၊ လက်ထပ်ပါရစေတဲ့လေ၊ အဲဒါပါပဲ"

ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးက မိမိအား မလေးမစားနှင့် မာမခန့် ပြောဆိုနေတာ ဒေါသဖြစ်လာရသည်။ ရိုင်းစိုင်းတဲ့ကောင်မ လေးပဲ။ သားကိုယ် ငယ်စဉ်လေးထဲက မိန်းကလေးတွေနဲ့ ကင်းရှင်း အောင်နေဖို့ စည်းကမ်းတင်းကြပ်ခဲ့တာ မိမိ အမှားပဲ။ အခုတော့ မိန်း ကလေး အတွေ့အထိမရှိတဲ့ သားရဲ့နှလုံးသားကို ဘာမဟုတ်တဲ့ ကောင်မလေးက ညို့ယူဖမ်းစားနိုင်ခဲ့သည်။ ဒေါ်သစ္စာမြိုင် လက်မခံ နိုင်ပါဘူး။ မိမိ အကြီးမားဆုံးဆန္ဒကို သား လိုက်နာရမယ်။ အနည်း ဆုံး တစ်နှစ်အတွင်းမှာတော့ ညည်းလေး ကျုပ်သားကို ပိုင်ဆိုင်ခွင့် ရလိမ့်မယ်လို့တော့ မထင်နဲ့နော်၊ မလေးမစားနှင့် အကြောက်အရွံ့ ကင်းမဲ့နေသော ဖူးဖူးစင်ကို မုန်းတီးစွာ ကြည့်ပစ်လိုက်သည်။

"ညည်းလို ကောင်မလေးမျိုးက တော်တော် အရှက်ကင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ဖူးဖူးစင်၊ အင်းလေ ကျုပ်သားက ညည်းအတွက် မက်မော စရာပဲ မဟုတ်လား၊ ကျုပ် သတိထားမိသလောက်တော့ ညည်းက ပိုင်းလုံးမလေးပဲ"

"အဟဲ... ဟွန်း... ဟွန်း... အဟွန်း... ဒေါ်သစ္စာမြိုင်က ကိုယ့်စိတ်နဲ့နှိုင်းပြီး စွပ်စွဲ ပုတ်ခတ်လိုက်တာပါနော်"

"ဘာအေ့"

"ဩော်... စင့် နေရာမှာ ဒေါ်သစ္စာမြိုင်ဆိုရင် သူဌေးသားတစ် ယောက်ကို စိတ်ဝင်စားလာအောင် R တွေလုပ်ပြပြီး ဖြားယောင်းသွေး ဆောင် အပိုင်ချုပ်မယ်ဆိုတဲ့ အတွေးထင်တယ်"

"ညည်း... ညည်း"

ဖူးဖူးစင်ရဲ့စကားကြောင့် ဒေါ်သစ္စာမြိုင် အထိတ်တလန့်နှင့် ခန္ဓာကိုယ်မှာ လည်ပတ်စီးဆင်းနေတဲ့ သွေးတွေ ပူလောင်သွားရကာ ရှက်သွားရသည်။ ဖူးဖူးစင် ဘာသဘောနဲ့ ပြောတာလဲ။ မိမိအကြောင်း တွေ သိနေခဲ့လို့လား။ ဖူးဖူးစင်နှင့်ရင်ဆိုင်ရမှာ မျက်နှာထူပူသွားပြီ ဖူးဖူးစင်က ရဲတင်းလွန်းသည်။ သားနဲ့လက်ထပ်ဖို့ သဘောမတူနိုင်ဘူး ဒီလို ရိုင်းပြတဲ့ ဟာမလေးမျိုး မိမိ ဘယ်လိုနည်းနဲ့မှ ချွေးမအဖြစ် လက်မခံနိုင်ဘူး၊ အကြည့်တွေက မာထန်နေသည်။

"ကိုယ့်စိတ်နဲ့နှိုင်းရင်တော့ မရိုင်းပါဘူး မာမီကြီးရယ်၊ ကျွန်မလို





ချောမောအိစက် နုထွတ်နေတဲ့ မိန်းကလေးကို မာမီကြီးသားက ဘာသားနဲ့ထုထားလို့ မတိမ်းညွှတ် မယိမ်းမယိုင်ဘဲနေနိုင်မှာတဲ့"

"ညည်း ငါ့ကို မာမီကြီးလို့ မခေါ်နဲ့၊ ညည်းလို မိန်းကလေးမျိုး ကို ကျုပ်သားနဲ့ သဘောမတူနိုင်ဘူး၊ ညည်း အလုပ်ကနေ ထွက်တော့၊ ဒီကုမ္ပဏီက ကျုပ်ပိုင်တာပဲ၊ ကျုပ်သားက ညည်းကို စွဲလမ်းတပ်မက် နေရင်လည်း ကျုပ်သားကို သားအဖြစ်က စွန့်လွှတ်မယ်၊ အမွေဖြတ် မယ်၊ သည်း လိုချင်တဲ့ ငွေကြေးစည်းစိမ်ဥစ္စာတွေ ရမယ်ထင်မနေနဲ့နော်"

"စောင့်ကြည့်ရမှာပဲ မာမီကြီးရယ်၊ စကားကိုတော့ အကုန် မပြောစေချင်ပါဘူး၊ ချွေးမလောင်းကို မတူမတန်ဘူးဆိုပြီး မှိုချိုးမှျစ် ချိုးပြောဆိုပြီးမှ သားနဲ့ချွေးမအိမ် မီကပ်ရပ်နေရဦးမယ်၊ ဝဋ်ဆိုတာ လည်တတ်တယ်လေ၊ သံသရာကြွေးဆိုတာ ဆပ်ကိုဆပ်ရတဲ့ အကြွေးပဲ"

"တော်စမ်း နင့်ကိုယ်နင် အထင်ကြီးမနေနဲ့ ဖူးဖူးစင်၊ ညည်း မျှော်မှန်းသလို ဖြစ်လာမှာ မဟုတ်ဘူး၊ ညည်း မနက်ဖြန်ကစပြီး ကုမ္ပဏီကို လာစရာမလိုတော့ဘူး၊ ကျုပ်သားကတော့ သူ့သဘော နေမှာပဲလေ၊ ညည်းလို ကောင်မလေးမျိုးကို ကျုပ် ဘယ်တော့မှ ချွေးမ အဖြစ် လက်မခံနိုင်ဘူး မတန်လို့လေ"

ဒေါ်သစ္စာမြိုင်က ပြောပြီးထွက်သွားတော့ စင် တော်တော်လေး စိတ်မချမ်းသာနှင့် မကျေမနပ် ကျန်ရစ်ခဲ့ရသည်။ မတန်လို့တဲ့၊ စင့်



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါ်သဖြစ်ရ၏။ ပိုင်းလုံးမကြီးက ဒေါ်သစ္စာမြိုင်ပဲ။ ကိုယ့်စိတ်နဲ့နှိုင်းသွားတာလေ၊ ဒေါ်သစ္စာမြိုင်ရဲ့သားကို ရော ဖူးဖူးစင်က လက်ထပ်ယူမယ်ထင်လို့လား။ ဝေးသေးတယ် ဖူးဖူးစင် အရွှံအမုန်းဆုံးလူတွေက ဒေါ်သစ္စာမြိုင်တို့သားအမိပဲလေ။ သားအမိနှစ်ယောက်လုံး ယုတ်မာပက်စက်ကြတယ်၊ ကိုယ်ချင်းမစာနာ စော်ကားနေကြတယ်၊ ဒေါ်သစ္စာမြိုင်က ဘာမို့လို့လဲ၊ အတိတ်က ဒေါ်သစ္စာမြိုင်ရဲ့အကျင့်စရိုက်က အဆင့်အတန်းမရှိ ကောက်ကျစ်ယုတ် မာခဲ့တာပဲ။ အခုမှ သူဌေးမကြီးအဖြစ် ကြီးကျယ်နေတာလေ၊ ဖူးဖူးစင် ဒေါ်သတကြီး ပြောပစ်မိသည်။

❑



## အခန်း (၁၄)

"သား ညီညာ မင်း လက်ထောက်ကောင်မလေး ဖူးဖူးစင်ကို လက်ထပ်ခွင့် တောင်းထားတယ်ဆို"

"ဗျာ..."

"မာမီ့ကို ပြောတယ်၊ မင်းဘက်ကစပြီး ချစ်ပါတယ် လက်ထပ်ပါရစေလို့ တောင်းဆိုတာတဲ့"

"မာမီ"

"ပြော"

"မာမီ ပေးထားတဲ့ ကတိအတိုင်းပဲ တစ်နှစ်ကျော်လို့မှ သား အတွက် မာမီ စိတ်ကြိုက် သတို့သမီး မတွေ့ဘူးဆိုရင်တော့ ဖူးဖူးစင် ကို သား လက်ထပ်ပါရစေ"

"မဖြစ်နိုင်ပါဘူး သား၊ မာမီ လက်မခံဘူး။ ဒီကောင်မလေးက

www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ မာမ့်ကို စော်ကားတဲ့စကားတွေလေ၊ မာမီက နောက်ဆုံး မှုးသခင်ကိုပဲ လက်ထပ်ဖို့ ရွေးချယ်ရတော့မယ် သား"

"မဖြစ်နိုင်ဘူး မာမီ၊ မှုးသခင်ကို သားမချစ်ဘူး၊ လက်မထပ်ပါရစေနဲ့"

"သားပဲ မာမီ ရွေးချယ်ပေးတဲ့ မိန်းမကို လက်ထပ်မယ်ဆို"

"မာမီကိုယ်တိုင်က မှုးနဲ့ ကင်းရှင်းအောင် နေနိုင်ခဲ့တာပဲ၊ မှုးက သားရဲ့မိတ်ဆွေအဖြစ်ပဲ လက်ခံနိုင်တယ်"

ညီညာ ချစ်တာက ဖူးဖူးစင်လား၊ အနောက်အပြောင်သဘောနှင့် သူ့ကို ဒုက္ခပေးသော ကောင်မလေးအား တုံ့ပြန်၍ သူမ စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်ရင်း သူ စွဲလမ်းနှစ်သက်နေရသည်။ သူ ငြင်း၍မရ။ ဖူးဖူးစင်ကို ချစ်သူတစ်ယောက်အဖြစ် ချစ်မိနေ၏။ ဒီကောင်မလေးအား ညီညာ မချစ်မိစေဖို့ ကြိုးစားနေခဲ့တာပဲ။ မာမီနှင့် တစ်ခုခုတော့ ပတ်သက်နေနိုင်သည်။ ဖူးဖူးစင်ကလည်း သူ့ကိုရော မာမီ့ကိုရော မုန်းတီးနာကျည်းနေခဲ့တာပါ။ ဖူးဖူးစင် ပြဿနာရှာလို့ မာမီ့ကို တမင်ပြောလိုက်တာပဲ ဖြစ်သည်။

"ကောင်မလေးက သား စွဲလမ်းနှစ်သက်အောင် ချောမောလှပေမယ့် အခြောက်တိုက် မရှိသေးကြီး ဘဝမြင့်နေတာလို့ မာမီ ထင်တယ်၊ ရိုင်းတယ် သားရယ်၊ မာမီ ဘယ်လိုမှ ချွေးမအဖြစ် စဉ်းစား





လို့မရဘူး။ လက်မခံနိုင်ဘူးနော်၊ ဒီကောင်မလေးကို မာမီ အလုပ်ကနေ ထုတ်ပစ်လိုက်ပြီ"

"ဗျာ…"

"မနက်ဖြန်ကစပြီး မင်း အလုပ်ဆင်းစရာမလိုတော့ဘူးလို့ ပြောခဲ့တယ်"

"မာမီ သူ့နဲ့က စာချုပ်ရှိတယ်လေ၊ သုံးနှစ်အတွင်း အလုပ်ထွက်ခွင့်မရှိဘူးလို့"

"ဘာဖြစ်လဲ ကုမ္ပဏီကမှ မကြိုက်တာ၊ လျော်ကြေးပေးလိုက်၊ ဒီကောင်မလေးမျိုးက ငွေပဲမက်မှာပါ၊ ထိုက်ထိုက်တန်တန် ဒင်း ကျေနပ်အောင် ပေးလိုက်ပါ"

"ဖူးဖူးစင်ကို အလုပ်ထုတ်လို့တော့ မဖြစ်ပါဘူး၊ မာမီ၊ အလုပ်သမား အခွင့်အရေးကလည်း ရှိနေပါတယ်"

"မင်းကို မာမီ ပြောပြီးပြီပဲ၊ ကျေနပ်လောက်တဲ့ လျော်ကြေး ပေးလိုက်ပါလို့၊ မာမီ ရှာနေတဲ့ ချွေးမလောင်းကို တွေ့ချင်တွေ့၊ တွေ့ရင် မင်း လက်ထပ်ရမှာ မှုးသခင်ပဲ"

"မာမီဆန္ဒအတိုင်း၊ သား အချိန်တွေ စောင့်ပေးခဲ့တာပဲ မာမီ၊ နောက်ထပ် တစ်နှစ်အထိ ထပ်ပြီး စောင့်ပေးပါ့မယ်၊ ဖူးဖူးစင်ကိုတော့ အလုပ်ကနေ မထွက်ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး မာမို့ အမိန့်ပဲ၊ မင်းကို မာမီ အခွင့်အရေးပေးပါတယ်၊ ဖူးဖူးစင်နဲ့ လက်ထပ်မယ်ဆိုရင်တော့ မာမို့သားအဖြစ်ကနေ စွန့်လွှတ်ရလိမ့်မယ်"

ဒေါ်သစ္စာမြိုင် ပြတ်ပြတ်သားသားပြောပြီး ထွက်လာခဲ့သည်။ ဖူးဖူးစင် ညည်းက ဘယ်လိုကောင်မလေးမျိုးလဲ၊ ကျုပ်ကို ခံပက်ရဲတာ ကြောက်စရာကောင်းလိုက်တာ။ ကျုပ်ရဲ့ချွေးမ ဘယ်တော့မှ မဖြစ်စေရဘူး။ လိမ္မာယဉ်ကျေးတဲ့ သား စွဲညီညာကို ဘယ်လို စည်းရုံးသိမ်းသွင်းတာလဲ။ ကိုယ့်စိတ်နဲ့ မနိုင်းပါနဲ့ဆိုတဲ့စကားက ဒေါ်သစ္စာမြိုင်ရဲ့ အားနည်းချက်ကို ကြီးစွာ ထိုးနှက်လိုက်ခြင်းဖြစ်သည်။

"ကိုယ့်စိတ်နဲ့ မနိူင်းပါနဲ့ မာမီကြီး"

ဖူးဖူးစင်ရဲ့အံသံတွေ မာထန်တဲ့အကြည့်တွေ မိမိကို ရန်သူသဖွယ် စူးနစ်နေသည်။ ဘုရားရေ... သားကိုများ တစ်စုံတစ်ရာအညီနဲ့ ဒီကောင်မလေးက ဒီကောင်မလေး ကိုခန့်နောင်ရဲ့ သမီးများလားမဖြစ်နိုင်ပါဘူး ကောင်မလေးရဲ့အဖေနာမည်က ဦးကျော်ဇောဖြူ၊ ဒါမှမဟုတ်လည်း ဆင်းရဲနွမ်းပါးသူဖြစ်လို့ မဟုတ်မခံ ဆတ်ဆတ်ကြဲမလေးများလား။ တော်တော်ရိုင်းတာပဲ၊ မိမိ ငယ်ဘဝကိုတွေးမိတိုင်း ဒေါ်သစ္စာမြိုင် အရှက်ရနေခဲ့ရသည်။ မတွေးချင်ပါဘူး၊ မိမိ ကိုယ်ကျင့်ထရားပျက်ပြားခဲ့ရတာတွေ သတိရမိတိုင်း စိတ်တွေချောက်ချားနေရသည်။





သား သိသွားမှာ အကြောက်ဆုံးပင်။ ဒေါ်သစ္စာမြိုင်ရဲ့အတွေးတွေကမေ့ပျောက်ပစ်နိုင်အောင် ကြိုးစားနေသည့်ကြားမှ အတိတ်ကအရိပ်တွေလွှင့်ပျံလာစေသည်။

"သမီး သစ္စာမြိုင် ညည်း အရွယ်နဲ့မမျှအောင် အလှအပတွေမက်မောမနေပါနဲ့၊ အမေတို့က ဆင်းရဲတယ်၊ အထက်ကိုပဲ မျှော်မှန်းနေတော့ အမေ စိတ်ပူလာတယ်အေ"

အမေ ဘာပဲပြောပြော သစ္စာမြိုင်ကတော့ ဆင်းရဲတဲ့ဘဝကြီးကိုကြိုက်နှစ်သက်ဘဲ ချမ်းသာချင်နေခဲ့သည်။ အလှအပတွေကိုမက်တဲ့ သစ္စာမြိုင်အတွက် ကြီးပွားချမ်းသာဖို့ဆိုရင် ဘယ်လိုနည်းနဲ့ပဲဖြစ်စေ ရှာဖွေချင်တဲ့စိတ်တွေ ပြင်းထန်နေခဲ့သည်။ အမေက မကြိုက်ပေ။ မှန်းသိက်တာ သစ္စာမြိုင်လို ချောမောလှပတဲ့ ကောင်မလေးက နန်းထိုက်သွဲ့ပန်းမကိုင်လေးဟုပဲ သူမကိုယ်သူမ သတ်မှတ်ထားခဲ့မိသည်။

"အဖေ သစ္စာ ဒီဘဝမျိုးမှာ မနေချင်ပါဘူး၊ တစ်နေ့ကျရင်လေ သစ္စာမြိုင် သူဌေး သူကြွယ်မကြီးတစ်ယောက်အဖြစ် ဂုဏ်ဒြပ်တွေ ခြင့်မားနေစေရမယ်"

"သစ္စာမြိုင် ခက်တာပဲ ကိုယ့်ကျင့်တရားပျက်ပြားစေမယ့် အလုပ်တွေကိုတော့ မလုပ်ပါနဲ့အေ"

"အမေကလည်း စည်းကမ်းတွေ၊ လူမှုရေးတွေ၊ အကျင့်စရိုက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တွေးတောကြောက်ရွံ့နေရင် ဘယ်တော့မှ ကြီးပွားချမ်းသာ မှာမဟုတ်ဘူးနော်"

"သစ္စာမြိုင်"

သစ္စာမြိုင် အလုတွေပြင်ပြီး သူငယ်ချင်းအပေါင်းအသင်းတွေနှ လည်ပတ်ရင်း ကိုခန့်နောင်ဆိုတဲ့ သူဌေးလေးတစ်ယောက်ကို ပစ်မှတ် အဖြစ် ထားလိုက်သည်။ သူဌေးတစ်ယောက်နဲ့လက်ထပ်မှ သစ္စာမြို မျှော်လင့်ထားသလို သူဌေးမကြီး ဖြစ်ရမှာပဲ၊ သူမ ရည်မှန်းချက်တွေ ပြည့်ဝဖို့အတွက် သစ္စာမြိုင် ဘာမဆိုလုပ်ပစ်မယ်။ သူမ အမေက လက်မခံပေ။ သစ္စာမြိုင်က နားမထောင်ဘဲ သူမ လုပ်ချင်ရာပဲ လု ပစ်ခဲ့သည်။

"ကိုခန့်နောင်အတွက် အမှတ်တရနော်"

သူဌေးလေး ကိုခန့်နောင်ရဲ့မွေးနေ့ပွဲတွင် သစ္စာမြိုင်က သူဌေးလေ ရဲ့ရင်ဘတ်မှာ အသည်းပုံရင်ထိုးလေးကို သူမကိုယ်တိုင် တယုတယ ချိတ်တွယ်ပေးခဲ့သည်။

"မင်း ဘယ်သူလဲ၊ ကိုယ့်အသိမိတ်ဆွေထဲမှာ မင်းတော့မပ ဘူး ထင်တယ်၊ ကိုယ် မဖိတ်ထားဘူးထင်တယ်"

ကိုခန့်နောင်ရဲ့မျက်ဝန်းတွေက တအံ့တဩနှင့် သစ္စာမြိုင်အာ ရုံးစိုက်စွာဖြင့် ကြည့်နေရာ သစ္စာမြိုင် ခန္ဓာကိုယ်လေး လှုပ်ခါရမ်းသွာ





အောင် ရယ်မောပစ်လိုက်သည်။

"သစ္စာနာမည်က သစ္စာမြိုင်ပါ၊ ကိုခန့်နောင်ကို လေးစားလို့ ာက်ရောက်ဂုဏ်ပြုပေးတာပါနော်၊ ကိုခန့်နောင်က သစ္စာကို မသိပေ ယ့် သစ္စာကတော့ ကိုခန့်နောင်ကို သိနေပါတယ်"

သစ္စာမြိုင်ရဲ့ ညို့မျက်ဝန်းလဲ့လဲ့လေးတွေနှင့် အပြုံးဆိုအီအီလေး ာကိုခန့်နောင်ကို ညို့ယူဖမ်းစားသွားနိုင်ခဲ့သည်။ သစ္စာမြိုင်ကို ဆက် ွယ်လာခဲ့၏။ နှစ်ယောက်သား ရင်းနှီးလွန်းသွားကာ ချစ်သူတွေ ာဆင့်ထက် ကျော်လွန်သွားကြသည်။ တိုက်တစ်လုံးဝယ်ပေး၏။ ားလည်း ဝယ်ပေးခဲ့သည်။ သူဌေးလေးရဲ့အချိန်တွေအားလုံး သစ္စာ ြိုင်ရဲ့ မူယာမာယာ ဖြားယောင်းသွေးဆောင်မှုတွေအောက်မှာ နစ်မြုပ် ုန်ဆုံးသွားရသည်။

"ညည်း ဘာတွေလုပ်နေတာလဲ သစ္စာမြိုင်၊ မသမာမှု၊ ဒီ ကောင်လေးနဲ့လက်ထပ်လေ"

သစ္စာမြိုင်အကြောင်း သိနေတဲ့ အမေက လက်မခံဘဲ ပြစ်ပြစ် ်နှစ် ဝေဖန်ပြောဆိုခဲ့သည်။ ကိုခန့်နောင်ကို သစ္စာမြိုင် လက်မထပ် ိုင်ပါ။ အခု သစ္စာမြိုင်နှင့် ထပ်ပြီး မိတ်ဆွေဖြစ်နေတာက ကိုခန့်နောင် ဆက် များစွာ စီးပွားရေးလုပ်ငန်းတွေ ပိုင်ဆိုင်ထားပြီး ချမ်းသာသော ူဌေးတစ်ယောက်ဖြစ်နေသည်။ တဖြည်းဖြည်းနှင့် ကိုခန့်နောင်ကို



www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ဖြတ်လိုက်သည်။

"သစ္စာ ကိုယ့်ကို အဲဒီလို မလုပ်ပါနဲ့၊ သစ္စာကို ကိုယ်က နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့တာပါ၊ ကိုယ့်ကို မထားခဲ့ပါနဲ့"

သစ္စာမြိုင်က အတ္တကြီးစွာ ကိုယ့်ဘဝရှေ့ရေးအတွက်ပဲ ကြည့်ခဲ့သည်။ ကိုခန့်နောင်ကိုထားခဲ့ပြီး တခြားသူနှင့် သစ္စာမြိုင်ဖြစ်ချင်တဲ့ ဆန္ဒတွေ ပြည့်ဝခဲ့သော်လည်း စိတ်ချမ်းသာ ပျော်ရွှင်မှုကမရှိခဲ့။ သားနဲ့ ဒက်ဒီက မိန်းကလေးတွေနှင့် ရှုပ်ပွေကာ သစ္စာမြိုင် စိတ်သောကရောက်ခဲ့ရသည်။

"မင်းက ငွေမက်တဲ့ မိန်းမပဲ၊ မင်းလိုချင်တာ ချမ်းသာကြွယ်ဝမှုတွေမဟုတ်လား၊ ကိုခန့်နောင်ကို ရက်ရက်စက်စက်စွန့်ပစ်ပြီး ကိုယ့်ကို လက်ထပ်ယူခဲ့တာပဲလေ၊ မင်းအတွက် စည်းစိမ်ဥစ္စာတွေ ရယူပိုင်ဆိုင်နေပြီပဲ၊ ကိုယ်က အစောကြီးထဲက ရှုပ်ရှုပ်ပွေပွေပဲ၊ မင်းတော် အဖမ်းကောင်းလို့ ကိုယ်က မလွှဲသာမရှောင်သာလို့ လက်ထပ်ခဲ့ရတာပဲ"

"ရှင်... ရှင်"

နောက်ဆုံး သူနှင့်ကွာရှင်းပြီး ရတဲ့ငွေကြေးဥစ္စာတွေနှင့် လုပ်ငန်းစတစ်ခု ထူထောင်သည်။ အဆုံးရှုံးတွေများခဲ့ပြီး သားဒက်ဒီနှင့် လက်ထပ်ခဲ့ရတော့မှ သစ္စာမြိုင်ရဲ့ဘဝ တည်ငြိမ်အေးချမ်းလာရကာ စီးပွားရေးလုပ်ငန်းတွေလည်း အောင်မြင်လာခဲ့ရသည်။





"ကိုခန့်နောင် အရမ်း ဒုက္ခရောက်နေပြီ၊ အရက်သမားကြီး ဘဝရောက်နေတယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း ပျက်ပြားကုန်တယ်၊ အခု သမီးလေးတစ်ယောက်နဲ့ ဆင်းဆင်းရဲရဲ နေထိုင်စားသောက်နေရှာတယ် သစ္စာမြိုင်ရယ်"

သစ္စာမြိုင်ကို ချစ်မြတ်နိုးလွန်းပြီး စည်းစိမ်ဥစ္စာတွေပုံပေးခဲ့သော ကိုခန့်နောင်အား သတိရ တမ်းတနေခဲ့ရသည်။ သူမ လုပ်ရပ်တွေအတွက် အရှက်ကြီးရှက်မိကာ အတိတ်ဖြစ်ရပ်တွေကို တွေးပင်မတွေးတော့ပေ။ အသည်းပုံရင်ထိုးလေးတွေကို မြင်တွေ့ရလျှင် အတိတ်က မိမိ လုပ်ရပ်အတွက် အရှက်ရစေကာ တုန်လှုပ်ချောက်ချားခဲ့ရ၏။ အထူးသဖြင့် သား သိသွားမှာကိုပါပဲ၊ သား ဒက်ဒီလည်း အတိတ်ဖြစ်ရပ်တွေကို မသိခဲ့၊ မိမိလုပ်ရပ်တွေက ကိုယ်ကျင့်တရားပျက်ပြားပြီး ရက်စရာကောင်းလွန်းနေသည်။ သစ္စာမြိုင် တစ်နေ့ထက်တစ်နေ့ နောင်တတွေရနေခဲ့ပြီး ကိုခန့်နောင်ကို ရှာနေခဲ့သည်။

"ကိုခန့်နောင် ကျွန်မ ရှင့်ကို အကြွေးပြန်ဆပ်ချင်ပါတယ်၊ ရှင် ဘယ်မှာလဲ၊ ရှင့်မှာ သမီးလေးတစ်ယောက် ရှိနေတယ်လို့ ကျွန်မ ကြားထားရတယ်၊ ဘယ်မှာလဲဟင် ကျွန်မ အချစ်ဆုံးသားနဲ့ လက်ထပ်ပေးပါစေ"

ဒေါ်သစ္စာမြိုင် ရှာဖွေနေတဲ့ ချွေးမလောင်းက ကိုခန့်နောင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးပဲ။ သားနှင့်လက်ထပ်ပေးချင်သည်။ ငယ်ရွယ်စဉ်က ဒေါ်သစ္စာ မြိုင် အတ္တကြီးပြီး ကိုယ်ကျင့်တရားပျက်ပြားတဲ့ အမူအကျင့်တွေနှင့် ချမ်းသာကြွယ်ဝမှုတွေ ရယူခဲ့ပေမယ့် သေသေချာချာ ပြန်စဉ်းစားကြည့် မိတော့ သူမ ချစ်တာက ကိုခန့်နောင်ပင်၊ သူမရဲ့ အချစ်ဦးပါ။ ကိုခန့် နောင်အကြောင်း တွေးမိတိုင်း ရှက်ရွံ့တုန်လှုပ်လာကာ ကြေကွဲထိခိုက် နေရသည်။

“ရှင် သစ္စာမြိုင်ကို မုန်းတီးရွံ့ရှာနေတာပါ၊ ရှင့်ဘဝကို ဖျက်ဆီး ချေမွတဲ့အထိ အကြံပက်စက်ခဲ့တဲ့ မိန်းမတစ်ယောက်ကို မေ့ပစ်လို့မ လို့ အရက်တွေ အလွန်အကျွံသောက်ခဲ့တာပဲ မဟုတ်လား၊ ရှင့်သမီး လေးရော ကျွန်မ ပြန်ပြီး အကြွေးဆပ်ပါရစေ”

ကိုခန့်နောင်တို့သားအဖကို မိမိ ရှာဖွေနေခဲ့ပေမယ့် သတင်း တွေပဲကြားရကာ အစအနပျောက်နေသည်။ ဟိုကောင်မလေး ဖူးဖူးစင် က သစ္စာမြိုင်ငယ်ငယ်ကနှင့် တူလွန်းနေ၏။ သားကို ဘဝဖျက်မယ့် ကောင်မလေးလား၊ မိမိရဲ့သံသရာကြွေးကို သားညီညာက ပေးဆပ်ရ တာမျိုး အဖြစ်မခံနိုင်ပေ။ ဒီကောင်မလေး ဖူးဖူးစင်က မိမိကို ဝဋ်လည် စေမည့် ကောင်မလေးလား။ မာမာကျောကျောနှင့် မရှိသေးကြ ကောင်မလေးမျိုးနဲ့ သားကို ဘဝတစ်လျှောက်လုံး လက်တွဲဖော်အဖြစ် အတူတူ မဖြတ်သန်းစေလိုပေ။ ဖူးဖူးစင်က အရမ်းလှတယ်။ မိ





ငယ်စဉ်က အရိပ်ကလေးလိုပါပဲ။ သားမှာ မဖြစ်မရှိပါဘူး။ မိမိကြောင့် ဝဋ်လည်စေတာမျိုး အဖြစ်မခံနိုင်ပါဘူး။ မဖြစ်ဘူး ကိုခန့်အောင် သမီး လေးကို ရှာရမယ်၊ ကျွန်မ ပြန်ဆပ်ပါစေ။ ကျွန်မကြောင့် စီးပွားပျက် ပြီး အရက်သမားကြီးဘဝနဲ့ ရှင် နိဂုံးချုပ်သွားမှာ အစိုးရိမ်ဆုံးပဲ။ ကို ခန့်နောင်တို့သားအဖကို ရှာဖွေဖို့ပဲ ဆုံးဖြတ်ထားပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဒေါ်သစ္စာမြိုင်က အလုပ်ကနေ ထွက်နိုင်းပေမယ့် ဖူးဖူးစင်က
တမင်ရှဲပြီး ကုမ္ပဏီကို လာခဲ့သည်။ ကုမ္ပဏီပိုင်ရှင်က စင့်မှာ ဘာ
ဖြစ်မှုမှ မကျူးလွန်ဘဲ ထုတ်လို့ရမလား။ သုံးနှစ် Boo က ထိုးထား
တာပဲ၊ ဒေါ်သစ္စာမြိုင်ရဲ့သားကိုလည်း စင်က လုံးဝ လက်ထပ်မှာမဟုတ်
ဖေဖေကလည်း ဝေးသေးတယ်။ ဖေဖေ အမုန်းတီး အနာကျည်းဆုံး
ဒေါ်သစ္စာမြိုင်ပဲ။ စင် ရှိနေရင် သူ့သားနှင့် နီးစပ်သွားမှာစိတ်ပူပြီး
ဒေါ်သစ္စာမြိုင် စိတ်သောကရောက်ရမှာပဲ။ စင် နဲ့ဘဝတူကို ကိုချင်း
စိတ် နည်းနည်းလေးမှမရှိတဲ့ ဒေါ်သစ္စာမြိုင်ပဲ။ စင် ကုမ္ပဏီကို ပြင်ဆင်
နေစဉ် စွဲညီညာဆိုတဲ့ ဒေါ်သစ္စာမြိုင်ရဲ့သားက ရောက်လာသည်။ ဖေဖေ
အတွက် လိုအပ်သောပစ္စည်းတွေဖြစ်ပေမယ့် သူ လာလာပေးနေတာ
ကို မနှစ်သက်မိပေ။ ဖေဖေကလည်း မောင်ရင်လာပို့ပေးတာ ကျေးဇူး





တင်ပေမယ့် နောက်ထပ် လာပို့မပေးဖို့ ပြောနေသည်။

"ဘာအကြောင်းအရာနဲ့မှမဟုတ်ပေမယ့် အန်ကယ်ကို ကျွန်တော် ခင်မင်လို့ပါ၊ အန်ကယ် အားပြတ်ပြီး ရောဂါဒဏ် မခံနိုင်မှာလည်း စိတ်ပူးတယ်၊ ဖူးဖူးစင်အတွက် အဖေဆိုတာ မားမားမတ်မတ် ရှိနေစေချင်လို့ပါ"

စွဲညီညာ စိတ်ထဲမှာ အန်ကယ်ဖြူနှင့်မာမီ တစ်စုံတစ်ရာ ပတ်သက်ဆက်ဆံနေလိမ့်မည်ဟု ထင်မိသည်။ ဘာဖြစ်လို့လည်းဆိုတော့ ဖူးဖူးစင်ရဲ့ လုပ်ရပ်ကြောင့်ပါပဲ။ မာမီက အသည်းပုံရင်ထိုးဖလော့နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ခံစားချက်ရှိထားကြောင်း သူ သတိထားမိနေသည်။ သူ့ကို မွေးသခင်က အသည်းပုံရင်ထိုးလေးတစ်ခုကို မာမို့ရှေ့မှာပေးခဲ့စဉ်က မထင်မှတ်ဘဲ မာမီ သတိလစ် မေ့မျောမတတ် ဖြစ်သွားခဲ့သည်။ သူ မေးတော့လည်း မဖြေခဲ့ပေ။ စိတ်ချောက်ချားစွာ သွေးဆုတ်ဖြူရော်လဲပြိုကျသွားမတတ် မာမို့အမူအရာတွေ ပျက်နေခဲ့တာကြောင့်ပဲ။ ဖူးဖူးစင်က မာမီနှင့်သူ့ကို တစ်စုံတစ်ခုသော အကြောင်းကိစ္စနဲ့ သိနေကြောင်းပင်။ ဆင်းရဲပေမယ့် စိတ်ထားရိုးသော အန်ကယ်ဖြူ့ကိုလည်း လေးစားသွားသည်။

"အန်ကယ်နဲ့ရော ဖူးဖူးစင်နဲ့ပါ ကျွန်တော် ဘယ်လို အကျိုး အမြတ်ကိုမှ မျှော်ကိုးပြီး ပတ်သက်ဆက်ဆံနေတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ကို ကျွန်တော့်စိတ်ထဲက လေးစားချစ်ခင်နေပါတယ်"

"ကျုပ်က မေင်ရင် အထင်ကြီးစရာ ဘာတစ်ခုမှ မရှိဘူးလေ၊ အရက်သမားကြီး ဆင်းရဲတဲ့လူ"

"အန်ကယ်ဖြူရယ်၊ မမြင်နိုင်တဲ့ အတိတ်ကဖြစ်ရပ်တွေ၊ ရေစက်တွေ တစ်ခုခုပဲ အန်ကယ်ဖြူ့ကို ကျွန်တော် ကူညီစောင့်ရှောက်ချင်နေတယ်"

"အန်ကယ့်သမီးလေး ဖူးဖူးစင်ကြောင့်တော့ မဖြစ်နိုင်ဘူးထင်တယ်နော်၊ အန်ကယ် အားတော့နာပါတယ်၊ ဒီအိမ်ကို မောင်ရင် ခဏခဏလာနေရင် ပတ်ဝန်းကျင်က အထင်သေးစရာ အမြင်စောင်းစရာဖြစ်လာနိုင်လို့ နောက်ထပ် မလာစေချင်ဘူးကွယ်"

သမီးလေး ဖူးဖူးစင်ကို စိတ်သောကတွေ မရောက်စေချင်ပေ၊ သူဌေးလေးက ဘာဖြစ်လို့ ဒီအိမ်လေးဆီ လာရတာလည်းဆိုတာ သမီးကြောင့်ပဲ ဖြစ်နေနိုင်သည်။ မဖြစ်နိုင်ဘူး၊ မိမိသမီးလေးကို ဘယ်လိုမိဘက သဘောတူ ကြည်ဖြူမလဲ၊ မိမိ တာဝန်မဲ့မှုကြောင့် ဆင်းရဲနိမ့်ကျနေခဲ့ရတဲ့ သမီးလေးကို ထပ်ပြီး အထင်သေး အမြင်သေးတာ မခံနိုင်ပေ။ ပြီးတော့ သူဌေးတစ်ယောက်ကို ချူစားတတ်တဲ့ မိန်းကလေးအဖြစ်လည်း အရောက်မခံနိုင်ပေ။ စောစီးစွာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောမိသည်။





"မောင်ရင့် စေတနာကို အသိအမှတ်ပြုပါတယ်လေ၊ ကျေးဇူးလည်း တင်ပါတယ်ကွာ၊ အန်ကယ်က သမီးလေးကိုဘမ်းပြုပြီး အခွင့်အရေးတွေယူနေတယ်လို့ အထင်သေး အမြင်သေးမခံနိုင်လို့ပါ"

"မိမိ အတိတ်ဘဝကို ပြန်ပြောင်းတွေးတောရင်း နာကျင်ကြေကွဲလာရသည်။ တစ်ချိန်က မောင်စွဲညီညာလိုပဲ မိမိလည်း သူဌေးလေးတစ်ယောက်ပါ။ မိန်းမတစ်ယောက်ကြောင့် ယုတ်မာကောက်ကျစ်တဲ့ သစ္စာမြိုင်ဆိုတဲ့ မိန်းမတစ်ယောက်ကြောင့်ပါ။ နာမည်နှင့်လူ လုံးဝလိုက်ဘက်တဲ့ အဆင့်အတန်း နိမ့်ကျတဲ့ မိန်းမတစ်ယောက်ကြောင့်ပါ။ သမီးကို အဲဒီလို မိန်းကလေးမျိုး မဖြစ်စေရဘူး။ သမီးလေးက နှသားဖြူစင်တယ်၊ သူများပစ္စည်း အချောင်ယူမယ့် မိန်းကလေးမဟုတ်ပေ။ မောင်စွဲညီညာကပဲ သမီးလေးအား အပျော်သဘောကြံစည်မှာ ထိတ်ပူပင်နေသည်။

"သမီးလေးကို အလုပ်ကိစ္စနဲ့ပဲ ပတ်သက်ပါ၊ ကုမ္ပဏီမှာ သုံးနှစ်အတွင်း အလုပ်မထွက်ပါဘူး ဝန်ခံကတိထိုးထားပဲ။ မောင်ရင် မလာမိနဲ့၊ သမီးလေး ဘတ်စ်ကားနဲ့ပဲ ရုံးတက်ပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော် ဆင်ခြင်ပါ့မယ်၊ အခုတော့ ကျွန်တော့်ကားနဲ့ပဲ ဖူးဖူးစင် လိုက်ခဲ့ပါ၊ နောက်ထပ် အန်ကယ် သဘောမကျတဲ့ အပြုအမူတွေ ရှောင်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် မီးဆိုတာ မလောင်ခင်က သတိထား တားစီးကာ ကွယ်ရတယ်လေ၊ အန်ကယ် သမီးလေးကို စိတ်တတ်ကြွနိုင်ပြီ ကိုယ်နဲ့မတန်မရာတွေ မျှော်မှန်းနေတာမျိုးမဖြစ်အောင် သူ့အမေ အမြဲတမ်း သွန်သင်ဆုံးမခဲ့တာပါ"

ဖေဖေ ပြောလိုက်တာတွေ ကောင်းသည်ဟု ထင်မိသည် ကောင်းတယ်၊ ရှင်က စင့်ကို အထင်သေးနေတာပါ၊ စင့်အပေါ် စေတနာ မေတ္တာထားဖို့ဆိုတာ မဖြစ်နိုင်တာပဲ၊ စင့်ကို အရှက်ခွဲဖို့ အခက်အခဲ တွေနဲ့ ရင်ဆိုင်တွေ့ပြီး စိတ်သောကတွေရောက်စေဖို့ စင့်ကို ကျိန် ပြန်တိုက်ဖို့ပဲ လုပ်ဆောင်နေတာပါ။ ဖေဖေ့ကို နှုတ်ဆက်ပြီး စင် သူ ကားနှင့် လိုက်လာခဲ့ရသည်။

"စင်"

"ဘာလဲ"

"မင်း အဖေကတော့ တကယ့်ကို ပြတ်သားတာပဲ၊ ကိုယ် လေးစားသွားတယ်"

"ကျွန်မ ဖေဖေက ငွေကြေးဥစ္စာမရှိပေမယ့် မာနတော့ ချမ်းသာ တယ်ရှင့်၊ ကျွန်မကိုလည်း အလုပ်သဘောအရပဲ၊ အလုပ်ရှင်သူဌေး ပတ်သက်ဆက်ဆံဖို့ ဆုံးမထားတယ်"

"မင်းအဖေရဲ့ ကြိုတင်တားဆီးမှုတွေက အရမ်းကို နောက်ကျ





သွားပြီ စင်"

"ဘာရှင့်"

"ကိုယ်နဲ့စင်က ချစ်သူတွေလေ"

"ဘာရှင့်"

"စင်ပဲ ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးခဲ့တာလေ"

"ဟုတ်တယ်၊ ရှင်နဲ့ကျွန်မက ချစ်သူတွေပဲ"

"စင်က လက်ခံသားပဲ"

"အို..."

သူ့လက်က သူမလက်လေးကို ဆုပ်ကိုင်လိုက်သဖြင့် စင် ထိတ်တလန့်နှင့် မျက်လုံးလေးတွေ ပြူးကျယ်ပိုင်းစက်သွားရကာ ဆတ်ခနဲ ရုန်းပစ်လိုက်သည်။

"ရှင်က အခွင့်အရေးသမားပဲ၊ အင်လေ ကိုယ်ချင်းစာစိတ် ဘယ် ရှိပါ့မလဲ၊ ရှင့်မှာက နှမမှ မရှိတာပဲ"

ရှင့်အမေ ဒေါ်သစ္စာမြိုင်လိုပဲ အတ္တကြီးပြီး အရှက်မရှိတဲ့လူပဲဟု ပြောပစ်လိုက်ချင်ပေမယ့် ပြောမထွက်။ စင် ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ စဉ်းစားနေသည်။ စင်ပဲ မှားနေပြီလား၊ စင့်ဘဝလေးကိုတော့ နည်းနည်း လေးမှ အစွန်းအထင်း မခံနိုင်ပါဘူး။ သူ့ကို သတိထားပြီး ဆက်ဆံရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပဲပြောပြော ကိုယ် ဂရုမစိုက်ဘူး စင်၊ ဒီပြဿနာ မင်း စခဲ့တာတွေ၊ အေးချမ်းနေတဲ့ ကိုယ့်ရင်ကို မင်းက လာပြီး မီးလော တိုက်သွင်းဖို့ ကြိုးစားခဲ့တာပဲ"

စင်က ပတ်သက်ချင်တာမဟုတ်။ မီးအိမ်လေးက မြှောက်ေ ရင်း တုံ့ပြန်လက်စားချေဖို့ လုပ်ခိုင်းတာပဲဖြစ်သည်။ မီးအိမ်လေး လည်း စင်တို့မိသားစုအတွက် မခံချင်စိတ်နှင့် လုပ်ခြင်းဖြစ်သည်။ ဒီ က စင့်ကို ဒုက္ခပြန်ပေးမှာလည်း ကြောက်နေရ၏။ လက်ရဲဆက်ရဲ စင် ပဲ သူ့ညွှတ်ကွင်းကနေ ရုန်းမထွက်နိုင်ပဲ ဖြစ်သွားရသည်။ တ တစ်ရံ သူ့အမေ ဒေါ်သစ္စာမြိုင်အား စိတ်အနှောင့်အယှက်ဖြစ်အော တော့ လုပ်ရမည်။ သူမ အသားကိုတော့ အထိမခံနိုင်။ မျက်နှာထာ တင်းတင်းနှင့် ရှုန်းဖယ်ပစ်လိုက်သည်။

"ရှင် ကားကို အေးအေးဆေးဆေးမောင်းပါ စွဲညီညာ၊ ကျွန် ကို ချစ်သူအဖြစ်ပဲ အပျော်ကြံမယ်လို့ မစဉ်းစားနဲ့နော်၊ ရှင့်မာမီနဲ့ လူ စုံရာ ကျွန်မအဖေဆီ လာတောင်းရမှာ"

"ဟား... ဟား... ဟား..."

"ရှင် ဘာရယ်တာလဲ၊ မဖြစ်နိုင်ဘူးမဟုတ်လား၊ ယောကျ်ား တာဝန်မယူရဲတဲ့ ရှင်က ကျွန်မရဲ့လုပ်ရပ်အတွက် လက်တုံ့ပြန်နေတာ မိန်းမတစ်ယောက်နဲ့ တုပြိုင်နေရာရောက်တယ်လေ"





သူ ဘာတွေ လုပ်မိနေတာလဲ။ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကို သူ စိတ်ဝင်စားနေမိတာတော့ အမှန်ပဲဖြစ်သည်။ ချစ်နေမိတာလား၊ ဖူးစင်က သူ့ကို ဖြားယောင်းသွေးဆောင်ခြင်းမပြုဘဲ တစ်စုံတစ်ခု ကြောင့် နာကျည်းစွာ လာရောက်လုပ်ပစ်တာဖြစ်ကြောင်း သူ သိထား သည်။ သူ့စိတ်တွေ အနှောင့်အယှက်ဖြစ်ရပြီး ပူလောင်သောအတွေ ာန်နဲ့ လောင်ကျွမ်းခံစားခဲ့ရ၍ သူ တမင် ပြဿနာရှာနေခြင်းတာပဲ ကောင်မလေးကို ဒုက္ခပေးဖို့ဖြစ်သွားသည်။ ကိုယ်က နမချင်းမစာနာ မိန်းကလေးတစ်ယောက်အပေါ် ယုတ်မာစော်ကားတတ်တဲ့ ယောကျ်ား ဟုတ်ပါဘူး။ သို့သော်လည်း ကောင်မလေးကိုလက်ထပ်ဖို့အထိတော့ သူ ဆုံးဖြတ်နိုင်ခွင့်မရှိခဲ့။ မာမီက လက်ခံမှာမဟုတ်။ ဖူးဖူးစင်ကိုပင် အလုပ်ကနေ လျော်ကြေးပေးပြီး ထုတ်ပစ်ဖို့ပြောနေသည်။

"ရှင့်မာမီက ကျွန်မကို ချွေးမတစ်ယောက်အဖြစ် လက်မခံဘူး ဟုတ်လား။ အလုပ်ကနေတောင် ထွက်ခိုင်းတာလေ။ မင်း မနက်ဖြန် အလုပ်ကို လာစရာမလိုတော့ဘူးတဲ့၊ အလုပ်သမားတစ်ယောက်ကို ဒီလို အလွယ်တကူ ထုတ်ပစ်လို့မှမရတာ"

"မင်းကိုယ်တိုင်က ကိုယ့်အနားမှာ နေချင်တာမဟုတ်လား"

"ဘာရှင့်"

"ကိုယ်ကလည်း အလုပ်မထုတ်ပါဘူး။ မင်းမရှိရင် ကိုယ့်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဖွင့်ရိုးခြောက်သွေ့နေလို့"

သူမ နှုတ်ခမ်းဖူးဖူးလေးက စူတင်းသွားရသည်။ ကျွန်မက ရှင့်ကို ပျော်တော်ဆက်လား။ သူ့ကို စိတ်သောကတွေ ရောက်စေချင်ကာ သူမပဲ စိတ်အနှောင့်အယှက်တွေ ဖြစ်နေရသည်။ သူတို့ ကုမ္ပဏီမှာ ဖူးဖူးစင်ကလည်း အလုပ်မလုပ်ချင်ပါဘူး။ ဖေဖေ့ကျန်းမာရေးကြောင့် စင့် မှာ ဝင်ငွေရှိနေမှ ဖြစ်မှာပါ။ ကားလေး ကုမ္ပဏီရှေ့မှာ ထိုးရပ်သွားသည်။

"နေဦး"

"ဘာဖြစ်လို့လဲ"

"အတူတူသွားမယ်"

"OK"

"မင်းကလည်း ကိုယ်နဲ့တွဲပြပြီး သူဌေးကို အပိုင်ချိုင်နိုင်တယ်ဆို ကြွားပြချင်နေတာ မဟုတ်လား"

"ဟုတ်တယ်လေ"

သူမ အမြင်ကတ်ကတ်နှင့် သူနှင့်ယှဉ်တွဲလျှောက်လာခဲ့သည်။ ရှင်ပဲ မျက်နှာပြောင်နိုင်မလား။ ကုမ္ပဏီတစ်ခုလုံး မျက်လုံးတွေ ပြူးတူး ပြီတဲ့နှင့် စပ်စပ်စုစု ကြည့်နေကြ၏။ ဖူးဖူးစင်ကို သူဌေးအမေက အလုပ်ကနေ ထွက်ခိုင်းထားတာ အားလုံးသိနေကြသည်။





"ညီညာ"

"ဟင်..."

"ဖူးဖူးစင်ကို အန်တီသစ္စာက ကုမ္ပဏီကနေ ထွက်ခိုင်းထားတယ်လေ"

"မဖြစ်နိုင်ဘူး မှူး။ သုံးနှစ် အလုပ်တာဝန် ထမ်းဆောင်ပါ့မယ်ဆိုပြီး လက်မှတ်ထိုးခိုင်းထားတဲ့ ဝန်ထမ်းကို ပြစ်မှုကျူးလွန်တာမရှိဘဲနဲ့ အလုပ်ထုတ်လို့မရဘူး မှူး။ မာမိကို ကိုယ် ပြောထားပြီးပါပြီ"

"ညီညာ"

"ဟင်..."

"ညီညာ ဘာဖြစ်နေတာလဲ၊ ဒီကောင်မလေးအိမ်လည်း သွားတယ်ဆို၊ ညီညာ့ ဂုဏ်သိက္ခာအတွက် မလုပ်သင့်တဲ့အလုပ်တွေနော်၊ သတိထားပါဦး ညီညာရယ်၊ အန်တီသစ္စာက မှူးဆီ ဖုန်းဆက်ပြီး ညီညာ့ကို အပ်နေပြီနော်"

"မောင် သွားမယ်လေ။ ဘာလုပ်နေတာလဲ"

သူမ အမြင်ကတ်ကတ်နှင့် မောင်ဟု ခေါ်ပစ်လိုက်တော့ သူ ထိတ်တလန့် မျက်လုံးပြူးကြီးနှင့် ဆတ်ခနဲ မော့ကြည့်သည်။ စင် ချင်လိုက်တာ။ တကယ်တမ်းကျတော့ ကျွန်မလို မိန်းကလေးတစ်ယောက်ကို ချစ်သူရည်းစား ဇနီးမယားအဖြစ် ပွဲထုတ်ရဲတဲ့သူ မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး ရှင်တာ ကျွန်မကို အရက်တကွဲနဲ့ ဘဝပျက်အောင်ပဲ ကြိုးစည်
ဆောင်နေတာပါ။ သူမ အခန်းထဲ ခပ်စောင့်စောင့်လေး ဝင်လာခဲ့သည်

"ဟော့... ဖူးဖူးစင်၊ မင်း ဘယ်လိုခေါ်လိုက်တာလဲ၊ သူ့ရှေ့
သူ့ရှေ့မှာ မင်း တော်တော် ပါးစပ်ရဲတာပဲ"

"ရှင်နဲ့စင် က ချစ်သူတွေလေ၊ သိပ်ချစ်ကြတယ် မဟုတ်လား
လို့၊ ဘာဖြစ်လဲ မောင် ခေါ်တာ"

ဖူးဖူးစင်က ကြောက်စရာကောင်းတယ်၊ မင်းက ရက်ကြော
ချင်ယောင်ဆောင်နေတာပဲ။ မာမီ စိတ်ထိခိုက်တော့မယ်။ သူ က
ပေးထားခဲ့တာပဲ။ မာမီ့ ဆန္ဒအရပဲ ရွေးချယ်ပါလို့ ကုမ္ပဏီဝန်ထမ်း
ရှေ့မှာ နောက်ပြောင်စိန်ခေါ် ဟန်ဆောင်တာတွေ ရပ်ပစ်သင့်သည်
သူက မျက်နှာလေးတင်းသွားတော့ ဖူးဖူးစင် ကိုယ်လေးလှုပ်
ရယ်မောနေသည်။ ဖူးဖူးစင်နဲ့ပတ်သက်လို့ မဖြစ်တော့ဘူးထင်တယ်
ရပ်တန့်ကာရပ်လိုက်တာ အကောင်းဆုံးပဲဖြစ်မည်ဟု သူ တွေးမိနေသည်





# အခန်း (၁၆)

ဖူးဖူးစင် မင်းနဲ့ကိုယ့်ကြားမှာ အချစ်ဆိုတာတွေ သံယောဇဉ်
ယ်တာမှုတွေက ဖြစ်ပေါ်လာစရာအကြောင်း မရှိနိုင်တော့ဘူးလား
။ မင်း မျက်ဝန်းတွေကလည်း ကိုယ့်အပေါ် ခါးသီးနာကျည်းမှုတွေနဲ့
င်းမာနေတတ်တာပဲ။ ကိုယ့်မာမီ့ကြောင့်လား၊ ကိုယ်ကရော မင်းလို
ောင်မလေးမျိုးကို ပုံစံပေးချင်ခဲ့တာပဲ၊ ရည်ရွယ်ချက်ရှိခဲ့တာပါပဲ။
ိုယ့်အလုပ်က မျက်နှာတည်တည်နဲ့ လူကြီးလူကောင်းတစ်ယောက်
ဖြစ် ဟန်ဆောင်ထိန်းချုပ်မှုတွေနဲ့နေခဲ့ရလို့ ကိုယ် တစ်ခါတစ်လေတော့
င်းနဲ့ စနောက်ပြောဆိုနေတာတွေကို နှစ်သက်ပျော်ရွှင်လာရတယ်။
ိုယ့်မာမီ အတိတ်ကက ဘယ်လိုအကြောင်းအရာတွေလဲ။ မင်းနဲ့ပတ်
သက်ဆက်နွယ်မှု ရှိနေတာမျိုး ကိုယ့်မာမီကိုလည်း ကိုယ် ထုတ်ဖော်
ပြောပြဖို့ ဝန်လေးနေရတယ်။ ကိုယ့်မာမီဆီမှာ ကြေကွဲဝမ်းနည်းစရာ



www.burmeseclassic.com

www.burmeseclassic.com



အတိတ်တွေရှိနေတာတော့ ကိုယ် သတိထားမိတယ်။ အဲဒါက ကိုယ့်မွေးနေ့မှာ ကိုယ့်ရင်ဘယ်မှာလာပြီး ချိတ်တွယ်ပေးခဲ့တဲ့ အသည်း ရင်ထိုးလေးလေးကို မြင်တွေ့ရတဲ့အခါတွေပဲပေါ့။ ကိုယ် သတိထား တာက ကိုယ့်ကို မှူးသခင်က လက်ဆောင်ပေးခဲ့ဖူးတယ်ဆော အဲဒီတုန်းက မာမီက တစ်ဆင့်ပေးယာပါ။ ကိုယ်က ခပ်တည်တည် တော့ မှူးက သိပ်အရေးတဝင် မနေရဲဘူးလေ။ မာမီ့ကြောင့် ကိုယ့်ကို ဘယ်မိန်းကလေးနဲ့မှ အရေးတဝင်မနေရဘူးတဲ့လေ။ မာမီ သားအတွက် ရွေးချယ်ထားတဲ့ ဇနီးလောင်းရှိတယ်တဲ့၊ မာမီ့ချွေးမ ရှာနေတုန်းတဲ့၊ ကိုယ် ငယ်ငယ်လေးကတည်းက မာမီ ဂရုတစိုက် မိန်းကလေးသူငယ်ချင်းတွေနဲ့ မပေါင်းရဘူးလေ။ မှူးသခင်တော အိမ်နီးနားချင်း လူကြီးတွေလည်း ခင်မင်နေလို့ ကိုယ့်အနားနေခွင့် နေတာပါ။ သူ ဖူးဖူးစင်ဆိုသည့် ကောင်မလေးကို ချစ်နေမိပြီထင်သည်

"သား"

"မာမီ"

"ဖူးဖူးစင်ဆိုတဲ့ ကောင်မလေး အလုပ်မထွက်သေးဘူး မင်းက မထုတ်တာလား၊ ဒီကောင်မလေးက ဘယ်သူ့ကိုပိုင်လို့ အ မထွက်ရတာလဲ"

"အပြစ်မရှိတဲ့ ဝန်ထမ်းတစ်ယောက်ကို အလုပ်ကနေထုတ်





ဆိုတာ မလွယ်ဘူးထင်တယ် မာမီ"

"ဘာဖြစ်လို့ မလွယ်ရတာလဲ သားညီညာ၊ မင်းက ဒီကောင်မ လေးကို တော်တော် နှစ်သက်မြတ်နိုးနေပြီလား။ မာမီ သဘောမကျ ဘူးနော်"

ဖူးဖူးစင်ကလည်း သားကို လက်မထပ်ပါဘူး။ မာမီ့ကို မုန်းတီး တဲ့ မိန်းကလေးတစ်ယောက်ပါပဲဟု ပြောချင်ပေမယ့် ပြောမထွက်ပေ။ မာမီ စိတ်သောကရောက်ရမည့်အပြင် ဖူးဖူးစင်နှင့်လည်း ပြဿနာက ၍ ကြီးကျယ်သွားမှာ စိတ်ပူမိသည်။ မပြောပြဖြစ်တော့သူ သူ ဘာ ဆက်လုပ်ရမှန်းပင် မသိပေ။ ဖူးဖူးစင်ကလည်း မာမီ့ကို ပြဿနာရှာချင်၍ အလုပ်ထဲကနေ ထွက်သွားမှာမဟုတ်။ ညီညာကိုယ်တိုင်လည်း ဖူးဖူးစင် ဆိုတဲ့ ကောင်မလေးအား ချစ်မိနေသည်။

"စွဲညီညာ"

"မာမီ"

"မင်းက ဒီကောင်မလေးကို လက်ထပ်မှာလား"

"တကယ်လို့မာမီ ရှာနေတဲ့ ချွေးမလောင်း မတွေ့ရင်ပေါ့၊ မာမီပဲ သားကို တစ်နှစ်လောက် အချိန်ပေးပါလို့ တောင်းဆိုထားတယ်လေ"

"မှူးသခင်ကိုပဲ လက်ထပ်ပါ"

"သား ချစ်မြတ်နိုးတဲ့ မိန်းကလေးကိုပဲ လက်ထပ်ခွင့်ပြုပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီရဲ့ စွန့်ပစ်တာကို မင်း ခံမယ်ပေါ့ စွဲညီညာ"

"မာမီ"

"ဒီကောင်မလေးကိုတော့ မာမီ့ရဲ့ချွေးမအဖြစ် လက်မခံနိုင်ဘူး သား၊ အပြောအဆို အမူအရာက ကြမ်းတမ်းလွန်းနေတယ်လေ"

ဖူးဖူးစင်က မာမီ့ကို မုန်းတီးနေတဲ့ မိန်းကလေးပါ၊ သားကိုလည်း ရွံရှာမုန်းတီးနေတာပါ မာမီ။ သား နှလုံးသားတွေကသာ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကို အံ့သြစွာ ချစ်နေမိတာပါ။ ဖူးဖူးစင်က သားကိုလက်ထပ် ရင်တောင် မာမီ့ကိုရွဲ့ပြီး စိတ်ဒုက္ခရောက်အောင်လုပ်ချင်တဲ့ ဆန္ဒတွေ ဖြစ်မှာပါ၊ ဖူးဖူးစင်က မာမီ့ကို ဘယ်တော့မှ ယဉ်ကျေးသိမ်မွေ့ပြီး ရိုသေ လေးစားနေမှာ မဟုတ်ပါဘူး။ ဘယ်လိုမှ ရှောင်လွှဲပုန်းရှောင်နေလို့မရ ဘဲ မဖြစ်မနေ ပေးဆပ်ရမယ့်အကြွေးက သံသရာကြွေးပါပဲ မာမီရယ် သား ပေးဆပ်ရတော့မယ်။ ဖူးဖူးစင်ကို အပျော်သဘော စနောက်ပြီး ဒီကောင်မလေးကို စိတ်အနှောင့်အယှက်ဖြစ်ဖို့ပဲ ရည်ရွယ်ပတ်သက်ခဲ့တဲ့ သားနှလုံးသားတွေက စင့်ကို စူးစူးနစ်နစ် ချစ်မိနေပြီ။ မာမီ့မျက်ဝန်းတွေ က ဒေါသတွေထက် နာကျင်ကြေကွဲရပ်တွေ လွှမ်းနေသည်။

"သားရယ် မာမီ အချစ်ဆုံးသားက မာမီ့ကို ဆန့်ကျင်ပုန်ကန် ပြီလားကွယ်၊ သားရဲ့အခွင့်အရေးကို မာမီတစ်ယောက်တည်း အပိုင် စီးထားခဲ့တာ နှစ်တွေကြာပြီပဲ၊ သားပဲ ဆုံးဖြတ်သင့်တာပါ၊ ဒါပေမဲ့





မာမီက ဒီကောင်မလေးမျိုးနဲ့တော့ သဘောမတူနိုင်ဘူး"

မာမီ ပြန်ထွက်သွားသည်။ သူ့စိတ်တွေ မောပမ်းနွမ်းနယ်စွာ ဘုန်ရစ်ခဲ့၏။ ဖူးဖူးစင်ကို သူ မေ့ပစ်ဖို့ ကြိုးစားတာ အကောင်းဆုံးပါပဲ။ မာမီ ဘယ်နည်းနှင့်မှ လက်ခံနိုင်မှာမဟုတ်။ သူ့ဘက်က နားလည် ခွင့်လွှတ်မှုတွေနဲ့ ချစ်မြတ်နိုးစွာလက်ထပ်ဖို့ ဒူးထောက်တောင်းပန်ရင် တောင် ဖူးဖူးစင်က လက်ခံမှာ မဟုတ်ပါဘူး။ သူ ကုမ္ပဏီကိုရောက် တာတော့ ဖူးဖူးစင် ရောက်နေသည်။ ထူးထူးခြားခြား ဖူးဖူးစင်က သူ့ အား ညို့မျက်ဝန်းလေးတွေနှင့် မခို့တရို့ ဆီးကြိုနေတာကို မီးလောင် ရာက်သွင်းတော့မည့် သဘောအဖြစ် သူ ခံစားလိုက်ရသည်။

"မောင်"

"ဟော့..."

"မောင် နောက်ကျလိုက်တာ၊ စင် ဒီနေ့ စောစောလာပြီး မောင့်ရဲ့မနက်စာကို စီစဉ်ပေးမလားလို့၊ မောင့်အိမ်က စားခဲ့ပြီးပြီလား"

စင်က မောင်ဟုခေါ်ပြီး သူ့လက်မောင်းတွေကို တွဲချိတ်လိုက် တော့ သူ့ကျောထဲအထိ စိမ့်တက်သွားရသည်။ ကောင်မလေး ချောချော လေးက မောင်လို့ခေါ်ပြီး အယုအယတွေလုပ်ပြတိုင်း ပျော်ရွှင်ပီတိတွေ ဖြစ်သွားမယ်လို့ စိတ်တောင်မကူးရဲပေ။ ဖူးဖူးစင်အကြောင်း သူ အသိဆုံး ဖြစ်နေသည်။ ထင်ထားတဲ့အတိုင်းပင် အခန်းထဲသို့ မှူးသခင် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ဖေါ် စင်က မှုံးသခင်နှင့် ကုမ္ပဏီဝန်ထမ်းတွေကို အရွဲ့တိုက်ပြနေတာ မှုံးက အခန်းထဲဝင်လာပြီး မျက်စိမျက်နှာ ပျက်သွားသည်။

"ညီညာ"

"ဟင်..."

"အခုပဲ ကုမ္ပဏီကိစ္စနဲ့ အပြင်ကိုသွားရမယ်၊ မှုံး ကား အဆင် သင့်ပြင်ထားပြီးပြီ၊ သွားကြမယ်"

"နေပါဦး မမမှုံး၊ မောင် ကော်ဖီလေးတစ်ခွက်လောက် သောက်ခွင့်ပြုပါဦးနော်၊ စင် အဆင်သင့် စီစဉ်ထားပြီးမို့ပြီ"

"အချိန်မရှိတော့ဘူးထင်တယ် ဖူးဖူးစင်၊ ဒီအချိန်လောက်ဆိုရင် အန်တီသစ္စာနဲ့ ညီညာ မနက်စာစားပြီးပါပြီ"

"မောင် ဟုတ်လားဟင်၊ စောစောကတော့ မောင် ဘာမှ မစား ရသေးဘူးဆို"

"ဟုတ်တယ် မှုံး၊ ကိုယ် လာခဲ့ပါ့မယ်၊ ခဏလေး အချိန်ပေး ခဏလေးပဲ"

လက်ထောက်မန်နေဂျာမကြီး မှုံးသခင် မျက်စိမျက်နှာပျက်ပြီး ဆောင့်ဆောင့်အောင့်အောင့်လေး ထွက်သွား၍ စင် ဝမ်းသာအား ရယ်မောနေမိသည်၊

"စင် မင်း သိပ်ပျော်နေလား၊ ကိုယ့်ကို အရှက်တကွဲဖြစ်အောင်





တို့ ကြိုးစည်လုပ်ဆောင်နေတာ အရမ်းကို ပျော်ရွှင်ကျေနပ်နေပြီ လား"

"ဟုတ်တယ်လေ၊ ရှင့်အသိုင်းအဝိုင်းတွေကို မုန်းလွန်းလို့"

ဒေါ်သစ္စာမြိုင်ကလည်း သူမအား သူ့စိတ်နှင့်နှိုင်းကာ သူ့သား ၏ အလုအပတွေနှင့် ဖြူဆွယ်ဖြားယောင်းကာ ချူစားမည့်သူဟု ထင်မှတ်နေသည်။ မမမှုံးသခင်က သွေးထိုးပေးတာလည်း ပါနေ၏။ ဖူးစင်က အေးဆေးစွာ ဒေါ်သစ္စာမြိုင့်တို့အသိုင်းအဝိုင်းကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။

"စွဲညီညာ"

"စွဲညီညာ ဟုတ်လား၊ မောင်က မင်းထက် အသက်ကြီးတယ် သား၊ မောင်လို့ပဲခေါ်စမ်းပါ၊ အဲဒါက နားဝင်ချိုလို့ပါ"

စွဲညီညာလည်း အမြင်ကတ်ကတ်နှင့် ဖူးဖူးစင်မျက်နှာလေးအနား သူ့မျက်နှာကို ထိုးကပ်ကာ မောင်ဟုပဲခေါ်နိုင်းလိုက်သည်။ သူမ မျက်ဝန်းလေးတွေက ပြူးကျယ်ဝိုင်းစက်ကာ အထိတ်တလန့်နှင့် နောက် သို့ ဆတ်ခနဲ ဆုတ်သွား၏။ မင်းလေးက ယောကျ်ားတစ်ယောက်နဲ့ သည်ပြိုင်ပြီး အံတုချင်နေတာလား၊ ဒါပေမဲ့ ကိုယ်က မင်းကို ချစ်မိနေ ပြီ၊ မင်းကို လက်စားချေခြင်တာတွေ၊ အပြောင်အပျက်တွေ မဟုတ်ဘူး၊ ကိုယ့်ကို ချစ်မြတ်နိုးစွာနဲ့ မောင်လို့ တယုတယလေး ခေါ်စေချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးစင်ရဲ့မျက်နှာလေးကို အသည်းယားပြီး ပွေ့ယူနမ်းရှုံ့ဖို့ ဆန္ဒ ဖြစ်သွားပြီးမှ သူ့စိတ်တွေကို ထိန်းချုပ်ပစ်လိုက်ရသည်။ မင်းလေး မချစ်ဘဲ လက်စားချေဖို့ ကိုယ့်ကိုထင်မှာစိုးလို့ပါ။ ဖူးဖူးစင် အထင်လွဲ သူ စိုးရိမ်နေမိသည်။

"မောင်လို့ခေါ်ရမယ် ဟုတ်လား။ ဟွန်း... အဟွန်း... အဟွ ရှင့်အသိုင်းအဝိုင်းကလူတွေ အသည်းကို ဓားပါးပါးလေးနဲ့ မွှန်းချ မောင်လို့ခေါ်တာလေ၊ ကျွန်မအနေနဲ့ ရှင်တို့နဲ့ လုံးဝပတ်သက်ချင် မဟုတ်ဘူး။ မလွဲသာ မရှောင်သာလို့ဆိုတာ သိထားပါ"

"မင်းက မောင့်ကို လက်ထပ်မှ မာနီက ပိုပြီး အသည်းနာ ကိုယ့်ကို သားအဖြစ်ကနေ စွန့်လွှတ်တဲ့အထိ ဖြစ်သွားနိုင်တယ်"

"အဟွန်း... ရှင် တော်တော်ရယ်ရတဲ့ လူပဲ၊ ကျွန်မဘဝ ကိုပေးဆပ်ပြီး ရှင့်အမေကို လက်စားချေမယ်လို့ မထင်ပါနဲ့၊ ရှင် ဘယ်တော့မှ လက်မထပ်ဘူး၊ စိတ်ကူးယဉ်ဆန်တဲ့ ဇာတ်လမ်း တီထွင်ဖန်တီးတာ ကျွန်မ လုံးဝ ဝါသနာမပါဘူးနော်"

"စဝ် တကယ်ပဲ မောင်နဲ့ လက်မထပ်ဘူးပေါ့"

"ဝေးသေးတယ်၊ လုံးဝ လုံးဝပဲ၊ ရှင့်ကို လက်မထပ်ဘူး"

"OK"

သူ ရှေ့ကိုတိုးလာ၍ သူမ အထိတ်တလန့် ဖြစ်သွားရသည်





ပြောမယ့်သာပြောရတာ သူ ကောက်ကျစ်ယုတ်မာလျှင် သူမ ခံရဖို့ပဲရှိ၏။ လက်ရဲဖက်ရဲနဲ့ စင့်ကို မညှာမတာ ကြမ်းတမ်းစွာ ဆက်ဆံတတ်သည်။ သူမမျက်နှာလေးက တင်းမာနေ၏။ ဒီတစ်ခါ စင့်ကို ပွေ့ဖက်နမ်းရှုံ့လို့ ကတော့ သူမရှေ့မှာရှိနေတဲ့ ပန်းအိုးလေးနဲ့ ကောက်ရိုက်ပစ်လိုက်ဖို့ပဲ စဉ်းစားထားသည်။

"ကျွန်မကို စော်ကားမယ်တော့ မကြံနဲ့နော်၊ ရှင် ပိုပြီး အရုပ် ဆိုးကျဲဖြစ်သွားမယ် မှတ်ပါ၊ ယောကျ်ားဆိုပြီး အင်အားသုံး အနိုင်ကျင့် ဖို့တော့ မကြိုးစားနဲ့၊ ဒီတစ်ခါ ကျွန်မ သီးခံနေမှာမဟုတ်တော့ဘူး"

သူက သူမမျက်နှာလေးနားသို့ တိုးကပ်လာသည်။ စင့် ရင်တွေ တဒိန်းဒိန်းခုန်လာရ၏။ မှန်းလိုက်တာ၊ စင် က သူ့ကို မာကျောကျော အေးစက်စက် တုံ့ပြန်ဆက်ဆံချင်တာပါ။ ရှင့်ကြောင့် လုံးဝ ရင်မခုန်စေ ရဘူး။ ကျွန်မကို ရှင့်ဘက်ကကျူးလွန်ပြီး ချစ်မြတ်နိုးသွားရင် ကျွန်မ အဖေထက် ဆိုးဝါးတဲ့ဘဝကို ရှင် ရောက်သွားစေရမယ်။ ဒေါ်သစ္စာမြိုင် တဲ့ကြမ္မာတွေက ရှင့်ဘက်မှာ ရှိမနေတော့ဘူး။ ကျွန်မအလှည့်လေ၊ ရှင့်သားကိုပဲ ဖူးဖူးစင်ဆိုတဲ့ မိန်းမကို စွဲလမ်းနှစ်သက် ချစ်ခင်မသွားမိဖို့ ကြိုတင် တားဆီးထားနော်။ သူမ နှုတ်ခမ်းဖူးဖူးငုံငုံလေးက စူရူလေး တင်းနေသည်။

"စင်"

www.burmeseclassic.com



"ပြော"

"အရမ်းချစ်တယ်"

"ဘာရှင့်"

"မောင့်နှလုံးသားတွေထဲမှာ စင့်ကို စွဲလမ်းချစ်ခင်နေမိပြီကွာ။ မောင် ဘယ်လိုမှ ထိန်းချုပ်ထားနိုင်စွမ်း မရှိလို့ပါ၊ မောင့်ကို ယုံပေးပါ၊ မောင့်အချစ်တွေကို လက်ခံပေးပါ။ အရာအားလုံး စင့်ဆန္ဒ စင့်သဘော အတိုင်းပဲ ဖြစ်စေရပါ့မယ်"

"ဟင်း... ဟင်း... ဟင်း။ ဟား... ဟား... ဟား... ဟား ရှင် တော်တော်ရယ်ရတာပဲ၊ ရုပ်ရှင်ထဲမှာဆို ဗီလိန်ခန်းကနေ အကယ်ဒမီ ရလောက်တယ်၊ အိုက်တင်အပြည့်ပဲ၊ ဟား... ဟား... ဟား"

သူ့ရင်ထဲကပြောနေတဲ့ စကားတွေကို စင့်က မယုံကြည်စွာ ဟားတိုက်ရယ်မောလှောင်ပြောင်နေသဖြင့် သူ နည်းနည်းတော့ ရှက် သွားမိသည်။ အမြဲတမ်း တည်တည်ခန့်ခန့်နှင့် ဣန္ဒြေသိက္ခာကြီးမားစွာ နေထိုင်ခဲ့တဲ့သူ။ ဖူးဖူးစင်နဲ့တွေ့မှ ကစေးကလား အပြုအမူတွေ ပြုမူ နေထိုင်တတ်လာသည်။ ဖူးဖူးစင် သူ့ကို ယုံကြည်မှာမဟုတ်တော့။ နောက်ပြောင်ကြည်စယ်ပြီး အပျော်ကြံစည် လုပ်ဆောင်နေတာဟုပဲ ထင်မှတ်ထားနေ၏။ သူ ဘယ်လိုရှင်းပြရမှာလဲ၊ ပြဿနာတွေနှင့် ဖူးဖူးစင်အား ဆုံတွေ့ရတာကိုပဲ မကျေမနပ်ဖြစ်နေမိသည်။





"စင်က ရှင့်ကို ဒုက္ခပေးချင်နေတဲ့ ကောငမလေးလေ၊ ရှင့်ကို စိတ်သောကတွေရောက်ပြီး ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်စေချင်တဲ့ သူပဲ၊ အဲဒီလို မိန်းကလေးမျိုးကို ရှင်က ချစ်တယ် လက်ထပ်ပါရစေ ဆိုတ်လား။ ကျွန်မ အရူးမဟုတ်ဘူး။ တော့အေလည်း မဟုတ်ဘူး။ ကျွန်မက ရှင့်ကို လက်ထပ်၊ ရှင့်အမေကို စိတ်ဒုက္ခရောက်အောင်တော့ လုပ်ပါဘူး။ ကျွန်မပဲ ထိခိုက်နစ်နာရမှာလေ"

"နေပါဦး မင်းက မောင့်မာမီကို ဘာဖြစ်လို့ ဒီလောက်အထိ ခါးသီးသီး မုန်းတီးနေရတာလဲ"

"ရှင် သိရမှာပဲ တစ်နေ့နေ့ပေါ့၊ လောလောဆယ်တော့ ရှင့်ကို ပြောမပြနိုင်သေးလို့ပါ"

ဖေဖေနဲ့ ဒေါ်သစ္စာမြိုင်တို့ ပတ်သက်ခဲ့တဲ့အကြောင်းတွေကို ပြောမပြချင်ပေ။ နှုတ်က ဖွင့်ဟပြောဆိုဖို့ စင် ဘာဖြစ်လို့မုန်း ဝန်လေး နေမှန်းမသိပေ။ သူ သိသွားရင် တော်တော်လေး အရှက်ကွဲစေမှာမြင် ပြီး စင့်အတွက် အကောင်းဆုံး ထိုးနှက်ချက်ဖြစ်စေပေမယ့် သူမကို တစ်စုံတစ်ခုက တားဆီးနေသလို ပြော၍မထွက်ပဲ ဖြစ်နေသည်။

"ဖူးဖူးစင်"

"ပြောပါ"

"လောလောဆယ်တော့ ကိုယ်တို့ ငြိမ်းချမ်းရေးယူထားရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိစ္စတွေက ရှိသေးတယ်လေ၊ အလုပ်ကိစ္စပဲ ဆွေးနွေးကြမယ်"

"ရှင် သွားလို့ရပါပြီ"

"ဘယ်ကိုလဲ"

"မန်နေဂျာ မမမှူးက ရှင်နဲ့ အပြင်ကိုသွားစရာရှိတယ်လို့ ပြောထားတယ်လေ၊ အောက်မှာ စောင့်နေမှာ"

"ကိုယ့်ကို ကော်ဖီတစ်ခွက်တော့ တိုက်သင့်တယ်ထင်တယ် ဖူးဖူးစင်"

"မန်နေဂျာမမ စိတ်ဆိုးနေပါဦးမယ်ရှင်"

"ကိုယ်က ကိုယ့်လက်ထောက်မလေး ဖူးဖူးစင် စိတ်ဆိုးသွားမှာပဲ ကြောက်တာပါ"

"ဟင်း... ဟင်း... အဟွန်း... ရယ်ရတယ်နော်"

"သွားပြီ"

ဖူးဖူးစင်နှင့် ပြဿနာ ထပ်၍မဖြစ်လိုတော့သဖြင့် နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

❒





## အခန်း (၁၇)

"ညီညာ"

"ဟင်..."

"ရှင် ရူးနေပြီလား၊ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ အယာညှတ်ကွင်းထဲ ညီညာ အရှူးအမူး သက်ဆင်းနေမိပြီထင်တယ်"

"မှူး ကျေးဇူးပြုပြီးတော့ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာတွေကို ...ထားပစ်လိုက်ကြရအောင်"

"အန်တီသစ္စာက မှူးသူငယ်ချင်းကို တားဆီးပေးပါဦးတဲ့၊ ဒီ ...ောင်မလေး သားအနားမှာရှိနေတာ အန်တီ စိတ်ဆင်းရဲလွန်းလို့တဲ့၊ ညီညာက သားအဖြစ်ကတောင် အစွန်လွှတ်ခံမယ်ဆို"

"အင်း... ဖူးဖူးစင်က ကိုယ့်ကို လက်ထပ်မယ်ဆိုရင်ပေါ့"

"ရှင် ရူးနေလား ညီညာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာ..."

"ကိုယ် ရူးသွတ်သွားပြီထင်တယ် မှူး၊ ဒါပေမဲ့ ဖူးဖူးစင်က ကိုယ့်ကို ဘယ်တော့မှ လက်မထပ်ပါဘူး။ ချစ်လည်းမချစ်ဘူး"

"ညီညာ"

"မင်း မသိတာတွေ အများကြီးရှိတယ် မှူး။ ကိုယ်တို့ရဲ့လျှို့ဝှက်ချက်တွေလေ"

"ညီညာ ဘာတွေပြောနေတာလဲ၊ ဒီကောင်မလေးက ရှင့်ကို ဘာဖြစ်လို့ ဒီလောက်အထိ လွှမ်းမိုးသွားနိုင်ရတာလဲ၊ တော်တော့ ရှင် ဆေးမိသွားပြီ ထင်တယ်"

"ကိုယ်တို့ အလုပ်ကိစ္စပဲ ပြောကြရအောင် မှူး၊ ကျေးဇူးပြုပြီး ကိုယ်ရေးကိုယ်တာကိစ္စတွေ မပြောကြရအောင်"

ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးက ညီညာ့အား ညှို့ယူဖမ်းစားထား နိုင်တာ မှူး စဉ်းစားမရပေ။ ဘယ်လို မိန်းမချောလေးမျိုးနဲ့မှ ညီညာ နှလုံးသားတွေကို ဖြားယောင်းသွေးဆောင်၍ မရခဲ့ပေ။ တည်တည် တန့်တန့်နေတတ်သော ညီညာသည် မိခင်စကားကို တသွေမတိမ်း နာခံတတ်သော သားလိမ္မာတစ်ယောက်လည်း ဖြစ်နေသည်။ အန်တီ သစ္စာ လက်ခံသဘောကျမည့် မိန်းကလေးကိုပဲ လက်ထပ်မယ်ဆိုတဲ့





အစွဲက ညီညာ့နှလုံးသားထဲမှာ ဘယ်လိုမိန်းကလေးမျိုးမှ ယိမ်းယိုင်လဲ ပြိုအောင် မစွမ်းဆောင်နိုင်ခဲ့။ မှူးက ငယ်ငယ်လေးထဲက ညီညာနဲ့အတူတူ နေလာခဲ့တာပါ။ ဖူးဖူးစင်နှင့်ပတ်သက်ပြီး ညီညာ ဘယ်လောက်အထိ ကြေကွဲထိခိုက်နေတာ တစ်ကြိမ်တစ်ခါမျှ မတွေ့ခဲ့ရဘူးတဲ့ မျက်နှာ ညှိုးညှိုးလေးက သက်သေထူပြနေသည်။

"ညီညာ"

"ဟင်..."

"ဖူးဖူးစင်ကို ချစ်လား"

"အင်း... ချစ်တယ်"

"ညီညာ့ဘဝမှာ မိန်းမ ဒီလောက်ရှားရလားကွာ"

"မတတ်နိုင်ဘူးလေ ကိုယ်ချစ်တာ ဖူးဖူးစင်ပဲ ဖြစ်နေတယ်၊ ကိုယ့်နှလုံးသားတွေက ဖူးဖူးစင်ကိုပဲ စွဲလမ်းနေတယ်၊ ဖူးဖူးစင်ကသာ လက်ထပ်မယ်ဆိုရင် ကိုယ်မာမိရဲ့ သားအဖြစ်ကနေ စွန့်လွှတ်တာကို ခံယူရဲတဲ့ သတ္တိတွေရှိနေတယ်"

"သေလိုက်ပါလား ညီညာ အဓိပ္ပာယ်မရှိတာပဲ၊ အန်တီသစ္စာ အတွက် ရှင် အမြဲတမ်း သားလိမ္မာပဲ ဖြစ်နေစေရမယ်ဆို"

"မသိဘူးကွာ မသိဘူး၊ ကိုယ့်နှလုံးသားတွေကို လွှမ်းမိုးချုပ်ကိုင် ထားနိုင်တာ ဖူးဖူးစင်ပဲ၊ ဒီကောင်မလေး ဘယ်လောက် မာနကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်လဲ မှူး ဟာကွာ ကိုယ် ဘာမှ ဆက်မပြောချင်တော့ဘူး။ အစည်
အဝေးကိစ္စလည်း မှူးပဲ လုပ်လိုက်တော့"

သူ ဘယ်လိုမှ ရပ်တည်နိုင်စွမ်းမရှိတော့အောင် နာကျင်ကြေကွဲ
နေရသည်။ သူနှင့်ဖူးဖူးစင်အကြောင်း ဘယ်သူ့ကိုမှ ရှင်းပြလို့ရမည်
မထင်ပေ။ ဘယ်လိုရှင်းပြရမှာလဲ၊ အများအမြင်မှာ ချစ်သူတွေဆိုတာ
အစစ်အမှန်မဟုတ်ခဲ့။ ဖူးဖူးစင်က အရွဲ့တိုက်ပြီးပြောနေတာပါ။ တကယ်
တမ်းကျတော့ ရန်သူတွေပဲ။ မင်းရဲ့မျက်ဝန်းတွေထဲမှာ မုန်းတီးရွံရှာ
တွေနဲ့ အမြဲတမ်း တင်းမာနေတယ်။ ကိုယ့်ကို အရှက်ခွဲဖို့၊ ဒုက္ခရောက်
အောင်လုပ်ဖို့၊ စိတ်အနှောင့်အယှက်တွေပေးဖို့ မင်း လာပြီး ပတ်သက်
တာပဲ ဖူးဖူးစင်၊ ကိုယ့်မာမီကြောင့်ပဲ ထားပါဦး၊ ကိုယ်က ဘာဆိုင်လို့လဲ
ကိုယ်က ဘာပြစ်မှုတွေ လွန်ကျူးမိလို့လဲကွာ၊ သူ မှူးကို ထားပစ်ခဲ့
သည်။ မာမီ့ဆီ ဖုန်းဆက်တိုင်မှာပဲ မတတ်နိုင်တော့ဘူး။ ပထမတော့
သူ့စိတ်တွေထဲမှာ ကောင်မလေးကို အမြင်ကတ်ပြီး ကောင်မလေး
စိတ်အနှောင့်အယှက်ဖြစ်စေရန် စနောက်နေခဲ့ပေမယ့် မိန်းကလေးတွေ
နှင့် စပ်စပ်ယှက်ယှက် မနေခဲ့ဖူးတဲ့ သူ့နှလုံးသားတွေက ပထမဆုံး
ကောင်မလေးတစ်ယောက်ရဲ့ နှုတ်ခမ်းလေးကို နမ်းခဲ့ဖူးတာပဲ။ အခု
တော့ ဖူးဖူးစင်က အသည်းမာစွာ ဘယ်လိုမှ ထိခိုက်တုန်လှုပ်မှုတွေ
မခံစားခဲ့ရပေမယ့် သူကတော့ ဖူးဖူးစင်ကို ချစ်နေမိပြီဖြစ်သည်။





"ကျွန်မက ရှင်နဲ့လက်ထပ်ဖို့ ကြိုးစားမှာမဟုတ်ဘူးနော်၊ ကျွန်မ
ကိုပုံအပ်ပြီး ရှင့်ရဲ့အနှိပ်အစက်ခံပြီး ရှင့်မာမီကို လက်တုံ့ပြန်မှာ
မဟုတ်ဘူးနော်၊ ကျွန်မ ရှင့်ကို အထင်ကြီးမယ်မထင်နဲ့ ဝေးသေးတယ်၊
အသိုင်းအဝိုင်းကလူတွေကို အမြင်ကတ်လို့ လုပ်ပြတာ"

ဖူးဖူးစင် စကားတွေကို သူ မေ့ပစ်လို့မရ။ တင်းမာပြတ်တောက်
တဲ့အသံက မာမီနှင့်သူကို ဘယ်လောက်အထိ မုန်းတီးနာကျည်း
သည်ဆိုတာ သိသာနေသည်။ မာမီနဲ့ပတ်သက်နေမယ်ဆိုတာတော့
ရိပ်မိနေ၏။ ဘယ်အကြောင်းအရာတွေကြောင့်လည်းဆိုတာပဲ
ခန့်မှန်းလည်းမရှိဘူး။ သိရှိခွင့်မရှိတာကိုပင် သူ မကျေမနပ်ဖြစ်ရ၏။
အကြောင့်လဲကွာ မင်း ကိုယ့်ကို ဘာဖြစ်လို့ ရန်သူတစ်ယောက်လို
သဘောထားပြီး ကိုယ့်ဘဝထဲ ဝင်လာခဲ့ရတာလည်း ဖူးဖူးစင်ရယ်။ သူ စိတ်
ရှုပ်ထွေးစွာဖြင့် အရက်တွေသောက်နေမိသည်။

"သား ညီညာ မင်း ဘယ်မှာလဲ၊ အိမ်ကို အမြန်ဆုံးပြန်လာ
ခဲ့၊ မှူးက မာမီ့ဆီကို ဖုန်းဆက်တယ်၊ မင်း ပြန်လာခဲ့ပါ"

မာမီက သူ့ဆီ ဖုန်းလှမ်းဆက်သည်။ သူ အတော်လေးမူးနေ၏။
ခေါင်းလည်းမူးသွားသည်။ မာမီ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။ မင်းရဲ့ကျိန်
စာတွေမိနေပြီထင်တယ် ဖူးဖူးစင်၊ ရင်တွေပူလောင်နေသည်။ ကိုယ်
ဘာ မကျေနပ်ဘူးကွာ၊ မင်းကို ချစ်မိသွားလို့လေ။ မာမီ့အတွက်

www.burmeseclassic.com



ကိုယ်တ သားမိုက်ပဲ၊ မင်းက အဲဒီလိုအခြေအနေမျိုး ဖြစ်စေချင် မ ဟုတ်လား။ သူ ထသည်၊ ကားကိုပင် အတော်လေးကြိုး မောင်းနေရ၏။ ဖူးဖူးစင်ရဲ့ ထိုးနှက်ချက်က သူ့နှလုံးသားကို ထိုး စူးနင့် နာကျင်နေသည်။ သူ အိမ်ရောက်တော့ ဧည့်ခန်းတွင် ထိုင်နေ၏။ သူ ပုံပျက်ပန်းပျက် ပြန်လာတာ ပထမဆုံးအကြိမ်ဖြစ် မာမိအကြည့်တွေက စူးစိုက်မာထိနေသည်။

"ညီညာ"

"မာမီ"

"မင်း ဘာဖြစ်လာတာလဲ၊ လုပ်ငန်းရှင် လူကြီးလူကောင်း ယောက်က အရှက်ကင်းမဲ့တဲ့အထိ ဖြစ်လာရသလား"

သူ မာမိရှေ့မှာဝင်ထိုင်ပြီး ခေါင်းကို သူ မတ်အောင် အ လေး ထိန်းထားရသည်။

"မာမိကို ကြည့်စမ်းပါ ညီညာ၊ ဘာဖြစ်လို့ မင်း ဒီပုံပေါက် ရတာလဲ၊ ဘာမဟုတ်တဲ့ အောက်တန်းစားတစ်ယောက်ရဲ့ မာယာ ကွင်းထဲ မိသွားလောက်အောင် မင်းရဲ့ပညာတွေ အသိဉာဏ် ဘယ်ပျောက်သွားပြီလဲ"

သားပုံစံကိုကြည့်ပြီး ဒေါ်သစ္စာမြိုင် တုန်တုန်လှုပ်လှုပ် ဖြစ် ရသည်။ ဘုရားရေ… မိမိ ဝဋ်လည်တော့မှာလား။ ကိုခန့်နောင်





ဒေါ်သစ္စာမြိုင် ရက်စက်စွာ စွန့်ခွာလာခဲ့စဉ်က ကိုခန့်နောင်ရဲ့ပုံစံက သားနှင့် ထပ်တူညီနေ၏။ သားက ရီဝေတဲ့မျက်ဝန်းတွေနှင့် မိမိကို ကြည့်သည်။

"ဘာမဟုတ်တဲ့ မိန်းမတစ်ယောက် ဟုတ်လား မာမိ၊ အဲဒီ မားကိုတော့ ပြန်ရုတ်သိမ်းသင့်တယ် ထင်တယ်"

"တိတ်စမ်း"

"အရမ်း လှပချောမောပြီး မာနကြီးတဲ့ တန်ဖိုးကြီးမားတဲ့ မိန်း ကလေးပါ မာမိ"

"ဗွဲညီညာ"

သားကို အသံကုန်အော်ဟစ်ပစ်လိုက်မိသည်။ သားအား ဒီနေ့ ထိ မိမိ လေသံမာမာနှင့်ပင် မပြောဖူးခဲ့။ သားဆန္ဒနှင့် မိမိဆန္ဒတွေ မြဲတမ်း တစ်ထပ်တည်းကျခဲ့ကြ၏။ သား ငယ်စဉ်လေးထဲက ခင်ပွန်း သွားခဲ့ရာ မိမိပဲ သားလိမ္မာလေးဖြစ်လာအောင် တယုတယ ပြုစု ဆုံ့ရှောက်လာခဲ့သည်။ အမေကိုချစ်ပြီး အမေ့စကားကို တသွေမတိမ်း ထောင်ခဲ့သော သားက မိမိကိုပင် ဆန့်ကျင်ခြင်နေတာကြောင့်ပဲ ဖူးစင်ဆိုတဲ့ ကောင်မလေး မှုယာမာယာတွေနဲ့ ဖမ်းစားထား၍ပဲ သည်။

"သား စင့်ကို အရမ်းပဲ ချစ်မိနေပြီ မာမိ၊ ရင်ထဲမှာ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



မေ့ပစ်လို့မရတော့ဘူး၊ မာမိက စင့်ကို ချွေးမအဖြစ်လက်ခံရင်တော
စင်က သားကို လက်ထပ်တဲ့အထိ ထည့်ပြီးစဉ်းစားမှာမဟုတ်ပါဘူး

"ဘာ… ဘာပြောတယ် သား၊ ရုပ်ကွက်စုတ်စုတ်ပြုတ်ပြုတ် ကောင်မလေးက မင်းကို လက်ထပ်ဖို့အထိ မစဉ်းစားဘူး ဟုတ်လား မင်းက အရူးအမူး စွဲလမ်းပြနေတာကို၊ တန်ဖိုးတင်တော့မှာ ဒီလိုပဲ မာယာများပြတာလေ၊ မင်း ယုံလား"

"ကျွန်တော် ဘာမှမသိတော့ဘူး မာမိ၊ မသိဘူးဗျာ အနား ပေးတော့မယ် ဘိုင့် ဘိုင်"

မာမို့ကြောင့် ဖူးဖူးစင်က သားကို ဒုက္ခပေးဖို့ အရှက်ခွဲဖို့ နှလုံးသားတွေကို မီးလောင်တိုက်သွင်းဖို့ စိန်ခေါ်ပြီး ဝင်ရောက်လာ ပါ မာမိ၊ အဲဒါ ဘာကြောင့်လဲ၊ သားက ဘာပြစ်မှုတွေ လွန်ကျူး လဲ။ အတိတ်က မာမိ ဘာတွေများ ကျူးလွန်ခဲ့လို့လဲ။ သူ ပြော စကားလုံးတွေက သူ့လည်ချောင်းမှာ တစ်နေသည်။

"ညီညာ"

"ဘိုင့်"

"ရုပ်စမ်း"

"သား အနားယူပါရစေ၊ ပြောစရာစကားတွေက ရင်ဝမှာ ထ နေတယ်၊ ဖူးဖူးစင်ကို ချစ်တယ်ဆိုတာကလွဲပြီး ပြောစရာမရှိလို့





သားက ဒယိမ်းဒယိုင်နှင့် အပေါ်ထပ်တက်သွားသဖြင့် ဒေါ်သစ္စာ နှင့် စိတ်ပျက်စွာ ကျန်ရစ်ခဲ့သည်။ ဖူးဖူးစင် ညည်း ဘယ်လိုကောင်မ လေးလဲ။ ကျုပ်သားကို ဒီလိုအခြေအနေအထိဖြစ်အောင် ညည်းလေး ဘယ်လိုမြူဆွယ်ဖြားယောင်းထားလဲ။ မိမိစိတ်တွေ တုန်လှုပ်ချောက်ချား ဘာ အိပ်ခန်းထဲရောက်အောင် အင်အားမဲ့နေသော ခန္ဓာကိုယ်ကို နိုင်နိုင် သယ်ဆောင်လာခဲ့ရသည်။ အိပ်ယာပေါ်မှာထိုင်ပြီး စိတ်တွေ ကို ထိန်းချုပ်နေရ၏။ ကိုခန့်နောင်ရယ် သစ္စာသားလေး သစ္စာလို တွကြီးပြီး ငွေမက်တဲ့ကောင်မလေးတစ်ယောက်နဲ့ ဆုံတွေ့နေရပြီ သား။ သား ဘယ်လိုစည်းရုံးသိမ်းသွင်းရမယ်ဆိုတာ ဒီကောင်မလေး ထားပုံပဲ။ ကျွန်မ ရှာနေတာ ကိုခန့်နောင်တို့သားအဖကိုပါ။ ရှင်တို့ ယ်မှာလဲဟင် ဖူးဖူးစင်က ကိုခန့်နောင်ရဲ့သမီးလေးလား မဖြစ်နိုင်ပါဘူး ဖူးစင်က ဆင်းရဲနွမ်းပါးတဲ့ ပုံစံမဟုတ်။ မာနတွေနှင့် ထက်ထက်မြက် မြက် ကောင်မလေးတစ်ယောက်ပဲ။ ပညာလည်းတတ်သည်။

"ကိုခန့်နောင်ဘဝက အဖက်ဆယ်လို့မရအောင် ပျက်စီးသွား တယ် သစ္စာ၊ စီးပွားလည်း ပျက်တယ်၊ အရက်သမားကြီးဖြစ်နေပြီ၊ မိန်းမက လမ်းဘေးဈေးသည်၊ သမီးလေးတစ်ယောက်နဲ့ ဒုက္ခတော် ဆ်ရောက်နေတယ်"

သူမ နောင်တတွေရလာတဲ့အချိန်တွင် ပတ်ဝန်းကျင် အခိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းမှာ အရှက်ရစရာတွေဖြစ်နေရသည်၊ သား သိသွားမှာ အစိုး
ဆုံးပင်။ သား လေးစားချစ်ခင်ရတဲ့ အမေက စိတ်ဓာတ်အောက်တန်း
တဲ့ မိန်းမတစ်ယောက်လား။ မိမိစိတ်တွေ မလုံခြုံခဲ့။ ကိုခန့်နောင်
သားအဖကို ရှာနေမိသည်။ မိမိ ရွေးချယ်ထားတဲ့ ချွေးမလောင်း
ကိုခန့်နောင်ရဲ့ သမီးလေးပါ။ ဘယ်လောက်ပဲ ဆင်းရဲနွမ်းပါးနေပါ
သား လက်ထပ်ရမယ်၊ သစ္စာမြိုင်ရဲ့ သံသရာကြွေးကို ပေးဆပ်ချင်
တယ်၊ ဒေါ်သစ္စာမြိုင်ရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်
သည်။

"ဒေါ်သစ္စာမြိုင်က ကိုယ့်စိတ်နဲ့နှိုင်းနေတာပဲ၊ စင့်မှာ အဲဒီလော
အထိ စိတ်ဓာတ်က အောက်တန်းကျမနေပါဘူး"

ဖူးဖူးစင်ရဲ့စကားကြောင့် ဒေါ်သစ္စာမြိုင် မိမိစိတ်တွေ မလုံ
ဖြစ်ရပြီး ဒေါသတွေ ပေါက်ကွဲခဲ့ရသည်။ လူကြီးတစ်ယောက်ကို
နှင့် ခံပက်ရဲတဲ့ မိန်းကလေးပဲ။ ကျုပ်က အဆင်အတန်းခွဲခြားနေ
မဟုတ်ပါဘူး ဖူးဖူးစင်၊ ကျုပ် ရည်ရွယ်ထားတဲ့ ချွေးမလောင်းက နို
လိုပါ။ မဖြစ်မနေ ပေးဆပ်ရမယ်လေ။ ဒါကြောင့်လည်း ကျုပ်သာ
စိတ်တွေ ယိမ်းယိုင်ညွှတ်ပူးအောင် ဖွဲ့ဆောင်နိုင်တဲ့ ဘယ်လို မိန်းကလေ
မျိုးကိုမဆို ကျုပ်သားအနားမှာ မရှိစေချင်တာပါ။ ဖူးဖူးစင်ကို အ
ကြောင့် မာန်တက်လွန်းနေတဲ့ မိန်းကလေးတစ်ယောက်ဟုပဲ ထင်မိသည်





ဖွဲ့ညီညာရဲ့အဖြစ်တွေကိုကြည့်ပြီး ဒေါ်သစ္စာမြိုင် တန်လှုပ်ချောက်
လာရ၏။ မိမိ အတိတ်ကလုပ်ရပ်ကြောင့် ဝဋ်လည်ကြွေးဆိုရင်
မြိုင်ပဲ ပေးဆပ်ပါရစေ သား ပျော်ရွှင်ချမ်းမြေ့ဖို့အတွက် ဒေါ်သစ္စာ
ပြည့်စွမ်းလုပ်ဆောင်ပေးသင့်တာလည်း စဉ်းစားနေမိသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"သမီး"

"ဖေဖေ"

"တစ်ချိန်တုန်းက ဖေဖေ မိန်းမတစ်ယောက်ရဲ့ အကျင့်စ[illegible] တစ်ခုကြောင့် အဲဒီမိန်းကလေးကို အမုန်းကြီးမုန်းပြီး နာကျင်ခဲ့တယ်[illegible]

"အဲဒီမိန်းမက ဒေါ်သစ္စာမြိုင်လား ဖေဖေ"

"ဟင်... သမီးက ဒီနာမည်ကို ဘာဖြစ်လို့ သိနေရတာ[illegible]

"ဖေဖေ့ ဒိုင်ယာရီကို သမီး ဖတ်ပြီးပါပြီ"

"ဟင်..."

သမီး မျက်နှာလေးကို ဦးခန့်နောင် ငေးစိုက်ကြည့်မိသ[illegible] တကယ်တော့ မိမိနာမည်က ဦးခန့်နောင်ပါ။ စီးပွားတွေပျက်ပြီး အ[illegible] သမားကြီးဘ၀ ရောက်နေတဲ့အချိန်တွင် ဦးကျော်ဖောဖြူဟု ပြောင်[illegible]





လိုက်သည်။ မိမိ မိုက်မဲမှုတွေပါ၊ မိန်းကလေးတစ်ယောက်ကိုယုံကြည်ပြီး အရှုံးအမူး ချစ်ခင်နှစ်သက်သွားမိခြင်း ဘ၀ပါပျက်သွားရသည်။

"သစ္စာမြိုင်ဆိုတဲ့ မိန်းမက ဖေဖေ့ဘ၀ကို ဖျက်ဆီးသွားခဲ့တာပဲ၊ စီးပွားရေးပဲ အာရုံစိုက်ပြီး မိန်းကလေးတွေနဲ့ ကင်းအောင်နေခဲ့တဲ့ ဖေဖေက သစ္စာမြိုင်ကို အရူးအမူး ချစ်သွားခဲ့တာပဲ"

ဦးကျော်ဖောဖြူရဲ့အတိတ်က နာကျည်းကြေကွဲစရာအတိပင်။ နာမည်အရင်းကိုပင် မကြားချင်တော့။ အခု သမီးလေးကို သတိပေးစရာ ရှိနေသည်။ မိမိကဲ့သို့ စိတ်သောကရောက်စရာအဖြစ်မျိုးတွေနဲ့ ကြုံတွေ့လိုတော့ပေ။ မိခင်တစ်ယောက် ပြောသင့်သောစကားကိုပင် ပြောရမည်ဖြစ်သည်။

"မောင်စွဲညီညာနဲ့ သမီးရဲ့ပတ်သက်မှုက ရိုးဝင်းပါတယ်နော်"

"ရှင်..."

"သူဌေးတစ်ယောက်ကို မျှော်မှန်းဖို့ဆိုတာ လုံးဝ မဖြစ်သင့်ဘူး သမီး၊ ဘယ်မိဘကမှ သမီးလို မိန်းကလေးမျိုးနဲ့ သဘောတူမှာမဟုတ်ဘူး"

"စင့်အတွက် စိတ်ချ၊ စင် လုံးဝ မမုန်းပါဘူး၊ စင်က ကိုယ့်အစွမ်းအစနဲ့ ကြီးပွားချမ်းသာချင်တာပါ ဖေဖေ၊ ဒေါ်သစ္စာမြိုင်လိုဓာတ်မျိုးကို မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သစ္စာမြိုင်နှင့်စင် ပတ်သက်နေတာ ဖေဖေ့အား ပြောမပြလိုပေ။ ဖေဖေ ပိုပြီး စိတ်ထိခိုက် ကြေကွဲသွားမှာ စိုးရိမ်နေမိသည်။ ဖေဖေ့ဘဝ အနယ်ထိုင်နေပြီပဲ။ ဒေါ်သစ္စာမြိုင်က ကျိုကျိုတက် ချမ်းသာတဲ့ သူဌေးမကြီးဖြစ်နေသည်။ ဖေဖေ ပိုပြီး စိတ်ထိခိုက်ရမှာပါ။ အရက်ပြတ်စပြုနေတဲ့ ဖေဖေ့ကို နည်းနည်းလေးမှ ကြေကွဲနာကျင်မှုတွေ ထပ်ပြီး မခံစားစေချင်၍ဖြစ်သည်။

“ဝမ်းသာလိုက်တာကွယ် ဖေဖေ့သမီးလေးက စိတ်ဓာတ်ကြံ့ခိုင်ပြီး စိတ်သဘောထားလည်း ဖြူစင်တယ်၊ မာနလည်းရှိတယ်၊ ကောင်းတယ်ကွယ်၊ သူဌေးတွေကို ချစ်မိသွားရင် မလိုလားအပ်တဲ့ စိတ်သောကရောက်မှုတွေနဲ့ နာကျင်မှုတွေကြောင့် ကိုယ့်ဘဝအနာဂတ်က ပျောက်သွားတတ်တယ်။ သူတို့က သူတယ်တန်တယ်လို့ ထင်ကြမှာမဟုတ်ဘူး”

“စွဲညီညာနဲ့သမီးက အဝေးကြီးပါ ဖေဖေ၊ ဘယ်တော့မှ ဆုံမှတ်မရှိနိုင်တဲ့ မျဉ်းပြိုင်နှစ်ကြောင်းပါ”

သူမ အသံတွေက တုန်ရီလာ၍ ဖေဖေနှင့် စကားပြောခြင်းကို ရပ်ပစ်လိုက်သည်။ စင် ဘာဖြစ်လို့များ ငိုချင်လာရတာလဲ။ ဟုတ်ပါတယ် ဖေဖေ၊ သူဌေးအမေက စင့်ကို အလုပ်ကတောင် ထုတ်ပယ်ခံနေတာပါ။ သူ့သားအနားမှာ မနေပါနဲ့တဲ့။ ဒေါ်သစ္စာမြိုင်က သူ့စိတ်နဲ့နှိုင်းပြီး သူ့သားကို ချူစားမြူစားမယ်လို့ ထင်နေတာပါ။ မုန်းစရာကောင်း





လိုက်တာ၊ ကိုယ့်ဘဝကိုယ်မေ့ပြီး ကြီးကျယ်ခမ်းနားနေတာပါ ဖေဖေ။ စင် သာသာနဲ့နာနာ နှက်ပစ်လိုက်တယ်လေ။ ဖေဖေ့ကိုတော့ ပြောမပြမီ။ ဖေဖေ့စိတ်ကို အေးချမ်းနေစေလိုက်သည်။

“စင် အနားယူတော့မယ်နော် ဖေဖေ၊ သမီးအတွက် ဘာမှ စိတ်ပူမနေပါနဲ့နော်၊ ဖေဖေ စိတ်ပူရလောက်အောင် စင် ဘာမှ မလုပ်ပါဘူးနော်၊ သမီးဘဝအတွက် တိုးတက်ရာလမ်းစတွေက ဖြတ်လမ်းတစ်ခုမှ မပါပါဘူး”

“အေးကွယ်”

သူမ ဖေဖေ့အနားကနေ ရှောင်ဖယ်ထွက်ခွာဖို့ ပြင်လိုက်စဉ် မီးအိမ်လေးရောက်လာပြီး စင် ဖုန်းလာနေတယ်ဟု လာပြောသည်။ ဖုန်းက မီးအိမ်လေးတို့ အိမ်နီးချင်းကပ်လျက်မှာပါ။ သူမ အပြင်ကို ပြန်ထွက်လာခဲ့ရသည်။

“ဟဲ့… စင် ဖုန်းက ရှင့်သူဌေးပဲ၊ ဖူးဖူးစင်ကို သွားပြောပေးပါတဲ့၊ ရုံးကိစ္စ အရေးကြီးလို့တဲ့၊ မီးအိမ်လေးက ယောကျ်ားလား မိန်းမလားလို့မေးတော့ ယောကျ်ားတဲ့ စွဲညီညာတဲ့”

“ဟင်…”

“စင် လာပြီး ဖုန်းမကိုင်ရင် အိမ်ကို သူ လာရလိမ့်မယ်တဲ့”

“ဒုက္ခပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



ညဘက် အချိန်မတော်မှ ဘာဖြစ်လို့များ ဖုန်းဆက်ရတာလဲနော် သေချင်လိုက်တာ၊ စင့် ကို စိတ်အနှောင့်အယှက်ဖြစ်သွားအောင် တမင် ဖုန်းဆက်တာပါ။ သူနဲ့စင့် အကြား တကူးတက ဖုန်းဆက်ပြောစရာ ဘာအကြောင်းမှ မရှိပေ။ သူမ အိမ်ကိုလာမည်စိုး၍ ဖုန်းကိုသွားကိုင်သည်။

"ဟဲလို..."

"စင်လား"

"အင်း..."

"မောင် အိပ်လို့မရလို့"

"ဘာရှင့် ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ဒီမှာ ကျွန်မပတ်ဝန်းကျင်မှာ သိက္ခာကျအောင် ရှင် တမင် လုပ်တာမဟုတ်လား"

"အင်း..."

"ဘာ..."

"အင်းလို့ပြောတာလေ"

"ရှင်... ရှင်"

"အလကား နောက်တာပါ ဖူးဖူးစင်၊ ကိုယ် မင်းကို တကယ်ချစ်နေမိတာပါကွာ၊ ကိုယ် အိပ်လို့မရဘူး၊ ကိုယ် အရက်တွေထိုင်သောက်နေမိတယ်၊ မာမီက ကိုယ့်အတွက် စိတ်ထိခိုက်နေတဲ့ပုံပဲ၊ ကိုယ့်စိတ်





တွေ ညစ်သွားပြီ၊ အလုပ်တွေလည်း စိတ်မဝင်စားတော့ဘူး၊ မင်းက ကိုယ့်ကို အဲဒီလိုဖြစ်စေချင်တာ မဟုတ်လား ဖူးဖူးစင်"

"ဟင်..."

သူ့အသံက ယစ်မူးမူးအသံကြီးနှင့်ဖြစ်နေသည်။ အရက်တွေ အလွန်အကျွံသောက်ထားပုံပင်။ ဖေဖေ့ပုံစံကို မြင်ယောင်လာမိ၏။ သူမ စိတ်ပူသွားမိသည်။

"ကိုယ့်ကို စီးပွားပျက်ပြီး အရက်သမားကြီးဘဝ စုတ်ပြတ်သတ်နေတာ မင်း တွေ့ချင်နေတာမဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်မက ရှင့်ကို အဲဒီပုံစံပဲ မြင်ချင်တာ အသေအချာပဲ၊ ရှင် စိတ်အနှောင့်အယှက်ဖြစ်နေတာတွေ၊ ရှင် ဒုက္ခရောက်နေတာတွေပဲ မြင်ချင်တယ်၊ ကဲ... ဘာပြောချင်သေးလဲ၊ ရှင်ကလည်း ကျွန်မ အရက်တကွဲဖြစ်တာတွေ၊ ကျွန်မ စိတ်တွေအနှောင့်အယှက်ဖြစ်နေတာတွေ မြင်တွေ့ချင်တာပဲမလေ"

"ဟား... ဟား... ဟား"

သူမ ဟားတိုက်ရယ်မောနေသည်။ စင် ဒေါသတွေပေါက်ကွဲထွက်ချင်လာရ၏။ အလကားလူ ဘာအရက်သမားကြီးလဲ၊ ရှင် ဟန်ဆောင်နေတာ ကျွန်မဆီကအချစ်ကို နည်းအမျိုးမျိုးနဲ့ နူးနှပ်ပြီး ကျွန်မဘဝကို ဖျက်ဆီးပစ်ချင်တာမဟုတ်လား။ ရှင့်နှလုံးသားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အမုန်းတွေပဲရှိနေတာ၊ ဘာဘာချစ်လဲ ဘာအသည်းကွဲနေတာလဲ၊ ဒီလိုနည်းနဲ့ ကျွန်မစိတ်ကို ယိမ်းယိုင်လဲပျိုကျသွားအောင်လုပ်နိုင်မယ်ထင်လို့လား ဖွဲ့ညီညာ။ သူမ ဖုန်းကိုချပစ်လိုက်သည်။

"စင်"

"ပြန်မယ် မီးအိမ်လေး၊ နောက်တစ်ခါ ဒီလူ့ဆီက ဖုန်းလာရင် မခေါ်ပေးနဲ့တော့၊ စင် အိပ်နေပြီလို့ပဲ ပြောလိုက်ပါ"

သူမ ဆောင့်ဆောင့်အောင့်အောင့်လေး ပြန်ထွက်လာခဲ့သည်။ မီးအိမ်လေး နောက်မှလိုက်လာသည်။

"ဟဲ့… စင် ဘာဖြစ်ကုန်ပြီလဲ၊ နင့်ကြောင့် ဟိုလူ ဒုက္ခရောက်နေပြီလား၊ ဒေါ်သစ္စာမြိုင်ကို စင် နိုင်မှဖြစ်မယ်နော်"

"နိုင်တယ် ဖူးဖူးစင်ပဲဟာ၊ စင့်ကိုချစ်လို့ သူ အရက်သမားကြီး ဘဝတောင် ရောက်နေပြီတဲ့လေ"

"ဟုတ်လို့လား"

"အင်း…"

"ကောင်းတယ်၊ ဒီလိုလူတွေကို ဒီလိုပဲ ပညာပေးရမယ် ဖူးဖူးစင်၊ ကိုယ့်တဝ ဘယ်ကတက်လာတာလည်းဆိုတာ မေ့နေပြီး ဖြတ်လယ်နည်းနဲ့ ချမ်းသာချင်တဲ့ မိန်းမကြီး၊ ရှင့်အစား မီးအိမ်လေး တော်တော်ခံပြင်းတယ် သိလား"





သူမ အိမ်လေးပေါ် တက်လာခဲ့သည်။ မီးအိမ်လေးပြောနေတဲ့ စကားတွေကို အရင်ကလောက် စင် တက်တက်ကြွကြွ ပြောဆိုဆွေးနွေးခြင်းမပြုလိုတော့ပေ။ မီးအိမ်လေးကို အနားယူတော့မည်ပြောပြီး သူမ အိမ်လေးထဲဝင်လာခဲ့သည်။

"ဘယ်ကဖုန်းလဲ သမီး၊ အချိန်မတော်ကြီးကွယ်"

"ကုမ္ပဏီက သူငယ်ချင်းဆီကပါ ဖေဖေ၊ မနက် စောစောလာခဲ့ဖို့ လှမ်းပြောတာပါ"

"သမီးက လိမ်တတ်နေပြီပဲ၊ မောင်ဖွဲ့ညီညာ ဆက်တာ မဟုတ်လား"

"ဟင်…"

"ဖေဖေလည်း ငယ်ရာကနေ ကြီးလာတာပဲ သမီး၊ မောင်ဖွဲ့ညီညာကတော့ သမီးအပေါ် မရိုးသားတော့ဘူးထင်တယ်"

"သူက သမီးကို မချစ်ပါဘူး ဖေဖေ၊ သူ့အမေ သဘောမတူတဲ့ မိန်းမတစ်ယောက်ကို အပျော်ကြံစည်ရုံကလွဲပြီး လက်ထပ်ယူမှာမဟုတ်ပါဘူး"

"သူတို့လိုသူဌေးတွေ အပျော်ကြံစည်တဲ့ မိန်းကလေးတွေထဲမှာ သမီး မပါစေနဲ့နော် သတိထား၊ တကယ်လို့ အခြေအနေ လွန်ကဲလာရင် အလုပ်ကထွက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



စင် သိပါတယ် ဖေဖေရယ်၊ စင် စိတ်သောကတွေရောက်ရပြီး ဦးတည်ချက်လမ်းကြောင်းတွေ ပျောက်သွားမှာ စိုးရိမ်တာမဟုတ်လား။ သူနဲ့စင်က စိန်ခေါ်ပြီး ရန်သူအဖြစ် ကြေညာခဲ့ကြတဲ့ လူနှစ်ယောက်ပါ။ ဖေဖေကတော့ စင် ဘာတွေလုပ်ခဲ့လည်းဆိုတာ မသိရှာပေ။ သူဌေးသားကို စင် အရူးအမူး နှစ်သက်စွဲလမ်းသွားမှာပဲ စိတ်ပူပင်နေသည်။ ဖေဖေက အလုပ်ကနေထွက်ခိုင်းသည်အထိ သူဌေးသားတစ်ယောက်နှင့် ချစ်သူဖြစ်မှာ တားဆီးပိတ်ပင်နေ၏။ စင်က ဘာမှ စိတ်မပူပါနဲ့၊ စင်နဲ့ ဘာမှမပတ်သက်ပါဘူးဟုပဲ ပြောပြီး သူမအခန်းလေးထဲ ပြန်ဝင်လာခဲ့သည်။

"ကိုယ့်ကို အရက်သမားကြီးဘဝနဲ့ စီးပွားရေးပျက်၊ စုတ်ပြတ်သတ်နေတဲ့ဘဝကို မင်း မြင်တွေ့ချင်နေတာ မဟုတ်လား"

သူ့အသံ လေးလေးတွဲတွဲ ယစ်မူးသေသီနေတဲ့အသံကို သူမ ကြားလာရသည်။ မတွေးချင်ပါဘူး စွဲညီညာဆိုတဲ့လူကို အဲဒီလိုဘဝမျိုး စင် မြင်တွေ့ချင်ခဲ့တာပဲလေ။ ရှင်ကရော ကျွန်မကို စိတ်ဒုက္ခတွေရောက်ပြီး ဘဝပျက်နေတာကိုပဲ မြင်တွေ့ချင်တာပေါ့လေဟုပြောတော့ အင်း တဲ့၊ သူမက နိုင်လိုက်တာလား စွဲညီညာပဲ အနိုင်ယူသွားလား၊ စင့်ကြောင့် သူ စိတ်သောကတွေရောက်နေရတယ်ဆိုတာ မဖြစ်နိုင်တာပဲ။ လိမ်တာ၊ ညာတာ၊ ဟန်ဆောင်ကောင်းတဲ့လူ။ အခုလောက်ဆိုရင်





းတိုက်ရယ်မောနေတော့မှာပဲ။ သူမ နှုတ်ခမ်းလေးစူတင်းပြီး မကျေပ်ဖြစ်သွားရသည်။

"အခြေအနေမကောင်းရင် အလုပ်ကနေ ထွက်လိုက်တော့ သမီး။ ဌေးသားဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့အချစ်က သမီးအတွက် ပြုမှုမရှိနိုင်တဲ့ ဆွေးမြေ့နေတဲ့ ကြိုးတစ်ချောင်းပဲလေ"

ဖေဖေ ပြောတဲ့စကားတွေက သူမ နှလုံးသားတွေထဲ နာကျင်စွာ းဝင်လာသည်၊ စွဲညီညာနဲ့ပတ်သက်ပြီး နာကျင်ကြေကွဲနေရတာမျိုး းတယ်၊ ဟုတ်တယ် ရှင့်ဘဝပျက်စီး စုတ်ပြတ်နေတာကိုပဲ စင်က ချင်တာပါ။ သူမ အိပ်ခန်းလေးထဲ ဝင်လာခဲ့မိသည်။

"မင်း မြင်ချင်တာက ကိုယ့်ဘဝ စုတ်ပြတ်သတ်သွားတာပဲ ဟုတ်လား"

တကယ်ပဲ စင်က သူ့ဘဝကို စုတ်ပြတ်သတ်သွားတာကို မြင် တွေ့ချင်တာလား။ သူမ စိတ်တွေနာကျင်နေရသည်။ သူ့အကြောင်း တွေ မတွေးချင်ပါဘူးဆိုမှ တွေးချင်နေ၏။ မျက်ဝန်းတွေ မှတ်ထား သမယ့် သူ့အရုပ်တွေပဲ မြင်တွေ့နေရသည်။

"အား... မုန်းလိုက်တာ၊ ဒေါ်သစ္စာမြိုင်ဆိုတဲ့ မိန်းမကြီးရဲ့သား ကို ပတ်သက်မိတာ မှားတာပဲ"

စင်က ယောကျ်ားလေးတွေနဲ့ ပတ်သက်ဆက်ဆံခဲ့တာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနမ်းတွေ အမယ်လေး… စင် ကြောက်ပြီး ငုတ်တုတ်ထထိုင်လိုက်သည်။

"အား… ဘာလဲဟ"

သူမ ခေါင်းကို ခါယမ်းပစ်မိသည်။ အဲဒီ အနမ်းလေးတွေဟာ အမုန်းကြောင့်ပါ။ လက်စားချေလိုမှုတွေပဲ။ ရှင် ယောကျ်ားမပီသဘူး မိန်းကလေးတစ်ယောက်နဲ့ ဆက်ပြိုင်ပြီး လက်တုံ့ပြန်တယ်။ အို… စင်က စခဲ့တာပဲ၊ သူက အပြစ်ကင်းသူ ဘုရားရေ… စင်က သူ့ဘက်ကပဲ အကောင်းမြင် တွေးပေးနေတတ်ပြီ ထင်တယ်။ အိပ်ယာပေါ် ပြန်လှဲချလိုက်ကာ မျက်ဝန်းတွေကို စုံမှိတ်ထားပစ်လိုက်သည်။

❐





## အခန်း (၁၉)

"သား မှူးနဲ့လက်ထပ်ပါ၊ မာမီတို့ လူကြီးချင်း စီစဉ်မယ်၊ မှူးက တစ်ယောက်အကြောင်း တစ်ယောက်သိပြီး သားရဲ့စီးပွားရေးလုပ်ငန်းမှာလည်း အကူအညီပေးနိုင်တယ်လေ"

"မှူးကိုတော့ သား လက်မထပ်ပါရစေနဲ့ မာမီ၊ စင် နဲ့လည်း သားနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး။ စင် က အရမ်းမာနကြီးတဲ့ ကောင်မလေးပါ၊ သားက လက်ထပ်ချင်ရင်တောင် စင် က လက်ခံမှာမဟုတ်ပါဘူး"

"တော်စမ်း"

ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးတစ်ယောက်ရဲ့စိတ်က မိမိလိုပဲရှိနေမှာပါ။ ဖြတ်လမ်းနည်းနဲ့ချမ်းသာအောင် အပိုင်ချိုင်ကြမှာပဲ၊ တစ်ချိန်က ဒေါ်သစ္စာမြိုင်ရဲ့စိတ်တလည်း ဒီလိုပဲလေ သူဌေးသားကို ချိုင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အလကား သားရှေ့မှာ မာန်ထောင်မာယာများနေတာပါ။ လှပချောမောတဲ့အလှတွေနဲ့ မာနရှိသယောင် ဟန်ဆောင်လိမ်ညာပြီး သူမကိုယ်သူမ တန်ဖိုးမြှင့်နေတာပါ။ သားအနားကို ကပ်နေတာကိုက မှုမမှန်တာပဲ။ မရိုးသားနိုင်ဘူး။ ဟုတ်တယ် ဖူးဖူးစင် ငါ့စိတ်နဲ့နှိုင်းတာပဲ။ ညည်းမျက်လုံးတွေက ကြောက်စရာကောင်းတယ်၊ စားတော့ ဝါးတော့မတတ်ပဲ။ ငါ့ရဲ့တစ်ဦးတည်းသောသားလေး ညည်းရဲ့ မာယာညွှတ်ကွင်းထဲ သက်ဆင်းသွားမှာ အဖြစ်မခံနိုင်ပါဘူး။ သား စွဲညီညာက ရိုးသားတယ်၊ အပြစ်ကင်းတယ်။ ညည်းက မာကျောကျော ကောင်မလေးပဲ၊ မဖြစ်ဘူးငါ တားဆီးရမှာပဲ။ ညည်းလို ဟာမလေးမျိုးနဲ့မဖြစ်ဘူး သားက စွဲလမ်းနေသည်။

"သားရဲ့ဂုဏ်သိက္ခာအတွက် ဒီကောင်မလေးမျိုးနဲ့တော့ မဖြစ်ဘူး။ မှူးကိုပဲလက်ထပ်ပါ၊ မာမီ့ကို အသက်ကြီးမှ သားက ဆန့်ကျင်ဘက်လုပ်နေတာလား"

"မှူးကို သား ဘယ်လိုမှ ခံစားလို့မရတာပါ မာမီ၊ သား ဘယ်လိုမိန်းကလေးမျိုးနဲ့မှ လက်မထပ်ပါဘူးဗျာ၊ မာမီ စိတ်သောကရောက်အောင် မလုပ်ပါဘူး"

"စွဲညီညာ"

"ဗျာ..."





"မင်း အရက်တွေသောက်တယ်၊ ဘယ်တုန်းက သောက်ဖူးသို့လဲ၊ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးအတွက် မင်းက ကြေကွဲနေတာလား"

"သား အမှန်အတိုင်း ဝန်ခံရရင် ဖူးဖူးစင်ကို ချစ်မိနေတယ်၊ သား နှလုံးသားတွေထဲက ချစ်တာပါ၊ သား ဟန်ဆောင်နေတာ မဟုတ်ပါဘူး။ ဖူးဖူးစင့်ရဲ့ဘဝလေးကိုလည်း ထိခိုက်နစ်နာသွားမှာ စိုးရိမ်နေမိတယ်"

"ဘာ..."

"မာမီ နားလည်ပေးပါ၊ သားနှလုံးသားတွေ အရမ်း နာကျင်နေတယ်၊ ဖူးဖူးစင်က သားရဲ့အချစ်ဦးပါ"

ဒေါ်သစ္စာမြိုင် စိတ်ပျက်မိသွားသည်။ သားက ကိုခန့်နောင်နဲ့ တဖြည်းဖြည်း တူလာတာပါလား။ သစ္စာမြိုင်အား အရူးအမူး ချစ်နေပါကြောင်း တတွတ်တွတ်ပြောခဲ့သည်။ ကိုခန့်နောင် အရက်တွေသောက်လာပြီး အသည်းကွဲပြနေတုန်းက သစ္စာမြိုင် အသည်းမာစွာ ထားပစ်ခဲ့သည်။

"ကိုယ့်ကို မထားခဲ့ပါနဲ့၊ မရက်စက်ပါနဲ့ သစ္စာရယ်၊ မင်းအတွက် ခင်းလိုအင်ဆန္ဒတွေအတွက် ကိုယ် အမြဲတမ်း ဖြည့်စွမ်းပေးခဲ့တာပါ၊ စေ်မ်းကားပါနဲ့"

သစ္စာမြိုင်က ထားရစ်ခဲ့သည်။ အဲဒီအချိန်တွာ ဘဝတစ်သက်တာသုံး ချမ်းသာကြွယ်ဝစွာ နေလိုခဲ့သည်။ အရှက်မင်းမဲ့ခဲ့၏။ ကိုခန့်နောင်



www.burmeseclassic.com

www.burmeseclassic.com



က အချစ်ကိုပဲ အလွန်အမင်း ကိုးကွယ်သူဖြစ်ပြီး စီးပွားရေးကကျဆင်း
နေ၍ ကိုခန့်နောင်ထက်သာလွန်တဲ့ ယောကျ်ားတစ်ယောက်နောက်
လိုက်ခဲ့၏။ ပြန်တွေးကြည့်ရင် ရှက်စရာပဲ။ ယခုထိ စိတ်မလုံပေ။ သား
သိသွားမှာ ကြောက်နေမိသည်။ ကိုခန့်နောင်ရယ် ရှင် ဘယ်မှာလဲ
ကျွန်မ ရှင့်အကြွေးတွေကိုပေးဆပ်ပြီးမှ စိတ်လုံလုံ နေထိုင်သွားလို့ရ
ကိုခန့်နောင်ကိုရှာနေတာ နှစ်တွေကြာပါပြီ။ အခုလောက်ဆိုရင် ကို
နောင် အသက်ရှင်လျက်မှ ရှိသေးရဲ့လား။ သမီးလေးဆိုတာက
အရက်သမားတစ်ယောက်ရဲ့သမီးက ထွန်းတောက်လာနိုင်စရာမရှိ
အသက်ရှင်လျက်မှ ရှိကြသေးရဲ့လား။ ဟိုကောင်မလေး ဖူးဖူးစင်
မိန်းမလည်မလေးပဲ ဖြစ်မှာပါ။ သားအပေါ် မာယာတွေနဲ့ လှည့်
ဖမ်းစားထားတာပဲ ဖြစ်သည်။

"မာမီ"

"ဟင်..."

"မှူးကို သား လက်မထပ်နိုင်ဘူး။ သားကို အမွေပဲဖြစ်
သားအဖြစ်ကနေ စွန့်လွှတ်ပါ"

"စွဲညီညာ"

"လုပ်ငန်းတွေရော ငွေကြေးတွေရော အားလုံး မာမီ့ဆီမှာ အ
ထားခဲ့ပါ့မယ်၊ သား မာမီ့သားအဖြစ် မခံယူထိုက်တော့ပါဘူး"





"စွဲညီညာ မင်း ဒီလိုလုပ်လို့မရဘူး။ မာမီ့ကို စိမ်းကားရက်စက်တော့မှာလား။ မိန်းမတစ်ယောက်အတွက် မာမီ့အပေါ် သားမိုက်အဖြစ် ဆက်ဆံတော့မှာလား"

သား ဖူးဖူးစင်ကို ချစ်နေပြီ မာမီ၊ စင့်ရဲ့ကျိန်စာတွေ သင့်နေပြီ ထင်တယ်၊ စီးပွားရေးလုပ်ငန်းတွေလည်း စိတ်မဝင်စားတော့ပါဘူး။ စင် မင်းက ကိုယ့်ကို ဒီလိုပုံစံနဲ့ မြင်ချင်တာလား။ မာမီ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့်ပြည့်နေသည်။

"မင်း မှူးကို လက်မထပ်ချင်နေပါ၊ ဟိုကောင်မလေး ဖူးဖူးစင်နဲ့လည်း ကင်းရှင်းအောင်နေပြပါ၊ သား မာမီ တောင်းဆိုတာပါ၊ အနူးအညွတ် တောင်းဆိုတာပါ"

"သား ကတိပေးပါတယ် မာမီ စိတ်ချပါ၊ ဖူးဖူးစင်ကိုယ်တိုင်က သားကို လက်မထပ်ပါဘူး"

"မိန်းမ မာယာတွေပါ သား၊ မင်းက ရိုးသားလွန်းတယ်၊ ဖူးဖူးစင်လို ကောင်မလေးမျိုးက သားလို လုပ်ငန်းရှင်သူဌေးကို လက်မထပ်ချင်ပဲ ရှိပါ့မလားကွယ်၊ မယုံကြည်ပါနဲ့၊ အထင်လည်း မကြီးစမ်းပါနဲ့"

"မာမီ"

ဒေါသစွာမြိုင် ထွက်လာခဲ့သည်။ ဖူးဖူးစင် ညည်က တော်တော် မာယာများတာပဲအေ၊ ကျုပ် ဝင်ရှုလည်တော့မယ်ထင်တယ်။ ကျုပ်ရဲ့အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသားလေးက ကိုခန့်နောင်အတွက် ပေးဆပ်ရတော့မှာလား။ မဖြစ်သင့်ပါဘူး။ သားက အပြစ်မဲ့သူ၊ ရိုးသားဖြူစင်သူ၊ ကံကြမ္မာက ကြောက်စရာကောင်းတယ်၊ မဆပ်လို့မရဘူးပဲ။ သားကိုတော့ ဘဝအဖျက်မခံနိုင်ဘူး ဒေါ်သစ္စာမြိုင် ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးဆီ ဖုန်းဆက်လိုက်သည်။

"ညည်းနဲ့ စကားပြောချင်တယ်၊ ခဏလောက် အပြင်ကိုထွက်ခဲ့ပါ"

"ကျွန်မ အလုပ်ကိစ္စတွေရှိနေလို့ပါ ဒေါ်သစ္စာမြိုင်၊ ကုမ္ပဏီမှာလာတွေ့လည်း ရပါတယ်"

"ညည်း ဘာဖြစ်လို့ ဒီလောက်အထိ ဈေးကိုင်နေရတာလဲ ဖူးဖူးစင်၊ ကျုပ်သားက ရိုးသားပါတယ်၊ ညည်း ဘာဖြစ်ချင်နေတာလဲ"

"ကျွန်မ ဘာဖြစ်ချင်တယ်လို့ တစ်ခုမှ မတောင်းဆိုရသေးဘူးလေ"

"အေး... တောင်းဆိုလေ၊ ညည်း ဘာဖြစ်ချင်တာလဲ၊ ဘာတွေလိုအပ်နေလဲ၊ ညည်းရဲ့ရည်ရွယ်ချက်က ဘာလဲ"

"ကျွန်မ အရမ်းဆင်းရဲလွန်းတယ် ဒေါ်သစ္စာမြိုင်၊ ဆင်းဆင်းရဲရဲနဲ့နေရတဲ့ဘဝကြီးကို ကျွန်မ အရမ်းမုန်းတာပဲ၊ ကျွန်မတို့လိုလူတန်းစားတွေအတွက် သူဌေးတစ်ယောက်နဲ့ လက်ထပ်ခွင့်ရဖို့ ကြိုးစားလှုပ်ရှားကြရတာပဲလေ"





"ညည်း... ညည်း စိတ်ဓာတ်က တော်တော်မြင့်မားတာပဲအေ၊ ကဲ... ကျုပ်က ညည်းအတွက် မြေညီထပ်က တိုက်ခန်းတစ်ခန်းပေးမယ်၊ စတိုးဆိုင်ဖွင့်ပေးဖို့ စီစဉ်ပေးမယ်ဆိုရင် ညည်း ကျေနပ်မလား"

"ဟင်း... ဟင်း... ဟွန်း... အဟွန်း... ဟွန်း"

"ဖူးဖူးစင်"

"ကျွန်မက စွဲညီညာနဲ့ပဲ လက်ထပ်ချင်တာပါ"

"ဘာ..."

"စွဲညီညာကို အမွေဖြတ်မယ်ဆိုရင်တော့ လက်ထပ်ဖို့ မစဉ်းစားပါဘူး။ ကျွန်မရဲ့ဆန္ဒကို ပြောပြထားပြီးသားပါ"

"ညည်း... ညည်း တော်တော်အကြံကြီးတာပဲ"

"ကျွန်မက စွဲညီညာထက် ချမ်းသာလွန်းတဲ့ ယောကျ်ားတစ်ယောက်ကိုတွေ့ရင်လည်း စွဲညီညာကို ထားပစ်ခဲ့မှာပဲ"

"ဖူးဖူးစင် ပိုင်းလုံးမ"

"အဲဒါ ပိုင်းလုံးလား"

"တိတ်စမ်း"

"အရမ်းအော်မနေပါနဲ့ အန်တီ၊ တစ်ချိန်က အန်တီကိုယ်တိုင် ကျွန်မလိုဘဝမျိုးနဲ့ ကြီးပြင်းလာရတာပါ၊ ကျွန်မ တစ်ခုတော့မေးချင်ပါတယ်၊ ကျွန်မတို့လို ဆင်းရဲနွမ်းပါးတဲ့ ကောင်မလေးမျိုးတွေအတွက်



www.burmeseclassic.com

ကြီးပွားချမ်းသာစေမယ့် နည်းလည်းက ဘာလဲဟင်၊ အန်တီ ဘယ်လိုများ ကြီးပွားချမ်းသာအောင် လုပ်ဆောင်ခဲ့ပါလဲ ပြောပြပါ၊ တကယ်တော့ ပိုင်းလုံးမဆိုတဲ့ နာမည်ဆိုးကြီးကို ဘယ်သူက ခံယူချင်မှာလဲ အန်တီ ရယ်"

"ဖူးဖူးစင် ညည်း... ညည်း... ညည်း"

ဒေါ်သစ္စာမြိုင် လက်တွေနှင့် မိမိရင်ဘတ်ကို ဖိထားလိုက်ရသည်။ နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်ရီလာရ၏။ ဘုရားရေ... ဒီကောင်မလေးက မိမိ အတိတ်အကြောင်းတွေကို သိနေတာလား။ ဘာသဘောနဲ့ မေးရတာလဲ။ ရိုးရိုးသားသားပဲ မေးခဲ့တာလား။ အမယ်လေး... ဒီကောင်မလေးသာ မိမိအကြောင်းသိနေရင် တစ်နေ့ သားကို ပြန်ပြောမှာပဲ။ ဖူးဖူးစင်ဆိုတာ ဘယ်သူလဲ၊ ကိုခန့်နောင်သမီးလား၊ မဖြစ်နိုင်ပါဘူး ဒီကောင်မလေးက ထက်မြက်တယ်၊ မရိုးသားဘူး။ ဒေါ်သစ္စာမြိုင်ရဲ့စိတ်နဲ့ ဘာဖြစ်လို့များ ဒီလောက်အထိ လာတွေ့နေရတာလဲ။ ဇောချွေးတွေပင် ပျံလာရသည်။ မိမိ အကြောက်ဆုံးက မိမိအတိတ်ကို ပြန်လှန်မှာ အကြောက်ဆုံးပင်။ ချမ်းသာကြွယ်ဝပြီး ဂုဏ်ဒြပ်တွေ မြင့်မားလွန်းတဲ့ သူဌေးမကြီး ဒေါ်သစ္စာမြိုင်က အတိတ်ဖြစ်ရပ်တွေက ဒီလိုပါလားဆိုရင် ဘုရားရေ... ဆက်မတွေးရဲတော့။ ရင်တွေ တလှပ်လှပ်တုန်ရီလာသည်။ နှုတ်ခမ်းတွေက သွေးဆုတ်ဖြူရော်လာရ၏။ ဒေါ်သစ္စာမြိုင် ရပ်တည်နိုင်





စွမ်းပင်မရှိတော့။ ဖုန်းကို ပိတ်ပစ်လိုက်သည်။ မိမိ အတိတ်ကအကြောင်းတွေသာ ပတ်ဝန်းကျင်မှာ ပြန့်နှံ့သွားရင် မိမိရဲ့တစ်ဦးတည်းသောသားရဲ့ ဂုဏ်သိက္ခာတွေလည်း အဖတ်ဆည်လို့ရမှာ မဟုတ်တော့ဘူး။ အိပ်ယာပေါ် အသာအယာ ထိုင်ချလိုက်ရသည်။

"မာမီ"

"ဟင်..."

သားက အခန်းဝမှာ လာရပ်၍ ဒေါ်သစ္စာမြိုင် အထိတ်တလန့် ဖြစ်သွားရသည်။ သားကို သွေးဆုတ်ဖြူရော်ရော် မျက်ဝန်းတွေဖြင့် ငေးစိုက်ကြည့်မိနေ၏။ သား စွဲညို့ညာက မိမိအနားသို့ စိုးရိမ်တကြီး ရောက်လာသည်။

"မာမီ ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလားဟင်"

"အင်း... ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး သား၊ မာမီ အိပ်တော့မယ် သွားတော့"

"မာမီ"

"သွား... သွား"

"မာမီ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား ဆေးခန်းသွားရအောင်"

"မဖြစ်ဘူး မာမီ ဘာမှမဖြစ်ပါဘူး။ အနားယူချင်တယ်၊ တကယ်ပဲ

www.burmeseclassic.com



မာမီ ဘာမှမဖြစ်တာပါ"

မာမို့လက်ထဲမှာ လက်ကိုင်ဖုန်းလေး ကိုင်လျက်သားရှိနေတာ သူ တွေ့လိုက်ရသည်။ မာမီ တစ်စုံတစ်ယောက်နဲ့များ စကားပြောနေတာလား။ မာမို့လက်ထဲကဖုန်းကို ယူမည်လုပ်တော့ မာမီက အထိတ်တလန့်နှင့် ပြန်၍ ဆုပ်ကိုင်ထားသည်။

"မင်း သွားတော့လေ၊ မာမီ ဘာမှမဖြစ်ဘူးလို့ ပြောထားပြီးပြီပဲ"

"မာမီ တစ်ခုခုဖြစ်နေတာ သား သိပါတယ်၊ ဆေးခန်းသွားမပြချင်ရင်လည်း ဒေါက်တာချိုကို ဖုန်းဆက် လှမ်းခေါ်လိုက်မယ်လေ"

"နေ နေပါ၊ သား ထွက်သွားပါတော့၊ မာမီ ဘာမှမဖြစ်ဘူး အနားယူချင်တယ် သွားတော့"

သူ မာမို့အနားကနေ ထွက်လာခဲ့မိသည်။ မာမီ တစ်စုံတစ်ယောက်နှင့် ဖုန်းပြောရင်း စိတ်ထိခိုက် ကြေကွဲစရာကိစ္စတစ်ခုနှင့် ကြုံတွေ့ရပုံပင်။ မာမို့မျက်နှာက သွေးဆုတ်ဖြူရော်နေသည်။ မာမီ ဖုန်းပြောတာ စင် နဲ့များလား မာမီ ဘာသိသွားလို့လဲ၊ စိတ်တွေပူပင်နေရသည်။

"ဖူးဖူးစင်နဲ့တော့ သား လက်မထပ်ရဘူး၊ မာမီ လုံးဝ သဘောမတူဘူးနော်၊ မိန်းမလည်မလေး"

စင်က မာမို့ကို တစ်စုံတစ်ခုကြောင့် မုန်းတီးနာကျည်းနေပုံပင်။





သူ့ကို လာပြီး ဆက်ဆံနေတာပင် နာကျည်းမုန်းတီးမှုတွေကြောင့်ပဲ ဖြစ်သည်။ မာမီ မသိပေ၊ မာမို့အတွက်က ကြောက်ရွံ့ထိတ်လန့်စရာတွေ ဖြစ်ခဲ့ပုံရသည်။ သူနဲ့စင် မုန်းသူတွေပါ တစ်ယောက်ကိုတစ်ယောက် အယုံအကြည်ကင်းမဲ့စွာ သံသယတွေနဲ့ စောင့်ကြည့်နေကြတဲ့ ရန်သူနှစ်ယောက်ရင်ဘက်မှ သူ့ကို ဘယ်လိုမှ ချစ်သူအဖြစ် လက်ခံမှာမဟုတ်တာ သိသိကြီးနှင့် သူက ချစ်နေမိသွားသည်။

"ရှင် လိမ်ညာနေတာပဲ၊ ဟန်ဆောင်နေတာ တကယ်ဒမီရနိုင်ဘယ်နော်၊ ကျွန်မ ဘဝလေးကို ဖျက်စီးပစ်ဖို့ ကြံစည်နေတဲ့ လူပဲ ... န်းလိုက်တာ"

သူ ရင်ထဲမှာ နာကျင်နေသည် ဖူးဖူးစင်ရဲ့ကျိန်စာထင်တယ်၊ ... မိလည်း စိတ်သောကတွေရနေပုံပင်။ ဖူးဖူးစင် မင်း ဘာလုပ်ချင်တာ ... ဘာကြောင့်လဲ။ ဖူးဖူးစင်အား သူ့နှလုံးသားတွေကတော့ ချစ်မြတ် ... နေမိသည်။

၁



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ရှင့်မာမီက ကျွန်မဆီ ဖုန်းဆက်တယ်လေ၊ တိုက်ခန်းဝယ်ပေးမယ်၊ စတိုးဆိုင်ဖွင့်ပေးမယ်၊ မင်း ကျေနပ်လားတဲ့"

"စင်"

"စင်က စွဲညီညာကိုပဲ လက်ထပ်ချင်တာလို့ ပြောလိုက်တယ်"

"ကိုယ့်ကို ဒီလောက်တောင်ပဲ မုန်းနေလား။ ကိုယ့်မာမီ အိပ်ယာထဲမှာ လဲနေပြီ၊ ကိုယ် စီးပွားရေးတွေ စိတ်ဝင်စားလို့တောင်မရဘူး မင်း ပျော်ပါ၊ မင်း စိတ်ချမ်းသာဖို့အတွက် ကိုယ် ဘာလုပ်ပေးရမလဲ စင်"

သူ တော်တော်လေး ချောင်ကျသွားသည်ဟု သူမ ထင်မိသည်။ ကောင်းတယ်၊ ရှင်လည်း စင့်ဘဝကို ဖျက်ဆီးပစ်ချင်နေတာ မဟုတ်လား။ သူ အရင်ကထက်တော့ တည်ငြိမ်နေ၏။ စင့်အား ဖက်ရှင်နမ်းရှိုက်တာတွေ မလုပ်တော့။ စောစောက ဒေါသစွာမြိုင် အထိန်း





သွားပြီ ထင်သည်။ သွေးပျက်သွားတာမှာပဲ၊ အတိတ်ကအကျင့်စာရိတ္တ ပျက်ပြားခဲ့တာတွေ တကယ်တမ်း တွေးမိရင်တော့လည်း သေပစ်ချင်လောက်အောင် ရှက်စရာပဲ။ စွဲညီညာ ပုံစံက ဖရိုဖရဲနှင့် ဆံပင်တွေကလည်း ပွရောင်းနေသည်။

"မင်း ကျိန်စာတွေ ထိနေပြီလေ၊ ကိုယ့်နှလုံးသားတွေ မီးတောက်နေတယ်၊ မာမီ့ကြောင့်ရော မင်းအတွက်ရောပဲ၊ မင်း ဟားတိုက်ရယ်မောလေ စင်"

"ဟား... ဟား... ဟား... ရှင် တော်တော် ရယ်ရတာပဲ စွဲညီညာ၊ အိုင်တင်အပြည့်ပဲ ကျွန်မကြောင့် ဟုတ်လား၊ ရှင် အမုန်းဆုံးကလည်း ကျွန်မပဲ မဟုတ်လား"

"မုန်းနေတာ မဟုတ်ပါဘူး စင် ချစ်နေတာကွ"

သူ ဘယ်လိုပြောပြော စင် မယုံဘူးဆိုတာ သူ သိနေသည်။ စင် မင်းကို ကိုယ် မုန်းလို့မရဘူးကွာ၊ မင်းဘဝကို ဖျက်ဆီးပစ်ဖို့ ကိုယ် ဘယ်တုန်းကမှ မကြံစည်ခဲ့ပါဘူး၊ ချစ်နေမိတာပါ၊ စင်ရဲ့မျက်ဝန်းကျယ်ကျယ် တောက်တောက်လေးတွေထဲမှာ သူ့ကို ချစ်မြတ်နိုးတဲ့အရိပ်တွေ ကင်းမဲ့နေသည်။ အမုန်းတွေကြောင့် မာထန်နေ၏။ သူ့မွေးနေ့မှာ စင်မြင့်ပေါ်တက်လာပြီး စိန်ခေါ်ခဲ့ စင်ရဲ့ရင်ထဲက အမုန်းတွေ ကြီးမားသော အစိုင်အခဲကြီး တည်ရှိနေတာ ထင်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်ကနေ ထွက်တော့မယ်၊ ကျွန်မ ဖေဖေကလည်း သူဌေးသားတစ်ယောက်ကို ကျွန်မ သံယောဇဉ်တွယ်ပြီး စိတ်ဒုက္ခတွေ ခံစားရမှာ မလိုလားဘူးလေ၊ ရှင်တို့လိုလူတွေက ကျွန်မတို့လို မိန်းကလေး မျိုးတွေကို အပျော်ပဲကြံမှာတဲ့၊ အခုပဲ ရှင့်မာမိက သေသေချာချာ မစုံစမ်းဘဲနဲ့ ကျွန်မကို စော်ကားနေပြီလေ"

"မင်းက ကိုယ့်မာမီကို မုန်းတီးရတဲ့အကြောင်းက အဲဒါလား ပြီးတော့ ကိုယ့်ကို စိန်ခေါ်ရတဲ့အကြောင်းရင်းကရော"

"ကျွန်မ အားလုံးကို ရုတ်သိမ်းလိုက်ပါပြီ၊ ကျွန်ပရဲ့စိန်ခေါ်မှုတွေကို ရှင်လည်း မေ့ပစ်လိုက်ပါတော့၊ ရှင်မှ မနစ်နာတာပဲလေ၊ ရှင့်ကို မပတ်သက်ချင်တော့ဘူး၊ နှုတ်ဆက်ပါတယ်၊ ရှင့်မာမိကိုလည်း စိတ်အေးချမ်းသာနေပါတော့လို့ ကျွန်မ စွန့်ပစ်လိုက်ပါပြီလို့"

သူမက အိတ်လေးကိုယူပြီး ထွက်သွားဖို့ပြင်တော့ သူ အထိတ်တလန့်နှင့် ကုမ္ပဏီအလုပ်ကနေ ထွက်သွားမှာကို စိုးရိမ်ပူပန်သွားမိသည်။ စင်က အရမ်းတော်လွန်းတဲ့ ပညာရှင်တစ်ယောက်ပါ၊ သူနှင့် လူမှုရေးတွေ မရှုပ်ထွေးစေပဲ သူ့ဝန်ထမ်းအဖြစ် ရှိနေစေချင်မိသည်။ ပြီးတော့ စင့်ကို မခွဲနိုင်သလိုဖြစ်သွားရ၏။ တော်တော် နှလုံးသားမာ ကျောတဲ့ ဖူးဖူးစင်ပဲ။ သူ ထင်မိတာက ငွေကြေးစည်းစိမ်တွေအတွက် သူ့ကို ချမ်းကပ်တာဟုပဲ ထင်မိနေသည်။





"စင်"

"ဟင်…"

ရုတ်တရက် သူ့စိတ်တွေ ထိန်းချုပ်နိုင်သော အင်အားကင်းမဲ့သွားကာ စင့်ကိုပွေ့ဖက်ကာ သူ့ရင်ခွင်ထဲမှာ ရစ်သိုင်းပွေ့ဖက်ထားမိသည်။

"ဟင်… ရှင် ဘာလုပ်တာလဲ၊ ရှင်… ရှင် အခွင့်အရေးသမားပဲ/ ကျွန်မကို စော်ကားဖို့မကြံနဲ့နော်၊ ကျွန်မ အော်ပစ်လိုက်မှာ"

"အော်လေ မင်းကို ကိုယ် ချစ်တယ်၊ မင်းနဲ့ခွဲခွာရမှာ ကိုယ် အရမ်းစိုးရိမ်တယ်၊ ကိုယ့်ကို မထားခဲ့ပါနဲ့ စင်၊ ကိုယ့်အနားမှာပဲ နေပေးပါ၊ မင်းမရှိရင် မဖြစ်တော့ဘူး ထင်တယ်"

"ရှင်… ရှင်"

ဒီလူ စင့်ကို စော်ကားဖျက်ဆီးပစ်ချင်တဲ့ အကြံအစည်နဲ့ သူ့ အခန်းထဲမှာ သီးသန့်ခေါ်ထားတာပဲ ဖြစ်သည်။ စင်ကလည်း သိသိကြီးနှင့် သူ့ကို စိတ်အနှောင့်အယှက်တွေပေးဖို့အတွက် ချဉ်းကပ်လာခြင်းလည်း ဖြစ်သည်။ အခုတော့ စင့်စိတ်တွေက သူ့ကို စိတ်သောက မရောက်စေလိုတော့ပေ။ ထူးဆန်းစွာဖြင့် သူမ ကျိန်စာကို ပယ်ဖျက်စေချင်လာသည်။ မီးအိမ်လေးက စင် ရှင် ရှုံးသွားပြီဆိုတော့ လှောင်ပြောင်စကားတွေပြောတာ ခံချင်ခံရပါစေတော့၊ သူ့ပုံစံက အရင်ကလို ခန့်ညား သပ်ရပ်မနေတော့တဲ့ ဖရိုဖရဲနှင့် နွမ်းဖက်နေသဖြင့် ကုမ္ပဏီဝန်ထမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ သိကျွာကျစရာဖြစ်နေသည်။ ရှင် ဒီလိုပုံစံကို တမင်ဖန်တီးပြီး စင့်ကို အယုံသွင်းထားလား မုန်းလိုက်တာ၊ စင့်ရဲ့လက်စားချေမှုတွေကို ရယ်တန့်ပစ်တော့မည်ဖြစ်သည်။

"စင် တကယ်ပဲ ကိုယ့်ကို စွန့်ခွာသွားတော့မှာလားကွာ၊ ကိုယ့်အနားမှာ ဘယ်လိုဘဝမျိုးနဲ့ပဲဖြစ်ဖြစ် နေပေးပါ၊ မာမီ့ရဲ့သားအဖြစ်က စွန့်လွှတ်ခြင်းကို ကိုယ် ခံယူတော့မယ်"

"ဟင်..."

သူမ ရှုန်းထွက်သည်။ သူ့လက်မောင်းတွေက ပိုမိုတင်းကြပ်စွာ ရစ်သိုင်းဖက်တွယ်ထားသည်။ စင် အင်အားတွေမဲ့နေ၏။ သူ့ကို တင်းကြပ်စွာ ပြန်လည်ပွေ့ဖက်ထားချင်လာရ၏။ ရှင် လိမ်ညာဟန်ဆောင်နေမှန်း သိသိကြီးနဲ့ ကျွန်မဘက်ကနေ ဘာဖြစ်လို့ စိတ်တွေပျော့ညံ့စွာ ရှင့်အချစ်တွေကို လက်ခံတုံ့ပြန်ချင်ရတာလဲ။ ရှင့်အချစ်ကို ယုံကြည်မိလိုက်တာနဲ့ ကျွန်မ ကျဆုံးရပြီလေ၊ ရှင်က အညိုးနဲ့ ကျွန်မဘဝကြီးတစ်ခုလုံးကို မီးလောင်တိုက်သွင်းပစ်တော့မှာပါ။ သူမ စိတ်တွေကိုထိန်းချုပ်ပြီး သူ့ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်သည်။ သူ့မျက်နှာက သူမ မျက်နှာလေးပေါ် ဖိကပ်ကျလာ၏။ ပူနွေးနာကျင်တဲ့ ဝေဒနာ စူးစူးရှရှလေး သူမနှုတ်ခမ်းသားလေးတွေပေါ် ကျလာသည်။

"ချစ်တယ်၊ ကိုယ် စင့်ကို အရမ်းချစ်တယ်၊ စင့်အမုန်းတွေကို





ကိုယ် မခံစားနိုင်တော့ဘူး။ စင် ကိုယ့်ကို လက်ထပ်ပါ၊ မာမီ့ဆီကနေ ဘာအထောက်အပံ့မှမယူဘဲ ကိုယ်တို့ဘဝကို ထူထောင်ကြမယ်၊ ဘယ် သို့လဲဟင် စင်"

သူ့မျက်ဝန်းအကြည့်တွေက သူမမျက်ဝန်းတွေထဲ ထိုးဖောက်တတ် ကြည့်နေသဖြင့် သူမ မျက်ဝန်းလေးတွေကို မှိတ်ပစ်လိုက်သည်၊ လောကကြီးက ကြောက်စရာကောင်းလိုက်တာ။ စင် သူ့ကို နမ်းချင်တယ်၊ အရမ်းပဲ မုန်းတီးနာကျည်းပစ်ချင်တာပါ။ သူနှင့်စင်က ဘယ်လိုမှ စေ့စပ်ဖြန်ဖြေလို့မရတဲ့ ရန်သူတွေ။ လာရောက်ဆုံတွေ့ခြင်း ကပဲ ရန်မီးပွားစေခဲ့သည်။

"ကိုယ့်ကို စင်က မုန်းနေလည်း စင် ပေးသမျှ လက်တုံ့ပြန်မှုတွေကို ကိုယ် ခံယူပါ့မယ် စင်ရယ်၊ ကိုယ့်ကို စင် ကျေနပ်လာရတဲ့အထိ ညှင်းပန်းနှိပ်စက်ပါ၊ ကိုယ် စိတ်သောကတွေရောက်ပြီး ဘဝပျက်နေတာ စင် တစိမ့်စိမ့် ထိုင်ကြည့်ပါ"

"တော်ပါပြီ"

သူ ပြောတဲ့စကားတွေကို သူမ ဆက်ပြီး မကြားလိုတော့ဘူး။ နှုတ်ခမ်းသားလေးတွေကို တင်းတင်းစေ့ပြီး သူ့အနားကနေ ရုန်းထွက်လာခဲ့သည်။ လှည့်မကြည့်တော့ဘူး။ ကျွန်မ ရှင့်ကို မုန်းရမယ်၊ ချစ်လို့ မဖြစ်ဘူးလေ၊ ရှင့်မာမီက ကျွန်မတို့လို မိန်းကလေးတွေကို သူ့ခွဲနှင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးလွန်းတယ်။ ကျွန်မဖေဖေက ရှင့်မာမီကို သတ်ပစ်ချင်လောက်အောင် မုန်းတီးရွံရှာနေတာပါ။ ရှင့်ကို ကျွန်မ မုန်းတယ်… မုန်းတယ်… အရမ်းမုန်းတာပဲ၊ စွဲညီညာကို သူမ လုံးဝ မပတ်သက်ချင်တော့ဘူး

အလုပ်ကနေထွက်ဖို့လည်း ဆုံးဖြတ်လိုက်သည်။

"မင်းရဲ့ကျိန်စာတွေကို ကိုယ် ခံယူပါ့မယ်။ ကိုယ့်တဝပျက်နေတာကို စင် တစိမ့်စိမ့် ထိုင်ကြည့်ပါ"

သူမ ဘာမှ မကြားချင်တော့ဘဲ ကုမ္ပဏီကြီးရဲ့ လှေခါးထစ်တွေ ခပ်သွက်သွက်လေး ကျော်နည်းဖြတ်ကျော်လာခဲ့သည်။ စင့်နှလုံးသားတွေ အပ်ချွန်ချွန်နှင့် ထိုးဆွလိုက်သလို နာကျင်နေရသည်။ သူမ ကုမ္ပဏီအပြင် ရောက်လာပြီး အငှားကားတစ်စီးကိုတားပြီး အိမ်ကိုပြန်လာခဲ့သည်။ အိမ်ပေါ်တက်လိုက်တော့ မီးအိမ်လေးရှိနေ၏။ ဖေဖေက စောစောပြန်လာတဲ့ သမီးအား စိတ်ပူပင်သလိုကြည့်နေ၍ သူမ အပြုံးလေးနှင့် ဖေဖေ့အနား ဝင်ထိုင်လိုက်ရသည်။

"ဖေဖေ"

"ဟင်…"

"သမီး အလုပ်ကနေ ထွက်ခဲ့တယ်၊ သူဌေးတွေနဲ့က မပတ်သက်တာ အကောင်းဆုံးပဲလေ၊ သမီးအတွက် တခြားကုမ္ပဏီတွေကလည်း အလုပ်ခန့်ဖို့ အကြောင်းကြားလာပါတယ်"





"အင်းလေ သမီးလေးက ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းတတ်သူပါကွယ်၊ ဖေဖေ ယုံကြည်တယ်၊ အရေးကြီးတာက သမီး အနာဂတ်နဲ့ ရည်မှန်းချက်တွေ အောင်မြင်ဖို့ပဲလေ"

"စင့်ကို ယုံပါ ဖေဖေ၊ သမီး အနာဂတ်က သမီးဘဝအတွက် အရေးအကြီးဆုံးပါပဲ ဘယ်တော့မှ ကျဆုံးမှုမရှိစေရပါဘူးနော်"

"အေးကွယ် ဖေဖေလည်း နေကောင်းပါပြီ၊ အလုပ်ကိစ္စတွေ ပြန်လုပ်ဖို့ ဖေဖေ့မိတ်ဆွေဟောင်းတွေနဲ့ ဆက်သွယ်နေတယ်၊ ကဲ… သူငယ်ချင်းတွေ စကားပြောကြဦး၊ ဖေဖေ အပြင်ခဏသွားမယ်"

ဖေဖေ အပြင်ထွက်သွားသည်။ စင် အပြုံးတုတွေနဲ့ ဟန်ဆောင်ယူမော ရှင်မြူးပြနေရတာ စိတ်ပင်ပန်းစွာဖြင့် သက်ပြင်းမောကြီးကို မှုတ်ထုတ်လိုက်ပစ်မိသည်။ ဘေးမှာရှိနေတဲ့ မီးအိမ်လေးက ဟဲ့… စင် ဘာတွေဖြစ်လာတာပဲဟု မေးလိုက်မှ အသိတွေပြန်ဝင်လာသည်။

"စင် ရှင်… ရှင် ဘာဖြစ်လာတာလဲ၊ ဦးလေးဖြူရှေ့မှာ ဟန်ဆောင် ပြုံးနေတာမဟုတ်လား၊ စွဲညီညာရှေ့မှာ ရှင် အရှုံးတွေနဲ့ရင်ဆိုင်ခဲ့ပြီ မဟုတ်လား"

မီးအိမ်လေးက မကျေမနပ်အသံနှင့်မေးတော့ သူမ အထိတ်အလန့်နှင့် ပျာပျာသလဲ ငြင်းဆန်မိသည်။

"စင် နိုင်လာတာ သိလား၊ စွဲညီညာရဲ့ပုံစံက ဖရိုဖရဲနဲ့ မုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နှမ်းဖတ်နေတယ်လေ၊ ဒေါ်သစ္စာမြိုင်ဆို အိပ်ယာထဲမှာတောင် လဲသွားတယ်၊ စင်က သာသာနဲ့နာနာ ထိုးနက်ရိုက်ချိုးပစ်လိုက်တာ လေ"

"ဟုတ်လို့လား"

မီးအိမ်လေးက မယုံသလိုနှင့်ကြည့်ပြီး မေးသည်။ ရှင့်မျက်ဝန်း တွေက ကြေကွဲညှိုးရော်နေသလိုပင်။ ဟုတ်ရဲ့လား စင်ရယ်တဲ့၊ အဒေ ကလည်း ပျော့နေတယ်တဲ့၊ စင် ဒီထက်ပိုပြီး ဟန်ဆောင်ပြုံးရယ်နိုင် စွမ်းမရှိတော့တာလား။ သူမစိတ်တွေ မလုံမလဲနှင့် ဟက်ခနဲရယ်တော့ မီးအိမ်လေး နှုတ်ခမ်းက စူတင်းသွားသည်။

"ရှင် ကျဆုံးလာတာပါ၊ စွဲညီညာနဲ့ ဒေါ်သစ္စာမြိုင်က ရှင့်ကိုပြ ပြီး ပညာပေးလိုက်တာပဲနေမှာ၊ ရှင် မလိမ်စမ်းပါနဲ့ဟယ်၊ ရှင့်မျက်ဝန်း အရိပ်တွေက တကယ့်ကို ဟန်ဆောင်ဖုံးကွယ်နိုင်စွမ်းတောင် မရှိတော့ ပါလား"

"မီးအိမ်လေး"

"ပြော"

"သူ… သူလေ ဟန်ဆောင်နေတာလားတော့မသိဘူးဟယ် စင်နဲ့လက်ထပ်ပါရစေတဲ့၊ စင့်ဘဝနဲ့ထဲကို သူ ဝင်လာယ်တဲ့၊ သူ့အ မျက်စီးနိမ့်ကျသွားတာကို စင် တစိမ့်စိမ့် ထိုင်ကြည့်နေပါတဲ့"





"မယုံနဲ့ စင်၊ အလကား ဟန်ဆောင်ပြတာ၊ စင်က သူ့ကို မဆီ မဆိုင် လာပြီး ပြဿနာရှာထားလို့ လက်စားချေချင်တာပါ၊ လုံးဝမယုံ နဲ့နော်၊ ဒီလို လူတန်းစားတွေက ရှင့်လိုကောင်မလေးကို ချစ်ပြီး ဘဝ ပျက်ခံမယ်တဲ့လား၊ အရူးပဲ မယုံနဲ့နော် စင်၊ လုံးဝပဲနော် စင် ဒုက္ခ ရောက်လိမ့်မယ်၊ မီးအိမ်လေးက သူတို့ကို စင်က နာကျည်းမုန်းတီးပြီး လက်စားချေစေချင်တာ။ စင်က ရှုံးလာပြီလား။ ဒီလူ့ကို ချစ်မိနေလား"

"ဟင့်အင်း မချစ်ပါဘူး၊ မုန်းတာပါ၊ စင် အပြတ်ပြောပြပြီး အလုပ်တနေ ထွက်လာတာလေ၊ ဒါပေမဲ့ ကိုယ့်ကြောင့် အပြစ်မဲ့တဲ့ လူက စီးပွားရေးပျက် ဘဝပျက်ရတာမျိုးတော့ စင် မလုပ်ချင်ဘူး"

"စင်"

"စင် အနားယူတော့မယ်၊ မီးအိမ်လေး နည်းနည်းတော့ တုန်လှုပ် တယ်၊ စင်က အဲဒီလောက်အထိ စိတ်မမာဘူးထင်တယ်"

မီးအိမ်လေးက စွဲညီညာတို့အတန်းအစားတွေကို မယုံမိစေဖို့ အထပ်ထပ် သတိပေးနေသည်။ စင် ငိုပစ်ချင်လာရ၏။ အခန်းထဲကို ဝင်လာပြီး တစ်ယောက်ထဲ နာကျင်ကြေကွဲနေရင်း မျက်ဝန်းထဲမှ မျက်ရည် တွေက ထိန်းချုပ်နိုင်စွမ်းကင်းမဲ့စွာ လိမ့်ဆင်းကျလာသည်။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"သား ညီညာ မင်း ဘာတွေ ဖြစ်နေရတာလဲ၊ မင်း အရက်တွေကို ဘာဖြစ်လို့ ဒီလောက်အထိ သောက်နေရတာလဲ၊ လုပ်ငန်းတွေကို မာမီ အသက်ကြီးမှ ဦးစီးရမယ် ဟုတ်လား၊ မာမီ အသက်ကြီးမှ မင်းက သားမိုက်အဖြစ် ရက်စက်ပြတော့မှာလားဟင်"

ဒေါ်သစ္စာမြိုင်ရဲ့ တစ်ဦးတည်းသောသားအဖြစ်ကို မကြည့်ရက်စွာ တုန်လှုပ်ချောက်ချားလာရသည်။ ညီညာ အရက်တွေသောက်နေ၏။ ဘာဖြစ်လို့လဲ ဖူးဖူးစင်ဆိုတဲ့ ကောငမလေးကို သား ဒီလောက်အထိ စွဲလမ်းချစ်ခင်နေပြီလား၊ ဘုရားရေ... မိမိနှင့် စိတ်ဓာတ်ချင်းတူညီသော ကောင်မလေးကိုမှ သားက အရူးအမူး စွဲလမ်းနေ၏။ ဒီကောင်မလေးကရော ဘာဖြစ်လို့ မာယာများတာလဲ၊ အလုပ်ကထွက်သွားပြီတဲ့။ မင်းက





တန်ဖိုးကို စွဲတင်ပစ်လိုက်တာလား ဖူးဖူးစင်၊ ဒေါသတွေ ကြိတ်ပြီးဖြစ်နေရသည်။

"မင်း ဘာဖြစ်လို့ ဒီလို ဖြစ်သွားရတာလဲ စွဲညီညာ၊ မင်းဘဝကြီးက အထိန်းအကွပ်မဲ့သွားပြီလား။ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်တို့များကွာ"

"မာမီ ဘာမဟုတ်တဲ့ မိန်းမဆိုတဲ့စကားကြီးကို မသုံးစမ်းပါနဲ့၊ ဖူးဖူးစင်က ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး"

"တိတ်စမ်း"

ကိုခန့်နောင်ရဲ့ဝင့်ကြွေးကို သားက ပေးဆပ်ရတော့မှာလား။ သစ္စာမြိုင် ရင်ကျိုးရတော့မယ်။ သားက အသိကင်းမဲ့စွာ လဲကျနေသည်။ မြင်ရက်တော့။ ဖူးဖူးစင်ဆိုတဲ့ ကောင်းမလေးနဲ့ပဲ သား နှစ်သက်မြတ်နိုးရင် လက်ထပ်ပေးလိုက်ရမလား။ ဒီကောင်မလေးနဲ့တော့ မဖြစ်ပါဘူး။ မိကို ပြောသွားလိုက်တာ ဒီကောင်မလေး မိမိအကြောင်းတော့ သိနိုင်ရာမရှိပါဘူး။ သား သိသွားရင်လည်း မိမိ ဘယ်လိုမှ သားနှင့်ရင်ဆိုင်နိုင်စရာ မရှိတော့ပေ။ ဒေါ်သစ္စာမြိုင် အအိပ်ပျက် အစားပျက် ဖြစ်နေရသည်။

"ကောင်းပြီလေ၊ မင်းက မာမီ့ကိုအခ်မှတော့ မာမီပဲ ဆက်လုပ်စရဲ မှုး ရှိပါသေးတယ်၊ မင်းက မာမီ့ကိုထားပြီး ထွက်သွားမယ်ဆိုရင်

www.burmeseclassic.com



လည်း မင်း သွားပါတော့ စွဲညီညာ မာမိ မတားတော့ဘူး"

မာမိက ပြောချင်တာတွေပြောပြီး ထွက်သွားသည်။ စွဲညီညာ ခေါင်းကို ထောင်မတ်နိုင်အောင် ကြိုးစားလိုက်၏ မရပေ။ မာမိ တောင်းပန်ပါတယ်ဗျာ သားလေ မာမို့ သံသရာကြွေးကိုပဲ ပေးဆပ်ရတော့မလားပဲ။ စင့်ကို ချစ်တယ်ဗျာ၊ အရူးအမူးပဲ၊ သား ဒီကောင်မလေးကို မုန်းတီးနာကျည်းလို့လည်း မရဘူး။ စင်ရဲ့စိတ်ချမ်းသာ ပျော်ရွှင်မှုကို ဖြည့်စွမ်းပေးချင်တယ်၊ စင်က စည်းစိမ်ဥစ္စာတွေကြောင့် သားအနားကို ချဉ်းကပ်လာတာ မဟုတ်ပါဘူး မာမိ။ တစ်စုံတစ်ခုသောအကြောင်းရှိ သားဘဝကို ဒုက္ခပေးဖို့ ရောက်လာတာပါ။ မာမိ သိရဲ့လားဗျာ သူ ထသည်။ မာမို့အခန်းဝသို့ သူ ရောက်လာတဲ့အချိန်တွင် တံခါးပိတ်ထားကာ မာမိက သူ့ကို ထွက်သွားဖို့ပြောနေသည်။

"ထွက်သွား မင်း ထွက်သွားလေ စွဲညီညာ၊ မင်းကို ဒီလိုအဖြစ်မျိုးနဲ့ ငါ မမြင်ချင်ဘူး၊ ထွက်သွား အမေသေရင်တောင် မင်း မလာခဲ့နဲ့တော့"

"မာမိ သားကို အပြစ်မတင်ပါနဲ့ဗျာ၊ ကံကြမ္မာတွေပါပဲ သားမိုက်ပါလို့ မသတ်မှတ်ပါနဲ့၊ မာမို့ကို သား ချစ်တယ်၊ သားလိမ္မာပဲဖြစ်ချင်တာပါ"

"ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးကို မင်း လက်ထပ်ရင်တော့





မင်းကို သားအဖြစ် စွန့်လွှတ်မယ်၊ ငါ ဒီကောင်မလေးနဲ့ ရင်မဆိုင်ချင်ဘူး၊ အကျော့မာလွန်းတဲ့ ကောင်မလေးပဲ"

မာမိက အော်ဟစ်ပြောရင်း တံခါးဖွင့်မပေးပေ။ သူ ပြန်ထွက်လာခဲ့သည်။ ဖူးဖူးစင်ကို မာမိ မုန်းတီးနေတာ ဖူးဖူးစင်ဘဝကြောင့်လား၊ မာမိ အထင်လွဲနေတာပါ၊ အကြောင်းအရာတစ်ခုကြောင့် ဖူးဖူးစင်က ချဉ်းကပ်တာပါ မာမိ။ သူ ဘယ်လိုရှင်းပြရမလဲ။ အသည်းပုံရင်ထိုးလေးတွေကို တွေ့ရတိုင်း သွေးဆုတ်ဖြူရော်သွားတတ်တဲ့ မာမိကို သူ ဘာမှ ပြောမပြချင်ပေ။ သူ့အခန်းထဲ ပြန်ဝင်လာခဲ့သည်။ သူ့ဗီဒိုထဲမှာထည့်ထားတဲ့ အသည်းပုံရင်ထိုးလေးအား ထုတ်ယူကြည့်မိလိုက်မှ မင်း ဘာကြောင့် ကျိန်စာတိုက်ခဲ့ရတာလဲ။ တကယ်တော့ မင်းကို ငါ မေ့ပစ်သင့်တာ။ မင်းဘဝကို ဖျက်ဆီးပစ်သင့်တာပါ။ ဖူးဖူးစင် သူ့အနားမှာမရှိမှ သူ့ရင်တွေ နာကျင်ပူလောင်နေရသည်။

"စင် ကိုယ့်အနားကို ပြန်လာပါ၊ ကိုယ့်ကို မာယာတွေနဲ့ မြူဆွယ်ဖြားယောင်းစမ်းပါ၊ မင်း ကျေနပ်ပျော်ရွှင်မယ်ဆိုရင် ကိုယ် ပေးဆပ်ချင်ပါတယ်"

ရင်ထိုးလေးကို သူနှင့် အဝေးဆုံးကို လွှင့်ပစ်ချင်ပေမယ့် သူ ဘာဖြစ်လို့ မပြစ်ရက်ရတာလဲ။ ဗီဒိုထဲ ပြန်ထည့်ထားလိုက်သည်။ သူ အနက်ကယ်ဖြူနဲ့ သွားတွေ့မယ်၊ အတိတ်က ဘာတွေဖြစ်ခဲ့လည်းဆိုတာ

www.burmeseclassic.com



မေးရမယ်၊ ကျွန်တော် ဘာတွေ ပြန်ပေးဆပ်ရမလဲလို့ မေးရမယ်။ ဖူးဖူးစင်ကိုတွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြလာသည်။ သူ ကားတောင်မယူတော့ဘဲ ဖူးဖူးစင်တို့ရပ်ကွက်ထဲ အငှားကားနှင့်ရောက်လာ၏။ အန်ကယ်ဖြူက ရပ်ကွက်ထဲကို ကားနှင့်လာတာ မကြိုက်ပေ။ သူ အိမ်လေးပေါ်တက်လာတော့ အန်ကယ်ဖြူ မရှိပေ။ ဖူးဖူးစင်ကိုပဲ တွေ့ရသည်။

"စင်"

"ဟင်… ရှင် ဘာလာလုပ်တာလဲ"

"ကိုယ် အန်ကယ်ဖြူနဲ့ လာတွေ့တာပါ"

"ဖေဖေ မရှိပါဘူး။ ပြန်သွားပါ ကျွန်မက အလုပ်ထွက်လိုက်ပြီလို့ ဖေဖေ့ကို ပြောထားပြီးပြီ၊ ကျွန်မဖေဖေ စိတ်အနှောင့်အယှက်ဖြစ်အောင် လာမလုပ်ပါနဲ့ စွဲညီညာ ပြန်ပါ"

သူ့ပုံစံက ဖြစ်ချင်သလို ဖြစ်နေသည်။ လူကိုတောင် အနိုင်နိုင်ထူမတ်နေရ၏။ စင် ကြောက်လာသည်။ မီးအိမ်လေးလည်း ပြန်သွားပြီ။ ဖေဖေကလည်း အလုပ်ကိစ္စနှင့်ထွက်သွား၏။ သူက စင့်ဘဝကို ဖျက်ဆီးပစ်ဖို့ ရောက်လာတာလား။ စင် ကြောက်လာမိသည်။

"ကိုယ် ပြန်မှာပါ၊ စင့်ကို နှောင့်ယှက်ဖျက်ဆီးဖို့ ရောက်လာတာ မဟုတ်ပါဘူး။ အန်ကယ်ဖြူကို ကိုယ် မေးစရာတစ်ခုလောက် ရှိနေလို့ပါ"





"ဘာမေးမှာလဲ၊ ရှင်နဲ့ကျွန်မအဖေ ပတ်သက်စရာ ဘာမှမရှိဘူး။ ထွက်သွားပါ၊ ရှင်က ကျွန်မ ဂုဏ်သိက္ခာကို ကျဆင်းအောင်လုပ်မယ့်သူပဲ"

"စင်"

သူ့အကြည့်တွေက စင့်ဆီ ရောက်သွားပြီး လှပချောမော နုဖတ်နေတဲ့ မျက်နှာလေးကိုကြည့်မိနေသည်။ မင်းနဲ့ကိုယ်က ရန်သူတွေလား ဘယ်လိုမှ ချေစပ်ဖြန်ဖြေလို့မရတဲ့ အညှိုးအတေးတွေနဲ့ တစ်ယောက်အကျိုးစီးပွားကို တစ်ယောက်က ဖျက်ဆီးဖို့ပဲ စဉ်းစားနေတော့မှာလား။ သူ့ခြေလှမ်းတွေက ဖူးဖူးစင်အနား တိုးကပ်သွားသည်။

"ရှင်… ရှင် ဘာလုပ်တာလဲ၊ ကျွန်မ အော်လိုက်မှာနော်၊ ရပ်ကွက်က ရှင့်ကို ဝိုင်းရိုက်လိမ့်မယ်"

"စင်"

"ကိုယ့်ကို ရပ်ကွက်က ဝိုင်းရိုက်တာကို စင်က တွေ့ချင်လို့လား"

"ရှင် ဘာတွေလာပြောနေတာလဲ၊ ကျွန်မကို အရှက်ခွဲဖို့အတွက် ဒီလောက်တောင်ပဲ အတင့်ရဲလှချည်လား"

"ဟုတ်တယ်ကွာ မင်း အော်လေ၊ ဘာဖြစ်လဲ၊ ငါ့ကို ပတ်ဝန်းကျင်က ဝိုင်းရိုက်ပါစေလေ"

"ရှင်… ရှင် အရိုက်ခံပြီး ကျွန်မကို အရှက်ခွဲမလို့လား။ ပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတာလည်း ရှင်လာတာ မကြိုက်ဘူး"

"မပြန်ဘူးကွာ"

"ရှင်... ရှင်"

အဖြစ်သည်းလွန်းနေတဲ့ ကောင်မလေးကို သူ အသည်းယားလာသည်။ အသိတွေ ကင်းမဲ့ချင်လာ၏။ သူ့မျက်လုံးတွေထဲမှာ ဖူးဖူးစင်ရဲ့ လှပချောမောတဲ့ မျက်နှာလေးကို သူ့ပါးနှင့်အပ်ကာ ချစ်တယ်လို့ဖြေ ပစ်ချင်လာသည်။ စွန့်လွှတ်လည်း သူ ခံယူမည်။ စင်နဲ့ဝေးရမှာကို ကြောက် လာရသည်။

"ရှင်... ရှင်"

စင် ဘယ်လိုလုပ်ရမလဲ၊ သူက ရှေ့သို့တိုးလာသည်။ အရက်တော် တော်မူးနေပုံရပြီး အသိမဲ့နေ၏။ စင် အော်လိုက်ပြန်ရင်လည်း ရပ်ကွက် ထဲကလူတွေ ဝိုင်းအုံလာပြီး အရှက်ကွဲရတော့မည်။ ရှင် တော်တော် အကြံပက်စက်တာပဲ။ ကျွန်မအပေါ် အညှိုးအတေးတွေ ကြီးလွန်းလိုက် တာ။ ရှင့်အမေကြောင့် ကျွန်မဖေဖေ အရက်သမားကြီးဘဝရောက်ပြီး မိသားစုဘဝ ပျက်ရတာတောင် ကျွန်မဘက်က အလျှော့ပေးလိုက်ပြီပဲ။ သူ့မျက်ဝန်းတွေက တောက်ပနေပြီး သူမအနားသို့ တဖြည်းဖြည်း တိုး ကပ်လာရာ သူမအတွက် နောက်ဆုတ်စရာမရှိတော့ဘဲ ကျောလေးနှင့် နံရံ ထိကပ်သွားသည်။





"စင့်ကို မောင် ချစ်တယ်၊ မောင့်နှလုံးသားတွေကပါ ရူးရူးနှစ်နှစ် စွဲမိသွားတာပါ စင်ရယ်၊ ယုံပေးပါ မောင်လာတာ စင့်ဘဝလေးကို အရှက်တကွဲဖြစ်စေဖို့ဆန္ဒ လုံးဝ မရှိပါဘူးကွာ"

"မယုံဘူး ရှင့်ကို မယုံဘူး။ ကျွန်မလို မိန်းကလေးတစ်ယောက် ကို ရှင် ချစ်တယ်ဆိုတာ ဖြားယောင်းသွေးဆောင်မှုပဲ၊ ရှင် လိမ်နေတာ၊ ရှင် ကျွန်မကို မုန်းတီးနေတာပဲ"

"မဟုတ်ဘူး စင်၊ တကယ်မဟုတ်တာပါ၊ မောင် ချစ်တယ်၊ စင့်ကို လက်ထပ်ပါရစေ၊ စင့်ဘဝအတွက် မောင် မားမားမတ်မတ် ရပ်တည်ပေးချင်တာပါ ယုံပါ စင်"

စင်က ခါးခါးသီးသီး ငြင်းဆန်နေပေသည်။ မောင် ဘယ်လိုရှင်း ရမလဲ။ ဘယ်လို ရှင်းပြပေးမှ စင်က ယုံကြည်လက်ခံလာမှာလဲ။ သူ့ စိတ်တွေ လွတ်ထွက်ချင်နေသည်။ စင့်ကိုပွေ့ဖက်ပြီး နှုတ်ခမ်းလေးကို နမ်းပစ်ချင်လာ၏။ ဒီအတွက် စင် ကြိုက်သလို အပြစ်ပေး ဒဏ်ခတ်ပါ စေတော့၊ ထိန်းချုပ်ထားတဲ့စိတ်တွေ ပေါက်ကွဲကာ စင့်ခန္ဓာကိုယ်လေး ကို ပွေ့ဖက်ကာ သူ့ရင်ခွင်ထဲမှာ အပ်ထားမိသည်။

"ရှင် ဘာလုပ်တာလဲ၊ လူယုတ်မာ၊ လွှတ်နော်၊ ရှင် တော်တော် ကြံဖက်စက်တာပဲ၊ လွှတ်နော်"

"မလွှတ်ပါရစေနဲ့ စင်ရယ်၊ မောင့်အချစ်တွေကို ယုံပေးစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင် စင့်ကိုချစ်တယ်၊ စင်နဲ့မဝေးချင်တော့ဘူးကွာ"

"လွှတ်... လွှတ်ပါ"

သူ့ အသိကင်းမဲ့စွာပေါက်ကွဲပြီး စင့်ရဲ့ကိုယ်လုံးလေးကို အနိုင်ကျ[င့်]ကာ ဖက်မိသည်၊ အိမ်လေးထဲမှာ နှစ်ယောက်ထဲရှိနေကာ ညဖြစ်၊ နော[က်]ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေ၏။ ပြီးတော့ စင် ချိန်းဆိုထား[သ]တဲ့ ယောကျ်ားတစ်ယောက်ဟုလည်း ထင်နိုင်သည်။ သူ မူးနေ[သ]စိတ်ညစ်လွန်း၍ မသောက်ဖူးတဲ့အရက်ကို တစ်ခွက်ပြီးတစ်ခွက် သော[က်]မိနေ၏။ စင်တို့အိမ်လာတုန်းက စင့်ဖေဖေ အန်ကန်ဖြူနဲ့တွေ့ဖို့ပါ[လ]မထင်မှတ်ဘဲ စင်နှင့် နှစ်ယောက်ချင်းတွေ့သောအခါ သူ့စိတ်တွေ[က]ပေါက်ကွဲထွက်သွားရသည်။

"စင့်ကို မောင် ချစ်တယ်၊ စင် ယုံပါကွာ၊ မင်း မယုံရင်တော့မောင် လုံးဝ မလွှတ်ဘူးကွာ၊ ချစ်တယ် စင့်ကို မောင် အရမ်းချစ်တယ်"

"အို... လွှတ်ပါ၊ ရှင့်ကို မယုံဘူး၊ မုန်းတယ်... မုန်းတယ်လွှတ်ပါ"

"မလွှတ်ဘူးကွာ မင်း မယုံရင် မလွှတ်ဘူး၊ မင်း အော်လိုက်လေပတ်ဝန်းကျင်လူတွေ မောင့်ကို ဝိုင်းရိုက်ကြမယ်၊ မောင့်မာမီလည်းမင်း တစ်ချက်တည်း အလဲထိုးနိုင်ပြီလေ"

သူ ဒေါသတွေဖြစ်သွားပြီး ဖြစ်ချင်ရာဖြစ်ဆိုပြီး စင့်ကိုယ်လုံးလေး





ကို မလွှတ်တမ်း တင်းကြပ်စွာ ပွေ့ဖက်ထားရင်း မျက်နှာချင်းထိကပ်ပစ်လိုက်သည်။ စင်က ရုန်းဖယ်ရင်း မောပန်း ခြေကုန်လက်ပမ်းကြသလိုငြိမ်သက်သွားတော့သည်။ ထိုအချိန်တွင် သူ့ခေါင်းဆီမှ နာကျင်တဲ့ဝေဒနာကို ရုတ်တရက် ခံစားလိုက်ရပြီး မျက်လုံးတွေထဲမှာ အမှောင်ထုကအထပ်လိုက် ကျသွားသည်။

"ခွပ်..."

"ဟင်..."

"ခွပ်..."

"မီးအိမ်လေး တော်ပါတော့၊ ဆက်မရိုက်နဲ့တော့ ရပ်ပါ"

ယောကျ်ားဆန်သော မီးအိမ်လေး ဘယ်ကနေရောက်လာမှန်းမသိဘဲ သူ့ခေါင်းကို ဒုတ်နဲ့ ဆင့်ကာဆင့်ကာ ရိုက်ပစ်လိုက်သဖြင့် သူမအထိတ်တလန့်ဖြစ်ရကာ မီးအိမ်လေးဆီမှ ဒုတ်ကိုဆွဲယူ ဖယ်ရှားပစ်လိုက်သည်။

□



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဒီလူ့ကို အသေသတ်ပစ်ရမယ် စင်၊ ရှင့်ကို စော်ကားနေတာ မဟုတ်လား၊ ကြည့်စမ်း အိမ်ပေါ်အထိတက်ပြီး စော်ကားတာ၊ ပိုက်ဆံ ချမ်းသာတယ်ဆိုပြီး ဒီလိုလာလုပ်လို့ ရမလား"

"တော်ပါတော့ မီးအိမ်လေးရယ် ဒီမှာ လုပ်ပါဦး၊ သူ... သူ သေသွားပြီလား၊ ခေါင်းမှာလည်း သွေးတွေနဲ့ လုပ်ပါဦး"

"ပစ်ထားလိုက် သေပစေဟာ၊ ဒီကိစ္စအတွက် မီးအိမ်လေး အပြစ် တွေအားလုံး ကျခံမယ်"

"မဟုတ်သေးပါဘူး မီးအိမ်လေးကလည်း ဆေးရုံပို့ရအောင် တော်ကြာ ပတ်ဝန်းကျင်က လူတွေရောက်လာရင် စင်ပဲ သိက္ခာကျရမှာ"

သူမ စိတ်ပူနေမိသည်။ စွဲညီညာ သတိမေ့လျော့သွား၍ သူ့ လက်တွေက သူ့ခန္ဓာကိုယ်အား ပွေ့ယူမိလျက်သားဖြစ်နေ၏။ မီးအိမ်





လေးက စူးစိုက်ကြည့်ကာ မကျေမနပ်ဖြစ်နေသည်။ ဖေဖေ ပြန်ရောက် လာတော့မှ ဘယ်လိုဖြစ်တာလည်းဆိုပြီးမေးတော့ စင်က မီးအိမ်လေး အထင်လွဲပြီး ရိုက်တာပါဟု ပြောမိသဖြင့် မီးအိမ်လေးက ဆယ်ခနဲ မော့ကြည့်၏။ စင့်မျက်ဝန်းတွေက တောင်းပန်တိုးလျှိုးသော အရိပ်တွေနှင့် ပြန်ကြည့်မိသည်။

"သူက စင်နဲ့ စကားပြောနေတာပါ၊ ဖေဖေ့ကို လာတွေ့တာတဲ့၊ မီးအိမ်လေး အထင်လွဲတာပါ ဖေဖေ"

"မဖြစ်ဘူး ဆေးရုံပို့ရအောင် ခေါင်းမှာ သွေးတွေနဲ့"

ဖေဖေက ကားငှားပြီး ဆေးရုံကိုပို့သည်။ သူ့မှာ ကားမပါပေ။ ရှင် ဘာတွေဖြစ်နေရတာလဲ၊ တကယ်ပဲ ကျွန်မအတွက် စိတ်သောကတွေ ရောက်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေတာလားဟင်။ ဆေးရုံကို သမီး မလိုက် နဲ့တဲ့။ မီးအိမ်လေးနဲ့ နေခဲ့တဲ့၊ စင် စိတ်မချ၊ သူ တစ်ခုခုဖြစ်သွားမလား။ သေသွားရင် ဆေးရုံကို စင်ပါလိုက်ခဲ့မယ်ဟုပြောတော့ ဖေဖေက နေခဲ့ တဲ့။ စင် အင်အားမဲ့သွားသလို သူ ဘာမှမဖြစ်ပါစေနဲ့ဟုပဲ ဆုတောင်း ပေးနေမိသည်။

"စင် ဘယ်လိုဖြစ်ရတာ၊ စင်ကိုယ်တိုင် စွဲညီညာကို ချစ်မိသွားပြီ ထင်တယ်"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"စင်လေ သူ့အတွက် အရမ်း စိတ်ပူနေတယ်၊ သူ တစ်ခုခုဖြစ် သွားမှာ စိုးရိမ်နေတယ်"

"မင်း ရူးသွားပြီ စင်၊ လုံးဝ ကျဆုံးမှုပဲ၊ ဒေါ်သစ္စာမြိုင်က မင်းကို လက်ခံမှာမဟုတ်ဘူးနော်၊ မင်းမာနတွေ ဘယ်ရောက်သွားပြီလဲဟာ"

မီးအိမ်လေးက ယောကျ်ားဆန်ဆန် နေထိုင်သူဖြစ်သည်။ စင့်ကို လည်း ချစ်၏။ စင့်ကိစ္စမှန်သမျှ စိတ်ရောလူပါနှစ်ပြီး အကူအညီပေးတတ် သူ ဖြစ်သည်။

"မီးအိမ်လေးရယ် စင် ဘာဖြစ်သွားလဲ မသိတော့ပါဘူး၊ သူ့ အတွက် အရမ်း စိတ်ပူနေတယ်"

"အရူးမထစမ်းပါနဲ့ စင်၊ ဒီလူက နင့်ဘဝကို ဖျက်ဆီးပစ်ဖို့ ကြိုး စားနေတာပါ၊ စင့်ကို မချစ်ဘူး၊ အလကား ဟန်ဆောင်နေတာဟ"

စွဲညီညာ ဟန်ဆောင်ပြနေတာဟု စင် သိနေပေမယ့် စင့်နှလုံး သားတွေက လက်မခံပေ။ သူ အယုအယ အကြင်နာတွေမှာ သာယာ နေမိသည်။ သူ့ကို စင် ချစ်မိသွားပြီလား မသိတော့ပါဘူး။ မီးအိမ်လေး ကတော့ ဒီလိုလူမျိုးတွေကို မယုံကြည်ဖို့ပဲ ပြောသည်။

"စင် စဉ်းစားကြည့်စမ်း၊ စင့်ကို ဒီလူက မုန်းနေတာပါ၊ သူ့အမေ ဒေါ်သစ္စာမြိုင်က စင်တို့မိသားစုရဲ့ရန်သူလေ၊ စင့် ဖေဖေကရော လက်





မယ်ထင်လား"

စင် သူ့ကိုချစ်လို့မရဘူးလား။ စင်ရော သူရော အပြစ်မဲ့ကြတဲ့ လူတွေလေ၊ လူကြီးတွေ ဖြစ်ပျက်ခဲ့တာပဲ၊ စင် အခုမှ ဘာဖြစ်လို့ ဒီလို တွေးရတာလဲ၊ သူ့ကို စိန်ခေါ်ခဲ့မိတာ စင်ပဲ၊ စင့် နှလုံးသားတွေက သူ့ကို မုန်းတီးလို့မရတော့ဘူး။ ဖေဖေ ပြန်ရောက်လာသည်။

"မောင်စွဲညီညာ သတိရပါပြီ၊ ဖေဖေ ထားခဲ့တယ်၊ သူက ဘာမှ မဖြစ်ပါဘူး ထားခဲ့ပါတဲ့"

စင် ပြာယာခတ်နေသဖြင့် ဖေဖေ့အကြည့်တွေက စူးရှနေသည်။ စင့် ရဲ့အနာဂတ်လေး ပျက်စီးဆုံးရှုံးသွားမှာ ဖေဖေ အကြောက်ဆုံးပင်။ သူ့ကို ဘာဖြစ်လို့ တစ်ယောက်တည်း ထားခဲ့ရတာလဲ၊ အနားမှာ တစ်ယောက်ယောက်တော့ ရှိသင့်သည်။

"သမီး"

"ရှင် ဖေဖေ"

"မောင်စွဲညီညာနဲ့သမီး ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်လိုနည်းနဲ့ပဲ ပတ်သက်ခဲ့ပါစေ မေ့ပစ်လိုက်တော့"

"ဖေဖေ"

"သူ့ဒဏ်ရာက မများပါဘူး၊ ဖေဖေတို့အတွက် အနာဂတ်ပဲ စဉ်းစားရမယ်၊ ဒီလိုလူတွေက သမီးနဲ့မလိုက်ဖက်ပါဘူး၊ သမီးနဲ့မောင်စွဲ



www.burmeseclassic.com

www.burmeseclassic.com



ညီညာတို့က သိပ်ချစ်မြတ်နိုးနေကြရင်တောင် မိဘတွေက တားမှာပဲ သမီးကို ဘယ်လိုနည်းနဲ့မှ လက်ခံကြမှာ မဟုတ်ဘူးလေ”

ဦးကျော်ဇော်ဖြူကတော့ အချစ်ကြောင့် သမီးနှလုံးသားတွေ ထိခိုက်ရှနာသွားမှာ စိုးမိသည်။ မိမိလည်း အချစ်ကြောင့် ဘဝပျက်ခဲ့ ၏။ ချစ်သူရဲ့သစ္စာမဲ့ခြင်းကို ခံခဲ့ရသည်။ သမီးက ရည်မှန်းချက်တွေပြ မားကာ ထူးချွန်ထက်မြက်သူ၊ ချောမောလှပပြီး ကျက်သရေရှိတဲ့ သမီး လေး ဖူးဖူးစင်ကို သူ တာဝန်မဲ့ခဲ့သည်။ မဖြစ်ပါဘူး ပြန်ထူထောင် မယ်၊ မီးအိမ်လေးကတော့ မိမိအား ဝေ့ါင်းပန်ပြီး ပြန်သွားသည်

“ဖေဖေ”

“ပြော သမီး”

“သူ ဘယ်ဆေးခန်းမှာလဲဟင်၊ စင် ခဏလေးပဲ သွားကြည့် ပါ၊ စင် သူ့ကို တောင်းပန်ချင့်တယ်၊ တောင်းပန်စကားတွေပြောပြီး စင် ပြန်လာခဲ့မှာပါ၊ နောက်လည်း သူနဲ့ ထပ်ပြီး မပတ်သက်တော့ ဘူးလို့ သမီး ကတိပေးပါတယ်နော်”

စင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းနေသည်။ ဖေ ကို တောင်းပန်တိုးလျှိုးနေမိသည်။ စင် သူနဲ့ ခဏလေးဖြစ်ဖြစ် တွေ့ ပါတယ်၊ စင် ကျိန်စာအတွက် တောင်းပန်စကားတွေ ပြောချင်တာ ဖေဖေရယ်၊ စင် ပတ်သက်ခဲ့တဲ့ စွဲညီညာရဲ့အမေက ဒေါ်သစ္စာမြိုင်ပါ





မပြောချင်ပေ။ အားလုံး မေ့ပစ်တော့မယ်။ သူ တကယ်ပဲ စင့်ကြောင့်များ ဘဝပျက်သွားရတော့မှာလား။ အဲဒီလို မလုပ်ပါနဲ့ ကျွန်မ ပြန်ပြီး တောင်း ပန်ပါတယ်၊ ရှင်နဲ့ကျွန်မ အမုန်းတွေ၊ အညှိုးအတေးတွေ ကြေအေးကြ ရအောင်နော်၊ ကိုယ့်ဘဝ တိုးတက်ရေးအတွက် တက်တက်ကြွကြွ ကြိုးစားလုပ်ကြရအောင်။ ဖေဖေက သမီးကို နောက်ဆုံးအဖြစ် ခွင့်ပြု မယ်၊ နောက်ထပ် ပတ်သက်စရာ မလိုတော့ဘူးဟု ကတိတွေတောင်း ပြီး သူရှိနေတဲ့ ဆေးခန်းကို ပြောပြသည်။

“မနက်မှ သွားတော့ပါ သမီး၊ မောင်စွဲညီညာက နှစ်ရက်လောက် ဆေးခန်းမှာ အနားယူမယ်တဲ့၊ ဘာပြဿနာမှ မရှိပါဘူး။ သူ လွှန် တာတဲ့”

ဖေဖေက ခွင့်ပြုပေမယ့် မနက်ဆိုတာကြီးကို သူမ စောင့်နေရတာ စိတ်မောနေမိသည်။ ရှင်က စင့် ကိုမုန်းတီး နာကျည်းနေတာပါ။ အချစ် ဆိုတာ မရှိနိုင်ပါဘူး။ စင် မယုံကြည်ပေမယ့် စင့် နှလုံးသားတွေက သူ့ အချစ်တွေကို လက်ခံချင်နေသည်။

“စင် ဒုက္ခရောက်တော့မယ်၊ ဒီလူ့ကို မယုံနဲ့၊ အလကားလူ ရှိုက်သတ်ပစ်ချင်တယ်”

မီးအိမ်လေး သူ့ကို မုန်းတီးသွားအောင်လည်း စင်ပဲ ဖေဖေ့ ဒိုင်ယာရီကို ပြခဲ့တာပါ။ မီးအိမ်လေးက စင့်ကို မတရားလုပ်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်တတ်ပေ။ ညက တော်တော်လေး အိပ်ပျော်စေရန် ကြိုးစားရသည်။ မနက်မိုးလင်းတော့ စင် စောစောထပြီး အလုအပတွေ ပြင်မိသည်။

“စင် ညည်း မာနတွေ ဘယ်ရောက်သွားပြီလဲဟယ်၊ ဒီလူ့ကို မယုံနဲ့၊ ဒေါ်သစ္စာမြိုင်ရဲ့သားက ညည်းနဲ့ ဘယ်လိုမှ မနီးစပ်နိုင်ပါဘူး”

မှန်ရှေ့မှာ စင့် မျက်နှာလေးက ရီဝေသြိုးငယ်နေသည်။ စင့် နှလုံးသားတွေထဲမှာ နာကျင်နေရ၏။ သူ ဘာမှမဖြစ်ဘူးဆိုတာ သူမ အသေအချာ ကြည့်ချင်သည်။

“သမီး”

“ရှင် ဖေဖေ”

“နောက်ဆုံးအကြိမ်ပဲနော်၊ မောင်စွဲညီညာနဲ့ ထပ်ပြီးပတ်သက်တာ ဖေဖေ လုံးဝ လက်မခံနိုင်ဘူး၊ ထူးချွန်ထက်မြက်တဲ့ သမီးအနာဂတ်မှာ ကြေကွဲဝမ်းနည်းစရာတွေနဲ့ မတွေ့ကြုံစေချင်လို့ပါ”

“ဟုတ်ကဲ့ စိတ်ချပါ ဖေဖေ၊ စင် ဆုံးဖြတ်ထားပြီးပါပြီ၊ သူနဲ့ စင်က ချစ်သူတွေမဟုတ်ပါဘူး”

“သွားတော့ သမီး”

ဖေဖေ့ကို ဒေါ်သစ္စာမြိုင်အကြောင်း မပြောပြမိတာ စွဲညီညာကို ဖေဖေ မုန်းတီးသွားမှာ စိုးရိမ်မိ၍ဖြစ်ကြောင်း စင် တဖြည်းဖြည်း သိလာ





ရသည်၊ စင့်စိတ်တွေ မာကျောမယ်ထင်ခဲ့တာ၊ အရမ်းပျော့ညံ့နေ၏။ ဆေးခန်းကိုဝင်ရောက်တော့ သူ့ခေါင်းမှာ ပတ်တီးအဖွေးသားနှင့်ဖြစ်နေသည်။

“ကို...”

“ဟင်...”

သူနာပြုဆရာမလေးက သူမ ဝင်လာတာမြင်တော့ နှုတ်ဆက်ပြီး အပြင်သို့ ထွက်သွားသည်။

“စင် မင်း... မင်း စင် မောင့်ဆီကိုလာတယ် ဟုတ်လား။ စင် ဟုတ်ပါတယ်နော်”

မောင်တဲ့ အမြင်ကတ်လိုက်တာ။ သူ့ခေါင်းကဒဏ်ရာက နည်းနည်းတော့ ပြင်းထန်ပုံပေါ်၏။ သွေးတွေစို့နေသည်။ စင့်စိတ်တွေက ထူးဆန်းစွာဖြင့် သူ့ရင်ခွင်ထဲ ပြေးဝင်ငိုပစ်ချင်နေသည်။

“စင်”

“ကျွန်မ ရှင့်ကို တောင်းပန်ဖို့လာတာပါ”

“စင်က မောင့်ကို ဘာတောင်းပန်ရမှာလဲ၊ မောင်နဲ့ဆုံဆည်းခွင့်ရအောင် အမှတ်တရလေးလုပ်ပေးလို့ မောင်က ကျေးဇူးတင်နေတာပါ”

ဟွန်း... သူ့စကားတွေကတော့ ရွှန်းရွှန်းဝေနေတာပဲ၊ ရှင့်ကို မယုံပါဘူး၊ စင့်လို မိန်းကလေးကို ဒီလောက်အထိ ရှင်က ချစ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဖြစ်နိုင်ပါ့မလားဟင်။ ဖူးဖူးစင် စိတ်တွေကို မပျော့ညံ့လိုက်နဲ့ အလကားလူ သူ့ရဲ့ ထူအမ်းစိုရဲနေသည့် နှုတ်ခမ်းတွေက ပြုံးနေသည်။

"ကျွန်မက ကျိန်စာကို ပြန်ရုပ်သိမ်းပါတယ်၊ ရှင့်ကိုလည်း ကျွန်မကြောင့် ဘဝပျက်သွားမှာ မလိုလားပါဘူး ကိုစွဲညီညာ"

"ဘယ်ဆိုးလို့လဲ၊ မင်းက မောင့်ကို တရိုတသေနဲ့ ကိုစွဲညီညာလို့တောင် ခေါ်နိုင်သွားပြီလား စင်"

"အားလုံးကို မေ့ပစ်လိုက်ပါ ကိုစွဲညီညာ၊ တစ်ယောက်ကိုတစ်ယောက် မပတ်သက်ခဲ့ဘူးလို့ပဲ သတ်မှတ်လိုက်ပါတော့နော်"

"စင်"

"ကျွန်မ တောင်းပန်ပါတယ်၊ နောက်ထပ်လည်း ရှင် လာပြီး မပတ်သက်ဖို့ ပြောချင်ပါတယ်၊ ကျွန်မတို့ကြားမှာ အချစ်ဆိုတာ ဘယ်တော့မှ ဖြစ်တည်လာနိုင်စရာအကြောင်း မရှိလို့ပါ"

"ဘာကြောင့်လဲ စင်၊ မောင် အသိချင်ဆုံးက အဲဒါပဲ၊ မောင့်မွေးနေ့မှာ မောင့်ရဲ့ပျော်ရွှင်ချမ်းမြေ့မှုတွေ ပျောက်ပျက်သွားအောင် မင်း ကျိန်စာတိုက်ကဲ့တာ ဘာကြောင့်လဲ စင်၊ မောင် အဲဒါကို အသိချင်ဆုံးပဲ ပြောပါဦး"

"ပြောပြမယ်လေ၊ ရှင့်အမေ ဒေါ်သစ္စာမြိုင်က ကျွန်မအဖေရဲ့ ငယ်ချစ်ဦးပါ၊ ရှင့်အမေကြောင့် ကျွန်မအဖေ အရက်သမားကြီးတစ်





ယောက်အဖြစ်နဲ့ ဘဝပျက်ခဲ့ရတယ်၊ အဲဒီလောက်ပဲသိထားပါ ကိုစွဲညီညာ"

"စင်"

"ကျွန်မ တောင်းပန်ပါတယ်၊ အညှိုးအတေးတွေ အာဃာတတွေ မရှိကြကြေးပဲနော်၊ ကျွန်မကို ချစ်တယ်ဆိုတာ တကယ်ပဲဆိုရင်လည်း လုံးဝ မဖြစ်နိုင်လို့ မေ့ပစ်လိုက်ပါတော့၊ ကျွန်မဖေဖေဟာ ရှင့်ကဲ ဒေါ်သစ္စာမြိုင်ရဲ့သားဆိုတာသိသွားရင် ဘယ်လိုမှ လက်ခံမှာမဟုတ်လို့ပါ။ ဖေဖေက ရှင့်မာမီကို အရမ်းမုန်းတီး နာကျည်းနေတယ်၊ စင် တောင်းပန်ပါတယ်၊ အားလုံးကို မေ့ပစ်ပေးပါ"

"စင်ရေ မောင့်ကို မေ့ပစ်နိုင်လို့လားကွာ၊ လူကြီးတွေဖြစ်တဲ့ကိစ္စက ကိုယ်တို့နဲ့မဆိုင်ဘူးထင်တယ်၊ မောင်တို့ လက်ထပ်မယ်"

"မဖြစ်နိုင်ပါဘူး ကျွန်မ လာတောင်းပန်တာတစ်ခုပါပဲ၊ ရှင့်ကို ရန်စ စိန်ခေါ်တဲ့သူက ကျွန်မဖြစ်နေလို့ပါ"

"စင်"

သူမ ဆက်ပြီး စကားပြောနိုင်တဲ့ အင်အားတွေ မရှိတော့။ သူ့ရှေ့မှာ ဒူးညွတ်ခွေကျသွားချင်လာသည်။ စင် ငိုမိတော့မယ်။ မောင့်ကို စင်လည်း ချစ်နေပါပြီဆိုတဲ့ စကားလုံးတွေ စင် နှုတ်ခမ်းလေးမှ ပွင့်အံထွက်ကျလာတော့မည် ဖြစ်သည်။ စင် အခန်းအပြင်ဘက်သို့ထွက်



www.burmeseclassic.com

လာခဲ့၏။ စင်ဟု ကြေကွဲခေါ်လိုက်တဲ့အသံက သူမဆီ ပြေးကပ်လိုက်ပါလာသည်။ ဟုတ်တယ် သူနဲ့စင်က ဘယ်လိုမှ ပေါင်းစပ်ညှိနှိုင်းချွေးနွေးလို့မရနိုင်တဲ့ ရန်သူတွေပဲ။ ဖေဖေက ဒေါ်သစ္စာမြိုင်ကို အရမ်းမုန်းတီးရှာနေတာပါ။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေလိမ့်ကျတော့မတတ်ပြည့်လျှံလာသဖြင့် မျက်ရည်စတွေ ပြုတ်ကျမလာအောင် မျက်တောင်ကော့လေးများဖြင့် ပုတ်ခတ်ထိန်းနေရသည်။ စင့်နှလုံးသားတွေ နာကျင်နေ၏။ စင် လည်း မောင်နဲ့ဝေးကွာသွားရမှာကို ကြောက်နေသလိုပါပဲ။ စိတ်တွေက ပျော့ညံ့နေသည်။ မီးအိမ်လေးပြောသလိုပဲ စင် ကျဆုံးသွားပြီလား။ အငှားကားတစ်စီးကိုတားပြီး စင် ပြန်လာခဲ့သည်။

❒



## အခန်း (၂၃)

သား ညီညာ ဘယ်ရောက်နေပြီလဲ၊ ဒေါ်သစ္စာမြိုင်အိမ်ကို သား ညီညာ ညဥ့်နက်တဲ့အထိ ပြန်ရောက်မလာခဲ့ပေ။ သားက မိမိအပေါ် သံယောဇဉ်ကင်းမဲ့စွာ ဖူးဖူးဆိုတဲ့ ကောင်မလေးဆီပဲ သွားနေပြီလား။ သားကိုလည်း ရင်ဆိုင်ရမှာ ဒေါ်သစ္စာမြိုင် ကြောက်နေမိသည်။ မိမိရဲ့ အတိတ်က အရှက်ရစရာ အကြောင်းကိစ္စတွေကို ဖူးဖူးစင်များ သိနေတာလား၊ မိမိ အတိတ်အကြောင်းတွေကို သား သိသွားမှာ အကြောက်ဆုံးပင်ဖြစ်သည်။ သား အသံမကြားသေးဘူး ဘာဖြစ်လို့များ ပြန်မလာရတာလဲ။ ဒေါ်သစ္စာမြိုင် စိတ်တွေကို ထိန်းချုပ်လိုက်ပြီး အိပ်ယာမှ ထလိုက်သည်။

"မာမီ သား ချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်နဲ့ပဲ လက်ထပ်ပါရစေ၊ မွှူးကို သားသူငယ်ချင်းတစ်ယောက်အဖြစ်ပဲ ခင်မင်တယ်




www.burmeseclassic.com

www.burmeseclassic.com



မာမိ၊ **ဖူးဖူးစင်ကို** သား ချစ်နေမှီး"

ဒီကောင်မလေးက ဘယ်လောက်အထိများ စွဲဆောင်နိုင်လို့ တည်ငြိမ်ခန့်ညားတဲ့ သား စွဲညီညာက အရူးအမူး စွဲလန်းနစ်သက်သွားရတာလဲ။ အရူးအမူးပဲ တစ်ချိန်က ကိုခန့်နောင်လိုပါပဲလား။ ဒေါ်သစ္စာမြိုင် ထိတ်လန့်တုန်လှုပ်စွာဖြင့် အခန်းထဲကနေ ထွက်လာခဲ့သည်။ မိမိခြေလှမ်းတွေပင် မနိုင်ချင်တော့။ စိတ်တွေ ညှိုးနွမ်းချိနဲ့စွာ လဲပြိုကျသွားချင်နေသည်။ မိမိလက်ကိုင်ဖုန်းကနေ သား ညီညာဆီ ဖုန်းဆက်ဖို့ပြင်ပြီးမှ မဆက်ချင်တော့။ သားက မိမိကို စွန့်ခွာသွားပြီပဲ။ မိန်းကလေးတစ်ယောက်အတွက် မိခင်ကို စွန့်ခွာပစ်သွားတဲ့ သားမိုက်၊ နေပါစေ ဖူးဖူးစင်ဆိုတဲ့ ကောင်မလေးနဲ့လက်ထပ်လို့ကတော့ အမွေပြတ်ပဲ။ ဒီကောင်မလေး အကြည့်တွေက မိမိလို ဂုဏ်သိက္ခာတွေကြီးမားတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးမကြီးကိုပင် မထီလေးစားနဲ့ မီးလောင်တိုက်သွင်းတော့မလိုဖြစ်နေသည်။ မဖြစ်ပါဘူး အကျောမာတဲ့ ချွေးမမျိုးပဲ။ တစ်ဦးတည်းသောသား အမြဲတမ်း လိမ္မာခဲ့တာပဲ။ မိခင်စကားကို ဘယ်တော့မှ ပယ်ရှားခဲ့တာ မဟုတ်။ အခုမှ ဒီကောင်မလေးရဲ့ မာယာညွှတ်ကွင်းမှာ တိုးဝင်သွားသည်။ ရင်ပူလိုက်တာ ရေခဲသေတ္တာထဲမှ ရေကို တုန်ရီနေတဲ့လက်တွေနဲ့ ယူပြီး သောက်လိုက်၏။ ရင်က ပို၍ပူလောင်သွားသည်ဟု ထင်သည်။

"ကိုယ့်စိတ်နဲ့ မနှိုင်းပါနဲ့ ဒေါ်သစ္စာမြိုင်၊ တစ်ချိန်က ဒေါ်သစ္စာမြိုင်





လည်း ကျွန်မတို့လိုဘဝမျိုးက မိန်းကလေးတစ်ယောက်ပဲ မဟုတ်လား"

ဖူးဖူးစင် ပြောခဲ့တဲ့စကားတွေကို ကြားယောင်မိတိုင်း မိမိစိတ်တွေက အထိန်းအကွပ်မဲ့စွာ ချောက်ချားလာရသည်။ ဒီကောင်မလေး ဖူးဖူးစင် ဘယ်လိုကောက်မလေးမျိုးလဲ မိမိ အတိတ်ဘဝကိုပင် သိနေတာလား။ သားရယ် မာမီ့ကို မရက်စက်ပါနဲ့၊ ဟုတ်တယ် သားက ကိုခန့်နောင်အတွက် ပေးဆပ်ဖို့ဖြစ်နေတာပါ။ သားပုံစံက လုံးဝ ပြောင်းလွဲသွားတာပဲ။ ဒေါ်သစ္စာမြိုင်ရဲ့ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

"သား ဘယ်ရောက်နေလဲ၊ မာမီ့ဆီတောင် ပြန်မလာတော့ဘူးလား။ ဖူးဖူးစင်ကိုပဲ မင်း ရွေးချယ်လိုက်တာလား သားရယ်"

သား အခန်းလေးထဲသို့ ဒေါ်သစ္စာမြိုင် ဝင်လာခဲ့သည်။ သား အမိနှစ်ယောက် ချစ်ခင်ယုယစွာ ပွေ့ဖက်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံကြီးက ဆီးကြိုနေ၏။ သားက မရှိပေ။ အိပ်ယာပေါ်မှာ လုံးဝ အိပ်စက်ထားခြင်း မရှိပေ။ ရင်ထဲမှာ ပူလောင်သွားရသည်။

"ငါ့အချစ်ဆုံးသား၊ သံယောဇဉ်အတွယ်တာဆုံးသား၊ အလိမ္မာဆုံးသားကို ညည်းက ဖြားယောင်းသွေးဆောင်နိုင်ခဲ့တာပဲ၊ အရမ်းကြောက်စရာကောင်းတဲ့ ကောင်မပဲ"

သားကို မိမိရင်ခွင်ထဲကနေ ဆွဲယူခေါ်ထုတ်သွားတဲ့ ဖူးဖူးစင်ကို မိမိ မုန်းတီးနေမိသည်။ ညည်းက ကျူပ်နဲ့တော်တော်တူတာပဲ၊ မို့သား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှမရှိဘူး။ မိန်းမလည်မ၊ သားရဲ့စာကြည့်စားပွဲမှာ မိမိ ဝင်ထိုင်မိသည်။ ဖွင့်လျက်သားရှိနေတဲ့ မှတ်တမ်းစာအုပ်လေးရဲ့ စာမျက်နှာပေါ်မှ စာလုံးတွေဆီ မိမိအကြည့်တွေရောက်သွားတော့ အထိတ်တလန့်နှင့် မိမိမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။ မျက်ဝန်းတွေက တစ်ခဏခြင်း ဝေသီမှုန်ဝါးသွားရကာ အဓိပ္ပာယ်ပေါ်လွင်အောင် အထပ်ထပ်ဖတ်မိသည်။

"ဖူးဖူးစင် မင်းက ဘာသဘော်နဲ့ ငါ့ရဲ့မွေးနေ့ပွဲမှာ အသည်းပုံရင်ထိုးလေးကို ငါ့ရင်ဘတ်မှာ လာချိတ်ဆွဲခဲ့ရတာလဲ၊ အဲဒါ ဘာကြောင့်လဲဆိုတာ ပြောစမ်းပါ၊ ပြီးတော့ မင်းက ကျိန်စာတိုက်ခဲ့တယ်၊ မွေးနေ့နောက်နှစ်ပေါင်းများစွာ စိတ်သောကတွေ အခက်အခဲ ဒုက္ခတွေနဲ့ကြုံတွေ့ရပါစေတဲ့၊ ဘာကြောင့်လဲ အဲဒါဘာကြောင့်လဲကွ"

"ဟင်..."

ဒေါ်သစ္စာမြိုင် သွေးဆုတ်ဖြူရော်စွာ ဂုန်းခနဲ ထရပ်လိုက်မိသည်။ ဖူးဖူးစင် သားကို လာရောက်ပတ်သက်မှုအား မိမိလုပ်ရပ်တွေနှင့် တစ်ထပ်တည်းကျနေသည်။ ဘာကြောင့်လဲသားက ဒီအကြောင်းတွေကို ဘာဖြစ်လို့ မိမိကို မပြောပြရတာလဲ။

"မာမီ အသည်းပုံရင်ထိုးလေးကိုမြင်တိုင်း အထိတ်တလန့်နဲ့ကြောက်ရွံ့တုန်လှုပ်နေသလိုပဲ၊ အဲဒါ ဘာဖြစ်လို့လဲဟင်"





သားက မေးဖူးသည်။ ထိုအကြောင်းအရာတွေကြောင့်ပဲဖြစ်နိုင်၏။ သားက မိမိအပေါ် လေးစားချစ်ခင်သူပဲ။ မိမိ စိတ်သောကရောက်မည့်အလုပ်တွေကို ဘယ်တော့မှ မလုပ်တတ်သူ။ ဖူးဖူးစင် ညည်းဘယ်သူလဲ၊ ကျုပ်ရဲ့အတိတ်အကြောင်းတွေကိုသိနေတဲ့ ညည်းက ဘယ်သူလဲဟင်။ သားရင်ဘတ်မှာ ချိတ်ဆွဲခဲ့သော ရင်ထိုးလေးက ဘယ်မှာလဲ၊ သားကို မှူးသခင်က သားမွေးနေ့မှာ အသည်းပုံရင်ထိုးလေးတစ်ခုလက်ဆောင်ပေးဖူးသည်။ မိမိ အထိတ်တလန့်နှင့် မှူးသခင်အား ပြန်၍ပေးပစ်ခဲ့သည်။

"ရင်ထိုးလေးရော ဘယ်မှာလဲ၊ သား ဖျောက်ဖျက်ပစ်လိုက်ပြီလားပဲ"

ဒေါ်သစ္စာမြိုင် တုန်လှုပ်ချောက်ချားစွာဖြင့် သား အခန်းထဲမှာ ရှာဖွေမိသည်။ သား အဝတ်ဗီဒိုထဲမှာတွေ့ရသဖြင့် ရင်ထိုးလေးအားတုန်တုန်ရီရီဖြင့် ထိတ်လန့်တကြား ဆုပ်ကိုင်ထားရင်း သားလက်ကိုင်ဖုန်းကို ဆက်လိုက်သည်။

"သား မင်း ဘယ်မှာလဲဟင်၊ ဘယ်ကိုရောက်နေလဲ၊ မာမီ့ကို ပြောစမ်းပါ"

"သား ဆေးခန်းမှာရောက်နေတယ် မာမီ၊ ခေါင်းမှာ ဒဏ်ရာနည်းနည်း ဒဏ်ရာရသွားလို့ပါ၊ မနက်ဖြန် ပြန်လာမယ် မာမီ၊ စိတ်မပူပါနဲ့ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



က ခြွင်းထန်ပါဘူး"

"မာမီ အခုပဲ လာခဲ့မယ်၊ မင်းတက်နေတဲ့ ဆေးခန်းနဲ့ အခန်းနံပါတ် ပြောပါ"

သားက သူတက်နေတဲ့ ဆေးခန်းနှင့် အခန်းနံပါတ်ကိုပြောသည်။ ဒရိုင်ဘာအား ချက်ချင်း ကားထုတ်နိုင်းပြီး သားဆီ ထွက်လာခဲ့သည်။ မိမိစိတ်တွေ လှုပ်ရှားလွန်းနေသဖြင့် ခြေလှမ်းတွေက ယိုင်ခွေတုန်ရီနေ၏။ မိမိလက်ထဲမှာ အသည်းပုံရင်ထိုးလေးအား တင်းကျပ်စွာ ဆုတ်ကိုင်ထားရင်း သားအခန်းထဲ ဝင်လာခဲ့သည်။

"သား"

"မာမီ"

"ဒီရင်ထိုးလေးကို မင်းရင်ဘတ်မှာ ဘယ်သူလာချိတ်ခဲ့တာလဲ"

"ဖူးဖူးစင်ပါ မာမီ"

"ဖူးဖူးစင် ဘယ်မှာလဲ၊ သူရှိတဲ့နေရာကို မာမီ သွားချင်တယ် မာမီ့ကို လိုက်ပို့ပေးစမ်းပါ သားရယ်"

"မသွားပါနဲ့ မာမီ၊ သားနဲ့ဖူးဖူးစင် ဘာမှပတ်သက်စရာအကြောင်း မရှိတော့ပါဘူး။ အရင်ကလည်း ရိုးရိုးသားသားပဲ ပတ်သက်ခဲ့ကြတာပါ"

"မဟုတ်ဘူး သား၊ ဖူးဖူးစင်နဲ့မာမီ တွေ့မှဖြစ်မယ်၊ အဲဒီဖူးဖူးစင်က မာမီ ရှာနေတဲ့ မာမီ့ချွေးမလောင်း ကိုခန့်နောင်ရဲ့သမီးလေးဖြစ်နေ





မလားလို့"

"ဗျာ..."

မာမီ့စကားကြောင့် သူ ထပြီး ခုန်မတတ် ဝမ်းသာပျော်ရွှင်သွားရသည်၊ မာမီက အတိတ်ကအကြောင်းတွေကို အကျဉ်းချုံးရှင်းပြသည်။

"မာမီ ပေးဆပ်ချင်နေခဲ့တာပါ၊ အများတွေအတွက် ကိုခန့်နောင်ကို သံသရာကြွေး ဆပ်ချင်နေခဲ့တာပါ"

"ဖူးဖူးစင် အဖေနာမည်က ဦးကျော်ဇောဖြူပါ မာမီ၊ ဒါပေမဲ့ ဦးခန့်နောင်လည်း ဖြစ်နိုင်ပါတယ်လေ"

"မာမီ့ဆီမှာ ကားပါတယ် သွားရအောင်၊ ဪ... သားဒဏ်ရာက ရှိသေးတာပဲ၊ သား နေခဲ့၊ မာမီ လိပ်စာပဲယူသွားမယ်၊ ဖူးဖူးစင်က ကိုခန့်နောင်ရဲ့သမီးလေးဆိုရင်တော့ သားဆီကိုလွှတ်လိုက်မယ်နော်"

သားဆီက ဖူးဖူးစင်ရဲ့လိပ်စာကိုယူပြီး မိမိ ကားဆီရောက်လာသည်။ မိမိ ဒရိုင်ဘာကလည်း ဖူးဖူးစင်အိမ်ကိုသိ၍ အတော်ပဲဖြစ်သွားရသည်။ ဖူးဖူးစင်အိမ်ရောက်တော့ ကိုခန့်နောင်ကို တွေ့လိုက်ရသည်။

"ကိုခန့်နောင်"

"ဟင်... မင်း.... မင်း သစ္စာမြိုင်၊ ဘာလာလုပ်တာလဲ၊ မင်း ထွက်သွားစမ်း မင်းမျက်နှာကို ငါ မတွေ့ချင်ဘူး၊ မိန်းမယုတ်မ"

"ဟုတ်ပါတယ် ကိုခန့်နောင်ရယ် သစ္စာက မိန်းမယုတ်မ၊ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကျစ်တဲ့ မိန်းမပါ၊ မာယာတွေနဲ့လှည့်ဖြားသိမ်းသွင်းပြီး ကိုခန့်နောင်ရဲ့ စည်းစိမ်တွေကို အပိုင်ချိုင်ခဲ့တာပါ"

ကိုစွဲညီညာရဲ့မိခင် ဒေါ်သစ္စာမြိုင်ရဲ့အသံကြောင့် ဒိမိန်းမကြီး သူ့သားပျောက်နေလို့ စင့်ဆီလာပြီး ပြဿနာရှာတာဖြစ်မည်ထင်ပြီး စင် အခန်းထဲကထွက်လာတော့ ဒေါ်သစ္စာမြိုင်က ဖေဖေ့ခြေသလုံးကို ဖက်ကာ တောင်းပန်နေသည်။

"သစ္စာ အရက်တွေ နောင်တတွေနဲ့ ကိုခန့်နောင်ကို ရှာနေခဲ့တာ ကြာပါပြီ၊ အဲဒီအတွက် သစ္စာကို ပေးချင်တဲ့အပြစ်တွေ ပေးပါနော်။ သစ္စာ ခံယူပါ့မယ်"

ဖေဖေက ဘာမှဆက်မပြောဘဲ ဒေါ်သတွေ ပြေသွားသလိုဖြင့် ငြိမ်သက်သွားသည်။ ဒေါ်သစ္စာမြိုင်က စင့်ကိုတွေ့တော့ စင့်ဘက်သို့ လှည့်လာ၏။ စင့် လက်လေးတွေကို တင်းကြပ်စွာ ဆုတ်ကိုင်သည်။

"သမီးလေး စင် ရယ်၊ ညည်းလေးက သားဆီလာပြီး လက်တုံ့ ပြန်ဖို့ ကြိုးစားပေလို့ပဲ မာမိတို့ ပြန်ဆုံရတာပါ"

"ရှင်..."

"မာမိရဲ့ တစ်ဦးတည်းသော သားအတွက် ချွေးမလောင်းရှာနေတာ ကိုခန့်နောင်ရဲ့သမီးလေးကိုပါပဲကွယ်"

"ဟင်..."





အကြောင်းအရာတွေအားလုံးကိုသိရတော့လည်း စင့် လှုပ်ရပ်အတွက် ဒေါ်သစ္စာမြိုင်အား နည်းနည်းတော့ မျက်နှာပူမိသည်။ စင် ဘာပြန်ပြောရမှန်းပင်မသိတော့။ သူမစိတ်တွေ အောက်တန်းကျသလို ဖြစ်သွားကာ မျက်နှာတွေပူသွားသည်။

"ဖူးဖူးစင်က မာမိနဲ့ စိတ်ဓာတ်တူတဲ့ကောင်မလေးလို့ ထင်တား တာ၊ တကယ်တော့ ကိုခန့်နောင်ရဲ့သမီးလေးဖြစ်နေတာကိုး"

ဖေဖေက ကိုခန့်နောင်ဆိုတဲ့ နာမည်ကိုပင် စိတ်နာပြီး ကိုကျော် ဇောဖြူဟု ပြောင်းခဲ့ကြောင်းပြောသည်။ စင်ကတော့ ကိုစွဲညီညာကို သတိရလာသည်။ စင့်ရင်ထဲမှာ ပျော်ရွှင်ဝီတိတွေနှင့် တဒိန်းဒိန်းခုန်တက် လာရ၏။ ဒေါ်သစ္စာမြိုင်က သား စွဲညီညာဆီ သွားပါတဲ့။ စင့်အတွက် မိခင်ကိုတောင် ထားပစ်ရက်တဲ့ စိမ်းကားတဲ့ သားမိုက်တဲ့။ အရမ်းစိတ် သောကတွေ ခံစားနေရှိပြီး ဆေးခန်းမှာ ဖူးဖူးစင်ကို စောင့်နေပါတယ် တဲ့။ ဖေဖေကလည်း သွားလိုက်လေ သမီးဟုပြော၍ စင် စောင်းထဲက ဘွတ်လိုက်တဲ့ မြင်းပေါက်မလေးတစ်ကောင်လို မြူးမြူးကြွကြွ သွက် သွက်လေး ချစ်သူရှိရာသို့ ထွက်လာခဲ့သည်။ သူ့အခန်းရှေ့ရောက်တော့ သူ့အခန်းထဲဝင်ဖို့ ရှက်ရွှေးရွှေးဖြစ်ကာ တွန့်ဆုတ်သွားရ၏။ စင် က သူ့ကို ဆဲပစ်ခါခါပြောဆိုပြီး မာနတကြီး ထွက်လာခဲ့တာလေ၊ မထူးတော့ပါ။ ရှက်နေလို့လည်း ဘာထူးမှာလဲ ချစ်သူကို စင်ကိုယ်တိုင် တွေ့ချင်နေပြီပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ အခန်းတံခါးကိုဖွင့်ပြီး အခန်းထဲဝင်လိုက်သည်။

"အမေ့..."

"အို..."

သူ့လက်တစ်ဖက်က အခန်းတံခါးကို လော့ချပိတ်လိုက်ပြီး တစ်ဖက်က သူမကိုယ်လုံးလေးအား ရစ်သိုင်းကာ ရုတ်တရက် ပွေ့ဖက်လိုက်သဖြင့် စင် အထိတ်အလန့် ဖြစ်သွားရသည်။

"စင် လာမယ်ဆိုတာ မောင် သိထားတယ်လေ၊ မာမီ ပြန်သွားထဲက သူနာပြုဆရာမကို ရှင်းထားပြီး မောင်တစ်ယောက်တည်း အခန်းဝကစောင့်ပြီး စင့် ခြေသံတွေကို နားစွင့်နေတာပါ"

"ဟွန်း... ပိုလိုက်တာ"

"တကယ်ပါ စင် ရယ်၊ မာမီနဲ့ အစဉ်မှပြေပါ့မလားဆိုပြီး မောင် အထိတ်တလန့်နဲ့ စောင့်နေတာ၊ နှလုံးရောဂါတောင် ရတော့မယ်ထင်တယ်"

"သွားပါ"

"အဘွားကြီးနဲ့အဘိုးကြီးရော OK သွားကြပြီလား"

"ကြည့်စမ်း ဘာတွေ လျှောက်ပြောနေတာလဲ"

"စင်ရယ် မောင် အရမ်းပျော်တာပဲ၊ သေသေချာချာတွေးကြည့်လေ စင့်ကို မောင် အရမ်းချစ်နေမိပြီဆိုတာ သိလေပဲ၊ တော်ပါသေးရဲ့





ကွာ မောင် ချစ်မြတ်နိုးရတဲ့ ချစ်သူလေးကို လက်လွှတ် ဆုံးရှုံးရတော့မလို့"

"တော်ပါ မယုံပါဘူး မောင်က ကျွန်မကို လက်စားချေဖို့အတွက်"

"အို..."

သူမ စကားတွေကို မောင်က ဆက်ပြီး ပြောခွင့်မပြုတော့။ သူမ ကိုယ်လုံးလေးအား ဆွဲယူပွေ့ဖက်လိုက်သည်။ ဒါ ဆေးခန်းနော်ဟု ပြောပြီး သူမ ရုန်းထွက်ပြီး မောင့်အချစ်ကို ယုံပါပြီနော်ဟု မော့ကာ ပြောတော့ ဆေးခန်းလည်း ဘာဖြစ်လဲ၊ အခန်းက လုံနေတာပဲကွာဟု မောင်က မချင့်မရဲနှင့် သူမကိုယ်လေးအား မလွှတ်တမ်းပဲ ပွေ့ဖက်ထားတော့သည်။

□



www.burmeseclassic.com